www.burmeseclassic.com

စာပေဗိမာန် စာမူဆုရ



# မြို့မဆရာကြီး ဦးဘလွင် သို့မဟုတ် အမျိုးသားပညာရေး နိဒါန်းအစ

မြို့မ မြင့်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၃ - ခုနှစ် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ ပထမဆုရ

# မြို့မဆရာကြီး ဦးဘလွင်

သို့မဟုတ်

# အမျိုးသားပညာရေး နိဒါန်းအစ

မြို့မ - မြင့်ကြွယ်

စီစဉ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော)
စာတည်း (တာဝန်ခံ)



စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၃၅၀၀

တန်ဖိုး (၃၀၀) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့်ရိုက်နှိပ်၍
မှတ်ပုံတင် အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC



မြို့ပဝဝင်ကြီး ဦးဘလှိုင်

www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆက်စကား

မြို့မကျောင်းအုပ်ဆရာကြီး ဦးဘလွင်သည် မြို့မအမျိုးသားကျောင်းသမိုင်းနှင့် အမျိုးသားပညာရေးသမိုင်းတို့တွင် လွန်စွာထင်ရှားသောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ရဲဘော်သုံးကျိပ်ဝင်များ၊ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ထူးချွန်ထင်ရှားသူများ၊ စာပေပညာရှင်များ၊ ဘက်စုံပညာရှင်ကြီးများ များစွာတို့ကိုထုဆစ်မွေးထုတ်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

"**မြို့မဆရာကြီး ဦးဘလွင် (ဒိုးတုတ်) အမျိုးသား ပညာရေးနိဒါန်းအဖ**" စာအုပ်သည် နောင်လာနောင်သား ကျောင်းသား၊ ကျောင်းသူ လူငယ်များ၊ တိုင်းရင်းသားလုပ်သား ပြည်သူများအတွက် အထောက်အကူဖြစ်စေပြီး၊သိမ်းဆည်း ထားရမည့် ပညာရေးသမိုင်းမှတ်တမ်းတစ်ခုဖြစ်သည့်အတွက် ကြိုဆိုရမည်ဖြစ်ပေသည်။

ဤစာအုပ်တွင် မြို့မဖခင်ကြီး ဦးဘလွင်၏ အတ္ထုပ္ပတ္တိဖြစ်စဉ်နှင့်အတူ မြို့မအမျိုးသားကျောင်း၏သမိုင်းကြောင်းဖြစ်စဉ်၊ အမျိုးသားကျောင်းများ၏သမိုင်းကြောင်းဖြစ်စဉ်များကို ထိကျခိုင်မာသော သမိုင်းဝင်အထောက်အထားများဖြင့် စေ့စပ်သွင်းဖော်ပြထားသည်ဖြစ်၍ လွန်စွာကျေနပ်အားရဖြစ်မိပါသည်။

မြို့မ-မြင့်ကြွယ်သည်။ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ သမာဓိမြို့ဝန် ပန်းကန်စက် ဦးသော်၏ မြေး အရင်းတစ်ဦးဖြစ်ပြီး မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဦးဆောင်ပါဝင်ခဲ့သော မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး မြို့မ-ဦးသန်းကြွယ်

(ပင်လုံစာချုပ်) ၏သားဖြစ်ပါသည်။ သူ၏အဘိုး၊ သူ၏ဖခင်တို့ကဲ့သို့ပင် မြို့မ-မြင့်ကြွယ်သည့် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်မြတ်နိုးသည့် လူကောင်းလူမွန်တစ်ဦးလည်းဖြစ်ပါသည်။

မြို့မကျောင်းစိန်ရတု (၁၉၂၀-၁၉၉၅) ကျင်းပခဲ့စဉ်က မြို့မကျောင်းသမိုင်းပြုခန်းကော်မတီတွင် သမိုင်းသုတေသီတစ်ဦးအနေဖြင့်ပါဝင်ခဲ့သူဖြစ်ပါသည်။ ထို့အပြင် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာအသင်းကြီး၏ 'အာရှနိုင်ငံများဆိုင်ရာဗုဒ္ဓဘာသာစာပေဆု' ချီးမြှင့်ခြင်းခံရသူတစ်ဦးဖြစ်ပါသည်။ သူသည်ကျွန်မ၏ခင်မင်ရင်းနှီးသောသားတပည့်ရင်းတစ်ဦးဖြစ်ပါသည်။ သူ၏အဘိုးနှင့်သူ၏ဖခင်တို့မှာလည်း ကျွန်မနှင့်လွန်စွာခင်မင်ရင်းနှီးသူများဖြစ်ကြပါသည်။

မြို့မမိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတမျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို အပြည့်အဝ လေးစားလိုက်နာကြပါစေ၊ တိုင်းပြည်၊ လူမျိုး၊ စာပေနှင့်သာသနာ တော်ကြီး၏အကျိုးစီးပွားအတွက် အထောက်အကူဖြစ်အောင် အကောင်းဆုံးစွမ်းဆောင်နိုင်ကြပါစေ၊ ဆရာကြီးဦးဘလွင်ချမှတ် ထားခဲ့သော မြို့မမိသားစုစိတ်ဓာတ်သည် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနိုင်ပါစေ. . . ဟူ၍ ဆန္ဒပြု အပ်ပါသည်။

ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေ

ကထိကဒေါ်မြင့်သန်း
စစ်ကြိုခေတ်မြို့မကျောင်းသူဟောင်း
မြန်မာစာအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

## မြို့မဆရာကြီး ဦးဘလွင်နှင့်
## ခေတ်ပြိုင်ထင်ရှားကျော်ကြားခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ



အမျိုးသားပညာရေးအဖွဲ့ချုပ်
ဥက္ကဋ္ဌ ဆရာမောင်ကြီး



သမဝိမြို့ဝန် ဆရာဦးသွင်

www.burmeseclassic.com



မြို့မကျောင်းအုပ်ဆရာကြီးဦးဘလှိုင်



[illegible]ခေါင်းဆောင်ကြီး
[illegible]ဦး[illegible]ချို



အာဇာနည်ခေါင်းဆောင်ကြီး
သခင်မြ



[illegible]မြို့ဝန် [illegible]ဦးသော်



မြို့မဆရာကြီးဦးသွေးယ်

www.burmeseclassic.com

www.burmeseclassic.com



# မြို့မ ဆရာကြီး ဦးဘလွင်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁။ | မြို့မဆရာကြီးဦးဘလွင်၏ အတ္ထုပ္ပတ္တိအကျဉ်း | ၁ |
| ၂။ | ထာဝရရှင်သန်နေမည့် ဆရာကြီးဦးဘလွင် | ၇ |
| ၃။ | မြန်မာ့ပညာရေးအလင်းရှင် ဆရာကြီးဦးဘလွင် | ၁၅ |
| ၄။ | ဆရာကြီးဦးဘလွင်၏ ဆုံးမဩဝါဒ လမ်းညွှန်ချက် ကောက်နုတ်ချက်များ | ၁၈ |
| ၅။ | မြို့မမိသားစုစိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ် | ၃၂ |
| ၆။ | အမျိုးသားကျောင်းအစ မြို့မက | ၄၃ |
| ၇။ | မြို့မကျောင်းအဆောက်အအုံအသစ် အုတ်မြစ်ချခြင်းဖွင့်လှစ်ခြင်း | ၅၀ |
| ၈။ | တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ပေါ်ထွက်လာခြင်း | ၅၄ |
| ၉။ | မြို့မအမျိုးသားကျောင်းကြီးကြောင့် မြန်မာစာပေ အရေးပါအရာရောက်လာခြင်း | ၅၆ |
| ၁၀။ | မြို့မဖခင်ကြီးဦးဘလွင် အမျိုးသားပညာရေး ခေါင်းဆောင်ကြီး ဦးဘလွင် | ၆၁ |
| ၁၁။ | ဆရာကြီးချစ်သော မြို့မ၏အသင်းအဖွဲ့များ | ၆၆ |
| ၁၂။ | မြို့မကျောင်း၏ အမျိုးသားတက္ကသိုလ်ကြီး | ၇၃ |
| ၁၃။ | မြို့မကျောင်းတွင် အမျိုးသားတက္ကသိုလ် ဖွင့်လှစ်ခဲ့ခြင်း | ၇၇ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | အမျိုးသားကျောင်းဆရာ | ၈၉ |
| ၁၅။ | ဆရာကြီးဦးဘလွင်၏ ကျောင်းသားများအတွက် စေတနာတစ်ခု | ၉၁ |
| ၁၆။ | အဖြူအစိမ်းတူညီဝတ်စုံအစ မြို့မက | ၉၃ |
| ၁၇။ | အ. ထ. က (၃) ဒဂုံမြို့မ အမျိုးသမီးကျောင်း ဆိုသည်မှာ | ၉၄ |
| ၁၈။ | မြို့မရဲတပ်ဖွဲ့ ဗိုလ်ချုပ်ဦးဘလွင် | ၉၉ |
| ၁၉။ | အမျိုးသားကျောင်းကြီးကြောင့် ခေတ်စမ်းစာပေ ပေါ်ပေါက်လာခြင်း | ၁၀၅ |
| ၂၀။ | အမျိုးသားကျောင်းများနှင့်ဘာသာရေး | ၁၀၇ |
| ၂၁။ | ဆရာကြီးဦးဘလွင်နှင့် အမျိုးသားအောင်ပွဲနေ့ | ၁၁၀ |
| ၂၂။ | အမျိုးသားကျောင်း၊ ကျောင်းဆရာကြီးများစာရင်း | ၁၁၈ |
| ၂၃။ | ဗြိတိသျှနယ်ချဲ့အစိုးရပေးအပ်ခဲ့သော (K. I. H) ဘွဲ့တံဆိပ်အား ဆရာကြီးဦးဘလွင်က ပြန်လည် အပ်နှံခြင်း | ၁၂၄ |
| ၂၄။ | ဆရာကြီးဦးဘလွင်၏ တရုတ်မြန်မာချစ်ကြည်ရေး ခရီးစဉ် | ၁၂၆ |
| ၂၅။ | ဆရာကြီးဦးဘလွင်နှင့် ဗိုလ်မှူးကြီးစူဇူကီး | ၁၂၉ |
| ၂၆။ | မြို့မဦးဘလွင်နှင့် ရဲဘော်သုံးကျိပ် | ၁၃၃ |
| ၂၇။ | မြို့မတင်းထောက်ဗိုလ်ချုပ်ဦးဘလွင် | ၁၃၆ |
| ၂၈။ | ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာကြီးဦးဘလွင် | ၁၄၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | ဆရာကြီးဦးဘလွင်ချစ်သော မြို့မ၏ သူရဲကောင်းများ | ၁၅၅ |
| ၃၀။ | စစ်ပြီးခေတ်မြို့မကျောင်းသားကျောင်းသူ စောင်းများအသင်း | ၁၅၉ |
| ၃၁။ | မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ အကျိုးတော်ဆောင် ဆရာကြီးဦးဘလွင် | ၁၆၂ |
| ၃၂။ | မြို့မဆရာကြီးဦးဘလွင်အမှူးပြုသော အ. ထ. က (၂) ဒဂုံမြို့မကျောင်း၏ ကျောင်းအုပ်ဆရာကြီးများ အစဉ်အဆက် | ၁၆၉ |
| ၃၃။ | မြို့မဝံသယုဝမဂ္ဂဇင်း | ၁၇၀ |
| ၃၄။ | မြို့မကျောင်း မောင်နှမပြန်လည်ဆုံစည်းခြင်း | ၁၇၉ |
| ၃၅။ | မြို့မ၏ဂုဏ်ယူဖွယ်ရာ ကဗျာတေးထပ်သီချင်းများ | ၁၈၄ |
| ၃၆။ | နယ်ချဲ့ဆန့်ကျင်ရေးခေတ် ဆရာကြီးဦးဘလွင် ကိုယ်တိုင်နှင့် ဆရာကြီး၏တပည့် မြို့မကျောင်းသား တပ်ဖွဲ့ဝင်များသီဆိုခဲ့သော ဇာတိမာန်သီချင်း | ၁၉၂ |
| ၃၇။ | မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ | ၂၀၄ |
| ၃၈။ | ဆရာကြီးဦးဘလွင်နှင့် ခေတ်ပြိုင်ထင်ရှားကျော်ကြား ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ | ၂၀၆ |
| ၃၉။ | ရှမ်းမြန်မာချစ်ကြည်ရေး ပြာသာဒ်ဆောင်ဘုရား | ၂၁၈ |
| ၄၀။ | မြို့မကျောင်း နှစ် (၄၀) ပြည့်အထိမ်းအမှတ် | ၂၁၅ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | မြို့မကျောင်းနှင့် ပင်လုံညီလာခံ | ၂၃၁ |
| ၄၂။ | စိန်ရတုမြို့မကျောင်း | ၂၃၆ |
| ၄၃။ | ဆရာကြီးဦးဘလွင်၏ ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များ မျှော်မှန်းချက်များ အကောင်အထည်ပေါ်လာခြင်း | ၂၃၇ |
| ၄၄။ | ယနေ့မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော ပညာရေးတြိဂံ | ၂၄၃ |
| | နိဂုံး | ၂၄၉ |
| | အထောက်အထားကျမ်းကိုးစာရင်း | ၂၅၃ |


## မြို့မဆရာကြီးဦးဘလွင်



www.burmeseclassic.com

www.burmeseclassic.com



## မြို့မကျောင်းတံဆိပ်

မြို့မဖခင်ကြီး ဆရာကြီးဦးဘလွင်၏
မိန့်ခွန်းများမှ ကောက်နုတ်ချက်


ဝံသာနုရက္ခိတတရား လက်ကိုင်ထားကြပါ။ ဝံသာနုရက္ခိတ တရားဆိုတာ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးကို အစဉ်အမြဲသစ္စာရှိရှိ စောင့်ရှောက်ရတာကို ဆိုလိုတယ်။ မျိုးချစ်စိတ်ရှိရမယ်၊ မြို့မ မိသားစု စိတ်ဓာတ်ရှိရမယ်။ အဲဒီ မျိုးချစ်စိတ်၊ မြို့မမိသားစု စိတ်ဓာတ်ဟာ အမျိုးသားရေးစိတ်ဓာတ်ပဲ ဖြစ်တယ်။

(ဦးဘလွင်)

www.burmeseclassic.com

## မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့





www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဦးလှကြိုင် (ဆရာကြီး ပါရဂူ) ၏ အဆိုအရ "အတ္ထုပ္ပတ္တိ" ဟူသော ပါဠိစကားလုံး၏ အနက်အဓိပ္ပာယ်မှာ "အကြောင်းအရာ၏ ဖြစ်ခြင်း" ဟုဆိုလိုပါသည်။ ယင်းပါဠိစကားလုံးကိုယူ၍ မြန်မာစာပေ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်ရပ်ကို ရေးသားတင်ပြသည့် စာပေအမျိုးအစားကို အတ္ထုပ္ပတ္တိဟူ၍လည်းကောင်း၊ အတ္ထုပ္ပတ္တိဟူ၍လည်းကောင်း ယေဘုယျ အားဖြင့် ခေါ်ဆိုကြပါသည်။

ရေးနည်းရေးဟန်နှင့် ပုံစံအနေအထားအရ စိစစ်ကြည့်လျှင် အတ္ထုပ္ပတ္တိသည် အကြမ်းဖျင်းအားဖြင့် လေးမျိုးရှိသည်ဟူ၍ သိရပါသည်။

**ရိုးရိုးအတ္ထုပ္ပတ္တိ။** ။ ရိုးရိုးအတ္ထုပ္ပတ္တိသည် ပုဂ္ဂိုလ်၏ ဘဝဖြစ်ရပ်နှင့် စရိုက်ကို အခြားပုဂ္ဂိုလ်တစ်ဦးက ရေးသားတင်ပြသည့် အတ္ထုပ္ပတ္တိမျိုးဖြစ်သည်။

**ကိုယ်ရေးအတ္ထုပ္ပတ္တိ။** ။ ကိုယ်ရေးအတ္ထုပ္ပတ္တိသည် မိမိ၏ဘဝဖြစ်ရပ်ကို မိမိကိုယ်တိုင်ရေးသည့် အတ္ထုပ္ပတ္တိမျိုးဖြစ်သည်။

**ဝတ္ထုသဘောပါသောအတ္ထုပ္ပတ္တိ။** ။ ရိုးရိုးအတ္ထုပ္ပတ္တိကို ရေးသားရာ၌ ဖြစ်စေ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားရာ၌ဖြစ်စေ ရိုးရိုးစင်းမရေးဘဲ စာရေးဆရာ၏ စိတ်ကူးကိုထည့်ပြီး ရေးသားသည့် နည်းမျိုးဖြင့် ရေးသားထားသည့် အတ္ထုပ္ပတ္တိသည် တတိယအမျိုး အစားဖြစ်သည့် ဝတ္ထုသဘောပါသော အတ္ထုပ္ပတ္တိဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**မှတ်တမ်းသဘောပါသောအတ္ထုပ္ပတ္တိ**။ ။ မှတ်တမ်း သဘောပါသော အတ္ထုပ္ပတ္တိသည်ပုဂ္ဂိုလ်တစ်ဦး၏ ဘဝတစ်လျှောက်တွင်ဖြစ်ပျက်သည့် စိတ်ဝင်စားဖွယ် အဖြစ်အပျက် တစ်ကွက်ကိုဖြစ်စေ၊ တစ်ကွက်ထက်မကသော အဖြစ်အပျက်ကိုဖြစ်စေ ရေးသား တင်ပြထားသည့် အတ္ထုပ္ပတ္တိမျိုးဖြစ်သည်။ ယင်းပုံစံယင်းရေးဟန်ဖြင့် စာရေးဆရာသည် မိမိအကြောင်းကိုလည်း ရေးသားလေ့ရှိသည်။ သူတစ်ပါး၏အကြောင်းကိုလည်း ရေးသားလေ့ရှိသည်။ သို့ဖြစ်၍ မှတ်တမ်းသဘောပါသော အတ္ထုပ္ပတ္တိ၌ ရေးသူမှာ အတ္ထုပ္ပတ္တိရှင်ကိုယ်တိုင်လည်း ဖြစ်နိုင်ပါသည်။ အခြားပုဂ္ဂိုလ် တစ်ဦး တစ်ယောက်လည်း ဖြစ်နိုင်ပါသည်။

မှတ်တမ်းသဘောပါသော အတ္ထုပ္ပတ္တိနှင့် အထက်ဖော်ပြပါ အတ္ထုပ္ပတ္တိတို့၏ ခြားနားချက်မှာ အထက်ဖော်ပြပါ အတ္ထုပ္ပတ္တိများသည် ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝတစ်ခုလုံးကိုငုံ၍ ရေးသားခြင်းမျိုးဖြစ်ပြီး မှတ်တမ်းသဘောပါသော အတ္ထုပ္ပတ္တိမှာမူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝတစ်ခုလုံးကိုငုံ၍ ရေးသားခြင်းမျိုးမဟုတ်ဘဲ ဘဝ၏အရေးပါသည့် အစိတ်အပိုင်းတစ်ခုခုအကြောင်းကို ရေးသားတင်ပြထားခြင်းမျိုး ဖြစ်လေသည်။

အရေးခံ အတ္ထုပ္ပတ္တိရှင်၏ အမျိုးအစားအလိုက်လည်း အတ္ထုပ္ပတ္တိအမျိုးအစားကို ခွဲခြားနိုင်ပါသည်။ အရေးခံအတ္ထုပ္ပတ္တိရှင်များမှာ ယေဘုယျအားဖြင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်၊ နိုင်ငံရေးဆိုင်ရာ ပုဂ္ဂိုလ်၊ ရာဇဝင်ဆိုင်ရာပုဂ္ဂိုလ်၊ လူမှုရေးဆိုင်ရာ ပုဂ္ဂိုလ်၊ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်ဟူ၍ အမျိုးအစားစား ရှိကြပါသည်။

ယခု စာရေးသူရေးသားသည့် မြို့မဆရာကြီး ဦးဘလွင် အတ္ထုပ္ပတ္တိမှာ မှတ်တမ်းသဘောပါသော အတ္ထုပ္ပတ္တိအမျိုးအစားတွင် ပါဝင်ပါသည်။ ဆရာကြီး ဦးဘလွင်သည် မြို့မအမျိုးသားကျောင်းအုပ်ဆရာကြီး ဦးဘလွင်ဟူ၍လည်းကောင်း၊ အမျိုးသားပညာရေး ခေါင်းဆောင်ကြီးဟူ၍ လည်းကောင်း၊ သံအမတ်ကြီး ဦးဘလွင်ဟူ၍ လည်းကောင်း ထင်ရှားသူဖြစ်ပါသည်။ မြို့မကျောင်းတွင်း၊ လက်လှမ်းမီသလောက် စာပေအထောက်အထားများ၊ စာရေးသူ၏ အဘိုးအရင်းဖြစ်သူ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ သမာဓိမြို့ဝန် မန်းကန်စက် ဦးသော်နှင့် စာရေးသူ၏ ခင်ဖြစ်သူ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး၊ မြို့မ-ဦးသန်းကြွယ် (ပင်လုံစာချုပ်) တို့၏ အထောက်အထားများ၊ ကိုယ်တွေ့ပြောပြချက်များ၊ ဆရာကြီးတိုက်စိုး၊ ဆရာကြီးမောင်ထင်၊ ဆရာကြီးမောင်ဆုရှင်၊ ဆရာမကြီး ယုဝတီခင်ဦး၊ ဆရာမကြီး တထိက ဒေါ်မြင့်သန်း၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဗိုလ်ချုပ်သောင်းတင်၊ နိုင်ငံတော်ရှေ့နေချုပ် ဦးသာထွန်း၊ သံအမတ်ကြီး ဦးသက်ထွန်း၊ ဗိုလ်ချုပ်ချစ်လှိုင်၊ ဆရာကြီး ဦးဘလွင်၏ သမီး ဒေါ်စုစုလွင်၊ ဆရာဦးမျိုးမြင့်+ဆရာမဒေါ်ခင်ဆွေ စသော မြို့မဟောင်းကြီးများ၏ ကိုယ်တွေ့ပြောပြချက်များကို အခြေခံပြီး အတတ်နိုင်ဆုံး ကြိုးစားရေးသားထားခြင်း ဖြစ်ပါသည်။

ဆရာကြီး ဦးဘလွင်သည် မြို့မကျောင်းကြီး၏ ခေါင်းဆောင်ကြီးဖြစ်ရုံသာမက၊ မြန်မာနိုင်ငံဒေသအသီးသီးရှိ အမျိုးသား ကျောင်းများ၏ ခေါင်းဆောင်ကြီးတစ်ဦးဟုလည်း

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆိုနိုင်ပါသည်။ မြို့မအမျိုးသား ကျောင်းတစ်ကျောင်းတည်း၏ အကျိုးစီးပွား အတွက်သာမက နိုင်ငံတစ်ဝှမ်းလုံးရှိ အမျိုးသားကျောင်းအသီးသီး၏ အကျိုးစီးပွားကိုလည်း ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။

ဆရာကြီး ဦးဘလွင်ဟုဆိုလျှင် မြို့မအမျိုးသားကျောင်းကြီး အကြောင်းပါမှဖြစ်ပါမည်။ မြို့မအမျိုးသားကျောင်းကြီးအဖြစ် ရေးသားမည်ဆိုပါကလည်း ဆရာကြီး ဦးဘလွင်နှင့်အမျိုးသား ပညာရေးလှုပ်ရှားမှုကဏ္ဍများ ပါဝင်ရပါမည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကဏ္ဍများ ပါဝင်ရပါမည်။ သူ့ခေတ်သူ့အချိန်အခါ အလျောက် တိုင်းပြည်လူမျိုးနှင့် မြို့မအကျိုးပြု ဆောင်ရွက်ချက်များလည်း ပါဝင်ရပါသည်။

ဆရာကြီး ဦးဘလွင်နှင့် မြို့မကျောင်းကြီးသည် လွန်စွာ နက်နဲကျယ်ဝန်းလှပါသည်။ စာရေးသူအဖို့ စိတ်ရောကိုယ်ပါ လွန်စွာလုံ့လစိုက်ထုတ်ပြီး စုဆောင်းတင်ပြရပါသည်။ အထောက် အထား အကိုးအကားများရှာဖွေခဲ့ရပါသည်။ ဆရာကြီးနှင့်အတူ လက်တွဲပြီး ဆောင်ရွက်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများစွာ ရှိကြသည့် အနက် လက်လှမ်းမီသလောက် ထည့်သွင်းဖော်ပြခဲ့ပါသည်ဟု ရိုးသားစွာ ဝန်ခံရပါမည်ဖြစ်ပါသည်။ အကြောင်းမှာ- မြို့မ ဆရာကြီး ဦးဘလွင်နှင့် မြို့မအမျိုးသားကျောင်းကြီးမှာ စာရေးသူကဲ့သို့ အတွေ့အကြုံ ဗဟုသုတနည်းပါးသူအဖို့ လွန်စွာခက်ခဲပြီးလွန်စွာ ကြီးမားကျယ်ပြန့်နေသော အကြောင်းအရာများကြောင့်ဟု ဆိုရပါ သည်။ သို့ရာတွင် မြို့မ၏ ကျေးဇူးရှင် ဆရာကြီး ဦးဘလွင်သည်

မြို့မကျောင်းသမိုင်းတွင်သာမက မြန်မာနိုင်ငံအမျိုးသားပညာ ရေးသမိုင်းတွင်ပါ အထွန်းတောက်ဆုံးသော အလင်းရောင် အတောက်အပြောင်ဆုံး ကြယ်တစ်ပွင့်ဖြစ်ခဲ့ကြောင်း၊ အမိမြန်မာ နိုင်ငံတော်ကြီးအတွက် အမျိုးသားပညာရေးလောကကြီးအတွက် အကောင်းဆုံးပြုလုပ်ဆောင်ရွက်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်ပါ ကြောင်းနှင့် ၎င်းအတ္ထုပ္ပတ္တိအကျဉ်းသည် မျိုးဆက်သစ်ကျောင်းသား လူငယ်များအဖို့ အတိုင်းအတာတစ်ခုအထိ အကျိုးကျေးဇူး ဖြစ်ထွန်းမည်ဖြစ်ပါကြောင်း စာရေးသူတွင် ခိုင်မာသော ယုံကြည် ချက်များ၊ ခံယူချက်များထားရှိပါသည်။

စာရေးသူသည် ၁၉၈၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျာမနီ နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အမေရိကန်နိုင်ငံ စသော ကမ္ဘာ့နိုင်ငံအသီးသီး သို့ တရားဝင်ရောက်ရှိခဲ့ပါသည်။ စာရေးသူ စာပေရေးရာ ဆောင်းပါးများ စတင်ရေးသားခဲ့သော ၁၉၇၈ ခုနှစ် (စာရေးသူ အသက် ၁၈ နှစ်အရွယ်) မှ ယနေ့အထိ ကာလများတွင် သည်းကောင်း၊ ဖော်ပြပါ နိုင်ငံခြားတိုင်းပြည်အသီးသီးသို့ ရောက်ရှိ စဉ်ကာလများတွင်လည်းကောင်း၊ မြို့မဖခင်ကြီး ဦးဘလွင်၏ အတ္ထုပ္ပတ္တိကို လွန်စွာရေးသားလိုသော ဆန္ဒများရှိခဲ့ပါသည်။ သို့ရာတွင် အချက်အလက်အထောက်အထားများရှာဖွေနေခဲ့ရခြင်း၊ မြို့မဟောင်းကြီးများနှင့် တွေ့ဆုံမေးမြန်းရခြင်းများကို လုပ်ဆောင် နေရသည့်အတွက် အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၉ ခုနှစ်၊ စင်္ကာပူနိုင်ငံ၊ ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူးကျင်းပသော အာရှနိုင်ငံများဆိုင်ရာ ဗုဒ္ဓဘာသာစာပေဖိတ်ခေါ်ပြိုင်ပွဲတွင် စာရေးသူသည် "အာရှနိုင်ငံများဆိုင်ရာ ဗုဒ္ဓဘာသာစာပေဆု" ရရှိခဲ့စဉ်က ကြိုးစားအားထုတ်ခဲ့ရသည်ထက် ယခု ဆရာကြီး ဦးဘလွင် အတ္ထုပ္ပတ္တိ စာအုပ်ရေးသားနိုင်ရန် ကြိုးစားအားထုတ်ခဲ့ရသည်က စိတ်ရောကိုယ်ပါ ပိုမိုခွန်အားစိုက်ထုတ်ခဲ့ရပါကြောင်း ရိုးသားစွာ ဝန်ခံရမည်ဖြစ်ပါသည်။

သို့ပါ၍ စာဖတ်သူကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ မိဘပြည်သူများအတွက် တစ်ထောင့်တစ်နေရာ အနေအထားအထိ အကျိုးပြုနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါတော့သည်။

မြို့မ-မြင့်ကြွယ်

## အခန်း (၁)

## မြို့မဆရာကြီး ဦးဘလွင်၏ အတ္ထုပ္ပတ္တိအကျဉ်း (၁၈၉၂-၁၉၆၈)

အမျိုးသားပညာရေးခေါင်းဆောင် မြို့မဆရာကြီးဦးဘလွင်သည် ရန်ကုန်မြို့ လှည်းတန်းတွင် ကန်ထရိုက်တာကြီးဦးဘိုးသိန်း၊ အမိဒေါ်ခင်တို့မှ မြန်မာသက္ကရာဇ် ၁၂၅၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၅) ရက်၊ ခရစ်နှစ် ၁၈၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် ဖွားမြင်သည်။ ငယ်စဉ်ဘဝကျောင်းသားအရွယ်တွင် ရန်ကုန်မြို့ အစိုးရ High School တွင်လည်းကောင်း၊ မော်လမြိုင်မြို့ စိန့်ပက်ထရစ်ကျောင်းတွင်လည်းကောင်း ပညာသင်ယူပြီး (၁၀)တန်း အောင်မြင်ခဲ့ပါသည်။ ရန်ကုန် ဥပစာကောလိပ် မှ I.A အောင်မြင်ခဲ့ပါသည်။ အသက် ၂၃ နှစ်အရွယ်တွင် ဒေါ်သန်းညွန့်နှင့်လက်ထပ်ခဲ့သည်။ သာယာဝတီမြို့ YMBA အသင်း၏ ကျောင်းတွင် ဆရာကြီးအဖြစ်လည်းကောင်း၊ ရမည်းသင်းမြို့တွင် ပညာဝန်ထောက်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့ပါသည်။

ထို့နောက် တက္ကသိုလ်ပညာကို ဆက်လက်ကြိုးပမ်းရာ B.A ဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



၁၉၂၀ ပြည့်နှစ်၊ ကျောင်းသားသပိတ်ကြီးနှင့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာပြီဖြစ်သည်။ ဆရာကြီးသည် အမျိုးသားပညာရေး လှုပ်ရှားမှုကြီးတွင် အဘက်ဘက်မှ အားပေးကူညီရုံမျှမက ရန်ကုန်မြို့၊ ပုဇွန်တောင်အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ဆရာကြီးသည် သူရိယမဂ္ဂဇင်း အယ်ဒီတာ အဖြစ်လည်းကောင်း၊ ပညာအုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉၂၄ ခုနှစ်မှစတင်ပြီး မြို့မကျောင်းတွင် ကျောင်းအုပ်ဆရာကြီး အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ မြို့မအမျိုးသားကျောင်းကြီး၏ အကျိုး စီးပွားသာမက မြန်မာနိုင်ငံဒေသအသီးသီးရှိအမျိုးသားကျောင်းများအားလုံး၏ အကျိုးစီးပွားကို ဦးဆောင်ဦးရွက်ပြုခဲ့ပါသဖြင့် အမျိုးသား ပညာရေးခေါင်းဆောင်တို့ လူအများ၏ အသိအမှတ် ပြုခြင်း၊ ချစ်ခင်လေးစားကြည်ညိုခြင်းခံရပါသည်။

မြို့မကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်နေစဉ်အတွင်းဆရာကြီးသည် ဗြိတိန်နိုင်ငံ ဒေးထရိန်နင်ကောလိပ်မှ ပညာရေး ဒီပလိုမာဘွဲ့ရရှိခဲ့ပါသည်။ ထို့အပြင် ဗြိတိသျှတော်ဝင် ပထဝီဝင် အသင်းကြီး၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင် F.R.G.H. ဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။ မြို့မကင်းထောက်အဖွဲ့ ခေါင်းဆောင်ဗိုလ်ချုပ်ဖြစ်ရုံမျှသာမက ကင်းထောက်မင်းကြီးတစ်ဦးလည်း ဖြစ်ပါသည်။

တက္ကသိုလ်ဆီးနိတ်အဖွဲ့ဝင် မြန်မာနိုင်ငံသုတေသနအသင်းအမှုဆောင်၊ YMBA အဖွဲ့ဝင် အထက်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ပညာရေး၊ ဘာသာရေး၊ လူမှုရေး အဖွဲ့အစည်းအသီးသီးတွင်လည်း ပါဝင်ခဲ့ပါသည်။ ဗြိတိသျှအစိုးရ၏ K.I.H ဘွဲ့ ချီးမြှင့်ခံခဲ့ရပါသည်။



၁၉၃၈ ခုနှစ်တွင် နယ်ချဲ့ ဗြိတိသျှအစိုးရ၏ နှိပ်ကွပ်မှုကြောင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ခြင်းအပေါ် မခံမရပ်နိုင်ဖြစ်သည့်အတွက် ဆရာကြီးအား ဗြိတိသျှအစိုးရက ချီးမြှင့်ခဲ့ပါသော K.I.H (Kaiser In Hind) ဘွဲ့ကို ပြန်လည်အပ်နှံခဲ့သည်။ အမျိုးကို ထိလျှင် မခံအောင်နာတတ်သည့် မြန်မာ့စိတ်ထားပင်ဖြစ်ပါသည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်းကြီးအား တည်ထောင်ခဲ့ရာတွင် ဆရာကြီး ဦးဘလွင်က နာယကဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဘကြီးဘဖေ၊ မြန်မာ့အလင်း ဦးတင်၊ သခင်နု၊ သခင်မြ၊ ဟံသာဝတီဦးမြ၊ ဦးဘဂျမ်း၊ ဦးဘဆွေ၊ သခင်လေးမောင်၊ မစ္စတာအော်မျိုးရှူးတို့ ဦးစီးပါဝင်ခဲ့ပါ သည်။

၁၉၄၈ ခုနှစ်တွင် ဆရာကြီးသည် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပသော ယူနက်စကိုညီလာခံကြီးသို့ တက်ရောက်ခဲ့သည့်အပြင် အခြားနိုင်ငံများသို့လည်း ပညာရေးနှင့်ယဉ်ကျေးမှုအဖွဲ့များအား ဦးဆောင်ပြီး သွားရောက်ခဲ့ပါသည်။ ထိုင်းနိုင်ငံသို့လည်း ဆရာကြီး ဦးဘခင်နှင့်အတူ သွားရောက်ခဲ့ပါသည်။

ဆရာကြီး ဦးဘလွင်သည် နိုင်ငံတော်နှင့်လူမျိုး၏အကျိုးစီးပွားအတွက် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ပါသောကြောင့် ၁၉၅၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မဟာသရေစည်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ ချီးမြှင့်ခဲ့သည်။ ဆရာကြီးသည် ၁၉၅၃ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ သီဟိုဠ်နိုင်ငံ (ယခု သီရိလင်္ကာနိုင်ငံ) ဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအတွက် အလယ်တောရဆရာတော်အား ပင့်ဆောင်ပြီး ဥရောပ၊ အမေရိကန် နိုင်ငံများသို့ သာသနာရေးကိစ္စများ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံခြားသို့ရောက်နေစဉ်ကာလတွင်လည်း မြို့မကျောင်း ကြီး၏ အကျိုးစီးပွားအထောက်အကူများ ပြုလုပ်ခဲ့ပါသည်။ ၁၉၅၉ ခုနှစ်မှ ကွယ်လွန်ချိန် ၁၉၆၈ ခုနှစ်အထိ မြို့မကျောင်း အုပ်ချုပ်ရေး အဖွဲ့၏ အကျိုးတော်ဆောင်ကြီးအဖြစ် မြို့မ၏ ကောင်းကျိုးအတွက် သက်ဆုံးတိုင် ဆောင်ရွက်ခဲ့ပါသည်။ ပညာရေး အခြေခံသဘော တရားများ (Foundation of Education) စသောစာအုပ်များ ရေးသားခဲ့သည်။

ဦးဘလွင်၏ထူးခြားချက်မှာ နိုင်ငံခြားသို့ အကြိမ်ကြိမ် ရောက်ရှိခဲ့စဉ်ကလည်း ပုဆိုး၊ တိုက်ပုံအင်္ကျီ၊ ခေါင်းပေါင်းတို့ဖြင့် အမျိုးသားဝတ်စုံကို အမြတ်တနိုးဂုဏ်ယူဝတ်ဆင်လေ့ရှိခြင်းဖြစ် သည်။ မခံနိုင်အောင်အေးသော နိုင်ငံများတွင်မှသာ နိုင်ငံခြား ဝတ်စုံကို ဝတ်လေ့ရှိပါသည်။ ဆရာကြီးသည် အာစရိယဂုဏ်၊ နာယကဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုကောင်းခြင်း၊ ဉာဏ်ပညာအမြော်အမြင် ကြီးမားခြင်း၊ စေတနာကောင်းခြင်း၊ မာန်မာနမရှိခြင်း၊ အပြော အပြောကောင်းခြင်း၊ ဆင်းရဲချမ်းသာမရွေး၊ အနိမ့်အမြင့်မရွေး ဖော်ရွေစွာ ဆက်ဆံတတ်ခြင်း၊ စည်းကမ်းစနစ်တကျခြင်း စသော အရည်အချင်း ကောင်းများနှင့် ပြည့်စုံသူဖြစ်သည်။



ပညာသင်ကြားလိုသော ငွေကြေးမပြည့်စုံ ချို့တဲ့သည့် ကလေးများကို မိမိအိမ်တွင် ခေါ်ထားပြီး ကျောင်းအခမဲ့နေခွင့် ပေးခဲ့သည်။ ဇနီးဖြစ်သူကလည်း ဆရာကြီး၏ စေတနာကို မပြုန်စေဘဲ ပါရမီဖြည့်ဖက် ဖြစ်ခဲ့သည်။ မြို့မမိသားစုများ၏ မှီခိုအားထားရာ အရိပ်အာဝါသကြီးလည်းဖြစ်ခဲ့ပြီး သားသမီး ၈ ဦး၏ တာဝန်ကို ကျေပွန်သော ဖခင်ကောင်း၊ ခင်ပွန်းကောင်းတစ်ဦးလည်း ဖြစ်ခဲ့ သည်။

သူ၏ဘဝနေဝင်ချိန်တွင် သူတွယ်တာလှသော မြို့မကျောင်း ဝင်းအတွင်းရှိ ဗျူဦထောင်အိမ်ငယ်လေးတွင်ပင် နေထိုင်ရင်း ၁၉၆၈ ခုနှစ်၊ ဧပြီလ ၇ ရက်၊ နံနက် (၅း၁၅) နာရီအချိန် အသက် ၇၆ နှစ် အရွယ်တွင် သူချစ်သော မြို့မမိသားစုများကို ခွဲခွာသွားခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းညွန့်နှင့် သားသမီးများဖြစ်ကြသော ဦးအေးမောင်၊ ဦးတင်မောင်၊ ဦးကျော်ငြိမ်း၊ ကပ္ပတိန်ဦးကျော်သိန်းလွင်၊ ဒေါ်စုစုလွင်၊ ဒေါက်တာရန်နိုင်လွင်၊ ဦးသန်းလွင်နှင့် ဦးသိန်းလွင် တို့ ကျန်ရစ်ခဲ့ပါသည်။

၁၉၆၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ညနေပိုင်းတွင် ဆရာကြီး ၏ ရုပ်ကလာပ်အား မြို့မကျောင်းဝင်းမှ ကြံတောသုသာန်သို့ သယ်ဆောင်မြှုပ်နှံရန် ပို့ဆောင်သည့် ဈာပနအခမ်းအနားသည် လွန်စွာ စည်ကားသိုက်မြိုက်လှပါသည်။ နိုင်ငံတော်အဆင့် လူကြီးများ၊ မြို့မ နှင့်သက်ဆိုင်သော ပုဂ္ဂိုလ်ကြီးများ၊ တပည့်ကျောင်းသား၊ ကျောင်းသူ များ၊ မြို့မကျောင်းဆရာ၊ ဆရာမများ များစွာတို့လိုက်ပါ၍ နောက်ဆုံးဂါရဝပြုခဲ့ကြပါသည်။ စာရေးသူနှင့်ဖခင်ဖြစ်သူ မြို့မ ဦးသန်းကြွယ်တို့သည်လည်း လိုက်ပါပို့ဆောင်ခဲ့ကြသည်ကို မှတ်မိပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးဘလွင်ကား ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း သူပြုစုပျိုးထောင်ခဲ့သော မြို့မကျောင်းကြီးကား ယနေ့တိုင် ခန့်ထည်စွာ ရပ်တည်နေဆဲပင်ဖြစ်ပါသည်။ သူ့ရုပ်သွင်၊ သူ့ဟန်ပန်၊ သူ့ဆိုဆုံးမ စကားများနှင့် သူသုံးစွဲနေကြ မြို့မမိသားစုစိတ်ဓာတ် ဟူသော စကားလုံးတို့ကား မြို့မမိသားစုများ၏ ရင်တွင်း၌ ယနေ့တိုင် မပျောက်မပျက် မှဲ့တင်ထပ်လျက် ကျန်ရှိနေဆဲပင်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်နှင့်လူမျိုး၏ အကျိုးကို ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးမဖက် အနစ်နာခံ၍ စစ်မှန်သော စေတနာဖြင့် ဦးစီးဆောင်ရွက်ခဲ့ကြသော တိုင်းကျိုး ပြည်ကျိုးဆောင် ပုဂ္ဂိုလ်ကြီးများစွာ ရှိခဲ့ကြသည့်အနက် မြို့မ ကျောင်းအုပ်ဆရာကြီး ဦးဘလွင်သည် တစ်ဦးအပါအဝင် ဖြစ်ပါ သည်။ မြို့မ၏ ပညာရေးကိစ္စများသာမက နိုင်ငံတစ်နိုင်ငံလုံး၏ ပညာရေး၊ လူမှုရေး၊ လွတ်လပ်ရေး အကျိုးစီးပွားများအတွက် ဦးဆောင်ဦးရွက်ပြုခဲ့ပါသောကြောင့် လူပင်သေသော်လည်း နာမည် မသေသောသူပင် ဖြစ်ပါသည်။

အခန်း (၂)

## သာဓုရှင်သန်စေမည့် ဆရာကြီး ဦးဘလွင်

ဆရာကြီး ဦးဘလွင်အား ဂုဏ်ပြုစပ်ဆိုခဲ့ကြသော
မြို့မကျောင်းသီချင်း

(မြို့မကျောင်းရယ် ဂုဏ်ယူဖွယ်
မြန်ပြည်တော်အတွင်း သတင်းကြူတယ်
ကျောင်းနေမိတ်သဟာစုံပါတယ်
ချစ်ကြည်ပါစို့ကွယ်)၂
ကျောင်းအုပ်ဆရာကြီးဦးဘလွင်နဲ့ဆရာများရယ်
ပညာရေးကို ရှေ့ရှုလို့လည်း လေ့လာတယ်
မြို့မကျောင်းကြီးရဲ့ ဂုဏ်သတင်း
ထုံသင်းမွှေးကြည်စွာရယ်
တိုးတက်ကြစေဖွယ်. . . . .

မြို့မကျောင်းအုပ်ဆရာကြီး ဦးဘလွင်၊ မြို့မဖခင်ကြီး ဦးဘလွင်၊ အမျိုးသားပညာရေးခေါင်းဆောင်ကြီး ဦးဘလွင်၊ [illegible]တော်ကြီး ဦးဘလွင်စသည်ဖြင့် မြန်မာနိုင်ငံတော်၏ ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



သမိုင်း၊ အမျိုးသားပညာရေးသမိုင်းတွင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်မှု၊ ကြိုးပမ်းအားထုတ်မှုများသည် လွန်စွာများပြားလှပေသည်။ ဆရာကြီး ဦးဘလွင်နှင့် လက်တွဲဆောင်ရွက်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၊ မြန်မာ့ဂုဏ်ကျက်သရေဆောင် ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများ၊ သူဌေးကြီးများသည် လွန်စွာများပြားစွာ ရှိနေမည်ဖြစ်ပါသည်။ အဆိုပါ လက်တွဲဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီးများထဲတွင် ဆရာကြီးထက် အသက်အရွယ်၊ ဂုဏ်သိက္ခာကြီးမြင့်သူလည်း ရှိပါသည်။ ထို့အပြင် ဆရာကြီးဦးဘလွင်ထက် အသက်အရွယ်၊ ဂုဏ်သိက္ခာငယ်ရွယ်သူများလည်း ရှိကြပါသည်။ သို့ရာတွင် ဆရာကြီးသည် အားလုံးနှင့် ဆက်ဆံရာတွင် အကောင်းဆုံး၊ အဆင်ပြေဆုံးဆက်ဆံနိုင်ကြောင်း မှတ်တမ်းများအရ သိရပါသည်။

ဆရာကြီးဦးဘလွင်သာမရှိလျှင် ဤမြို့မအမျိုးသားကျောင်းကြီး ပေါ်ပေါက်လာနိုင်မည်မဟုတ်ဟုဆိုခဲ့သော် ဆိုသူသည် အဆိုလွန်၊ အပြောကျူးရာ ရောက်သွားလိမ့်မည်ဟု မဆိုနိုင်ပါ။ ယခုလက်ရှိ မြို့မကျောင်းကြီး၏ နေရာကိုရရှိအောင် စွမ်းဆောင်ခဲ့သူမှာ ဆရာကြီး ဦးဘလွင်သာ ဖြစ်ပါသည်။

ဆရာကြီးသည် ဘုရင်ခံဆာဟာကုတ်ဘတ္တလာထံသို့ သွားရောက်၍ (ကျဉ်းမြောင်းသော မူလမြို့မမြေကွက်မှ ကျယ်ပြန့်သော မြေကွက်ကြီးရရှိအောင်) ပြောဆိုနိုင်ခဲ့သည်။ ဆရာကြီးဦးဘလွင်ကြိုးစားမှုကြောင့် ရရှိလာသော မြေကွက်ကြီးပေါ်တွင် ဘုရားဆောင်ပြာသာဒ် အထွတ်တင်ထားသည့် မြို့မသုံးထပ်တိုက်



ကျောင်းကြီး (ယခု အထက ၂ ဒဂုံ) ထီးထီးမားမား ငုံ့ငုံ့ကြွားကြွား တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာကြီးသည် လူပုဂ္ဂိုလ်တစ်ဦးတည်းကိုဖြစ်စေ၊ လူပုဂ္ဂိုလ်အများကြီးကိုဖြစ်စေ၊ အာဝဇ္ဇန်းရွှင်ရွှင်နှင့် နှလုံးထိအောင် ဟောပြောနိုင်စွမ်းရှိပါသည်။ မြန်မာစာပေတွင်သာမက အင်္ဂလိပ်စာပေနှင့် စကားပြောတို့တွင်လည်း လွန်စွာကျွမ်းကျင်လှပါသည်။ စိတ်ထားဖြူစင်ပြီး ရိုးသားသောဂုဏ်ရှိပါသည်။ အရည်အချင်းပြည့်ဝ၍ အုပ်ချုပ်စီမံခန့်ခွဲရာတွင် သူမတူအောင် ပါးနပ်လိမ္မာသည်။ မြို့မအမျိုးသားကျောင်း အကျိုးစီးပွားအတွက်သာမက မြန်မာနိုင်ငံ ဒေသအသီးသီးရှိ အမျိုးသားကျောင်းများ အကျိုးစီးပွားအတွက်ပါ ဆောင်ရွက်ပေးပါသည်။ ထို့ကြောင့် ဆရာကြီးဦးဘလွင်အား မြို့မ ကျောင်းအုပ်ဆရာကြီးဟူ၍သာမက အမျိုးသားပညာရေးခေါင်းဆောင်ကြီးဟု လူအများက အသိအမှတ်ပြုကြခြင်းပင် ဖြစ်ပါသည်။ ဗြိတိသျှပညာရေးဌာန မျက်နှာဖြူအာဏာပိုင်များနှင့် အရေးဆိုတိုက်ပွဲဝင်ကာ ကျောင်းသင်ရိုးညွှန်းတမ်းတွင် ပြည်ရေးပြည်ရာနှင့် ရာဇဝင်ကဲ့သို့သော ဘာသာများကို ဖြည့်စွက်နိုင်ခဲ့သည်။ မိရိုးဖလာ မြန်မာဘာသာဖြင့် ပညာသင်ကြားခြင်းကို ထိထိရောက်ရောက်ဖြစ်စေရန်နှင့် အင်္ဂလိပ်ဘာသာမှတစ်ပါး ကျန်ဘာသာရပ်များကို မြန်မာဘာသာဖြင့်လည်း စာမေးပွဲများတွင် မေးခွန်းထုတ်ရန် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆရာကြီးဦးဘလွင်၏ ထက်မြက်သော စွမ်းရည်ဉာဏ်သိက္ခာများကြောင့် မြန်မာနိုင်ငံဒေသအသီးသီးရှိ အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



များက သူတို့အဖွဲ့များတွင်လည်း ဆရာကြီး ဦးဆောင်ဦးရွက်ပြုပေးပါရန် မေတ္တာရပ်ခံဖိတ်ခေါ်ခဲ့ကြသည်။ ဆရာကြီးကလည်း တတ်နိုင်သမျှ လိုက်လျော၍ စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးလေ့ရှိသည်။ သာဓကအားဖြင့်ဆိုသော် အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် ဒို့ဗမာအစည်းအရုံးဝင်သခင်အောင်ဆန်းသည် ၁၉၃၉ ခုနှစ် ကုန်ပိုင်းတွင် တရုတ်-မြန်မာချစ်ကြည်ရေးအသွင်ဖြင့် တရုတ်နိုင်ငံသို့ ဆရာကြီးဦးဘလွင်သွားရောက်မည့်ခရီးစဉ်တွင် တရုတ်စစ်ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်နှင့် ဆရာကြီးတို့အတူ ဆုံရာ၌ မြန်မာကျောင်းသားလူငယ်များ ကိုစစ်သင်တန်းတက်ရောက်ခွင့်ပြု-မပြုကိစ္စ ထည့်သွင်းဆွေးနွေးဖို့ အကြံဉာဏ်များပေးခဲ့ကြောင်း၊ စစ်သင်တန်းကိစ္စကို ဆရာကြီးဦးဘလွင်ထံ အကူအညီတောင်းခံခဲ့ကြောင်း အထောက်အထားများစွာရှိပါသည်။

မည်သူမဆို ပြဿနာအခက်အခဲရှိ၍ ဆရာကြီးဦးဘလွင်ထံချဉ်းကပ်ပြီး အကူအညီတောင်းခံလျှင် ဆရာကြီးသည် ပြဿနာပြေလည်အောင် ဖြေရှင်းပေးနိုင်သော အစွမ်းတို့ရှိလေသည်။ အကူအညီတောင်းဆိုလျှင် မည်သူ့ကိုမဆို နှုတ်၏စောင်မခြင်း၊ ကိုယ်၏စောင်မခြင်း ကူညီခဲ့ပါသည်။ မြို့မကျောင်းကြီးထဲတွင် ဆင်းရဲချမ်းသာမရွေး ပညာလာရောက်သင်ယူနိုင်စေရန် ကျောင်းလခနှင့်ကျောင်းအိပ်ကျောင်းစားခကိုလည်း အနည်းဆုံးသတ်မှတ်ထားသည်။ ဆရာကြီး၏ ကြိုးပမ်းမှုကြောင့် မြန်မာဆန်ဆန် မြို့မတိုင်းရင်းသားကျောင်းဟူသော အမည်ပေါ်ပေါက်လာရပါသည်။



ထိုစဉ်အခါက "မြို့မ" ဟူသော ဝေါဟာရ လွန်စွာရေပန်းစားလာသည်ကို ထောက်ရှုလျှင် မြို့မကျောင်းကို မည်မျှ ဂုဏ်ယူလာကြပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။ မြို့မအမျိုးသားကျောင်းကြီး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးသူမှာ ဦးဘလွင်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဦးဘလွင်ကို လူအများက ကြည်ညိုကြခြင်းဖြစ်ပါသည်။ ဦးဘလွင်သည် ကိုယ်တိုင်ကလည်း အမျိုးသားစိတ်ဓာတ် မျိုးချစ်စိတ်ဓာတ် လွန်စွာထက်သန်သူဖြစ်ပါသည်။ သူတစ်ပါးကိုလည်း အမျိုးသားစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်လွန်စွာထက်သန်အောင် စည်းရုံးဟောပြောနိုင်သူဖြစ်ပါသည်။

ပင်နီတိုက်ပုံ၊ လုံချည်အစိမ်းဖြင့် ခန်းမကြီးတွင် မိန့်ခွန်းဟောပြောပြီးနောက် ဆရာကြီးသည် အကျႌအဖြူ၊ လုံချည်အစိမ်းဝတ် ကျောင်းသားတပည့်များ စည်းကမ်းတကျ စာသင်ခန်းထဲသို့ အသီးသီးဝင်သွားသည်ကို ပြုံးပြုံးကြီးဖြင့် ကြည့်နေတတ်သည်ကို မြင်ယောင်မိပါသည်။ ဆရာကြီး ဦးဘလွင်က မြို့မဖခင်ကြီးဆိုလျှင် ဆရာကြီး ဦးဒွေးယဉ်ကမြို့မမိခင်၊ ဆရာကြီးဦးဘလွင်ကမြို့မ ဦးခေါင်းဆိုလျှင် ဆရာကြီးဦးဒွေးယဉ်က မြို့မအသည်းနှလုံးဟူ၍ ထိုဆရာကြီးနှစ်ပါးကို တစ်သားတည်း မြို့မနှင့် ပတ်သက်သူများက ပူးတွဲစွဲမြဲ မြင်တတ်ကြပါသည်။ အကြောင်းမှာ ဆရာကြီးဦးဒွေးယဉ်သည် ဆရာကြီးဦးဘလွင်နှင့် ညီအစ်ကိုအရင်းတမျှ ခင်မင်ရင်းနှီးသော မြို့မဆရာကြီးတစ်ဦးဖြစ်သောကြောင့် ပေတည်း။

ဆရာကြီးဦးဘလွင်က မိမိသည်ကျောင်းမြင်ပတွင် ထိုင်ခွင်ဝင်နေစဉ် ဦးဒွေးယဉ်သည်ကျောင်းတွင်း၌ ကျောင်းပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



မဖိတ်မစင် မရှိအောင် စီးသည့်ရေဆည်သည် ကန်သင်းဆိုသကဲ့သို့ ထိန်းသိမ်း ပေး သည့်အတွက် ဆရာကြီးဦးသွေယ်သည် မိမိ၏ ပါရမီဖြည့်ဖက် အစစ်ဖြစ်ကြောင်း ပရိသတ်ရှေ့တွင်မကြာခဏ ပြောကြားခဲ့ပါသည်။

ထို့အပြင် မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးဖြစ်သူ သမာဓိမြို့ဝန် ပန်းကန်စက် ဦးသော်နှင့်ပတ်သက်၍လည်း ဆရာကြီး ဦးဘလွင်က "ဥက္ကဋ္ဌကြီး ဦးသော်သည် မိမိနှင့်လွန်စွာခင်မင်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကာလကတည်းကပင် ပန်းကန်စက်ဦးသော်သည် မြန်မာအမျိုးသား သူဌေးကြီးတစ်ဦးဖြစ်ရုံမက၊ သမာဓိမြို့ဝန်တစ်ဦးလည်းဖြစ်ကြောင်း၊ သို့ရာတွင် ပန်းကန်စက် ဦးသော်သည် နယ်ချဲ့ဗြိတိသျှအစိုးရနှင့် ဆန့်ကျင်ပြီး ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးကို လူအားငွေအားဖြင့် ပါဝင်ကူညီခဲ့ကြောင်း၊ ထို့အပြင် မြို့မနေရှယ်နယ်ကျောင်းကြီး စတင်တည်ထောင်စဉ်ကလည်း လူအားငွေအားဖြင့် ဦးဆောင်ဦးရွက်ပြုခဲ့ပါကြောင်း၊ ပန်းကန်စက်ဦးသော်ကို ညီအစ်ကိုအရင်းတစ်ဦးကဲ့သို့ ခင်မင်လေးစားရခြင်းဖြစ်ပါကြောင်း" မြို့မကျောင်း အုပ်ချုပ်ရေးအဖွဲ့၏ အစည်းအဝေးများတွင် ဆရာကြီးဦးဘလွင်က ပြောကြားလေ့ရှိခဲ့ပါသည်။

ထို့ကြောင့် ဆရာကြီးသည် မာန်မာနမရှိသည့်အပြင် လူအားလုံး၏ ချစ်ခင်လေးစားမှုခံယူရပါသည်။ အားလုံးအပေါ် လည်း အတောင်းမြင်ဝါဒဖြင့် ရှုမြင်တတ်ကြောင်း မှတ်သားရပါသည်။ ဆရာကြီးဦးဘလွင်သည် အခမ်းအနားကြီးများတွင် ခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီ တောင်ရှည်ပုဆိုးကြီးများဝတ်ဆင်ကာ အကြောင်း



အရာများကို အာဝဇ္ဇန်းရွှင်ရွှင် ပိုင်ပိုင်နိုင်နိုင် ခံ့ခံ့ညားညားကြီး ဟောပြောတတ်သည်။ တစ်ခါတစ်ရံတွင်မူ ဆရာကြီးဦးဘလွင်ကို တင်းထောက်ဝတ်စုံနှင့် ကင်းထောက်ဗိုလ်ချုပ်ကြီးအဖြစ်လည်း မီးပုံပွဲများတွင် မြင်တွေ့နိုင်ပါသည်။

ဆရာကြီးဟောပြောလေ့ရှိသော အဆိုအမိန့်ကား "ဝံသာနုရက္ခိတ တရားလက်ကိုင်ထားကြပါ။ ဝံသာနုရက္ခိတ တရားဆိုတာ ကိုယ့်နိုင်ငံနဲ့လူမျိုးကို အစဉ်အမြဲ သစ္စာရှိစောင့်ရှောက်ရတာကို ဆိုလိုတယ်။ မျိုးချစ်စိတ်ရှိရမယ်။ မြို့မသားစုစိတ်ဓာတ်ရှိရမယ်" ဟူ၍ဖြစ်သည်။ မြို့မမိသားစုစိတ်ဓာတ်ရှိကြဖို့ ဆရာကြီးဦးဘလွင်က မကြာခဏ သတိပေးလေ့ရှိသည်။ မြို့မမိသားစုစိတ်ဓာတ်ဟူသည် အဘယ်နည်း။ ဤမြို့မမိသားစု စိတ်ဓာတ် ဟူသည်မြို့မတစ်ကျောင်းလုံး အချင်းချင်းစည်းလုံးညီညွတ်စွာ သည်းခံခွင့်လွှတ်ရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးစသည်တို့၌ မြို့မအမျိုးသားကျောင်းကြီး တိုးတက်အကျိုးရှိ မည့်ကိစ္စအဝဝကို ဆောင်ရွက်မည်ဟု နှလုံးပိုက်ထားခြင်းသဘော ကိုဆိုလို၏။ ယင်းသို့ မြို့မမိသားစုစိတ်ဓာတ်ရှိသည့် သဘောအလေ့အကျင့်သည် မိမိရပ်ရွာကိုချစ်သည့်စိတ်ဓာတ်၊ မိမိနိုင်ငံကိုချစ်သည့်စိတ်ဓာတ်အဖြစ်၊ ရေပေါ် သို့ခဲကျသည့်အခါ ထိုရေပြင်၌ တိုင်းငယ်သည် တစ်စတစ်စကျယ်ပြန့်သွားဘိသကဲ့သို့ မိမိနိုင်ငံကိုချစ်သည့်စိတ်ဓာတ်၊ နိုင်ငံအတွင်း နေထိုင်သော တိုင်းရင်းသားလူမျိုးများအားလုံးကို ချစ်သည့်စိတ်ဓာတ်၊ သူတို့အားလုံးနှင့် အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် စည်းလုံးညီညာ အေးချမ်းသာယာစွာ နေလိုစိတ်အထိ ပြန့်ကားကြီးကျယ်သွားသည်။ ထိုစိတ်ဓာတ် မြတ်

www.burmeseclassic.com



သည်ပင် မျိုးချစ်စိတ်ဓာတ်ဖြစ်၏။ အနှစ်ချုပ်ဆိုရသော် မြို့မမိသားစု
စိတ်ဓာတ်သည် မျိုးချစ်စိတ်၊ မျိုးချစ်စိတ်သည်ပင် အမျိုးသားရေး
စိတ်ဓာတ်ဖြစ်ပေသတည်း။

တိုက်တစ်လုံးတွင် အုတ်မြစ်၊ အမိုး၊ နံရံအကာစသည်
ရှိရပါသည်။ အိမ်တစ်လုံး၌လည်းခေါင်လျောက်၊ ထုပ်လျောက်၊
ရက်မ၊ ဆင့်၊ ကြမ်းခင်း၊ လှေကား စသည်တို့ရှိရပါသည်။ ထို့အတူ
မြို့မဦးဘလွင်၊ ဦးသွေ့ယ်တို့နှင့်အတူ ဆရာကြီး ဦးဘတင်၊ ဆရာကြီး
ဦးအောင်ကျော်၏၊ ဆရာကြီး ဦးစံထွား၊ ဆရာဟိန်၊ ဆရာတင့်၊
ဆရာဦးအောင်မြင် (မြို့မမောင်)၊ ဆရာကြီးဦးအောင်မင်း
(လူထုပညာရေး) စသူ၊ စသူတို့သည်လည်း မြို့မအမျိုးသား
ကျောင်းကြီးကို ဘက်စုံ၊ ထောင့်စုံ၊ ညီညီညွတ်ညွတ် ဝိုင်းဝန်းထူ
ထောင်ပေးခဲ့ကြသူများ ဖြစ်ကြသည်။ သူဌေးကြီးပန်ကန်စက်
ဦးသော်၊ သူဌေးကြီး ဦးသွင်အစရှိသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ
ကလည်း ငွေအား၊ လူအားဖြင့် ကူညီပံ့ပိုး၊ စီမံကွပ်ကဲမှု ပြုခဲ့ကြောင်း
မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။ ထိုပုဂ္ဂိုလ်ကြီးများသည်
မြို့မမိသားစုစိတ်ဓာတ်အပြည့်အဝဆုံး ရှိကြသူမြို့မ၏ အကြီးအကဲ
ကျေးဇူးရှင်ကြီးများ ဖြစ်ကြသည်။

မြို့မ၏ ကျေးဇူးရှင်ကြီးများအနက်မြို့မဖခင်ကြီး ဦးဘလွင်၏
ကျေးဇူးတရားနှင့် ဂုဏ်သတင်းသည် အပေါ်လွင်ဆုံးနှင့်
အကျော်ကြားဆုံးဖြစ်သည်ဟု နားလည်ခံယူထားပါသည်။ ဆရာကြီး
၏ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ အမျိုးသားရေးသမိုင်း
မြို့မကျောင်းသမိုင်း မြန်မာ့သမိုင်းတွင် ထာဝရရှင်သန်နေမည်ဟု
ယုံကြည်မိပါတော့သည်။

အခန်း (၃)

## မြန်မာ့ပညာရေးအလင်းရှင် ဆရာကြီး ဦးဘလွင်

မြို့မဆရာကြီး ဦးဘလွင်သည် မြို့မအမျိုးသားကျောင်း၏ ကျောင်းအုပ်ဆရာကြီးအဖြစ် ၁၉၂၄ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ သီဟိုဠ်နိုင်ငံ (ယခုသီရိလင်္ကာ) ဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ်အမှုထမ်းခဲ့ပါသည်။ သီဟိုဠ်နိုင်ငံတွင် နေထိုင်စဉ် သံအမတ်ကြီး ဦးဘလွင်သည် ပညာရေးတွင် အလွန်တိုးတက်နေသော သီဟိုဠ်နိုင်ငံ၏ ပညာရေးကဏ္ဍများကိုလည်း ကောင်းမွန်စွာလေ့လာခဲ့ပါသည်။ ၁၉၅၉ ခုနှစ်တွင် အမိမြန်မာနိုင်ငံတော်ကြီးသို့ ပြန်လည်ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဆရာကြီး ဦးဘလွင်သည် မြို့မအထက်တန်းကျောင်းကြီးကို သံယောဇဉ် အလွန်ကြီးမားသောကြောင့် မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ အကြံပေးအတိုင်ပင်ခံဆောင်ညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ဆရာကြီးသည် နှစ်ပေါင်း ၆၀ ခန့်အတွင်း ပညာရေးဆိုင်ရာဗဟုသုတ ကြီး၊ ငယ်ဟူသမျှကို ရှာဖွေမှတ်သားခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကူညီဖြေရှင်းခြင်းတို့ကို ညာဏ်စွမ်းရှိသလောက် အစဉ်ကြိုးပမ်း ခဲ့သည်ဖြစ်ပါသည်။ ပထမကမ္ဘာစစ်မှသည် ဒုတိယကမ္ဘာစစ်အပြီး တိုင်အောင် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံကြီးငယ်များသို့ သွားခဲ့သည် ထို့ပြင်တတ်သည့်ပညာဖြင့် အမျိုးသားပညာရေး တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းခဲ့သူလည်းဖြစ်ပါသည်။ ပြည်တွင်း ပြည်ပများမှ ဘွဲ့ထူးဂုဏ်ထူးများ ရရှိထားပြီးဖြစ် သော်လည်း အသက်အရွယ်ကြီးမြင့် သည့်တိုင်အောင် ပညာရေးကို လေ့လာလိုက်စားခဲ့သူလည်း ဖြစ်ပါသည်။

ဆရာကြီးသည် ၁၉၆၁ ခုနှစ်၊ ဩဂုတ်လမှ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလအထိ ပညာရေးစီမံကိန်းများကို အင်္ဂလန်နိုင်ငံ အမေရိကန်နိုင်ငံ စသောကမ္ဘာနိုင်ငံများသို့ ကိုယ်တိုင်သွားရောက်၍ လေ့လာဆည်းပူးခဲ့ပြန်ပါသည်။ မြို့မကျောင်းအပါအဝင် မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ကျောင်းများအားလုံးအတွက် ပြန်လည်အသုံး ချရန် ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေး ကိစ္စများအား ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဆရာကြီး၏ စေတနာနှင့်လုပ်ရပ်တို့သည် လွန်စွာကြည်ညိုစရာပင် ဖြစ်ပါသည်။

မြို့မဆရာကြီး ဦးဘလွင်သည် "ပညာရေးအခြေခံ သဘောတရား" (Foundation of Education) စာအုပ်ကိုလည်း ရေးသားပြုစုခဲ့ပါသည်။ ကျောင်းသားလူငယ်များ ပညာဆည်းပူးရာ တွင်အထောက်အကူဖြစ်စေရန်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင် မြတ်နိုးတတ်စေရန်၊ မိမိတိုင်းပြည်နှင့်လူမျိုး၏ အကျိုးစီးပွားအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်စေရန်၊ ပညာရေး အ



အင်အစစအရာရာ၌ ကောင်းမွန်တိုးတက်မှုရှိ စေရေးအတွက် ရှမ်းဆောင်နိုင်သော မြန်မာ့သားကောင်း၊ သမီးကောင်းများ အဖြစ်သို့ရောက်ရန် ရည်ရွယ်ပြီး ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

သို့ပါ၍ ဆရာကြီးကိုယ်တိုင် ရေးသားပြုစုခဲ့သော ပညာရေးအခြေခံ သဘောတရားစာအုပ်ပါ အကြောင်းအရာများ သည် ဆရာ၊ ဆရာမ များအတွက်လည်းကောင်း၊ မိဘများအတွက် လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် လည်းကောင်းလွန်စွာအဖိုးတန်သည့် ပညာရေးအလင်းရောင် များပင်ဖြစ်ပါသည်။ မြန်မာ့ပညာရေးအတွက် အဓိကကျသည့် သော့ချက်များပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ဆရာကြီး ဦးဘလွင်၏ ဆုံးမဩဝါဒလမ်းညွှန်ချက် ကောက်နုတ်ချက်များ

ဆရာကြီး ဦးဘလွင် တောမြော့ပို့ချ ဆုံးမခဲ့သော ဩဝါဒလမ်းညွှန်ချက်များသည် လွန်စွာများပြားလှပေသည်။ သို့ပါ၍ ဆရာကြီး၏ ဆုံးမဩဝါဒလမ်းညွှန်ချက် အချို့ကိုကောက်နုတ်ဖော်ပြပါသည်။

၁။ နိုင်ငံတော်တွင် အဖိုးတန်သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာရေးအတွက် ဆရာ၊ ဆရာမတို့၏ အခန်းကဏ္ဍသည်လွန်စွာအရေးကြီးပါသည်။ ထို့ကြောင့် ဆရာ၊ ဆရာမတို့သည်အတွေ့အကြုံ ဗဟုသုတပြည့်စုံဖို့လိုပါသည်။ တိုင်းပြည်နှင့်လူမျိုး၏ အကျိုးစီးပွားတိုးတက်မြင့်မားလာအောင် လုပ်ဆောင်နိုင်ရမည်။

၂။ ဆရာ၊ ဆရာမတို့သည် (အကျင့်စာရိတ္တကောင်းမွန်ပြီးသူများဖြစ်သော်လည်း) အကျင့်စာရိတ္တအထူးကောင်းမွန်ရပါမည်။ တပည့်ကျောင်းသား၊ ကျောင်းသူများကိုလည်း အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်အောင် ညွှန်ကြားနိုင်ရမည်။





၃။ ဆရာ၊ ဆရာမတို့သည် မိမိတို့ကိုယ်တိုင်လည်း အရည်အချင်းပြည့်ဝရပါမည်။ တပည့်ကျောင်းသား၊ ကျောင်းသူများကိုလည်း အရည်အချင်းပြည့်ဝကောင်းမွန်သူများဖြစ်အောင်ညွှန်ကြားနိုင်ရပါမည်။

၄။ မိမိသင်ကြားပေးမည့် ဘာသာရပ်ကို ထူးချွန်ကျွမ်းကျင်ပိုင်နိုင်မှုရှိရပါမည်။ တပည့်ကျောင်းသား၊ ကျောင်းသူများကိုလည်း ထူးချွန်ကျွမ်းကျင်ပိုင်နိုင်သူများဖြစ်အောင် သင်ကြားမို့ချပေးရပါမည်။

၅။ စာသင်ခန်းများအတွင်း၌သာ ကန့်သတ်တည်ရှိမနေဘဲ ပြင်ပလောကပတ်ဝန်းကျင် တစ်ခုလုံးနှင့် ဆက်စပ်ဆက်နွယ်ပြီး ကျောင်းပညာပါမက လူမှုရေးပညာ၊ ဘာသာရေး အသိတရား၊ ယဉ်ကျေးမှုအသိတရား စသောကဏ္ဍများတွင်ပါ ထူးချွန်ထက်မြက်အောင် သင်ကြားပေးနိုင်ရပါမည်။

၆။ ကျောင်းများ၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းအရ သင်ကြားပေးသည့် ပညာမျိုးမှ တကယ့်ပညာဟု တရားသေမှတ်ယူမနေသင့်ဘဲ ကျောင်းတွင်းပညာရပ်များသာမက ကျောင်းပြင်ပ ပညာရပ်များကိုပါ ဆည်းပူးလေ့လာ သင်ကြားပေးရမည့် ပညာရပ်များ များစွာရှိကြောင်း နားလည်သဘောပေါက်ကြရပါမည်။ အနောက်နိုင်ငံများတွင် ကျောင်းပြင်ပ အခြားဘာသာရပ်များ လေ့လာလိုက်စားရေးအဖွဲ့များ ထူထောင်ဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်နေခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၇။ တမည့်ကျောင်းသားများကို အကောင်းဆုံး၊ အတော်ဆုံးဖြစ်အောင် ဆရာ၊ ဆရာမတို့က ပုံသွင်း၊ ပန်းပုထုတ်ရပါမည်။ ပုံသွင်းရာတွင်လည်း ပုံကောင်းပုံလှ ရရှိအောင် ဆရာ၊ ဆရာမတို့၏စေတနာ၊ အရည်အချင်းဂုဏ်သိက္ခာတို့အပေါ်တွင် များစွာမူတည်နေပါသည်။

၈။ ကျောင်းစည်းကမ်းဥပဒေ၊ ရပ်ရွာစည်းကမ်းဥပဒေ၊ နိုင်ငံတော် စည်းကမ်းဥပဒေများကို မိမိကိုယ်တိုင်လည်း လေးစားလိုက်နာရပါမည်။ တပည့်ကျောင်းသား၊ ကျောင်းသူများကိုလည်း လေးစားလိုက်နာကြစေရန် လမ်းညွှန်ပေးနိုင်ရပါမည်။

၉။ ပညာရေးလုပ်ငန်းများ အောင်မြင်စေရန်နှင့် တိုးတက်ဖွံ့ဖြိုးမှု ရှိစေရန်အတွက် ဆရာ၊ မိဘ၊ ကျောင်းသား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု ရှိရပါမည်။ အိမ်သည်လည်း ကျောင်း၊ ကျောင်းသည်လည်းအိမ်ဖြစ်နေရပါမည်။ အိမ်တွင်ပျော်ရွှင်သလို၊ ကျောင်းတွင်လည်းပျော်ရွှင်စေရပါမည်။ အိမ်နှင့်ကျောင်း နှစ်ခုစလုံးတွင် တပည့်ကျောင်းသားများအား အမြဲထိန်းသိမ်းပြုပြင် ဆုံးမရပါမည်။ ကျောင်းတွင် သင်ကြားပေးသမျှ အိမ်ရောက်လျှင် ပျောက်ပျက်သွားမည်ဆိုပါက လက်နှင့်ရေးပြီး ခြေနှင့်ဖျက်သည်နှင့် တူနေပါလိမ့်မည်။ မိဘများတွင်လည်း လွန်စွာတာဝန်ရှိပါသည်။



၁၀။ ဆရာ၊ ဆရာမတို့သည် တပည့်ကျောင်းသားများအား စာပေရေးရာများ တတ်သိလိမ္မာအောင် သင်ကြားပေးကြရုံသာမက၊ မှန်ကန်သောအသိတရား၊ မှန်ကန်သော အတွေးခေါ်တိုင်းကျိုးပြည်ကျိုးဆောင်လိုသောစိတ်၊ နိုင်ငံနှင့်လူမျိုးကိုချစ်သောစိတ်၊ မြို့မစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မြင့်မားကောင်းမွန်လာစေရန် အထူးတာဝန်ရှိပါသည်။

၁၁။ "ပညာဟူသည် အဆုံးအစမရှိ" ဟူသော ဆိုရိုးစကားရှိပါသည်။ လွန်စွာမှန်ကန်လှပေသည်။ ပညာပါရမီသည်လည်း လွန်စွာအဖိုးထိုက်တန်ကြောင်း ကမ္ဘာ့ရာဇဝင် မြန်မာ့ရာဇဝင်တို့တွင်လည်း သက်သေအထင်အရှားများတွေ့ရှိနိုင်ပေသည်။ အမြဲတမ်းပညာဆည်းပူး နေရပါမည်။

၁၂။ နိုင်ငံကြီးများတွင် (Industry of Education) ခေါ် "ပညာရေးတိုးတက်ကြီးပွားမှုအဆောက်အအုံ" သဘောတရားကို ပိုမိုနားလည်လာအောင် ကြိုးစားရပါမည်။ ပညာရေးကြီးပွားတိုးတက်အောင် ဆောင်ရွက်ရာတွင် နည်းမှန်လမ်းမှန်ဖြစ်စေရန်နှင့် ပေါင်းစပ်လုပ်ဆောင်ရသော ဖက်စပ်လုပ်ငန်းကြီး ရှိရမည်ဖြစ်ပါသည်။ ဤဖက်စပ်လုပ်ငန်းကြီးတွင် အစုရှယ်ယာရှင် ခြောက်ဦး ရှိရပေမည်။

(က) ပညာသင်ယူသူ တပည့်ကျောင်းသား
(ခ) မိဘ
(ဂ) ဆရာ
(ဃ) ပတ်ဝန်းကျင်
(င) သင်ကြားပေးသည့် ဘာသာရပ်အမျိုးအစား
(စ) နိုင်ငံတော်အစိုးရတို့ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ ကျွန်ုပ်တို့အားလုံးသည် လူသတ္တဝါများဖြစ်ကြသည့်အလျောက် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အကြောင်းနှင့်အကျိုးတို့ကို မိမိတို့၏ မင်ကိုယ်ဉာဏ်ဖြင့် ဆင်ခြင်တိုင်းထွာ၊ ဝေဖန်ပိုင်းခြား နိုင်ရပါမည်။ သခင်ပညာရေးကို လိုလားသူများအဖို့ မည်သည့်အခါတွင်မျှ သူတစ်ပါး နှာခေါင်းနှင့် အသက်ရှူခြင်း မပြုကြပါ။ ကိုယ့်အားကိုယ်ကိုး ကြိုးစားကြရပါသည်။ ကောင်းမွန်သောဆင်ခြင်တုံတရား ကိုယ်စီရှိကြရပါမည်။

၁၄။ စွမ်းရည်သတ္တိ၊ ဗျတ္တိတို့နှင့် ပြည့်စုံကြရပါမည်။ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ သုခနှင့်ဒုက္ခတို့ကို ကောင်းမွန်စွာ ဝေဖန်ပိုင်းခြားနိုင်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ရပါမည်။

၁၅။ အပြောအဆို၊ အနေအထိုင်၊ ပေါင်းသင်းဆက်ဆံရေး၊ ကြံစည်တွေးခေါ်မှု စသည်တို့တွင် တစ်နေ့ပြီးတစ်နေ့ တိုးတက်မှုရှိအောင် လုပ်နေရပါမည်။

၁၆။ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိစာပေ၊ မိမိသာသနာတော်ကြီး တိုးတက်ကြီးပွားရေးနှင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ခုလုံး အေးချမ်းသာယာဝပြောရေး ကိစ္စများကိုပါ ထည့်သွင်းစဉ်းစားထားရပါမည်။

၁၇။ မိမိတိုင်းပြည် အခြေအနေ၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသော ပင်မအခြေအနေ အချက်အလက်များနှင့် ကိုက်ညီသင့်လျော်သော ပညာရေးစနစ်များ၊ သင်ကြားရေးစနစ်များကို ချမှတ်ကြိုးပမ်းရပါမည်။ တိုးတက်သည့်နိုင်ငံများ၏ လုပ်နည်းလုပ်ဟန်ကို ကြည့်ရှုလေ့လာ နည်းယူရပါမည်။



၁၈။ သူတစ်ပါးတိုင်းပြည်ပုံစံကို မိမိတိုင်းပြည်ပုံစံလုပ်၍ အကျိုးမရှိယုံသာမက လေ့လာအတုယူမှုများယွင်းလျှင်လည်း အကျိုးနည်းတတ်သော သာဓကများရှိပါသည်။ နေရာတကာ ပုံတူကူးချဖို့မဟုတ်ပါ။ သူတစ်ပါးတိုင်းပြည်က ပုံစံကို မိမိတိုင်းပြည်မှာ အတင်းရိုက်သွင်းဖို့လည်း မဟုတ်ပါ။ အကောင်းဆုံးမှာ တိုးတက်သောတိုင်းပြည်များ အဘယ်ကြောင့် တိုးတက်ရပါသနည်း။ မည်သို့မည်ပုံငွေအားလူအားသုံးပြီး ကြိုးပမ်းကြပါသနည်း။ ကြိုးပမ်းကြရာတွင်လည်း ထားရှိအပ်သော စိတ်ဓာတ်၊ မျှော်မှန်းချက်၊ လုပ်နည်းလုပ်ဟန်၊ နည်းပညာများကား အဘယ်သို့ရှိသနည်း။ စသည့်အချက်များကို စိစစ်ဝေဖန်ကြရပါမည်။ သူတစ်ပါးတိုင်းပြည်တိုးတက်သလို မိမိတို့တိုင်းပြည်သည်လည်း တိုးတက်ဖြစ်ထွန်းမှုရှိအောင် အစွမ်းကုန်ကြိုးစားကြဖို့သာ အရေးကြီးပါသည်။

၁၉။ ရိုးသားဖြောင့်မတ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ နည်းလမ်းစနစ်ကျခြင်း၊ စိတ်ဓာတ်ပြည့်ဝခြင်း၊ ပညာရေးမြင့်မားခြင်းတို့သည် ကျောင်းစာသင်ချိန်တွင်သာမက ဘဝတစ်သက်တာတစ်လျှောက်လုံးတွင် လွန်စွာအရေးကြီးလှပါသည်။

၂၀။ အရာရာတွင် ဗုဒ္ဓမြတ်ရှင်စော ဟောကြားတော်မူသကဲ့သို့ပင် ဖြစ်ပါသည်။ ပညာရေးကဏ္ဍအပါအဝင်၊ ဘဝခရီးတစ်လျှောက်လုံးတွင် အောင်မြင်မှုရရှိရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အရေးအကြီးဆုံးမှာ စိတ်ဓာတ်ခိုင်မာဖို့ပင် ဖြစ်ပါသည်။

၂၀။ အနောက်နိုင်ငံများတွင် လေ့လာတွေ့ရှိခဲ့သော ပညာသင်ကြားရေး ပုံစံတစ်ခုမှာ

(က) ကလေးမရမီ အချိန်ကာလ၌ပင် မိဘဖြစ်သူက ပညာရေးဆိုင်ရာ ဗဟုသုတများ ဆည်းပူးထားရမည်။

(ခ) ကလေးရပြီးနောက်ပိုင်းတွင်လည်း မိဘဖြစ်သူက ပညာရေးဆိုင်ရာ ဗဟုသုတများ ဆည်းပူးထားရမည်။

(ဂ) ကျောင်းမထားမီ အရွယ်ကာလ၌ပင် အဆိုပါ ကလေးအား ပညာရေးဆိုင်ရာ ဗဟုသုတများ ဆည်းပူးစေရမည်။

(ဃ) ကျောင်းနေသည့်အရွယ် ကာလ၌လည်း အဆိုပါ ကလေးအား ပညာရေးသင်ကြားပေးရမည်။

(င) အသက်အရွယ်ကြီးမြင့်သူများအတွက် သက်ကြီး ပညာရေးသင်ကြားပေးရမည်။

(စ) မသန်စွမ်းသူများကိုလည်း ထိုက်သင့်သလို ပညာရေးသင်ကြားပေးရမည်ဟူ၍ဖြစ်ပါသည်။

၂၁။ တမ္ဘာ့ပညာရေး၏ ရည်မှန်းချက်များကို စဉ်းစားသုံးသပ် ကြည့်သောအခါ—

(က) ပြည့်ဝသော-ဥဿုံ လူထုပညာရေးစနစ်
**EDUCATION OF THE WHOLE MASS**



(ခ) အကြွင်းမဲ့ပညာရေးစနစ်
TOTAL EDUCATION

(ဂ) လုပ်ငန်းဆိုင်ရာပညာရေးစနစ်
EDUCATION FOR SERVICE

(ဃ) ဘဝတစ်ခုလုံးအတွက် အကျိုးပြုမည့် ပညာရေး စနစ်
EDUCATION FOR LIFE

တို့ကိုလည်း အထူးဂရုပြုမှတ်သား၍ လေ့လာရပါမည်။

၂၂။ လူမျိုးတစ်မျိုးလုံး နိုင်ငံတစ်နိုင်ငံလုံး လူမှုအဖွဲ့အစည်း တစ်ခုလုံး၏ တိုးတက်ကြီးပွားရေးအတွက် ရည်မှန်းသော အခြေခံမူဝါဒသည် ပညာရေး၏ အခြေခံမူဝါဒဖြစ်ပါသည်။

၂၃။ ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၌ရေးဆွဲချမှတ်ခဲ့သော ပညာရေး၏အခြေခံမူဝါဒမှာ မြန်မာလူမျိုးတို့အား ဗဟုသုတ တိုးတက်အောင် မဟုတ်ပါ။ လွတ်လပ်ရေး တောင်းဆိုတတ်ရန် မဟုတ်ပါ။ အမျိုးသားရေးစိတ်ဓာတ် ပေါ်ပေါက်စေရန် မဟုတ်ပါ။ တိုင်းရင်းသားစည်းလုံးညီညွတ် ရေး ဖြစ်ထွန်းစေရေးအတွက်မဟုတ်ပါ။ ကျွန်ုပ်တို့ မြန်မာ များလူမျိုး၏ စိတ်ဓာတ်ကို အညွန့်ချိုးရန်သာဖြစ်ပါသည်။

၂၄။ ပညာသင်ကြားရာတွင် ကောင်းမွန်အကျိုးရှိအောင် မည်သို့ အသုံးပြုရမည်ဆိုသည်ကို အထူးအလေးပေးပြီး သင်ကြား ပေးရပါမည်။ သို့မှသာ လက်ရုံးရည်၊ နှလုံးရည်တို့ သာမက မှန်မြတ်သောစိတ်ဓာတ်ရှိသည့် မျိုးဆက်သစ်

www.burmeseclassic.com

www.burmeseclassic.com



လူငယ်များ ဖြစ်ထွန်းလာနိုင်မည်။ လိုအပ်ပါက လူတို့၏ ဗီဇဓာတ်ခံကိုပါ ပြောင်းလဲပေးရန် အရေးကြီးလှပေသည်။

၂၆။ ကျောင်းသားလူငယ်များသည် ငယ်ရွယ်သူများဖြစ်သဖြင့် ယုယချစ်ခင်မှု၊ သနားကြင်နာမှု ရရှိမှသာလျှင် ပျော်ရွှင်မှုရှိပြီး ဉာဏ်ပညာထက်မြက်လာနိုင်မည် ဖြစ်ပါသည်။ ပညာထူးချွန်မည် ဖြစ်ပါသည်။ မိဘတို့သည် သားသမီးများနှင့် ရင်အုပ်မကွာနေရပါမည်။ ဆရာများသည် တပည့်ကျောင်းသား၊ ကျောင်းသူများနှင့် အစဉ်နီးကပ်စွာ ရှိနေရပါမည်။

၂၇။ တချို့မိဘတို့သည် သားသမီးများကို တာဝန်မယူလို၍ မဟုတ်ဘဲ မည်သို့မည်ပုံ တာဝန်ယူရကောင်းမှန်းမသိ ဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်မပြုမီကပင် မိဘတို့တာဝန်ဝတ္တရားကို သိနားလည်အောင် ကြိုတင်ကြိုးစားထားသင့်သည်။ မိသားစု စီမံမှု (FAMILY PLANNING) ဆိုသည့် အတတ်ပညာကို ကြိုတင်လေ့လာနည်းလည်ထားသင့်သည်။

၂၈။ တိုးတက်သော နိုင်ငံများတွင် မိမိတို့၏သားသမီး၊ မြေးမြစ်များ၏ စာပေသင်ယူနေသည့် ဘာသာရပ်များ၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မိဘ၊ ဘိုးဘွားများက အမြဲစောင့်ကြည့်နေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ တစ်လလျှင် တစ်ကြိမ် မိဘ၊ ဆရာအသင်းသားအသင်းသူများ ပုံမှန်အစည်းအဝေးပြုလုပ်ကြသည်။ ဆရာ၊



ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကြပြီး မိမိတို့သားသမီးမြေးမြစ်များ၏ တိုးတက်မှုအခြေအနေကို စုံစမ်းမေးမြန်းလေ့ရှိသည်။ မိဘ၊ ဆရာပူးပေါင်းပြီး ဆွေးနွေးအဖြေရှာကြသည်။ အကြံဉာဏ်များပေးကြသည်။ ပူးပေါင်းပြီး လက်တွေ့အဖြေရှာကြသည်။

၂၉။ ဥစ္စာရင်လို ဥစ္စာခဲ ဆိုသကဲ့သို့ ကျောင်းသား၊ ကျောင်းသူတို့ကိုယ်တိုင်ကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လိုလိုချင်ချင် ကြိုးစားသင်ယူရပါမည်။ မိဘ၊ ဆရာတို့ကလည်း အကောင်းဆုံးသွန်သင်ဆုံးမ ပံ့ပိုးပေးကြရပါမည်။

၃၀။ ကျောင်းသား၊ ကျောင်းသူ တစ်ဦးဟာ အကြောင်းတစ်ခုခုကြောင့် တစ်ကြိမ်တစ်ခါ မှားယွင်းရုံမျှဖြင့် အဆိုပါကျောင်းသားသည် တစ်သက်လုံးလူဆိုးလူမိုက်ကြီးဖြစ်သည်ဟု သတ်မှတ်၍ မရပါ။ ထိုကျောင်းသားလူငယ်သည် ၎င်း၏မိုက်မဲမှားယွင်းမှုကို အမြင်မှန်ရပြီး လူကောင်းသူကောင်းဖြစ်အောင် ကြိုးစားလျှင် ဖြစ်စေ၊ အမှားကိုသိပြီး လူတောင်းလူမွန်ဖြစ်အောင် အမှန်ကို လက်တွေ့ကျင့်ကြံလုပ်ဆောင်လာလျှင်ဖြစ်စေ၊ အဆိုပါကျောင်းသားလူငယ်တို့ အားလုံးက လက်တွဲခေါ်ဆောင်သင့်ပါသည်။ ကျောင်းတစ်ခါ ပြေးခဲ့ဖူးသော ကျောင်းသား တစ်ဦးဟာ အပြစ်ရှိခဲ့သော်လည်း တစ်သက်လုံး ကျောင်းပြေးတစ်ဦးဟူ၍ သတ်မှတ်လို့မရပါ။ မကောင်းသောအကျင့်ဆိုးကို ဖြပ်ပြီး အကောင်းဆုံး အတော်ဆုံးဖြစ်အောင်ကြိုးစားနေ

www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုပါက၊ အဆိုပါကျောင်းသား လူငယ်သည် **လူတော်** လူကောင်းတစ်ဦး ဖြစ်လာနိုင်ပါသည်။ ဆရာ၊ **ဆရာမများ** အထူးသတိပြုကြပါ။

၃၁။ မြို့မကျောင်းတစ်ကျောင်းတည်းသာ မျိုးချစ်စိတ်ဓာတ်ရှိကြသည်ဟုမဆိုလိုပါ။ မြို့မကျောင်းသည် ဝံသာနု **ရက္ခိတ** မျိုးချစ်စိတ်ဓာတ် အထက်သန်ဆုံးသော လူငယ်များ ပေါ်ထွက်ခြင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိစာပေ၊ မိမိသာသနာတို့ကို အထူးချစ်ခင်မြတ်နိုးသော လူငယ်များ ပေါ်ထွက်ခြင်း၊ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော လူငယ်များ၊ ဖွံ့လုံ့လထက်သန်ကြသောလူငယ်များ၊ စည်းကမ်းကောင်းမွန်သော လူငယ်များ အများအပြား ပေါ်ထွက်ခြင်းတို့ကို ဆိုလိုပါသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ကျန်အမျိုးသားကျောင်းများ အပါအဝင် ကျောင်းများတွင်လည်း မျိုးချစ်စိတ်ဓာတ်ရှိသူများ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသူများ အများအပြား ပေါ်ထွက်ခဲ့ပါသည်။

၃၂။ ဝံသာနု ရက္ခိတ တရားလက်ကိုင်ထားရပါမည်။ မြို့မမိသားစုစိတ်ဓာတ် (MYOMA FAMILY SPIRIT) ရှိကြရပါမည်။

၃၃။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိနိုင်ငံနှင့်လူမျိုးကို **အထူး** ချစ်ခင်မြတ်နိုးခြင်းပင် ဖြစ်ပါသည်။ လိုအပ်ပါက **မိမိတို့၏** အသက်နှင့်လဲပြီး စွန့်လွှတ်ကာကွယ် စောင့်ရှောက်ကြရပါမည်။ သူတစ်ပါးတိုင်းပြည်နှင့် သူတစ်ပါးလူမျိုးတို့ကို **မုန်းတီးဖို့မဟုတ်ပါ။**



၃၄။ ကျောင်းသားလူငယ်များအပါအဝင် လူသားတစ်ရပ်လုံးအဖို့ အရေးကြီးသည်မှာ လူသားများနေ့စဉ် အသက်ရှင်သန်နေထိုင်ရာတွင် အကျိုးအရှိဆုံး အလုပ်သင့်ဆုံးသောလုပ်ရပ်များကိုသာ စွမ်းအားပြည့်လုပ်ဆောင်နေကြဖို့ ဖြစ်ပါသည်။ စစ်မှန်သောစေတနာရှိဖို့ လိုအပ်ပါသည်။ မိမိ၏ လုပ်ရပ်များသည် မိမိအတွက်လည်းမထိခိုက်မနစ်နာစေသင့်ပါ။ သူတစ်ပါးတစ်ဦး တစ်ယောက်ကိုလည်း မထိခိုက်မနစ်နာစေသင့်ပါ။ မိမိကိုဖြစ်စေ၊ သူတစ်ပါးတစ်ဦးတစ်ယောက်ကိုဖြစ်စေ ထိခိုက်နစ်နာမှုမရှိပါက **အဖြစ်ဟု** သတ်မှတ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ပြုလုပ်**သူ၏** စိတ်စေတနာနှင့် ရည်ရွယ်ချက်တို့ကိုလည်း **ထည့်သွင်း** သုံးသပ်ရပါလိမ့်မည်။

၃၅။ ဝံသာနုရက္ခိတ တရားများကို ကျောင်းသားများသာမက ဆရာ၊ ဆရာမများနှင့် တိုင်းရင်းသားပြည်သူအားလုံးကလည်း လက်ကိုင်ထားဖို့လိုပါသည်။ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးတို့ကို အစဉ်အမြဲသစ္စာရှိခြင်း၊ စောင့်ရှောက်ခြင်းကို ဆိုလိုပါသည်။

၃၆။ ခွင့်လွှတ်သည်းခံစိတ်မွေးမြူကြပါ၊ မေတ္တာစိတ်ထားကြပါ။ သနားကြင်နာစိတ်ထားကြပါ။

၃၇။ မိမိကိုယ်အတွက် ကောင်းအောင်ကြိုးစားကြပါ။ မိမိအတန်းအတွက် ကောင်းအောင်ကြိုးစားကြပါ။ မိမိလူမျိုးအတွက် ကောင်းအောင်ကြိုးစားကြပါ။ မိမိသာသနာတော်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင်ကြိုးစားကြ၀ါ။ မိမိနိုင်ငံတော်အတွက် ကောင်းအောင်ကြိုးစားကြပါ။

၃၈။ မြို့မ မိသားစုစိတ်ဓာတ်ဆိုသည်မှာ ဝံသာနုရက္ခိတ မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာလည်း အမျိုးသားရေးစိတ်ဓာတ်ပင် ဖြစ်ပါသည်။

၃၉။ မြန်မာလူမျိုးများသည် မျိုးချစ်စိတ်ဓာတ် လွန်စွာပြင်းထန်သော လူမျိုးများဖြစ်ကြသည်။ မည်သည့်နိုင်ငံခြားလွှမ်းမိုးမှု ကျူးကျော်စော်ကားမှုမျိုးကိုမျှ မခံလိုကြပါ။ သူ့ကျွန်မခံလိုကြပါ။ မိမိတိုင်းပြည်၊ မိမိစာပေ၊ မိမိလူမျိုး မိမိသာသနာတော်ကိုထိလျှင် မချိအောင်နာတတ်ကြသည်။ အရေးကြုံလျှင် တစ်သွေးတည်းတစ်သားတည်း စည်းလုံးညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်တတ်ကြသည်။ အသက်ကိုပမာန မထားဘဲ စွန့်စားတိုက်ခိုက်တတ်ကြသည်။ သမိုင်းဝင် ပင်လုံညီလာခံကြီးနှင့် မြန်မာ့လွတ်လပ်ရေးအောင်ပွဲကြီးတို့သည် ထင်ရှားသော သမိုင်းသာဓကများဖြစ်ကြသည်။

၄၀။ မြို့မကျောင်းကြီးသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြန့်ဖြူးပေးရာဌာနကြီးဖြစ်ပါသည်။ တပ်မတော်ခေါင်းဆောင်များ၊ ရဲဘော်သုံးကျိပ်ဝင်များ၊ မြန်မာနိုင်ငံခေါင်းဆောင်များ၊ မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်ကြီးများထူးချွန်ထက်မြက်သူ ပုဂ္ဂိုလ်များ၊ အများအပြားမွေးထုတ်ပေးရာဌာနကြီးလည်းဖြစ်ပါသည်။ "အမျိုးသားကျောင်းအစ၊ မြို့မကျောင်းက" "မြန်မာ့လွတ်လပ်ရေးအစ၊ မြို့မကျောင်းက" ဟူ၍လည်းဖြစ်ပါသည်။ ဂုဏ်ပြု မှတ်တမ်းတင်ထားရှိပါသည်။ မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူဖွယ်ရာစံပြကျောင်းကြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

## မြို့မမိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်

ဆရာကြီးဦးအလွင် အကြောင်းကိုတင်ပြလျှင် အမျိုးသားပညာရေးသမိုင်း၊ မြို့မအမျိုးသားကျောင်းသမိုင်း တို့ကိုပါဖော်ပြရမည်ဖြစ်ပါသည်။ တစ်ဖန် ဆရာကြီးဦးဘလွင်အကြောင်း၊ အမျိုးသားပညာရေးသမိုင်းနှင့် မြို့မအမျိုးသားကျောင်းသမိုင်းတို့ကို ဖော်ပြပါလျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး သမိုင်းကိုပါထည့်သွင်း ဖော်ပြရမည်ဖြစ်ပါသည်။ ထို့အတူ ဆရာကြီးဦးဘလွင်ချမှတ်ခဲ့သော မြို့မမိသားစုစိတ်ဓာတ် (MYOMA FAMILY SPIRIT) ကိုလည်း မဖြစ်မနေ ထည့်သွင်းဖော်ပြရမည်သာ ဖြစ်ပါသည်။

လူသည် မိမိကိုယ်ကို မိမိချစ်သည်။ မိမိ မိသားစုကို မိမိချစ်သည်။ မိမိလူမျိုးကို မိမိချစ်သည်။ မိမိနေထိုင်ရာနေရာ၊ ဒေသ၊ နိုင်ငံတို့ချစ်သည်။ မိမိကို စော်ကားလာလျှင် ကာကွယ်ရန် သတ္တိရှိသည်။ မိမိ မိသားစုကို စော်ကားလာလျှင် ကာကွယ်ရန် သတ္တိရှိသည်။ မိမိလူမျိုးကို စော်ကားလာလျှင် ကာကွယ်ရန် သတ္တိရှိသည်။ မိမိနေထိုင်ရာ နေရာ၊ ဒေသ၊ နိုင်ငံကို ကျူးကျော်လာလျှင်လည်း





တွန်းလှန်ရန်သတ္တိရှိကြသည်။ ဤအခြေခံ ခံယူချက်များသည် ရှေးရှေးနှင့် ယခု ကွာခြားမည် မဟုတ်ပါချေ။

လူသည် မိဘမှ မွေးဖွားလာသူဖြစ်သည်။ မိဘ၏ ဆုံးမမှုကို ခံယူကြသည်။ လက်ဦးဆရာသည် မိနှင့်ဖပင်ဖြစ်သည်။ မိသားစုတွင် မိမိအလျင်မွေးဖွားသူ ရှိတတ်သည်။ မိမိနောက်မှ မွေးဖွားလာသူလည်းရှိတတ်သည်။ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ၊ တူ၊ တူမ များဖြစ်သည်။ မိမိအလျင်မွေးဖွားသူများသည် မိမိထက်စော၍ လူ့လောကကြီးအကြောင်း သိကြသည်။ မိမိထက်ကြီးသူများ၏ သွန်သင်မှုကို မိမိကခံရသည်။ မိမိနောက်မှ မွေးဖွားလာသူများသည် လူ့လောကအကြောင်း သိကြသေး၊ မိမိက သွန်သင်ပေးရမည် ဖြစ်သည်။ အဆင့်ဆင့် သွန်သင်မှုကို မြန်မာ့မိသားစုက လက်ခံသည်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို ညှာတာသနားသည့်စိတ်ကို မြန်မာမိသားစုက လက်ခံထားပါသည်။

ဥပမာ ဝန်ကြီးပဒေသရာဇာ၏ လက်သမားနှင့် ထန်းတက်သမား တျာချင်းများသည် ညောင်ရမ်းခေတ် မြန်မာ့မိသားစု၏ ဘဝပုံကို ဖော်ပြလျက်ရှိသည်။ ဆင်းရဲသော်လည်း သားမြေးအစုံ စည်းစည်း နေထိုင်ကြသည်။ မိသားစု လက်ရည်တစ်ပြင်တည်း ရှိကြသည်။ မရှိအတူ ရှိအတူ ညီညီမျှမျှခွဲဝေစားသောက်ကြသည်။ မြန်မာ့မိသားစု စိတ်ဓာတ်ကို ပေါ်လွင်အောင် ဖော်ဆောင်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်ချင်းမတူကြပါ။ မိသားစုတွင် စိတ်ဓာတ်ဖြင့် စိတ်ချင်းတူအောင် ညှိယူကြရသည်။ မိသားစုတွင် တစ်ဦးနှင့်တစ်ဦး ဝါသနာချင်း မတူကြပါ။ စိတ်ဝင်စားမှုချင်း မတူကြပါ။ တစ်ဦး၏ဝါသနာကို တစ်ဦးက ကူညီ ဖြည့်စွက်ပေးရသည်။ တစ်ဦး၏ စိတ်ဝင်စားမှုကို တစ်ဦးက ကူညီပံ့ပိုး ပေးရသည်။

မိသားစုအတွင်း မိသားစု၏ အရေးအရာ ကိစ္စအဝဝ (လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ဘာသာရေး) ကိုဆောင်ရွက်ရင်း မတူညီသော စိတ်ဓာတ်၊ ခံယူချက်များ တူညီလာပါသည်။ တစ်ဦးနှင့် နားလည်ခွင့်လွှတ်မှု၊ သည်းခံမှု၊ အပြန်အလှန်လေးစားမှုရှိရန် အရေးကြီးပါသည်။ ဤသို့ဖြင့် မိသားစုအကျိုးစီးပွားအတွက် အစွမ်းထက်သော၊ ခိုင်မာသော မိသားစု စိတ်ဓာတ်လည်း တည်ဆောက်ပြီး ဖြစ်လာပါတော့သည်။

ခိုင်မာသော မိသားစုစိတ်ဓာတ်ရှိသည့် မိသားစုသည် မိမိမိသားစု၏ အရေးအရာကိစ္စအဝဝကို မိမိတို့ မိသားစုအတွင်း၌သာ လွတ်လပ်စွာ ညှိနှိုင်းတိုင်ပင်၊ ဆုံးဖြတ်ဆောင်ရွက်ကြပါသည်။ မိသားစုနှင့် မသက်ဆိုင်သူများ၏ ချယ်လှယ်လွှမ်းမိုးမှုကို မခံလိုကြပါ။ မိသားစု၏ အချုပ်အခြာအာဏာကို ကာကွယ်ကြပါသည်။

မြန်မာ့ မိသားစုများတွင် မိသားစုစိတ်ဓာတ်၏ အခြေခံသဘောများတူညီကြပါသည်။ ဒေသအလိုက်၊ လူမျိုးအလိုက် အနည်းငယ်စီကွဲပြားမှုများရှိကြပါသည်။ ကွဲလွဲချက်များကို ရပ်ကွက် ကျေးရွာ၊ မြို့နယ်၊ နိုင်ငံအတွင်း နေထိုင်သည့် အခါတွင် တစ်ဦးနှင့် တစ်ဦး ညှိနှိုင်းပေါင်းစပ်ကြရပါသည်။



ဤအခြေခံသဘောကို မြို့မကျောင်းက အမိအရယူနိုင်ခဲ့ပါသည်။ အခြေခံတူညီသော မိသားစုစိတ်ဓာတ်ကို ညှိနှိုင်း၊ ပေါင်းစပ်ပြီး တစ်ခုတည်းသော စွမ်းအင်ရှိသည့်စိတ်ဓာတ်ကို မော်ထုတ်ပေးနိုင်ခဲ့ပါသည်။ ယင်းစိတ်သည် မြို့မမိသားစုစိတ်ဓာတ်၊ တစ်နည်းအားဖြင့် မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် အမျိုးသားစိတ်ဓာတ်ပင်ဖြစ်ပါသည်။

မြို့မမိသားစုစိတ်ဓာတ် မွေးမြူရှင်သန်နိုင်ရေးအတွက် ကျောင်းတွင်းအဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားကြီးများက အဆင့်ဆင့်ကြပ်မတ်၍ လက်တွေ့ကျကျ လေ့ကျင့်ပေးခဲ့ပါသည်

## စာပေသင်ကြားရေး

ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်များ ကိန်းအောင်းနေစေရန်၊ မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ပထဝီဝင် တို့ကိုသာ အလေးပေးသင်ကြားပေးပါသည်။ အစိုးရစာမေးပွဲများကို ဝင်ရောက်ဖြေဆိုစေသော်လည်း စာမေးပွဲအောင်ရေး တစ်ခုတည်းဦးစားမပေးခဲ့ပါ။ နေ့စဉ် စုဝေးပွဲ ကျင်းပပါသည်။ ကျောင်းအုပ်ဆရာကြီးများက နေ့စဉ်ပင် ဩဝါဒပေးခဲ့ပါသည်။ ဩဝါဒခံယူတတ်စေသည့် အလေ့အကျင့်ကောင်းတစ်ခု ဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကျောင်းအိပ်၊ ကျောင်းစား**

တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနိုင်ရေးကို အဓိကထားသည်။ မြို့နယ်ပေါင်းစုံမှ ကျောင်းသူ၊ ကျောင်းသားများကို လက်ခံခဲ့သည်။ အမိမြို့မ၏ ရင်ခွင်တွင်စိတ်အေးချမ်းသာစွာ၊ စိတ်လုံခြုံစွာ ပညာသင်ယူနိုင်ရေးအတွက် ဆရာ၊ ဆရာမများက မိဘသဖွယ်ပြုစု၊ စောင့်ရှောက်ပေးပါသည်။

**သယ်ယူပို့ဆောင်ရေး**

နေ့ကျောင်းသားများ အန္တရာယ်ကင်းစွာ အဆင်ပြေစွာ ကျောင်းတက်ရေးအတွက်ဖြစ်ပါသည်။ ကျောင်းကား အလုံအလောက်ဖြင့် ကုန်ကျစရိတ်သက်သာအောင် မြို့မမော်တော်ယာဉ်ဌာနက စီစဉ်ပေးသည်။

**ကျန်းမာရေး**

မီးဝေး၊ ဖဝေး၊ ကျောင်းအိပ်ကျောင်းစားများနှင့် ဆရာ၊ ကျောင်းသားအားလုံးအတွက်ဖြစ်သည်။ ဆရာဝန်၊ ဆရာမအစုံရှိသည်။ အတွင်းလူနာ၊ အပြင်လူနာကုသနိုင်အောင် သီးခြားအဆောင်ဖြင့် စီစဉ်ထားသည်။ ဆေးပညာအသိပညာပေးသည်။ ကြိုတင်ကာကွယ်မှုပြုသည်။ ဆေးဝါးကုသမှုကိုလည်း ထိထိရောက်ရောက် ကုသပေးသည်။



**သမဝါယမ**

ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားများ သမဝါယမ ပညာကိုလက်တွေ့လေ့ကျင့်နိုင်ရန် ကျောင်းသမဝါယမကို ဖွဲ့စည်းထားသည်။ ကျောင်းဝတ်စုံ၊ စာရေးကိရိယာအားလုံး သမဝါယမမှ ကြိုတင်မှာယူဖြန့်ဖြူးပေးသည်။ ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူရရှိအောင် စီစဉ်ပေးနိုင်သည်။ ကျောင်းသူ၊ ကျောင်းသားများ သမဝါယမစနစ်ကို ယုံကြည်အားကိုးအောင် လက်တွေ့ ကျကျသင်ကြားပေးနိုင်ပါသည်။

**ဘာသာရေး**

ကျောင်းသူ၊ ကျောင်းသားအများစုသည် ဗုဒ္ဓဘာသာများ ဖြစ်ကြသည်။ ဗုဒ္ဓဘာသာသင်ခန်းစာများကို စာသင်ချိန်တွင် ဘာသာ တစ်ရပ်အဖြစ် သင်ကြားသည်။ မင်္ဂလာစာမေးပွဲများကိုလည်း ကျောင်းသူ၊ ကျောင်းသားတိုင်းဖြေဆိုကြရသည်။ နေ့စဉ် ဘုရားရှိခိုး ကြရသည်။ ဘာသာခြားများကို မိမိတို့ဘာသာအလိုက် ကိုးကွယ်ခွင့် ပြုသည်။ ကျောင်းမှာဓမ္မာရုံရှိပါသည်။ ဝါတွင်းတွင် ဥပုသ်နေ့တိုင်း စုပေါင်းသီလ ဆောက်တည်ကြရသည်။ ညစဉ် ဘုရားဝတ်တက်ကြရသည်။ မြို့မဝတ်ရွတ်စဉ် သီးခြားရိုက်နှိပ် ထုတ်ဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ**

မြန်မာ့စာပေ၊ ယဉ်ကျေးမှုအနုပညာရပ်များကို မြတ်နိုးသည့် စိတ်ဓာတ်များ ရှင်သန်စေရန်ဖြစ်သည်။ စာပေအဖွဲ့မှ ဟောပြောပွဲများ စကားရည်လုပွဲများ၊ နံရံကပ်စာစောင်များကို လစဉ်ဆောင်ရွက် ပေးသည်။ တစ်နှစ်တစ်ကြိမ် မြို့မ မဂ္ဂဇင်းကို ထုတ်ဝေခဲ့ပါသည်။

မြန်မာ့ဂီတကို ပတ္တလား၊ စောင်းတို့ဖြင့် အခြေခံကစ၍ သင်ကြားပေးသည်။ မြန်မာ့အကကိုလည်း ကဗျာလွတ်မှစ၍ လေ့ကျင့်ပေးပါသည်။ ကျောင်းကပွဲများကို နှစ်စဉ်စီစဉ်ပေးခဲ့ပါသည်။ မြန်မာ့ပန်းချီပညာကို အချိန်ပြည့်ပန်းချီဆရာဖြင့် လေ့ကျင့်ပေး ပါသည်။ ကျောင်းတွင်း ပန်းချီပြပွဲများကိုပင် အခါအားလျော်စွာ ခင်းကျင်းပြသနိုင်ခဲ့ပါသည်။

**အားကစား**

ကျောင်းသား၊ ကျောင်းသူများအား ကာယ၊ ဉာဏဘက်စုံ ဖွံ့ဖြိုးစေရန်ရည်ရွယ်သည်။ အားကစားစိတ်ဓာတ် ပြည့်ဝစေရန် ဖြစ်သည်။ ကာယပညာကို အရည်အချင်းပြည့် ဆရာ၊ ဆရာမများဖြင့် စာတွေ့လက်တွေ့သင်ကြားပေးသည်။ အလေးမ၊ ဘောလုံး၊ ကြက်တောင်၊ လက်ဝှေ့၊ ကျွမ်းဘားစသည့် သီးခြားအဖွဲ့များဖွဲ့၍ ဝါသနာအလျောက် လေ့ကျင့်နိုင်ရန် စီစဉ်ပေးသည်။ ကျောင်း ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို နှစ်စဉ်စနစ်တကျ ကျင်းပ ပေးသည်။ မောင်မယ်ရွေးပွဲများအထိ ပါဝင်ပါသည်။



**မြို့မရဲခေါင်တပ်ဖွဲ့**

နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များတွင် လိုအပ်ပါက တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်သည်။ စစ်မှုထမ်းကောင်း ဖြစ်ရန်အတွက် အခြေခံလိုအပ်ချက်ကို လေ့ကျင့်ပေးခဲ့သည်။

**ကင်းထောက်အဖွဲ့များ**

ကြည်း၊ ရေ၊ လေ ကင်းထောက်အဖွဲ့များကိုလည်း စနစ်တကျ စည်းကမ်းရှိရှိ လေ့ကျင့်ပေးခဲ့သည်။

မြို့မ မိသားစုစိတ်ဓာတ်သည် ကျောင်းမှထွက်၍ ရပ်ထဲ ရွာထဲရောက်သည့်အခါတွင် မိမိ မိသားစုကိုချစ်သည့်စိတ်၊ မိမိရပ်ရွာ သူသားများကို ချစ်သည့်စိတ်၊ မိမိလူမျိုးကို ချစ်သည့်စိတ်၊ တိုင်းရင်းသား လူမျိုးများကို ချစ်သည့်စိတ်၊ မိမိအိမ်ကိုချစ်သည့်စိတ်၊ မိမိရပ်ရွာကို ချစ်သည့်စိတ်၊ မိမိနိုင်ငံကို ချစ်သည့်စိတ်များအဖြစ် ကျယ်ပြန့် သွားပါသည်။ မိမိ မိသားစု ဥမကွဲသိုက်မပျက်၊ စည်းစည်းလုံးလုံး ပူးပေါင်းနေလိုသည့်စိတ်ဓာတ်၊ တိုင်းရင်းသားလူမျိုးအားလုံး ဥမကွဲသိုက်မပျက်၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှစည်းစည်း လုံးလုံးနေလိုသည့် စိတ်အထိ ကျယ်ပြန့်သွားပါသည်။ ယင်းသည်ပင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်ဖြစ်ပါသည်။ ဤစိတ်ဓာတ် ကြောင့်ပင် မိမိယဉ်ကျေးမှုကို ထိန်းသိမ်းလိုစိတ်၊ တိုင်းတစ်ပါးကို အထင်မကြီး၊ မိမိအပေါ် ဗိုလ်ကျစိုးမိုးခြင်းကို မခံလိုသည့် စိတ်ဓာတ်အဖြစ် အစဉ်ရှင်သန်ကြီးထွားသွားပါသည်။ ယင်း စိတ်ဓာတ်သည်ပင်လျှင် နယ်ချဲ့ကိုတော်လှန်ရသည့်စိတ်ဓာတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆစ်ကိုတော်လှန်ရဲသည့် စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲမည့်ပြည်တွင်းပြည်ပ အန္တရာယ်ရန်စွယ်အပေါင်းကို အသက်စွန့်တွန်းလှန်ရဲသည့် စိတ်ဓာတ်ပိုင်ရှင် မြန်မာ့သူရဲကောင်းများကို မွေးထုတ်ပေးခဲ့ပေသည်။

မြို့မ မိသားစုစိတ်ဓာတ်ဟူသော စကားကို မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သမာဓိမြို့ဝန် ပန်းကန်စက်ဦးသော်နှင့် မြို့မကျောင်းအုပ်ဆရာကြီး ဦးဘလွင်တို့က စတင်သုံးစွဲကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

မြန်မာ့စိတ်ဓာတ်နှင့်ပတ်သက်၍ ဆိုရသော် – လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် မြန်မာလူမျိုးတို့သည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော လူမျိုးများဖြစ်ကြပါသည်။ မြို့မကျောင်းကြီးသည်လည်း မြို့မမိသားစုစိတ်ဓာတ် ဟူ၍ သီးခြားပြဋ္ဌာန်းကာမျိုးချစ်စိတ်ဓာတ်ကို ပိုမိုတွန်းအားပေးနိုင်ခဲ့ပါသည်။ မြန်မာတို့သည်မိမိနိုင်ငံတော်၊ လူမျိုး၊ စာပေနှင့် သာသနာတို့ကို အသက်တမျှချစ်မြတ်နိုးကြသည်။ တစ်မျိုးသားလုံး၏ရန်သူကို တစ်မျိုးသားလုံးကစည်းလုံးညီညွတ်စွာ ပေါင်းစည်းကြပြီး အတူတကွတိုက်ပွဲဝင်တတ်ကြသည်။ ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူ၊ ယောကျ်ားမိန်းမ၊ အလုပ်သမား၊ လယ်သမားမကျန် တစ်မျိုးသားလုံး အုံကြပြီးမိမိတို့နှင့်ထိုက်ရာ တန်ရာ တာဝန်ဝတ္တရားများကို မမှိတ်မသုန်ကိုယ်စီထမ်းဆောင်ကြကုန်သည်။ အသက်၊ သွေးချွေးတို့နှင့်လဲလှယ်ကာ မြန်မာ့လွတ်လပ်ရေးကို ရရှိအောင်ကြိုးပမ်းကြကုန်သည်။ မြို့မမိသားစုစိတ်ဓာတ် (ဝါ) ပြည်ထောင်စုစိတ်ဓာတ်



ဝံသာနုရက္ခိတ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့သည် မြို့မကျောင်းကြီးအပါအဝင် မြန်မာနိုင်ငံ ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံး၏ အသည်းနှလုံးအတွင်းထိ စိမ့်ဝင်ပျံ့နှံ့သွားခဲ့ကြလေသည်။

မြို့မ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် တို့သည် အမည်နာမအားဖြင့် ကွဲပြားကြသော်လည်း ဆိုလိုရင်းအဓိပ္ပာယ်မှာ အတူတူပင်ဖြစ်ကြလေသည်။ ဤမွန်မြတ်သော မြန်မာ့စိတ်ဓာတ်များကြောင့်လည်း နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၊ မြန်မာ့လွတ်လပ်ရေး ကာကွယ်စောင့်ရှောက်မှု ကဏ္ဍများတွင် မြန်မာတို့ အောင်ပွဲခံနိုင်ခြင်းဖြစ်သည်ဟု သမိုင်းမှတ်တမ်းများအရ သိရှိခဲ့ရသည်။

လူမျိုးတစ်မျိုး၏ အမွန်မြတ်ဆုံး၊ တန်ဖိုးအထားဆုံးသော အရာမှာ ထိုလူမျိုးတစ်မျိုးလုံး၏ လွတ်လပ်ရေးပင်ဖြစ်ပေသည်။ ထိုလွတ်လပ်ရေးကို တစ်ပါးသောလူမျိုးတစ်မျိုးက အနိုင်ကျင့်သိမ်းပိုက်ချေဖျက်လိုက်သဖြင့် တစ်ပါးသောလူမျိုး၏ လက်အောက်သို့ ကျွန်သပေါက်အဖြစ် ကျရောက်ကြသောအခါတွင် စိတ်ဓာတ်အားဖြင့် လွန်စွာထိခိုက်ကျဆင်းမည်၊ လွန်စွာဆင်းရဲမည်ဆိုသည်ကို လွတ်လပ်ရေးဆုံးရှုံးခဲ့ရဖူးသည့် နိုင်ငံသားများကပို၍ သိနားလည်ကြပေသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့မျိုးချစ်သူရဲကောင်းများ၊ မြို့မမျိုးချစ်သူရဲကောင်းများသည် ဆုံးရှုံးခဲ့သော မြန်မာ့အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အသက်၊ စည်းစိမ်များစွန့်လွှတ်ကာ အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ကြရခြင်းဖြစ်ပေသည်။

ထို့ကြောင့် မြန်မာတို့အတွက် လွန်စွာအရေးပါအရာရောက်သော မြို့မ မိသားစုစိတ်ဓာတ် (ပြည်ထောင်စုစိတ်ဓာတ်) သည် မြို့မကျောင်းသားလူငယ်များအတွက်သာမက မြန်မာတစ်မျိုးသားလုံးအတွက်ပါ ယနေ့တိုင် လွန်စွာအရေးပါခြင်းပင် ဖြစ်ပါတော့သည်။

အခန်း (၆)

## အမျိုးသားကျောင်းအစ၊ မြို့မက

ကိုယ့်ထီးကိုယ့်နန်းဖြင့် ခံ့ခံ့ညားညား လွတ်လပ်စွာနေလာခဲ့သော မြန်မာတို့အားနယ်ချဲ့ဗြိတိသျှတို့က ၁၈၂၄ - ၂၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ - ၅၄ ခုနှစ်တွင် တစ်ကြိမ်၊ အကြောင်းအမျိုးမျိုးရှာ စစ်မက်ပြုခဲ့ကြ၏။ ယင်းစစ်ပွဲ နှစ်ကြိမ်တိုက်ခဲ့ပြီးနောက် နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာ့နယ်မြေများဖြစ်သော အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီနှင့် မြန်မာပြည်အောက်ပိုင်းတို့ကို ဖွတ်အတင်းနယ်ချဲ့ သိမ်းယူခဲ့လေသည်။ နောက်ဆုံးအကြိမ်ဖြစ်သော တတိယစစ်ပွဲ၌မူကား ဘုံဘေဘားမားသစ်မှုကို အကြောင်းပြုလျက် ဗြိတိသျှတို့က မြန်မာပြည်ကိုတိုက်ခိုက်သိမ်းယူရန် စီစဉ်လေ၏။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မန္တလေးသို့ ဗြိတိသျှ တပ်ပေါင်းစုရောက်ရှိပြီး သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးလိုက်လေသည်။ ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာပြည်ကို သိမ်းယူလိုက်ကြောင်း ဗြိတိသျှတို့က ကြေညာသည်။ ထိုအချိန်မှစ၍ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးသွားသော အခါ အစ ပထမ၌ မြန်မာတို့သည် ညောင်ရမ်းမင်းသားကို နန်းတင်၍ ဗြိတိသျှတို့ဆုတ်ခွာသွားလိမ့်မည်ဟု ထင်ထားကြ၏။ ကာနယ်စလေဒင်နှင့် ကင်းဝန်မင်းကြီးတို့ ကြီးမှူးသော ယာယီ လွှတ်တော်မှ ထုတ်ပြန်သည့်အမိန့်များကို နားထောင်ခဲ့ကြ၏။ သို့သော်နောက်ပိုင်းတွင် အခွန်ကောက်ခံခြင်း၊ အုပ်ချုပ်ရေးကိစ္စများ တွင် ဗြိတိသျှတို့ အလိုကျလုပ်လာခြင်းတို့ကြောင့် မြန်မာ့ထီးနန်းကို ဗြိတိသျှတို့သိမ်းယူကြောင်း၊ မောင်းနှင်မထုတ်ဘဲနှင့် ဗြိတိသျှတပ် များ မြန်မာ့နယ်မြေမှ ထွက်ခွာသွားကြမည်မဟုတ်ကြောင်း အဖြစ်မှန်ကို သိရှိလာကြလေ၏။

မင်းပြောင်း မင်းလွဲလွန်စွာမြန်ခြင်းကြောင့် မြန်မာတို့သည် အခိုက်အတန့် ဘာမျှမကြံစည်တတ်ဘဲ တွေဝေနေ၏။ မြန်မာလူမျိုး တို့သည် မည်သည့်ချုပ်ချယ်မှုကိုမျှလည်း အလိုရှိသော လူမျိုး မဟုတ်၊ နိုင်ငံခြားသားများ၏ အုပ်ချုပ်ခြင်းကို နည်းနည်းမျှ လိုလား ကြသူများမဟုတ်ကြ၊ အမျိုးကိုထိလျှင် မခံအောင် နာတတ်သည်။ ထို့ကြောင့် မြန်မာတို့သည် မြန်မာနိုင်ငံအထက်ပိုင်း ဗန်းမော်မှ အလယ်ပိုင်း မင်းလှမြို့အထိ၊ ရှမ်းပြည်မှသည် ချင်းတောင်တန်းများ အထိ တစ်နိုင်ငံလုံး အုံးအုံးကျွက်ကျွက် ဆူပွက်ပုန်ကန် တိုက်ခိုက် ကြပါတော့သည်။

"သူ့ကျွန်ဖြစ်နေရခြင်းထက် တိုက်ခိုက်ရင်း သေရသည်က မြတ်သေးသည်" ဟုကြိမ်းဝါး၍ ဗြိတိသျှတို့ကို ခုခံတိုက်ခိုက် နေကြသော မြန်မာမျိုးချစ်ပုဂ္ဂိုလ်တို့၏ လွတ်လပ်ရေး မြတ်နိုးစိတ် ကား အံ့ချီးဖွယ်ပင်ဖြစ်၏။



ဗြိတိသျှတို့က မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ် လာခဲ့ပြီးနောက် ၁၈၉၅ - ၁၈၉၇ ခုနှစ်တွင် (ဆာဖရက်ဒရစ် ဖရိုင်ယာ) ကို ဘုရင်ခံချုပ်ခန့်ထားပြီး၊ မြို့ပြအုပ်ချုပ်ရေးအသွင် သဏ္ဌာန်ဖြင့် အုပ်ချုပ်လာပြန်သည်။

ဗြိတိသျှလက်အောက် ရောက်ရှိနေသော မြန်မာတို့သည် တိုင်းခြားကျွန်ဘဝအဖြစ်နေရခြင်းကို မည်သည့်အခါကမျှ ကျေနပ် ကြသည်မဟုတ်။ ၁၉၀၆ ခုနှစ်တွင် (ဝိုင်အမ်ဘီအေ) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (The Young Men's Buddhist Association) ကို စတင်တည်ထောင်ပြီး အမျိုး၊ ဘာသာ၊ သာသနာ အတွက် ဆောင်ရွက်ကြ၏။ YMBA အသင်းကြီးကိုလည်း ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်၊ မန်းကန်စက်ဦးသော် စသောပုဂ္ဂိုလ်များက ဦးဆောင်ခဲ့ကြပါသည်။

"နိုင်ငံလုံးဆိုင်ရာ ဝိုင်အမ်ဘီအေနှင့် အလားတူအသင်း များ၏ အသင်းချုပ်ကြီး" ဟုခေါ်တွင်နေခဲ့ရာမှ "မြန်မာအမျိုးသား အသင်းအဖွဲ့များ၏ အသင်းချုပ်ကြီး" (General Council of Burmese Associations) ဟုပြောင်းလဲ၍ လက်တွေ့ခေါ်ဝေါ် ဆောင်ရွက်လာသည်မှာ ၁၉၂၀ ပြည့် အောက်တိုဘာလ ၂၉ ရက်မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့သည့် ပြည်မြို့အစည်းအဝေးကြီးမှ စတင်ခဲ့၏။

ထိုဂျီစီဘီအေ ဝံသာနုများခေတ်တွင် အမျိုးသားစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်များ အလွန်ပွားများတိုးတက်၍လာသည်။ မြန်မာအမျိုးသားတို့၏ ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်ရေး အထိမ်း

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ဖြစ်သော ခေါင်းတံဆိပ်ကို ပဝါများ၊ လုံချည်များ အလံများ
တွင် သုံးဆွဲလာကြသဖြင့် ခေါင်းပဝါ၊ ခေါင်းလုံချည်၊ ခေါင်းအလံများ
နှင့် တိုင်းရင်းဖြစ် ပင်နီများအတော်ပင် ခေတ်စားလာခဲ့သည်။

ဝိုင်အမ်ဘီအေ အသင်းချုပ်ကြီးမှ ဂျီစီဘီအေ အသင်းချုပ်
ကြီးအဖြစ်သို့ တိုးတက်ကူးပြောင်းလာသော မြန်မာနိုင်ငံရေးသည်
အမျိုး၊ ဘာသာ၊ သာသနာဟူသော ကြွေးကြော်သံများ အရှိန်
ပြင်းစွာဖြင့် ထတောက်တော့မည့် မီးခဲကဲ့သို့ ရဲရဲညီး၍နေလေ၏။
ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်ကား ဤမျှသာ ထူးခြားပြောင်းလဲခဲ့သည်
မဟုတ်သေး။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်နေ့၊ တနင်္ဂနွေနေ့
တွင် ဗဟန်း ဦးအရိယကျောင်းတိုက်သို့သွားပြီး စည်းဝေးဆွေးနွေး
ကာ ဗြိတိသျှအစိုးရ၏ ပညာရေးအက်ဥပဒေကို သပိတ်မှောက်ရန်
ဆုံးဖြတ်လိုက်ကြသည်။ ၁၉၂၀ ကျောင်းသားသပိတ်ကြီးကို ဦးဘဦး
ဥက္ကဋ္ဌအဖြစ်ပါဝင်သော တက္ကသိုလ်ကျောင်းသားခေါင်းဆောင်
များက ဦးဆောင်ခဲ့ပါသည်။ ရန်ကုန်မြို့ အမျိုးသားကျောင်းကြီးသည်
၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက် သောကြာနေ့တွင် ပထမ
ဦးဆုံးတည်ထောင်ခဲ့သော အမျိုးသားကျောင်းကြီးဖြစ်ပါသည်။
အမျိုးသားပညာရေး လှုပ်ရှားမှုကြီးတွင် မြို့မကျောင်းကြီးသည်
အထင်ရှားဆုံး၊ အကျော်ကြားဆုံးဖြစ်ခဲ့၏။ မျိုးချစ်စိတ်သွင်းပေးရာ
ဌာနကြီးဖြစ်ခဲ့ပါ၏။ မြို့မကျောင်းအုပ်ဆရာကြီး ဦးဘလွင်၏ မြို့မ
မိသားစုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့သည် မြန်မာ့သမိုင်းတွင်
ထင်ရှားလှပေ၏။

ယင်းသို့ ဗြိတိသျှတို့၏ ဖိနှိပ်မှုကို စတင်တွန်းလှန်၍
ကျွန်ပညာကို ရဲဝံ့စွာ သပိတ်မှောက်ခြင်းမှာ ထိုခေတ်ထိုအခါက



အခြေအနေဖြင့်ဆိုလျှင် မြန်မာတစ်မျိုးသားလုံး၏ ဇာတိမာန်စိတ်၊
အမျိုးသားစိတ်ဓာတ်များ တက်ကြွလာစေ၏။ အနိုင်မခံ၊ အရှုံးမပေး
ဆိုသည့် ရဲရဲတောက် ဇွဲသတ္တိများဖြင့် မြန်မာတို့၏ အမျိုးသားရေး
ဇာတိမာန်ကို ချိုးနှိမ်ကျွန်ဇာတ်သွင်းနေသော နယ်ချဲ့ဗြိတိသျှ အစိုးရ
ကို တိုက်ပွဲဆင်နွှဲခဲ့ခြင်း ဖြစ်သည်။

ယူနီဗာစီတီ ကောလိပ်ကို သပိတ်မှောက်ပြီး အမျိုးသား
ကောလိပ်တည်ထောင်ကြသည်။ အမျိုးသားကျောင်းများ
တည်ထောင်ပြီး မျိုးချစ်စိတ်၊ တိုင်းချစ်စိတ်ဓာတ်များ ဝင်စားလာ
ကြစေရန် ပုံသွန်းလောင်းကြသည်။ ယင်းအမျိုးသား ကောလိပ်နှင့်
အမျိုးသားကျောင်းများကပင်လျှင် မြန်မာ့လွတ်လပ်ရေး
ခေါင်းဆောင်ကောင်း သားကောင်းရတနာများကို မွေးထုတ်ပေးခဲ့
သေသည်။

ထိုစဉ်က ပါဝင်ခဲ့သော ကျောင်းသားများသည် ဗြိတိသျှ
အုပ်ချုပ်ရေးတွင် ရာထူးကြီးများ ရနိုင်ပါလျက် မိမိ၏ကိုယ်ကျိုး
စီးပွားကို စွန့်လွှတ်ကာ အမျိုးသားရေး အကျိုးအတွက် ရဲရဲတောက်
တိုက်ပွဲဝင်ရဲသည့် သတ္တိမှာ မော်ကွန်းတင်လောက်ပေ၏။

မြန်မာတို့၏ မီးခဲပြာဖုံးနေသော မျိုးချစ်စိတ်ဓာတ်သည်
တောက်မီးပမာ ပျံ့နှံ့လာပြီး၊ အမျိုးသားရေး နိုင်ငံရေး နိုးကြားမှုသည်
လည်း မြင့်မားတိုးတက်လာခဲ့၏။ ထိုသို့ နိုးကြားမှုကား သီပေါမင်း
ပါတော်မူသည့်နေ့မှစ၍ ရေတွက်သော် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်း
လပြည့်ကျော် ၈ ရက်နေ့မှ ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်း
လပြည့်ကျော် ၁၀ ရက်နေ့အထိ နှစ်ပေါင်း ၃၅ နှစ် နှင့် ၂ ရက်ကြာ
သည်အထိ အချိန်ယူရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့လက်အောက်မှ ကျွန်ပညာရေးစနစ်အား ဆန့်ကျင်သပိတ်မှောက်ခဲ့ပြီးချိန် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်သောကြာနေ့တွင် ဗဟန်း၌ မြို့မအမျိုးသားကျောင်းကြီးကိုစတင်တည်ထောင်နိုင်ခဲ့ပါ၏။ အဆိုပါ ဗဟန်းအောင်မြေ၌ မြို့မအမျိုးသားကျောင်း စတင်ခဲ့ပြီး မကြာမီတွင် ဗဟန်းမှလမ်းမတော်သရက်တောကျောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့ရသည်။

၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ရွှေတိဂုံစေတီတော်ခြေရင်းရှိ စတုဒိသာဇရပ်ကြီး၌ အမျိုးသားပညာရေးရန်ပုံငွေအတွက် ထိရောက်စွာ အလှူငွေကောက်ခံရန် ပြည်သူလူထုအစည်းအဝေးတစ်ရပ် ကျင်းပလေသည်။ ရန်ပုံငွေတွင် ယေဘုယျအားဖြင့် (၁) သပိတ်မှောက် ကျောင်းသားများအတွက် ရန်ပုံငွေ၊ (၂) အမျိုးသားပညာရေးအတွက် ရန်ပုံငွေနှင့် (၃) မြို့မပိုင်အမျိုးသားကျောင်းအတွက် သီးသန့်ရန်ပုံငွေဟူ၍ သုံးမျိုးရှိသည်။

၎င်းနောက် အင်္ဂလိပ်စစ်တန်းလျားသို့ ပြောင်းရွှေ့ပြန်သည်။ ၁၉၂၃ ခုနှစ်တွင် ပွဲစားကြီး ဦးဘိုမြ၊ ဦးဘိုးထက်တို့က ဦးဆောင်၍ ဘိုင်လမ်းနှင့် ဆင်မဆင်လမ်းထောင့်ရှိ အဆောက်အဦတို ငှားရမ်းပြီး တည်ထောင်ခဲ့ပြန်သည်။ မြို့မကျောင်း၏ ပထမဆုံးကျောင်းဆရာကြီးမှာ ဦးငွေဇင် ဖြစ်သည်။ ဦးငွေဇင် နုတ်ထွက်သွားသောအခါ ဦးဘလွင်က ၎င်း၏နေရာတွင် ဝင်ရောက်ဆောင်ရွက်သည်။ ဦးဘလွင် B.A., FRGS သည် မြို့မကျောင်းတွင်ကျောင်းအုပ်ဆရာကြီးအဖြစ် ရာသက်ပန်ဆောင်ရွက်သွားသည်။



၁၉၂၃ ခုနှစ်၌ မြို့မဝံသာယုဝမဂ္ဂဇင်း အတွဲ (၁)၊ အမှတ် (၁)ကို စတင်ထုတ်ဝေခဲ့၏။ "မြို့မ" သည် မြို့မအမျိုးသားအထက်တန်းကျောင်း (ထိုစဉ်အခေါ်မှာ မြို့မတိုင်းရင်းသား အထက်တန်းကျောင်း) ကို ရည်ညွှန်းခြင်းဖြစ်၏။ "ဝံသ" သည် ဝံသာနု၊ ဝံသာနုရက္ခိတအမျိုးကို ချစ်၍ အမျိုးကိုစောင့်ထိန်းခြင်းသဘောကိုလည်းရည်ညွှန်း၏။ "ယုဝ" သည် ကျောင်းသားလူငယ်များဟု ရည်ညွှန်း၏။ ထို့ကြောင့် မြို့မဝံသယုဝဟူသည် "မြို့မမျိုးချစ်ကျောင်းသားလူငယ်" ဟု အဓိပ္ပာယ်ရ၏။ ထိုအချိန်က ဆရာကြီးဦးဘလွင်သည်မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လွန်စွာ အမည်ထင်ရှားကျော်စောသည်။ ပညာအုပ်အဖြစ်ဖြင့်လည်းကောင်း၊ သူရိယမဂ္ဂဇင်းအယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အမျိုးသားပညာရေးခေါင်းဆောင်ကြီး တစ်ဦးအဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည်။ လက်ထောက်ကျောင်းဆရာကြီးမှာ ဦးဒွေယ်ဖြစ်သည်။ လက်ထောက်ဆရာပေါင်း ၁၇ ယောက်ရှိ၏။ ထိုနှစ်များအတွင်း၌ပင် ကျောင်းသားဦးရေမှာ ၃၈၀ မှ ၈၂၀ အထိ တိုးတက်လာ၏။ ၁၉၂၅ ခုနှစ်တွင် ကျောင်းသားဦးရေ ၁၀၀၀ ခန့်ရှိသည်။

၁၉၂၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် မြို့မကျောင်းသားကျောင်းသားဟောင်းများအသင်း စတင်တည်ထောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

## မြို့မကျောင်းအဆောက်အအုံအသစ် အုတ်မြစ်ချခြင်း၊ ဖွင့်လှစ်ခြင်း

မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်
ကျော် ၁၀ ရက် ခရစ်နှစ် ၁၉၂၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်
တနင်္လာနေ့ အမျိုးသားအောင်ပွဲနေ့တွင် မြို့မကျောင်းသစ်ကြီးကို
အလယ်တောရဆရာတော်နှင့် အမျိုးသားပညာရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ
ဝတ်လုံတော်ရ ဦးမောင်ကြီး (ဆာမောင်ကြီး) တို့က အုတ်မြစ်ချ
ပေးသည်။ အုတ်မြစ်မချမီ သံဃာတော်တို့က ပရိတ်များရွတ်ဖတ်
ကြ၏။ အုတ်မြစ်ချပြီးနောက် ဝတ်လုံတော်ရ MA ဦးမောင်ကြီး၊
ဝတ်လုံတော်ရ ဦးပေါ်ထွန်း၊ ဝတ်လုံတော်ရ ဦးကွန်းနှင့် ဆရာကြီး
ဦးဘလွင်တို့က အုတ်မြစ်ချပွဲအကြောင်းနှင့် အမျိုးသား ပညာရေး
အကြောင်းကို အကျယ်တဝင့် ဟောပြောကြသည်။ ၎င်းနောက်
အဖျော်ယမကာတို့ဖြင့် ဧည့်ခံပြီး ဆက်လက်၍ အငြိမ့်ပွဲဖြင့်
ဧည့်ခံသည်။ မြို့မကျောင်းကို တာဝန်ယူဆောက်လုပ်သူမှာ
လမ်းအရှေ့ပိုင်ဦးဘိုးသောင် ဘီစီအီး (အငြိမ်းစားသံအမတ်ကြီး





သက်ထွန်း၏ ဖခင်) ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်၊
တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် ခရစ်နှစ် ၁၉၃၁ ခုနှစ်၊
နိုဝင်ဘာလ ၄ ရက်နေ့ အမျိုးသားအောင်ပွဲနေ့တွင် မြို့မကျောင်း
သစ်ကြီးကို ဖွင့်လှစ်၏။ ယခု အ. ထ. က (၂) ဒဂုံဖြစ်ပါ၏။
အဆောက်အအုံဖွင့်ပွဲကို ညနေ ၄ နာရီမှ ၇ နာရီအထိ ကျင်းပရာ
ကျောင်းဖွင့်ပွဲသို့ အလယ်တောရဆရာတော်နှင့် အခြားဆရာတော်
များ ကြွရောက်ချီးမြှင့်ကြသည်။ ကျောင်းဖွင့်ပွဲအခမ်းအနားတွင်
ဦးသာတ ဩဘာစာကိုဖတ်၍ ဦးညွန့်က ရတုကို ရွတ်ဆို၏။
ထို့နောက် အလယ်တောရဆရာတော်က ဟောပြောဆုံးမပြီး
ဆရာတော်က ကျောင်းဆင်ဝင်၏ အောက်တွင် တန်းထားသော
ကြိုးကိုဖြတ်၍ ကျောင်းသစ်ကို ဖွင့်ပေးလိုက်၏။

ထိုခေတ်က ဗြိတိသျှအိမ်ရှေ့မင်းသား၊ ဝေလမင်းသား၊
ဆာလိပ် ဘုရင်ခံချုပ်၊ ဝန်ရှင်တော်မင်းကြီး စသူတို့အား ရှေ့တန်း
တင်နေ၍ အဆောက်အအုံသစ်များကို အုတ်မြစ်ချသည့် အလေ့
အထ ရေပန်းစားနေချိန်တွင် မြို့မအမျိုးသားကျောင်းကြီးအား
အလယ်တောရ ဆရာတော်ဦးကောသလ္လ၊ ဗုဒ္ဓဘာသာ၊ သံဃာ
တော်မြတ်က အုတ်မြစ်ချပေးခြင်းသည် ဗုဒ္ဓဘာသာကို မြို့မ
အမျိုးသားကျောင်းက မည်မျှကိုင်းရှိုင်း ဦးထိပ်ထားကြောင်း သိသာ
ထင်ရှားလှပါ၏။

မြို့မကျောင်းသစ် ဖွင့်လှစ်ပွဲသို့ ဂုဏ်သရေရှိ လူကြီးများ
နှင့် အမျိုးသမီးများ ကြွရောက်အားပေးကြသည်။ ဖွင့်လှစ်ပွဲသို့
ဥပဒေပြုအဖွဲ့ဥက္ကဋ္ဌ ဝတ်လုံတော်ရ ဦးပု၊ ဥပဒေပြုကောင်စီဝင်

www.burmeseclassic.com

www.burmeseclassic.com



သမာဓိမြို့ဝန် ပန်းကန်စက် ဦးသော်၊ ဆာဘိုးသာနှင့်ဇနီး၊ ဟံသာဝ
အရေးပိုင် ဦးဘခင်၊ ပညာရေးအမတ် ဦးဘတင်၊ ကာနယ်ဘခ
ဦးပေါ်ထွန်းနှင့်ဇနီး၊ ရွှေတိဂုံဘဏ္ဍာတော်ထိန်း လူကြီးဦးဘိုးဖြေ
ဝတ်လုံ ဦးဘဒွန်း၊ ဦးဘိုးမြ၊ မြန်မာ့အလင်းသတင်းစာ အယ်ဒီတ
ဦးစိန်၊ ဦးချစ်လှ၊ ဦးဆက်၊ မစ္စတာဘရောက်တင်၊ စတုဓမ္မရာဘ
ရာဇဝတ်တရားသူကြီး ဦးဘသော်နှင့်ဇနီး၊ ဆရာမွှား၊ တရားဝန်ကြ
ဆာဘင်ဂျင်မင်ဟီးနှင့် လေဒီဟီး၊ မစ္စတာ ဟစ်တလန်၊ ဦးထွန်းညိ
နှင့်ဇနီး၊ ဦးထောင်ပိုနှင့် အခြားဂုဏ်သရေရှိ လူကြီးများ၊ အမျိုးသမီ
များ ကြွရောက်ကြသည်။ အလယ်တောရ ဆရာတော်က
ကျောင်းသစ်ကိုဖွင့်ပေးလိုက်ပြီးနောက် ကြွရောက်လာသော ပုဂ္ဂိုလ
များနှင့် အမျိုးသမီးများသည် ကျောင်းကြီးကို လှည့်လည်ကြည့်ရ
ကြ၏။ ကြွရောက်လာသူတို့အား လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။
ထို့နောက် ဆာအိုးသာက ဦးစီးနာယကပြုလုပ်၍ မြို့မကျောင်း
ဆုပေးပွဲကို ဆက်လက်ကျင်းပသည်။

မြို့မကျောင်းသည် တစ်နေ့တခြားတိုးတက်လာသည်။
၁၉၃၁ ခုနှစ်တွင် မြို့မကျောင်း၌ ကျောင်းသားဦးရေ ၁၀၃၀ ရှိပြီ
ကျောင်းအိပ်ကျောင်းစား ကျောင်းသားဦးရေ ၁၄၀ ရှိသည်။
နေရာမဆန့်၍ ကျောင်းသားသစ် ၅၀၀ ခန့်ကို လက်မခံနိုင်ခဲ့ချေ။
ကျောင်းအိပ်ကျောင်းစား ကျောင်းသားများကို လက်ထောက်
ကျောင်းဆရာကြီး ဦးသွေယ်၊ ဦးကြူလွင်၊ ဦးဟိန်၊ ဦးအုန်းမောင်
တို့က အထူးကြပ်မတ်စောင့်ရှောက်ကြ၏။ ကျောင်း၌ ဆရာပေါင်း
၄၀ ရှိသည့်အနက် ၂၀ မှာ ဝိဇ္ဇာဘွဲ့ရလူငယ်ဆရာများ ဖြစ်ကြသည်။



ထို့ပြင် ကျောင်း၌ဆရာများအသင်း၊ သမဝါယမငွေစုငွေချေး အသင်း၊ ဆရာများ အိုနာစာ ရန်ပုံငွေ အဖွဲ့တို့ရှိ၏။ ကျောင်းသားများ၏ကျန်းမာရေးကို ဆရာဝန်ဦးမောင်မောင်ကလေးနှင့် ဆရာဝန် ဦးကျော်ငြိမ်းက ကြပ်မတ်ကြည့်ရှုပေးသည်။

ဤသို့ မြို့မကျောင်းထူးခြားစွာ တိုးတက်လာရသည်မှာ အမျိုးသားပညာရေးခေါင်းဆောင် မြို့မကျောင်းအုပ်ဆရာကြီး ဦးဘလွင်၊ ဦးသွေယ်တို့ကျေးဇူးကြောင့်ပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ပေါ်ထွက်လာခြင်း

မြို့မကျောင်း ဆရာငယ်ကလေးတို့သည် တပည့်များကို စာကောင်းကောင်း သင်ကြားပို့ချနိုင်ရန် ကြိုးစားရ၏။ မိမိအိတ်ထဲရှိသမျှ ငွေကလေးကို စိုက်ထုတ်၍ အကိုးအကား စာအုပ်ကလေးများကို ဝယ်ယူမှီငြမ်းပြုပြီး စာပို့ချရပြန်သည်။ ဆင်းရဲဒုက္ခအမျိုးမျိုး ခံနိုင်ရည်ရှိလှသော အမျိုးသားကျောင်းဆရာတို့၏ စိတ်ဓာတ်အားမာန် ဗွဲတို့ကား အံ့ဩကုန်နိုင်ဖွယ် သံမဏိ စိတ်ဓာတ်ပါတကား။ ထိုစဉ်က အမျိုးသားကျောင်းဆရာ၊ ဆရာမများသည် အငတ်ခံ၊ အဆင်းရဲခံ၊ အကဲ့ရဲ့ အလှောင် အပြောင် အသရော်ခံပြီး အမျိုးချစ်ရေး၊ ဗီဇမျိုးစေ့များကို ချပေးခဲ့သူ ကျေးဇူးရှင်ကြီးများဖြစ်ကြ၏။

ဆရာကြီး ဦးဘလွင်အပါအဝင် မြို့မကျောင်းဆရာတို့သည် ပင်နီချော ရှပ်အင်္ကျီ၊ ပင်နီကြမ်း တိုက်ပုံအင်္ကျီဝတ်ဆင်ကြ၏။ ကျောင်းတက်လျှင် ခေါင်းပေါင်း ပေါင်းကြရ၏။ ပတ်ပေါင်းက ခေတ်စား၍ သျှောင်ထုံးရှိသူသာ အုပ်ပေါင်းပေါင်းလေသည်။ အချို့





ခေါင်းပေါင်း ပိုးစပေါ်တွင် အမျိုးသားဒေါင်းတံဆိပ် အလံပုံများ ရိုက်နှိပ်ထားလေ့ရှိသည်။ မန္တလေး ပိန်းတန်းဖိနပ်စီး၍ အိမ်တော်ရာ ထီးကို ဆောင်းလေ့ရှိသည်။

"တိုင်းချစ်ပြည်ချစ်စိတ်သည် မျိုးဆက်သစ်၏ ဘာသာရေးသစ်ဖြစ်သည်" ဟုကြွေးကြော်ကာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ပေါ်ထွက်လာစေရန် ကျကျနနသင်ကြားပို့ချကြ၏။ ထိုစဉ်က မြို့မအမျိုးသားကျောင်းဆရာ၊ ဆရာမများသည် စာသင်ခန်းတွင်း၌ မျိုးချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ တစ်ကိုယ်ကောင်းမကြံရေး၊ အမျိုးကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်စွန့်စားရေး တို့ကို အမျိုးသားကျောင်းသား၊ ကျောင်းသူကလေးများ၏ ရင်တွင်း၌ အမြစ်တွယ်ရှင်သန် ဖွံ့ဖြိုးပွားများလာအောင် အလျဉ်းသင့်တိုင်း သင်ကြားပို့ချလေ့ရှိ၏။ ဆရာ၊ ဆရာမများကိုယ်တိုင်ကလည်း ကိုယ်ကျိုးစွန့် အနစ်နာခံနေကြသည်ကို တပည့်များက မျက်မြင်ဒိဋ္ဌ တွေ့မြင်နေကြသည်။ ထို့ကြောင့် အမျိုးသားကျောင်းဆရာ၊ ဆရာမများသည် ကျောင်းသားတပည့်များကို အကောင်းဆုံးစံပြ အမှန်ဆုံး သင်ခန်းစာ ပေးကြသူများလည်း ဖြစ်ပေ၏။

မြန်မာနိုင်ငံ၌ အမျိုးသားကျောင်းများ ဤသို့ပေါ်ပေါက်လာသည့်အတွက် မြန်မာတို့ဆင်းရဲချမ်းသာမရွေး အချိန်တိုတို အတိုက်ကျဉ်းကျဉ်းဖြင့် ပညာသင်ကြားခွင့်ရလာကြ၏။ မြို့မ အမျိုးသားကျောင်းအပါအဝင် အမျိုးသားကျောင်းများ၌ ဗုဒ္ဓဘာသာ သင်ခန်းစာများကိုလည်း အထူးအလေးပေး သင်ကြားပို့ချနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## မြို့မအမျိုးသားကျောင်းကြီးကြောင့် မြန်မာစာဇေပအရေးပါအရာရောက်လာခြင်း

အမျိုးသားကျောင်းများ တည်ထောင်ခြင်းသည် မြန်မာစာပေ လေ့လာခြင်းမျိုးစေ့ကို ကြီးပွားတိုးတက်အောင် အားပေးသော မြေသြဇာနှင့်လည်းတူ၏။ မြို့မအမျိုးသားကျောင်းက ဗြိတိသျှနယ်ချဲ့တို့၏ အနှိမ်ခံခဲ့ရသည့် မြန်မာစာကို ရှေ့တန်းတင် ပို့ချပေးခဲ့၏။ အရေးပါအရာရောက်၊ အရေးကြီးဘာသာရပ်အနေဖြင့် လေးလေးနက်နက် ဂရုပြုသင်ကြားပေး၏။ မြန်မာစာကို သာမာန်မြန်မာစာအဖြစ်သာမဟုတ် စိတ်ကြိုက်အပို မြန်မာစာအဖြစ် တိုးမြှင့်သင်ပေးနိုင်ခဲ့၏။ အမျိုးသားကျောင်းများတွင်သာမက အစိုးရကျောင်းများတွင်လည်း မြန်မာစာကို အရေးပေး သင်ကြားလာကြ၏။ မြန်မာစာပေ တိုးတက်မြင့်မားလာရခြင်းသည် သပိတ်မှောက်ကျောင်းသားများ၏ ကျေးဇူးများစွာရှိသည်။ သူတို့ကျေးဇူးများစွာ အရင်းခံသည်။ မြန်မာစာကို အရေးပေး သင်ကြားပို့ချရာက ယဉ်ကျေးမှုအစုစု မြန်မာမှု မြန်မာ့ဝံသာနုရက္ခိတ အမျိုးသားစိတ်ဓာတ်၊ မျိုးချစ်





စိတ်ဓာတ်တို့သည် တစ်စတစ်စ တဖွားဖွား များပြားတိုးတက်လာသဖြင့် မြန်မာ့လွတ်လပ်ရေးဗိမာန်သို့ လမ်းခင်းပေးရာရောက်၏။ လက်တွေ့အားဖြင့်ကား ဤသို့မြန်မာစာကို လေးလေးနက်နက်ထား သင်ကြားပေးမှု အစဉ်အဆက်သည် နောင်အခါရန်ကုန်တက္ကသိုလ်၌ မြန်မာစာဌာနကြီး ပေါ်ထွန်းလာပြီး မြန်မာစာ ဝိဇ္ဇာတန်းသာမက မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်း မဟာဝိဇ္ဇာဂုဏ်ထူးတန်းနှင့် ယခုအခါမြန်မာစာ ပါရဂူဘွဲ့သင်တန်း (Ph. D) ဖွင့်လာနိုင်သည်အထိ မြန်မာစာသည် အရေးပါအရာရောက်ကြီး ရောက်လျက်ရှိနေပေပြီ။

အမျိုးသားကျောင်းများတွင် မျိုးချစ်ဇာတိမာန်ကို ထက်သန်စေခြင်းငှာ မြန်မာစာ၊ မြန်မာရာဇဝင်တို့ကို ဝိသေသပြု၍ ထိုအခါကပင် သင်ကြားပေး၏။ ထိုခေတ်က ရာဇဝင်ကို သမိုင်းဟု မသုံးကြသေး။ မြန်မာစာသင်ကြားပေးသော အဆင့်အတန်းသည်လည်း အလွန်မြင့်မားလာသည်။ မြန်မာစာနှင့် မြန်မာရာဇဝင်ကို သင်ကြားပေးသောစနစ်မှာလည်း အမျိုးနှင့်နိုင်ငံကို ချစ်တတ်စေဖို့ ရည်ရွယ်ချက်ဖြင့် သင်ကြားပေးရာဖြစ်ရာ အလွန်ထိမိ အရာရောက်လေ၏။ နယ်ချဲ့ပညာရေးစနစ်အရ ထိုစဉ်က မြန်မာရာဇဝင်ကို သင်ကြားရာမှာ တိုင်းရင်းသားအချင်းချင်း ယုံကြည်ကိုးစားချစ်ခင်မှု၊ လျော့ပါးစေရန်သော်လည်းကောင်း၊ တိုင်းရင်းသားအချင်းချင်း အထင်သေးစေရန်သော်လည်းကောင်း လုပ်ကြံသင်ကြားပေးသော ပုံစံမျိုးဖြစ်၏။ အင်္ဂလိပ်ပညာမင်းကြီး အက်(စ်)ဒဗလျူကောက်(စ်) S.W Cocks ၏ မြန်မာရာဇဝင်ကိုဖတ်ကြည့်လျှင် မြန်မာတစ်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



လုံးတို့ အသရေဖျက် သိက္ခာချထားကြောင်း ထင်ထင်ရှားရှားကြ
တွေ့နိုင်၏။ ထိုကိုချေဖျက်သည့်အနေဖြင့် အမျိုးသားကျောင်းမျာ
က ကျောင်းသားများအား မြန်မာရာဇဝင်သမိုင်းကို မှန်ကန်သေ
ရှုထောင့်မှ ကြည့်ရှုလေ့လာစေကာ ဇာတိသွေး ဇာတိမာန်တ
နိုးကြားတက်ကြွစေ၏။

၁၉၂၃ ခုနှစ်တွင် အစိုးရက အမျိုးသားကျောင်းများကို
အထောက်အပံ့ပေးခဲ့၏။ အမျိုးသားပညာရေးအဖွဲ့ချုပ်သည်
ခါးစည်း၍ အံကြိတ်ကာ အမျိုးသားပညာရေးအတွက် ကြိုးစား
သော်လည်း ငွေရေးကြေးရေးကျပ်တည်းလာသဖြင့် အစိုးရထံ
အထောက်အပံ့ပေးရန် တောင်းဆိုခဲ့ရ၏။ ဤသို့တောင်းဆိုရခြင်
သည် တရားမျှတသော၊ မှန်ကန်သောတောင်းဆိုမှုပင် ဖြစ်သည်
အကြောင်းမှာ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကိုကျွန်ပြုကာ အုပ်ချု
ခဲ့သည်မှစ၍ မြန်မာနိုင်ငံမှရရှိသော ငွေကြေးသည် မြန်မာ
တိုင်းရင်းသားပိုင်သော ငွေဖြစ်သည်။ ထိုငွေကို အစိုးရက ခေတ္တ
ခဏမျှသိမ်းထားခြင်းသာဖြစ်ရာ ပြည်သူများပိုင်သောငွေကိ
ပြည်သူတို့ ရပိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်။ သို့သော်အထောက်
အပံ့ ယူသင့်မယူသင့်ကိစ္စနှင့် ပတ်သက်၍ အမျိုးသားကျောင်
အချင်းချင်း အငြင်းအခုန်ဖြစ်ကြပြန်သည်။ အမျိုးသားကျောင်
ပေါင်း ၉၀ ကျော် ရှိသည့်အနက် ၅၀ ခန့်က အစိုးရအထောက်အပံ
ကို ငြင်းပယ်ခဲ့သည်။ အထောက်အပံ့မယူသော အမျိုးသားကျောင်
များမှာမူ ရေနည်းငါးတဲ့သို့ တဖြည်းဖြည်း ကွယ်ပျောက်ပျက်သုဉ်
သွားခဲ့သည်။



ဗြိတိသျှအစိုးရသည် အမျိုးသားပညာရေးအတွက် ပြည်သူ
ငွေမှထုတ်၍ အထောက်အပံ့ပေးခဲ့သော်လည်း အမျိုးသား
ပညာရေးလှုပ်ရှားမှုများကို ထောက်ခံအားပေးလို၍ကား မဟုတ်ချေ။
အစိုးရသည် အမျိုးသားကျောင်းများကို အထောက်အပံ့ပေးပြီး
နောက် အစိုးရပညာဝန်များအား အမျိုးသားကျောင်းများကို
စစ်ဆေးစေသည်။ အစိုးရပညာဝန်များသည် အမျိုးသားကျောင်း
များကို အပြစ်ရှာ၍ စစ်ဆေးလေ့ရှိ၏။ ပညာရေးဌာနက ဆရာဖြစ်
လက်မှတ် မရရှိသော ဆရာများကို အထောက်အပံ့မပေးဟု အမိန့်
ထုတ်ပြန်၏။ အချို့ကျောင်းများ၏ အသိအမှတ်ပြုရန်
လျှောက်ထားချက်များကို ပယ်ချခဲ့၏။ အချို့ကျောင်းများကိုမူ
သာသနာပြုကျောင်းများနှင့် အပြိုင်အဆိုင်ဖြစ်နေ၍
အစိုးရက အထောက်အပံ့ကို ရပ်စဲခဲ့သည်။ သို့သော် အမျိုးသား
ပညာရေးအဖွဲ့ချုပ်သည် ကြက်မကြီးကဲ့သို့ စွန်သူရဲ၏ ထိုးသုတ်
သော ဘေးရန်ကို အမျိုးမျိုးအဖုံဖုံ ကာကွယ်စောင့်ရှောက်ခဲ့၏။

အစိုးရသည် အမျိုးသားကျောင်းများကို အမျိုးမျိုးအနှောင့်
အယှက်ပေးခဲ့သော်လည်း ဆူးညှောင့်ခလုပ်ကြားမှပင် အမျိုးသား
ပညာရေးခေါင်းဆောင်များ မျိုးစေ့ချခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး၊
အမျိုးသားလွတ်မြောက်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိရေး၊
အသင်းအပေါ်သစ္စာရှိရေး အစရှိသော အမြုတေအမာခံစိတ်ဓာတ်
သည် ညောင်စေ့မှ ညောင်ပင်ကြီးပေါက်ပွားလာသကဲ့သို့ တိုးတက်
ပေါက်ပွားလာခဲ့ရာ ထိုစိတ်ဓာတ်များသည် ဗြိတိသျှကရက် အိုလိုနီ
ချဲ့ အဆောက်အအုံကို တိုက်ဖျက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားကျောင်းများ ပေါ်ပေါက်လာမှ မြန်မာစာပေကို အထူးသင်ကြားပေးလာ၏။ မြန်မာစာပေကို စိတ်ကြိုက်အပို ဘာသာရပ်အဖြစ်နှင့်ပင် တိုးချဲ့သင်ကြားပေး၏။ ကိုယ့်ဘုရင်၊ ကိုယ့်နိုင်ငံနှင့် နှစ်ပေါင်းများစွာ ထည်ထည်ဝါဝါနေလာပုံကို လည်းကောင်း၊ ရှေးမြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ရှိပုံ၊ စွမ်းရည် သတ္တိရှိပုံကိုလည်းကောင်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်း သင်ကြားပေး၏။

## အခန်း (၁၀)

## မြို့မပခင်ကြီးဦးဘလွင်၊ အမျိုးသားပညာရေးခေါင်းဆောင်ကြီးဦးဘလွင်

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် မြို့မအမျိုးသား ကျောင်းဦးဆောင်သော အမျိုးသားကျောင်းများ၏ အခန်းကဏ္ဍ သည် များစွာအရေးပါခဲ့၏။ ယင်းအမျိုးသားကျောင်းများက အမျိုးသားရေးစိတ်ဓာတ်နှင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်း ဆောင်ရာတွင် များစွာ အထောက်အကူပေးခဲ့သည်။ မြို့မ ပခင်ကြီး ဦးဘလွင်၏ ဦးဆောင်လမ်းညွှန်မှုကြောင့် မြို့မ ကျောင်းတော်ကြီးမှ ကျောင်းသားများသည် နိုင်ငံတော်အကြီးအကဲ များ၊ တပ်မတော်အကြီးအကဲများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ရဲဘော်သုံးကျိပ်ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်ကြီးများ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သင်၊ ပညာရှင်များအဖြစ် ထူးချွန်စွာ ဆောင်ရွက်နေကြသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် ဆရာကြီး ဦဘလွင်အား မြို့မ ပခင်ကြီး အမျိုးသားပညာရေး ခေါင်းဆောင်ကြီးဟု ခေါ်ဆိုကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



## မြို့မကျောင်းရန်ပုံငွေ ကပွဲကြီး

မြို့မကျောင်းဆောက်လုပ်ပြီးစီးခဲ့သော်လည်း ကျောင်း… အဆောက်အအုံများတွင် ရေပွန် အညစ်အကြေးပွန်များ ကင်းမဲ့… နေပေရာ ကျောင်းသားလူငယ်တို့မှာ များစွာဒုက္ခရောက်ကြရ… ပေသည်။ ထို့ကြောင့်ဆရာကြီး ဦးဘလွင်နှင့် ဥပဒေပြုအဖွဲ့… စက္ကရိတရီဝတ်လုံတော်ရ ဦးဘဒွန်း၊ ၎င်း၏ဇနီး ဒေါ်ကြည်တို့က… ကြီးမှူးနှိုးဆော်၍ ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ သောကြာနေ့… ကအစပြုလျက် ဂျူဗလီဟောရုံကြီးတွင် ဂုဏ်သရေရှိ အမျိုးသား… အမျိုးသမီးအပေါင်း လူကြီးလူကောင်းများ ပါဝင်သော မြို့မကပွဲကြီး… ကို မြန်မာပြည်တွင် စံတင်လောက်အောင် ပထမအကြိမ် ဆင်ယင်… ကျင်းပခဲ့ရာ မကြုံစဖူး ထူးကဲများပြားသော ပရိသတ်ဒါနရှင်တို့ဖြင့်… ကျယ်ဝန်းသော ဂျူဗလီရုံကြီးမှာ ကြပ်တည်းစွာရှိပြီးလျှင် လျှံ… ထွက်ခဲ့၏။ ကြေညာထားသော (၂) ရက်ဖြင့် မလုံလောက်သော… ကြောင့် တနင်္ဂနွေနေ့ညဥ့်လည်း ထပ်မံခင်းကျင်းပြသရပေရာ… စည်ကားများပြားမြဲ များပြားသော ပရိသတ်ကိုတွေ့ကြုံရပေသည်… ထိုသို့ မြို့မကျောင်းအား သဒ္ဓါစေတနာ ထက်သန်ကြခြင်းဖြင့် ချီးမြှ… ကြသောကြောင့် အလှူငွေ ၁၀၀၀၀ိ/- ကျော်မျှရရှိပေရာ… မြန်မာပြည်အလှူရေးကပွဲ အမျိုးမျိုးတို့တွင် မှတ်တမ်းတင်ထိုက်… သော မြို့မကပွဲကြီးဖြစ်ခဲ့ပေသည်။ ကပွဲကြီးထမြောက်အောင်မြင်… စေရန် အားပေးနှိုးဆော်ကြေညာပေးသော မြန်မာ့အလင်းသတင်း… စာ အပါအဝင် နေ့စဉ်ထုတ်သတင်းစာများကြောင့်လည်း ထို… ကြီးကျယ်စည်ကားခမ်းနားသော ကပွဲကြီးဖြစ်လေသည်။



မြို့မဆရာကြီး ဦးဘလွင်၊ ဆရာကြီး ဦးအောင်လှ (သချာ… ပါမောက္ခ)၊ ဆရာကြီးဦးသွေးစသော မြို့မကျောင်းဆရာကြီးများ… ၏ ကျေးဇူးကြောင့် ပြည်သူအများမှာ အားပေးချီးမြှင့်ခြင်း ဖြစ်လေ… သည်။

မြို့မ ဆရာကြီးတစ်ဦးဖြစ်သူ ဆရာကြီး ဦးစံထွန်းက… …သက်ဆုံးတိုင်" ဟူသော ခေါင်းစဉ်တပ်ဆောင်းပါးကို ဆရာကြီး… …ဦးသွေး အလွမ်းပြေဆောင်းပါးတစ်ပုဒ်အဖြစ် ၁၉၇၀ ပြည့်နှစ်… …အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ်စာစောင်တွင်… …ရေးသားခဲ့ဖူးသည်။ ဆရာကြီးဦးဘလွင်နှင့် ဆရာကြီးဦးသွေး… …အကြောင်း ရေးထားသည်က ကွက်ကွက်ကွင်းကွင်း ထင်ရှားပြီး… …နှစ်ပေါ်လှ၏။ ဆရာကြီးနှစ်ဦးနှင့် အလွန်အကျွမ်းတဝင်ရှိလှ… …သော မြို့မဆရာကြီး ဦးစံထွန်းထက်ပို၍ ထင်ရှားပေါ်လွင်ပြည့်စုံ… …အောင် အခြား မည်သူမျှရေးနိုင်လိမ့်မည် မထင်ပါ။ ထို့ကြောင့်… …ဆရာကြီး ဦးစံထွန်း၏ဆောင်းပါးမှ ဦးဘလွင်နှင့် ဦးသွေး… …အကြောင်းကို ထိုက်သည့်အားလျော်စွာ အောက်တွင် ထုတ်နုတ်… …ဖော်ပြပါမည်။

"ထိုသို့ အမျိုးသားပညာရေးလုပ်ငန်းကို ကမ်းမမြင်… …လမ်းမမြင် မဟာဇနကထုံး ကြိုးပမ်းနေကြစဉ် ကယ်မည့်သူ… …သော ပေါ်လာလေသည်။ မိမိလက်ရှိလုပ်ငန်းကို စွန့်လွှတ်ကာ… …ဉ့်အခါက နိမ့်ကျနုံချာလှသော အမျိုးသားကျောင်းဆရာဘဝသို့… …လာသူက ဦးဘလွင်ပင် ဖြစ်၏။ "စံဖဲအကြောင်းမပါလျှင်… …သနှင့်အပြစ်တင်" ဆိုသော တေးသွားကဲ့သို့ ဦးသွေး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ရေးသားသောအခါ ဦးဘလွင်အကြောင်း မဖော်ပြလျှင် အပြစ်တင်ခံရမည်မုချ။”

ဦးဘလွင်သည် ကျောင်းသို့ဝင်ရောက်လျှင် ဝင်ရောက်ချင်း ကျောင်းဆရာကြီး ဦးသွေယ်နှင့်လည်းကောင်း၊ အခြားဆရာ ဆရာမအသီးသီးနှင့်လည်းကောင်း မိတ်ဆွေရင်းချာပမာ အချိ ယူပြီး လိုက်လံနှုတ်ဆက်သည်။ တစ်ဦးတစ်ယောက်တည်းကိုဖြစ်စေ ပရိသတ်ကြီးကိုဖြစ်စေ အာဝဇ္ဇန်းရွှင်ရွှင်နှင့် နှလုံးထိအော ပြောဟောနိုင်စွမ်းရှိသည်။ အင်္ဂလိပ်စကားအပြောကောင်း ပေါက်ရောက်နိုင်သော ဗြိတိသျှအုပ်ချုပ်ရေးကာလတွင် အင်္ဂလိ စကားပြောကောင်းရန် ဦးဘလွင်သည် အထူးကြိုးစားခဲ့ရာ ပါရမီရှ ဖြစ်သည့်အလျောက် သိသိသာသာကြီး တစ်နေ့တခြား တိုးတက် လာသည်ကို သတိပြုမိကြသည်။

ဦးဘလွင်၏ စွမ်းရည်ထင်ရှားလာသောအခါ စေတန ဝန်ထမ်းအဖွဲ့များက သူတို့အဖွဲ့များတွင်လည်း ဦးဘလွင် ပါဝ ဆောင်ရွက်ပါရန် မေတ္တာရပ်ခံကြပါသည်။ ဦးဘလွင်ကလည် လိုက်လျော၍ စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးလေသည် ပြဿနာရှိ၍ သူထံချဉ်းကပ်လာလျှင် ပြဿနာပြေလည်အော ရှင်းပေးနိုင်စွမ်းရှိသည်။ အကူအညီတောင်းဆိုလျှင် မည်သူ့ကိုမ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း မနှေးချေ။

အရည်အချင်းပြည့်ဝ၍ အုပ်ချုပ်စီမံခန့်ခွဲရာတွင် သူမ အောင် ပါးနပ်လိမ္မာ၏။ မြန်မာပြည် အနယ်နယ်အရပ်ရပ် ကျောင်းသားများလာရောက်၍ ပညာရင်နို့ သောက်စို့နိုင်ရန်



ကျောင်းတွင် ကျောင်းလခကိုလည်းကောင်း၊ ကျောင်းအိပ် ကျောင်းစားခကိုလည်းကောင်း အနည်းဆုံးသတ်မှတ်ထားသည်။ ဦးဘလွင်ရောက်ရှိပြီးကာမှ ဗဟိုနေရှင်နယ်ကျောင်းအမည် ပျောက်၍ မြန်မာဆန်ဆန် “မြို့မတိုင်းရင်းသားကျောင်း” ဟူသော အမည် မြန်မြန်ဆန်ဆန် ပေါ်ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## ဆရာကြီးချစ်သော မြို့မ၏အသင်းအဖွဲ့များ

အမျိုးသားကျောင်းများတွင် အသင်းပေါင်းများစွာ ဖွဲ့စည်းတည်ထောင်ထားသည်။ အစိုးရကျောင်းများတွင် စကောက်အသင်း၊ အမျိုးသမီးများ လမ်းညွှန်အသင်း၊ အိန္ဒိယကြက်ခြေနီအသင်းစသည်တို့ ရှိသည်။ မြို့မအမျိုးသားကျောင်းအပါအဝင် အမျိုးသားကျောင်းများတွင် ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာအသင်း၊ ဘောလုံးအသင်း၊ စကားရည်လုပွဲအသင်း၊ စကောက်အသင်းတို့ရှိသည်။ မြို့မကျောင်းတွင် ယူနီဖောင်းအစိမ်းနှင့် သံမဏိတပ်ဟူ၍လည်း ရှိ၏။ ရန်ကုန်မြို့မကျောင်းတွင် အထက်ပါအသင်းများအပြင် ဦးပုညအသင်း၊ ရာဇဝင်အသင်း၊ ပထဝီအသင်း၊ ပန်းချီအသင်း၊ တူရိယာနှင့် သဘင်အသင်း၊ ရဲအဖွဲ့၊ ရဲညွှန့်အဖွဲ့၊ ရဲခေါင်တပ်ဖွဲ့၊ ကစားဘက်ဆိုင်ရာအသင်း၊ ကျောင်းမဂ္ဂဇင်းအဖွဲ့၊ လက်မှုပြပွဲအဖွဲ့၊ ကျောင်းအိပ်ကျောင်းစား လက်ဖက်ရည်ဆိုင်အဖွဲ့စသည်တို့ ရှိကြသည်။ မြို့မရဲအဖွဲ့၊ ရဲညွှန့်အဖွဲ့၏ ဗိုလ်ချုပ်မှာ ဦးမောင်ကြီးဖြစ်ပြီး၊ ဗိုလ်မှူးမှာ ဦးဘသာဖြစ်သည်။ အစိုးရကျောင်းများတွင်ရှိသော အသင်းများသည် အင်္ဂလိပ်ဘုရင်





အပေါ်သစ္စာရှိရန် ရည်ရွယ်သည်။ အမျိုးသားကျောင်းများတွင်ရှိသော အသင်းများသည် မြန်မာနိုင်ငံအပေါ် သစ္စာရှိရန် ရည်ရွယ်သည်။

အမျိုးသားကျောင်းများတွင် အသင်းအဖွဲ့များစွာရှိသည့်အနက် ရဲညွှန့်အဖွဲ့တို့မှာ စိတ်ဝင်စားဖွယ်ကောင်းပေသည်။ ဤအဖွဲ့များသည် အထူးသဖြင့် အမျိုးသားအောင်ပွဲနေ့များတွင် စစ်ရေးပြကြ၏။ ဇာတိသွေး၊ ဇာတိမာန်ကို ပြကြ၏။ စစ်ရေးလေ့ကျင့်ရာတွင် တုတ်ကိုသာ ကိုင်ဆောင်ရသော်လည်း အမျိုးသားကျောင်းဆရာများနှင့် ဗိုလ်မှူးများက ကျောင်းသားများကိုင်ဆောင်နေသော တုတ်သည် တစ်နေ့ သေနတ်ဖြစ်လာသောအခါ တိုင်းပြည်နှင့်လူမျိုးအတွက် အသင့်ရှိကြရန် မကြာခဏ သတိပေးနှိုးဆော်လေ့ရှိ၏။ ဤအဖွဲ့များကို မြန်မာ့စစ်ဗျူဟာနည်းအတိုင်း ငါးယောက်တစ်အိုးစားနည်းအတိုင်း ဖွဲ့စည်းထားသည်။

မြို့မဝတ်အသင်း၊ ကင်းထောက်အဖွဲ့၊ မြို့မရဲတပ်ဖွဲ့၊ မြို့မလေယာဉ်အသင်း၊ အားကစားလှုပ်ရှားမှု၊ ဓာတ်ပုံပန်းချီအသင်း၊ မြို့မစာပေအသင်း၊ မြို့မစာကြည့်တိုက်အသင်း၊ ဘာသိုးပန်းထိုး အချက်အပြုတ်၊ အိမ်တွင်းမှုအသင်း (ကျောင်းသူများအတွက်) မြို့မမာယအဖွဲ့ (သောကြာနေ့ ညနေ ကျောင်းဆင်းချိန်တိုင်း စာသင်ခန်းအတွင်းအပြင် သန့်ရှင်းရေး၊ ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းရေး တစ်လနှစ်ကြိမ် ပြုသည်။) တို့ရှိသည်။ အထက်ပါ အသင်းအဖွဲ့တို့သည် မြို့မကျောင်းသားကျောင်းသူများကို ဘက်စုံဖွံ့ဖြိုးအောင် မြေတောင်မြှောက်ပေးသည့်

www.burmeseclassic.com

www.burmeseclassic.com



အသင်းအဖွဲ့များ ဖြစ်၏။ ထိုအဖွဲ့အသင်းသားများအနက် မြို့မ ရဲခေါင်အဖွဲ့ဟူသည် အဘယ်ကဲ့သို့သော အဖွဲ့မျိုးနည်း။ နှောင်း ခေတ်ကျောင်းသားတို့ သိဖို့လိုအပ်၏။ မြို့မရဲခေါင်အဖွဲ့သည် မြို့မကျောင်းသားများအား အခြေခံစစ်ပညာ သင်ကြားပေးသည့် အဖွဲ့ဖြစ်၏။ နိုင်ငံတော်ကာကွယ်ရေးအတွက် ကြည်း၊ ရေ၊ လေ စစ်မှုထမ်းကောင်းများ လိုအပ်ပါက၊ အဆင်သင့်ရှိနိုင်စေရန် ရည်ရွယ်သည်။ ထို့ကြောင့် မြို့မရဲခေါင်အဖွဲ့ကို လေ့ကျင့်သည့်အခါ ညီညာစွာတန်းစီပြီးနောက် အောက်ပါအတိုင်း-

၁။ ငါတို့သည် နိုင်ငံတော်နှင့် လူမျိုးတို့၏ သစ္စာတော်ကို စောင့်သိရိုသေပါမည်။

၂။ ငါတို့သည် ကျဆုံးလေပြီးသော ရဲခေါင်တို့၏ သစ္စာကို စောင့်သိရိုသေပါမည်။

၃။ ငါတို့သည် ကျောင်းသားများကိုယ်စား၊ အထက်မှ ပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

၄။ ငါတို့သည် ငါတို့ကျောင်းသား ရဲခေါင်အဖွဲ့ကြီး၏ သစ္စာ တော်ကို စောင့်သိရိုသေပါမည်။

၅။ ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့ကျောင်းသား ငါ့လူထုအတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် သစ္စာအဓိဋ္ဌာန်ပြုပါ၏

ဟူ၍ သစ္စာအဓိဋ္ဌာန်ငါးချက်ကို ဆိုကြရ၏။

အထက်ပါ မြို့မရဲခေါင်အဖွဲ့သားတို့၏ သစ္စာအဓိဋ္ဌာန်ငါးချ နှင့် ယနေ့တပ်မတော်သားတို့ နေ့စဉ်ဆိုကြရသည့် သစ္စာအဓိဋ္ဌာ



(၄)ချက်ကို နှိုင်းယှဉ်ကြည့်မိသည်။ တပ်မတော်သားတို့ နေ့စဉ် ဆိုရသော သစ္စာအဓိဋ္ဌာန် (၄)ချက်ကား-

၁။ ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။

၂။ ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။

၃။ ငါ့အားအထက်မှ ပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

၄။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။

ဟူ၍ ဖြစ်သည်။ အထက်ပါ သစ္စာအဓိဋ္ဌာန်နှစ်ရပ်သည် ားလုံး၊ စကားသုံး၊ အနည်းငယ် ခြားနားတန်သလောက် ခြားနား ည်မှအပ အနှစ်သာရ သဘောတရားကား မကွဲပြားပါ။ အရပ် ားနှင့် ပြောရသော် အသေးနှင့်အကြီး၊ ညီငယ်နှင့်နောင်တော် မျှသာ ဖြစ်ပါ၏။

အမျိုးသားကျောင်းများရှိ အပျော်တမ်းရဲအဖွဲ့၊ ရဲညွန့်အဖွဲ့ ကို ၁၉၃၁ ခုနှစ်တွင် ဖွဲ့စည်းသည်။ ၁၉၃၀ ခုနှစ်လောက်ကပင် ောင်ကြီးသည် မြန်မာပြည်အပျော်တမ်းတပ်ဖွဲ့များကို ဖွဲ့စည်း ကြိုးပမ်းခဲ့၏။ အပျော်တမ်းတပ်ဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ာနိုင်ငံသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရသောအခါ ပြည်တွင်း ည အန္တရာယ်ကို ကာကွယ်ရန် ဖြစ်သည်။ စွမ်းရည်သတ္တိမရှိ ာ လူမျိုးသည် မည်သည့်အခါမှ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရနိုင်

www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်ချေ။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို သူများပေး၍ရလျှင်လည်း ထိုကိုယ်ပိုင်အုပ်ချုပ်ရေးသည် မြဲမည်မဟုတ်ချေ။ သို့ဖြစ်၍ ရှေးက ကိုယ့်မင်းကိုယ့်ချင်းနှင့် နေခဲ့ရသည့်ခေတ်ကကဲ့သို့ မြန်မာ တိုင်းရင်းသားတို့ စစ်ရေးစစ်ရာ၌ ပြန်လည်နားလည်တတ်ကျွမ်းရ အထူးလိုအပ်လှပေသည်။ ဤသို့ လိုအပ်သည့်အတိုင်း ဆောင်ရွက် ရန် နည်းလမ်းနှစ်လမ်းရှိ၏။ (၁) အစိုးရအား မြန်မာစစ်တပ်များနှ အပျော်တမ်းတပ်ဖွဲ့များကို ဖွဲ့ပေးရန်အတွက် တိုက်တွန်းရန်၊ (၂ မိမိတို့ကိုယ်တိုင် အပျော်တမ်းတပ်ဖွဲ့များကို ဖွဲ့ရန်ဖြစ်သည်။ ပထ နည်းလမ်းမှာ အစိုးရကသဘောတူမှ ဖြစ်နိုင်၏။ ဒုတိယနည်းလ ကိုယ့်ဒူးကိုယ်ချွန်စိတ်မျိုးဖြင့် ပြုလုပ်နိုင်၏။ အစိုးရက ပထမကမ္ဘာ စစ်ကြီးအတွင်းက ဖွဲ့စည်းထားသော မြန်မာစစ်တပ်ကို ဖျက်ပ လိုက်၏။ အပျော်တမ်း အဖွဲ့များတွင်လည်း ရှေးမြန်မာအမည်မျ ဝင်ခွင့်မရချေ။ သို့ဖြစ်၍ ဒုတိယနည်းလမ်းအတိုင်းသာ ကြိုးပ ရပေသည်။

**ဆရာကြီး၏ တပည့်များ ပါဝင်ဖွဲ့စည်းထားသေ မြန်မာ့တပ်ဖွဲ့များ**

**အပျော်တမ်းရဲတပ်ဖွဲ့**

- အမ်အေ ဦးမောင်ကြီးနှင့် ဆရာကြီး ဦးဘလွင်တို့ ကြိ ၍ အပျော်တမ်းရဲတပ်ကို ၁၉၃၀ ပြည့်နှစ် ဇွန်လ (၂) တွင် ဖွဲ့စည်းသည်။



- လှုပ်ရှားမှုများအဖြစ် ရဲသတင်းစာထုတ်ဝေခြင်း၊ စစ်တီးဝိုင်းများ တည်ထောင်ခြင်း၊ ရဲအမျိုးသမီး သူနာပြုတပ်ဖွဲ့နှင့် မြို့မကျောင်းတွင် ရဲခေါင်တပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ အခြေခံစစ်ရေးပြနှင့် စစ်ပညာ၊ ကိုယ်လက်ကျန်းမာရေးပညာ၊ သိုင်းပညာ၊ မီးသတ်ပညာများကို သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ဗမာ့လက်ရုံးတပ်**

- ၁၉၃၆ ခုနှစ် မြင်းခြံမြို့တွင် ကျင်းပသော တို့ဗမာအစည်းအရုံး ညီလာခံအပြီးတွင် ဗမာ့လက်ရုံးတပ်ကို ဖွဲ့စည်းခဲ့သည်။ လက်နက်မဲ့ စစ်ရေးလေ့ကျင့်မှု၊ စည်းကမ်းသေဝပ်မှုများကို အခြေခံသင်ကြားသည်။
- မြန်မာလူမျိုးတို့က မြန်မာပြည်ကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည်။
- ဗမာ့လက်ရုံးတပ်သည် သေနတ်တု၊ ဝါးရင်းတုတ်များ ကိုင်ဆောင်၍ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သည်။
- အမျိုးသားနေ့တွင် လှည့်လည်သည်။
- အသက်ငယ်ရွယ်သူများကို ရဲညွန့်အဖွဲ့ငယ်များ ဖွဲ့စည်းလေ့ကျင့်ပေးသည်။ ကျန်းမာရေးနှင့် မျိုးချစ်စိတ်ဓာတ်ဆိုင်ရာများ သင်ကြားပို့ချပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



**သံမဏိတပ်**

- မြန်မာ့လွတ်လပ်ရေးအတွက် ကျောင်းသားလူငယ်များ စစ်ပညာအခြေခံရရှိရန် ရည်ရွယ်ချက်နှင့် ကျောင်းသား သံမဏိတပ်ကို ဖွဲ့စည်းတည်ဆောက်သည်။
- (၁၀-၆-၁၉၄၀)တွင် မြို့မကျောင်းသား အသင်းတိုက် တွင် ဗမာ့လက်ရုံးတပ်၊ မြို့မရဲတပ်၊ မြို့မရဲခေါင်စသော မြန်မာတပ်ဖွဲ့များ ပူးပေါင်းပြီး ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

**တပ်မတော်**

- ၁၉၄၁ ခုနှစ် ရဲဘော်သုံးကျိပ်တပ်ဖွဲ့
- ၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ မြန်မာတပ်မတော်
- ၁၉၄၈ ခုနှစ်မှ ယနေ့အထိ မြန်မာတပ်မတော် ဖြစ်ပါသည်။

## အခန်း (၁၂)

## မြို့မကျောင်း၏ အမျိုးသားတက္ကသိုလ်ကြီး

တက္ကသိုလ်နှင့်မြို့မ ကျောင်းသားခေါင်းဆောင်များသည် ...မြို့အနယ်နယ်သို့ လှည့်လည်၍ အမျိုးသားတက္ကသိုလ်ကြီး ...ည်ထောင်ရန် လှုံ့ဆော်ဟောပြောကြသည်။ အနယ်နယ်မှ မြို့မိ ...မ လူကြီးများကလည်း အမျိုးသားတက္ကသိုလ်တည်ထောင်ရေး ...တွက် သောင်းနှင့်သိန်းနှင့်ချီ၍ ရန်ပုံငွေထည့်ဝင်ရန် ကတိပြု ...ကြသည်။

၁၉၃၆ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ရွှေတိဂုံစေတီတော် ...ရင်းရှိ ဦးအေးမောင်ဇရပ်၌ အမျိုးသားတက္ကသိုလ် တည်ထောင် ...ရေးအတွက် ဆပ်ကော်မတီဖွဲ့စည်းရန် အစည်းအဝေးတစ်ရပ် ...ခဲ့ပြင်းပသည်။ အစည်းအဝေးတွင် စက်သူဌေးဦးသွင်က ဥက္ကဋ္ဌ ...အောင်ဆန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ဒီးဒုတ် ...ဘချို၊ အမျိုးသား ပညာဝန်ဦးဖိုးကျား၊ မြို့မကျောင်းဆရာကြီး ...ဘလွင်၊ ဦးဘခိုင်၊ ရွှေတိဂုံဂေါပကလူကြီး ဦးဘသော်၊ ဝတ်လုံ ...ဘ်ရှည်းဦးသိန်းမောင်၊ ဝတ်လုံ ဦးပေါ်ထွန်း၊ ဒေါ်ခင်ခင်ကြီး မြန် ...ယ်လူကြီး၊ ဒေါ်မမကြီး၊ ဒေါ်သက်စု၊ ဒေါ်အုံ၊ ဝတ်လုံဦးတစ်ိုး၊



www.burmeseclassic.com

www.burmeseclassic.com



ဦးသင်းမောင်၊ ဦးထွန်းညို၊ ရန်ကုန် ပညာရေးအဖွဲ့ ဦးအေး (အောင်မြင်ကြောင်း သတင်းစာ) သခင်လေးမောင်၊ သခင် သိန်းမောင် အစရှိသည့် လူကြီး ၃၀ ခန့်နှင့် သပိတ်မှောက် ကျောင်းသား ၅၀ နည်းပါးမျှ တက်ရောက်ကြသည်။ အစည်း အဝေးက အောက်ဖော်ပြပါ လူကြီးများ ပါဝင်သော ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီ လူကြီးများမှာ-

(၁) ဒီးဒုတ်ဦးအချို။
(၂) အမျိုးသားပညာဝန် ဦးဖိုးကျား။
(၃) ဝတ်လုံ ဦးကျော်မြင့်။
(၄) ဝတ်လုံ ဦးသိန်းမောင်။
(၅) ဝတ်လုံ ဦးပေါ်ထွန်း။
(၆) ဒေါ်ခင်ခင်ကြီး။
(၇) ဦးထွန်းညို။
(၈) ဦးဘသော်။
(၉) ဦးဘခိုင်။
(၁၀) သခင်နု တို့ ဖြစ်ကြပါသည်။

မကြာမီ အမျိုးသားတက္ကသိုလ်ကြီးကို အောင်မြင်စွာ ဖွင့်လှ နိုင်ခဲ့သည်။

အခန်း (၁၃)

## မြို့မကျောင်းတွင် အမျိုးသားတက္ကသိုလ် ဖွင့်လှစ်ခဲ့ခြင်း ဥက္ကဋ္ဌ ဆာဦးသွင်၏ မိန့်ခွန်း

ကျွန်တော်တို့လိုအပ်သော အမျိုးသားတက္ကသိုလ်ကျောင်းကြီး ို ယနေ့ညနေကစ၍ ဖွင့်လှစ်ပါတော့မည်။ ဤကျောင်းဖွင့်ပွဲတို ယယ်တော်ရ ဆရာတော်ဘုရားကြီး ကြွရောက်ချီးမြှင့်သဖြင့် ွာဝမ်းမြောက်ပါကြောင်း အခြားကြွရောက်လာသော ရဟန်း ်လူ အမျိုးသား၊ အမျိုးသမီးအပေါင်းတို့အားလည်း များစွာ ူးတင်ပါကြောင်း၊ ဆရာတော်ဘုရားကြီးက သီလပေးခြင်း၊ ်ရွတ်ခြင်းနှင့် အဖွဲ့ဝင်လူကြီးများက လှူဒါန်းသော အမျိုးသား ္ကသိုလ်ရန်ပုံငွေကို ရေစက်ချ အမှုပေးခြေင်းကိစ္စ မပြုသေးမီ ်သူမြည်သားတို့ သိကြားစေရန် ကျွန်တော်က အနည်းငယ် ဆိုလိုသည်မှာ လွန်ခဲ့သည့် တနင်္ဂနွေနေ့က မြို့မကျောင်းတွင် ေးကျင်းပခဲ့သော မြို့လုံးကျွတ်အစည်းအဝေး၌ ကျွန်တော် ဆိုခဲ့သော စကားများကို ကြားရခြင်း၊ သတင်းများတွင် ဖတ်ရှု ်အားဖြင့် အားလုံး သိရှိလောက်သိရှိကြပေပြီဟု ယုံကြည် ည်။



www.burmeseclassic.com

www.burmeseclassic.com



၁။ ယနေ့ ပြောဆိုလိုသော အချက်များတွင် ရှေးဦးစွာ တိုင်းပြည်က သိရှိလိုသောအချက်မှာ ကျွန်တော်တို့သည် ဤအမျိုးသားတက္ကသိုလ်ကျောင်းကြီးကို တည်ထောင် ရခြင်း၌ မည်သည့် ယူနီဗာစီတီကျောင်းနှင့်မျှ ဂုဏ်တု ဂုဏ်ပြိုင် ပြုလုပ်လို၍လည်းကောင်း၊ မည်သည့်ယူနီဗာ စီတီကျောင်းကိုမှ နှိမ့်ချလို၍လည်းကောင်း တည်ထောင် ရသည် မဟုတ်ကြောင်းကို လေးနက်စွာ သတိချ စေလိုပါသည်။

၂။ ကျွန်တော်တို့သည် ဤအမျိုးသား တက္ကသိုလ်ကို တည်ထောင်ရခြင်းအကြောင်းများမှာ-

(က) ယခုလက်ရှိ ယူနီဗာစီတီ၌ မသင်ကြားပေးသော စက်မှုလက်မှု အစရှိသည့် အသက်မွေးဝ ကျောင်းပညာများကို သင်ကြားပေးရန်။

(ခ) ယခုလက်ရှိ ယူနီဗာစီတီ၌ ဘာသာရပ်အမျိုးမျိုး ကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားနေသဖြ မြန်မာဘာသာသက်သက် တတ်မြောက်ကုန်သော အမျိုးသား၊ အမျိုးသမီးများနှင့် ယူနီဗာစီတီ ဝင်ခွင့်မရကြကုန်သော အင်္ဂလိပ်၊ မြန်မာ ၁၀ တ အောင် ကျောင်းသားများအတွက် အထက်တ ပညာများကို မြန်မာဘာသာဖြင့် သင်ကြားပေး

(ဂ) မြန်မာပြည်၌ ရရှိနိုင်သော သား၊ ငါး၊ သစ်သီးဝ စသည်တို့ကို အရှည်သဖြင့်ခံအောင် သံစည်သွ



လုပ်နိုင်ရန်၊ ဝါဂွမ်းစသည်တို့ကို ချည်ဖြင့် အဝတ် အထည်ဖြစ်မြောက်အောင် ပြုလုပ်နိုင်ရန်နှင့် သားရေ၊ သစ်၊ ဝါး အစရှိသော ကုန်ရိုင်းများကို အသုံးပြုနိုင်လောက်အောင် ဖန်တီးစီရင် နိုင်စေရန် (Cottage Industries)ခေါ် (အိမ်တွင်းမှုလုပ်ငန်း မျိုး) ထွန်းကားပြန့်ပွားလာစေ၍ နိုင်ငံခြားနှင့် ဆက်သွယ်ရောင်းချနိုင်သော အတတ်ပညာမျိုးကို သင်ကြားပေးရန် ဖြစ်ပါသည်။

၃။ အထက်ပါ ပညာမျိုးတတ်မြောက်လျက် ကျေးဇူးများမည့် ဥပမာတစ်ခုကို ပြောရမည်ဆိုသော် မြန်မာနိုင်ငံတွင် များစွာ ပေါက်ရောက်သော နာနတ်သီးများသည် တစ်လုံးလျှင် တစ်ပြား ...များမျှသာ အဖိုးတန်၏။ ထိုနာနတ်သီးတစ်လုံးကို သံစည်သွင်း ... ကြာရှည်ခံနိုင်အောင် ပြုလုပ်တတ်ပါက နိုင်ငံခြားမှလာသော ...နတ်စည်ဘူးများကဲ့သို့ တစ်ဘူးလျှင်သုံးပဲ၊ တစ်မတ်စသဖြင့် အဖိုး ...နိုင်မည် ဖြစ်ပါကြောင်း။ ဤကဲ့သို့ လုပ်ငန်းမျိုးကို အထက်တန်း ...ညာရှင်ကလေးများက ကြံစည်လုပ်ကိုင်ကြရန် သင့်ပါကြောင်း။

၄။ လူကြီးမိဘများသည် အင်္ဂလိပ်ပညာကို ငွေကုန်ကြေးကျ ...၍ သင်ကြားရသည်ဖြစ်သောကြောင့် အဆိုပါကုန်ကျသောငွေကို ...လည်ရရှိအောင် လခစားလုပ်ရမည် နှီးဆော်တိုက်တွန်းလေ့ ...ကြ၏။ ထိုသို့ဆိုသော် အင်္ဂလိပ်ပညာမတတ်သူများသာလျှင် ...သည်အလုပ်ကို လုပ်ကိုင်ရတော့မည်ကဲ့သို့ ယူဆနေကြသည့် ... ပြန်လည်စဉ်းစားကြစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်၍ ဗဟုသုတ အမြော်အမြင်ရှိသလောက် လုပ်ဒေ
သော် မိမိ၏လုပ်ငန်းတိုးတက်ကြီးပွားအောင် ချဲ့ထွင်နိုင်သည်
အပြင် ကျော်ဇောထင်ရှားခြင်းလည်း ဖြစ်နိုင်ပါသည်။ ပညာတ
သူသည် လခစားအလုပ်ကလေးဖြင့်သာ ရောင့်ရဲတင်းတိမ်နေပါ
မိမိတစ်ယောက်တွက်သာ အကျိုးခံစားရပေမည်။ အကယ်၍
အဆိုပါ ပညာတတ်သူသည် လက်မှုစက်မှုလုပ်ငန်းကိုသော်
လည်းကောင်း၊ ကုန်သွယ်ရောင်းဝယ်ရေးကိုသော်လည်းကော
ကျနစွာ လုပ်ကိုင်နိုင်ချေသော် မိမိကိုယ်ကျိုးလည်း ရရှိမည့်အပြ
များစွာသော လူအပေါင်းတို့ကိုလည်း ကျွေးမွေးပြုနိုင်မည်
ဖြစ်ပါကြောင်း။

၅။ ကုန်သည်လုပ်ရန် ငွေရင်းလိုသည်ဟု ပြောကြားလေ့
ကြ၏။ မိမိ၌ အတတ်ပညာဗဟုသုတ အခြေခံမရှိက ငွေရင်းရှိ
ရန် ခဲယဉ်းမည်ကို သတိပြုမိကြဟန်မတူပေ။ ယခုအခါ မြန်မာပြ
၌ အမျိုးသားကျောင်း အဆောက်အအုံများ ထွန်းကားပေါ်ပေါ
လာကာ တင့်တယ်စွာ ရှိနေခြင်းမှာ ပထမဦးစွာ ငွေပင်ငွေရ
ရှိခြင်းကြောင့် မဟုတ်။ ပညာဗဟုသုတ အရင်းခံကာ ဝီရိ
စိုက်ထုတ် လုပ်ကိုင်ကြသောကြောင့် ဤသို့ အဆောက်အအုံ
များ ထွန်းကားပေါ်ပေါက်လာရသည်ကို သတိပြုကြစေလိုပါသ

(က) အတတ်ပညာ အခြေခံဗဟုသုတရှိ၍၊
(ခ) ရိုးသားဖြောင့်မတ်ပြီးသော်၊
(ဂ) ဝီရိယလုံ့လရှိသော သူအား ငွေရင်းရရှိရန် ခဲ
မည်မဟုတ်ပေ။ စျေးဦးဖြစ်ထွန်းမည့်အလု



ကျနစွာ လုပ်ကိုင်ပြုနိုင်သော အရည်အချင်းရှိသူ
တစ်ယောက်အား လောကကြီးတွင် ငွေပင်ငွေရင်း
ဖြင့် ငွေရှာနေကြသော ပုဂ္ဂိုလ်များသည် အဘယ်
မှာချင် အဆိုပါသူအား ငွေအရင်းအနှီးမထုတ်
ပေးဘဲ နေမါဖြဲ့တော့နည်း။ ဉာဏ်ပညာ ရိုးသား
ခြင်းနှင့် ဓနရှင်တို့သည် တောက်မှုံအားပေးကြမည်
မှာ အမှန်ပင် ဖြစ်ပါသည်။ အလုပ်လုပ်ကိုင်ရာ၌
အောင်မြင် ထမြောက်ရန်မှာ-

အလုပ်၏အကြောင်းကို ကောင်းစွာ တတ်ကျွမ်းနားလည်ခြင်း
ငှ့် အဆိုပါလုပ်ငန်းကို ကောင်းစွာ စီမံအုပ်ချုပ်နိုင်ခြင်းတည်း
သော အရည်အချင်းနှစ်မျိုး ရှိရပေမည်။ ထိုအရည်အချင်းနှစ်မျိုး
ပြီ ပူးပေါင်း၍ လုပ်ဆောင်ပါမှ မိမိလုပ်ငန်းသည် တိုးတက်ကြီးပွား
ိုးတက် သင့်သလောက် ကြီးပွားတိုးတက်မည် မဟုတ်သည်ကို
ည်း သတိပြုကြစေလိုပါကြောင်း။

၆။ အဘယ်ကြောင့် အမျိုးသားတက္ကသိုလ်ကို အလျင်စလို
ည်ဆောက်ရပါသနည်းဆိုသော် ပထမအချက်မှာ အိန္ဒိယပြည်
ခွဲခွာပြီးသော မြန်မာပြည်သည် အခြေအနေတစ်မျိုး ပြောင်းလဲ
မည့်အပြင် မြန်မာပြည်၏ လာလတ္တံ့သော အုပ်ချုပ်ရေးအသစ်
သည်း ယခုအုပ်ချုပ်ရေးမျိုးမှ ထူးခြားသင့်သလောက် ထူးခြား
တော့မည်ဖြစ်ရာ၊ အစိုးရသစ်သည် မြန်မာပြည်၏ လက်မှုစက်မှု
တက်ကြီးပွားရေးကိုလည်းကောင်း၊ ကုန်သွယ်ရောင်းဝယ်မှု
င်မြန့်ပွားရေးကိုလည်းကောင်းမိမိတို့ဘာသာ စွမ်းဆောင်ရပေ

www.burmeseclassic.com

www.burmeseclassic.com



တော့အံ့။ ထိုအခါ၌ ကြီးပွားမှုတို့၏ ရေသောက်မြစ်သဖွယ် ဖြစ်သော အမျိုးသားတက္ကသိုလ်ကြီးသည် အဆင်သင့်တည်ရှိစေရ အရေးတကြီး လိုအပ်သည့်ကိစ္စကြီးတစ်ရပ်ဖြစ်သည့်အပြင်-

ဒုတိယအချက်မှာ မကြာမီက ကျင်းပပြီးစီးသွားသော မြို့လု ကျွတ် အစည်းအဝေးတွင် ကျွန်တော်ထုတ်ဖော် ပြောကြားခဲ့သေ တိုင်းပြည်ကြီးပွားရာ ကြီးပွားကြောင်း လမ်းလေးခုသည် လွတ်လ ရေးရစေဖို့ လိုရင်းစင်စစ် ဖြစ်သောနည်းလမ်းများဟူ၍ ယုံကြည် ကြပါသော် ထိုယုံကြည်ချက်ကို ထမြောက်အောင်မြင်စေရန် ယ က စတင်၍ အမျိုးသားတက္ကသိုလ်ကို ပြုစုပျိုးထောင်အပ်သည တစ်ကြောင်း၊ ထို့ကြောင့် အလျင်စလို တည်ထောင်ရခြ ဖြစ်ပါကြောင်း။

၇။ အလုပ်ကြီးတစ်ခုကို စတင်လုပ်ကိုင်ဆောင်ရွက်ရ ဖြစ်နိုင်မည်မဟုတ်ပါ။ ဖြစ်မြောက်နိုင်ရန် ခဲယဉ်းလှသဖြ အားလျှော့စကားပြောကြားတတ်သူများကား ပေါများလှပေ မည်သို့မည်ပုံဆောင်ရွက်သော် ဖြစ်နိုင်သည် ဖြစ်မြောက်ရသ ဟူ၍ အားပေးစကား စိတ်အားတက်ကြွစေရန် စကားတို ပြောကြားတတ်သူကား နည်းပါးသေးသည်မှာ ကမ္ဘာ၏ ဓမ္မတာ ဖြစ်ချေသည်။ အမျိုးသားကျောင်းကြီးစမှ စနိုင်ပါမည်လာ သို့လော သို့လော တွေးတောယုံမှားနေကြသူများအား ယနေ့ ကျောင်းကြီး၌ ညဉ့်စာသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသ တက္ကသိုလ်ကြီး စတင်ဖွင့်လှစ်နိုင်ကြောင်းကို ကိုယ်တွေ့မျက် ကျွန်တော်တို့ ပြခဲ့ပြီးဖြစ်ပါကြောင်း။



၈။ ကျွန်တော်တို့ အမျိုးသားတက္ကသိုလ်အဖွဲ့၏ အဓိက ရည်ရွယ်ချက်ဖြစ်သော အသက်မွေးဝမ်းကြောင်းပညာများကို ကျနစွာ သင်ကြားပေးနိုင်ရန်မှာ ရန်ပုံငွေ လုံလောက်မှသာ ဖြစ်မြောက်နိုင်သည်ကို သတိပြုစေလိုပါသည်။ ကျွန်တော်တို့မှာ ငွေရေးကြေးရေး မပြည့်စုံသေးသဖြင့် အမျိုးပေါင်း (၃၀) နည်းပါးမျှ ရွေးချယ်ထားသော အသက်မွေးဝမ်းကြောင်းပညာများအနက် ယခုအခါ ၇ မျိုးမျှဖြင့်သာ အစပြု၍ သင်ကြားပေးနိုင်သေးမည် ဖြစ်ပါသည်။ တိုင်းပြည်က ငွေအားဖြင့် ကူညီချီးမြှင့်ခြင်းကိုရသည် နှင့်တစ်ပြိုင်နက် တိုင်းပြည်တွင် လိုအပ်သော သက်မွေးဝမ်းကြောင်း ပညာများကို ချဲ့ထွင်သင်ကြားပေးလိမ့်မည်ဖြစ်ပါကြောင်း၊ အဆိုပါ သက်မွေးဝမ်းကြောင်းပညာများကိုလည်း ၁၀ တန်းအောင် ကျောင်းသားများကိုသာ သင်ကြားပေးမည်မဟုတ်ဘဲ အဆင့် အတန်း သုံးမျိုးခွဲခြား သင်ကြားပေးမည်ဖြစ်ပါသည်။

ပထမတန်းအဆင့်မှာ မြန်မာဘာသာ ၄ တန်းမှ ၇ တန်းအထိ သင်ကြားတတ်မြောက်ကြသော ကျောင်းသားများအတွက်။

ဒုတိယတန်းအဆင့်မှာ မြန်မာဘာသာ ၇ တန်းမှ ၁၀ တန်း အထိ သင်ကြားတတ်မြောက်ကြသော ကျောင်းသားများအတွက်နှင့်

တတိယတန်းအဆင့်မှာ မြန်မာဘာသာ ၁၀ တန်း အောင်မြင် သော ကျောင်းသားများအတွက်ဟူ၍ အသက်မွေးဝမ်းကြောင်း ပညာများကို ခွဲခြားသင်ကြားပေးမည် ဖြစ်ပါသည်။

၉။ ကျွန်တော်တို့ စတင်တည်ထောင်သော အမျိုးသား တက္ကသိုလ်ကြီးတွင် လိုအပ်သောအချက်များ၊ ချွတ်ယွင်းသော

www.burmeseclassic.com

www.burmeseclassic.com



အချက်များ များစွာရှိလိမ့်မည်ဟု ကြိုတင်သိရှိကြပါသည်။ သို့သော် အစဖြစ်အောင် စတင်တည်ထောင်ပြီး တစ်စတစ်စ ချဲ့ထွင်ချက်များကို ပြုပြင်သွားပါက တစ်နေ့တွင် ကျွန်တော်တို့လိုလားသော အခြေအနေအထိ ရောက်လာလိမ့်မည်ဟု ယုံကြည်ရပါသည်။ သို့ကြောင့် အကြံရှင် ဉာဏ်ရှင်များကလည်း ကျနော်သော အမျိုးသားတက္ကသိုလ်ကြီး အရှည်တည်တံ့အောင် အကြံကောင်း ဉာဏ်ကောင်းများကိုပေးကြပါ ဝမ်းမြောက်စွာ လိုက်နာဆောင်ရွက်ရန် ကျွန်တော်တို့ အသင့်ပင်ရှိနေပါကြောင်း။

၁၀။ စိတ်အားထက်သန်၍ လုံ့လဝီရိယရှိလျှင် မည်သည့်ကိစ္စမျိုးမဆို အောင်မြင်ကြစမြဲဖြစ်သည်ဟု ကျွန်တော်တို့ အမျိုးသားတက္ကသိုလ်အဖွဲ့က ယုံကြည်ပါကြောင်း၊ တစ်တိုင်းပြည်လုံးက စိတ်အားထက်သန်စွာ ဝီရိယစိုက်ထုတ်၍ အမျိုးသားတက္ကသိုလ်ကြီး ထမြောက်အောင် ဆောင်ရွက်အားပေးကြသည်ရှိသော် အဘယ်မှာလျှင် မအောင်မြင်ဘဲ ရှိနိုင်ပါမည်နည်း။ ထမြောက်အောင်မြင်ရမည်မှာ မုချစင်စစ်ဖြစ်ပါတော့သည်။ အလောင်းတော် မဟာဇနကသည် သမုဒ္ဒရာထဲ၌ သင်္ဘောပျက်ရာဝယ် သောင်မမြင် ကမ်းမမြင် ပါဘဲလျက် မလျှော့သောစိတ်ဓာတ်၊ မဆုတ်သော လုံ့လဝီရိယဖြင့် ကြိုးပမ်းတကုတ် အားထုတ်ကူးမြောက်ခြင်းကြောင့် တစ်ပါးသူကဲ့သို့ သေကျေပျက်စီးခြင်းမဖြစ်သည့်ပြင် သိကြားမင်း၏ ဗန္ဓုကမ္ဗလာ တင်းမာခြင်းဖြစ်ရလျက် မဏိမေခလာနတ်သမီး၏ ကယ်ဆယ်ခြင်းကို ခံရပြီးသော် မိထိလာပြည်ကြီးကို စိုးမိုးအုပ်ချုပ်ခဲ့ရဖူးလေသည်။ သို့ဥပမာနှင့်အညီ ကျွန်တော်တို့သည် ဝီရိယလုံ့လဖြင့် ကြိုးကုပ်



အားထုတ်ချေသော် အဘယ်ကြောင့် ဤအမျိုးသားတက္ကသိုလ် တစ်ခု မဖြစ်မြောက်ဘဲ ရှိအံ့နည်းဟူ၍ ထက်သန်သောစိတ်ထားကာ ကြိုးစားအားထုတ်ကြစေလိုပါကြောင်း။

၁၁။ ကျွန်တော်တို့က အစဖြစ်အောင် အမျိုးသားတက္ကသိုလ်ကြီးကို တည်ထောင်ပေးပါပြီး ဖြစ်ပါသည်။ သို့သော် ဤအမျိုးသားတက္ကသိုလ် အရှည်တည်တံ့ ခိုင်မြဲ၍ လက်မှုစသော အသက်မွေးဝမ်းကြောင်းပညာ အမျိုးမျိုးတို့ကို တိုးချဲ့ထွင် သင်ကြားနိုင်စေရန် အလို့မှာ မြန်မာပြည်ရှိ ရဟန်းရှင်တို့နှင့် အားလုံးသော အမျိုးဘာသာမရွေး မြန်မာပြည်ဘွား အမျိုးသားများနှင့် မြန်မာပြည်တွင် မွေးဖွားရှာနေသော နေထိုင်ခြင်းဖြင့် မြန်မာပြည်၏ ကျေးဇူးကို သိတတ်ကုန်သော နိုင်ငံခြားသားပုဂ္ဂိုလ်များ၏ တတ်နိုင်သည့် အလိုက် ဆောင်ရွက်ကြရန် တာဝန်လုံးလုံးဖြစ်ကြောင်းကို သတိပြုကြစေလိုပါကြောင်း။

၁၂။ ထိုမှတစ်ပါး တိုင်းပြည်၏ အကျိုးကျေးဇူး ဖြစ်ထွန်းစေသည့် ကျွန်တော်တို့၏ အမျိုးသားတက္ကသိုလ်ကျောင်းကြီး၏ ကြီးပွားတိုးတက်ရန်နှင့် မြန်မာပြည်၏ စည်ပင်ပြန့်ပွားတိုးတက်ရန်အရေးတို့ကို လိုလားသော အထက်လွှတ်တော် အောက်လွှတ်တော်တို့တွင် ဝင်ရောက်ဆောင်ရွက်ကြမည့် အမတ်လောင်းအသစ်များနှင့် မြန်မာပြည် အစိုးရအသစ်တို့ကိုလည်း ကျွန်တော်တို့ အမျိုးသားတက္ကသိုလ်ကျောင်းကြီးကို အကူအညီ အထောက်အပံ့မပေးဘဲ နေကြလိမ့်မည် မဟုတ်ဟု အထူးမျှော်လင့်ပါကြောင်းနှင့် နိဂုံးချုပ်ကား မှာကြားလိုက်ရပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီအချိန်တွင် ရန်ကုန်မြို့ မြို့မ အမျိုးသားအထက်တန်းကျောင်း၌ အမျိုးသားတက္ကသိုလ် တည်ထောင်ရေးနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးရန် မြန်မာပြည်လုံးဆိုင်ရာ ကွန်ဖရင့်တစ်ခုကို ကျင်းပသည်။ ဤကွန်ဖရင့်သို့ မြန်မာပြည် တစ်ပြည်လုံးရှိ ပညာရေးကို စိတ်ပါဝင်စားသူတိုင်း တက်ရောက်ဆွေးနွေးရန် ရပ်ဝေးမှ လာရောက်ချီးမြှင့်ကြသူ လူကြီးများအတွက်လည်း မြို့မကျောင်းကြီး၌ အထူးနေရာများ သီးသန့်ထားမည်ဖြစ်ရာ မြို့မကျောင်း၌ တည်းခိုလိုသူများသည် မြို့မကျောင်းဆရာကြီး ဦးဘလွင်ထံ စာရေးအကြံပေးရန် မေလတွင် အမျိုးသားတက္ကသိုလ် တည်ထောင်ရေးနှင့်ပတ်သက်၍ ခန့်ထားခဲ့သော ဆပ်ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးဝေဖန်ရန် ဖြစ်သည်။

ဆရာကြီးဦးဘလွင်က ဆပ်ကော်မတီက တင်သွင်းသော အမျိုးသားတက္ကသိုလ် တည်ထောင်ရေး အစီရင်ခံစာကို တင်သွင်းသည်။ ဦးဘလွင်က ဆပ်ကော်မတီ၏ အစီရင်ခံစာကို မတင်သွင်းမီ ဦးဘမောင် (မဲခူးမြို့)၊ ဦးမောင်မောင်တင် (တောင်ငူ)၊ ဦးမြ (ကျုံပျော်)၊ ဦးဘအုန်း (ကျိုက်လတ်)၊ ဦးပေါက်တျိုင်း (လက်ပံတန်း)၊ ဦးတြူးဖေ (မင်းလှ)၊ ဦးမြညွှန့် (လှည်းကူး)၊ ဦးသိမ်းမောင် (မော်လမြိုင်ကျွန်း)၊ ဦးစ (ပြည်)၊ ဦးနီတိုး (ထားဝယ်)၊ ဦးပု (ရေ[illegible]ချောင်း)၊ ဦးသင်းမောင်၊ ဦးဘစီ၊ ဦးဖဲ - ဒေါ်ထွားရှင် (သုံးဆယ်)၊ ဦးပု (ဝတ်လုံတော်ရ)၊ ဦးသွင်၊ ဦးဘဂျမ်း (ပုသိမ်)၊ ဆရာဝန် ဒေါ်စောဆာ၊ ဒေါက်တာ ဂရေး၊ ဦးလှဘူး (တန်ထရိုက်တာ)၊ ဦးကွ[illegible]



(ဓနုဖြူ)၊ ဦးဘချော (ပခုက္ကူ) တို့ထံမှ ပေးပို့သောစာများ၊ သံကြိုးများကို ဖတ်ပြ၏။ ၎င်းနောက် အစီရင်ခံစာကို တင်သွင်း၏။ အစီရင်ခံစာတွင် ဆပ်ကော်မတီသည် ပညာရပ်အမျိုးမျိုးတတ်ကျွမ်းသော ပုဂ္ဂိုလ် ၂၈ ဦးနှင့်လည်း တိုင်ပင်ဆွေးနွေးပုံ၊ အသက်မွေးဝမ်းကြောင်းပညာရပ်၊ တစ်နှစ်အတွက် ဆရာများ အသင့်ရှိပုံသည်တို့ ပါဝင်သည်။

၁၉၃၆ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် အမျိုးသားတက္ကသိုလ်ကြီးအား ရန်ကုန်မြို့မကျောင်းကြီး၌ပင် ဖွင့်လှစ်ခဲ့ပါ၏။ ဦးသွင်၊ ဒီးဒုတ်ဦးဘချို၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ [illegible]န်းတန်စက် ဦးသော်၊ မြို့မ ဦးဘလွင်၊ ဦးအောင်ဆန်း၊ ဦးနု၊ ဦးသန်းတင်၊ ဦးဗဟိန်း စသောပုဂ္ဂိုလ်များက ဦးစီးဖွင့်လှစ်ခဲ့ကြပါ၏။ [illegible]အားပေး ကူညီကြပါ၏။

အမျိုးသားတက္ကသိုလ်တွင် ဆရာများစုံလင်လှသည်။ ၁၉၃၆ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အမျိုးသားတက္ကသိုလ်ကို စတင်တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ညနေသင်တန်းများကို ဩဂုတ်လ ၁၂ ရက်နေ့မှသာ သင်ကြားနိုင်ပေသည်။ နေ့သင်တန်းများကို မဖွင့်နိုင်ခဲ့ချေ။ ညနေသင်တန်းများကို ညနေတိုင်း ၆ နာရီမှ ၇ နာရီ ၁၅ မိနစ်ထိ သင်ကြားပေးသည်။ မြန်မာဘာသာနှင့် စာပေအတွက် ဒီးဒုတ်ဦးဘချိုက မြန်မာကဗျာနှင့် စတုဓမ္မသာရကိုးခန်းပျို့၊ [illegible]စား ပညာအုပ် ဦးဘိုးစိန်က မြန်မာသဒ္ဒါ၊ ရန်ကုန်တက္ကသိုလ် မြန်မာစာကထိက ဦးဖေမောင်က မင်းဧယန္တမိတ်နှင့် ရှင်[illegible][illegible]များ၊ ရန်ကုန် တက္ကသိုလ် မြန်မာစာကထိကဟောင်း [illegible]က

www.burmeseclassic.com



စိန္တကျော်သူရတုများ၊ ယုဒသန်ကောလိပ် မြန်မာစာကထိက ဦးစိန်ဝင်းက ဦးပုည မေတ္တာစာကို သင်ကြားသည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာကထိက ဦးတိုးအောင်သည် ဘလ္လာတိယမျိုကို သင်ကြားပေးမည်ဟု အချိန်စာရင်းတွင် ဖော်ပြထားသော်လည်း ကျောင်းဖွင့်ဖွင့်ချင်း မလာနိုင်သေးသဖြင့် သူ၏နေရာတွင် ဦးစိန်ဝင်းက ဝင်ရောက်ပြသသည်။

အင်္ဂလိပ်ဘာသာနှင့် စာပေ၊ ဘောဂဗေဒနှင့် ပထဝီဝင် ပညာရပ်များအတွက်လည်း ဆရာများစုံလင်သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်ဘာသာနှင့် စာပေကထိက ဒေါက်တာထင်အောင်၊ မြို့စပယ်အတွင်းရေးမှူး ဦးစိုးညွန့်၊ ဝတ်လုံတော်ရ ဦးကျော်ခင်တို့က အင်္ဂလိပ်ဘာသာနှင့် စာပေကို သင်ကြားပြသသည်။ အင်္ဂလိပ်မြန်မာ ၁၀ တန်း မအောင်သေးသော ကျောင်းသားများအား ဦးဘဂျမ်းက အင်္ဂလိပ်စာသင်ပေးသည်။ ဘောဂဗေဒပညာရပ်များကို မြန်ကြားရေးဝန်ထောက် ဦးလှဘော်၊ ဦးထွန်းရှိန်တို့ကလည်းကောင်း၊ ဘောဂဗေဒဆိုင်ရာ ကုန်သန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ အကြောင်းကို ဦးဘကွန်းကလည်းကောင်း သင်ကြားပေးသည်။ ပထဝီပညာကို ဦးစံရွှေ၊ မြို့စပယ်ပညာရေး အရာရှိ ဦးထွန်းညိုနှင့် ဒေါက်တာထင်အောင်တို့က သင်ပေးသည်။

သင်္ချာပညာ၊ ရာဇဝင်ပညာ၊ သတင်းစာလုပ်ငန်းပညာများကိုလည်း ဆရာများက စိတ်ဝင်စားစွာ ပြသကြ၏။ သင်္ချာပညာကို ရန်ကုန်တက္ကသိုလ် သင်္ချာကထိက ဦးအောင်လှ၊ မြို့မကျောင်းဆရာဟောင်း ဦးဧမောင်၊ မြို့မကျောင်း အထက်တန်းသင်္ချာပြဆရာ



ဦးငွမ်ဟုတ်တို့က သင်ပြသည်။ ရာဇဝင်ပညာကို ဦးသက်တင်၊ သခင်ကိုယ်တော်မှိုင်း အမည်ခံ ဦးလွန်းနှင့် အမျိုးသားပညာဝန် ဦးဖိုးကျားတို့က သင်ပြသည်။ သတင်းစာလုပ်ငန်းပညာကို စနေနေ့တိုင်း ဒီးဒုတ်ဦးဘချိုက သင်ကြားသည်။ တိုင်းရေးပြည်ရာပညာရပ်များကို သင်ကြားပေးရန် အချိန်စာရင်းတွင် ထည့်သွင်းထားသော်လည်း ကျောင်းဖွင့်စဖြစ်၍ ချက်ချင်းမသင်နိုင်ခဲ့ချေ။ အမျိုးသားတက္ကသိုလ်တွင် သင်ကြားမှုနှင့်ပတ်သက်၍ ထူးခြားသောအချက်မှာကား ဘာသာရပ်တိုင်းလောက်ကို မြန်မာဘာသာဖြင့် သင်ပြခြင်းပင် ဖြစ်သည်။ အမျိုးသားတက္ကသိုလ်ဆရာများမှာ ဥာဏ်မှုဇော်အနည်းငယ်ကိုသာ ရရှိပြီး ပရဟိတလုပ်ငန်းသက်သက်သာ ဖြစ်သည်။

၁၉၃၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့မကျောင်း၌ ကျင်းပသော ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေး၌ ဦးသွင်က မျိုးချစ် လေးမျိုးကို ခွဲခြားရှင်းပြ၏။ ထိုမျိုးချစ် လေးမျိုးကို မရှင်းပြမီ အားသုံးမျိုးကို ရှင်းပြသည်။ အားသုံးမျိုးမှာ "ပထမ လူအားဆိုသည်မှာ အမျိုးသားတက္ကသိုလ်ကျောင်းကြီးတွင် မိမိတတ်စွမ်းနိုင်သည့် ဘက်က လူကိုယ်တိုင်အပင်ပန်းခံ၍ ဆောင်ရွက်ခြင်းကိုဆိုလိုသည်။ ဒုတိယ ငွေအားဆိုသည်မှာ အမျိုးသားတက္ကသိုလ်ကျောင်းကြီး အရှည်တည်တံ့ရန်အတွက် ရန်ပုံငွေထည့်ဝင်လှူဒါန်းခြင်းဖြစ်သည်။ တတိယ ဉာဏ်အားဆိုသည်မှာ အမျိုးသားတက္ကသိုလ်ကျောင်းကြီး ကောင်းမွန်အောင် မိမိတို့၏ အကြံဉာဏ်ကို အစဉ်မပြတ်ပေးခြင်းဖြင့် ကူညီရန်ဖြစ်သည်" ဖြစ်ကြသည်။ မျိုးချစ်လေးမျိုးကား

www.burmeseclassic.com

www.burmeseclassic.com



(၁) ဉာဏ်အား၊ ငွေအားနှင့် လူအားဖြင့် အကူအညီပေးသော ပုဂ္ဂိုလ်ကို ပထမတန်းမျိုးချစ်၊ (၂) ဉာဏ်အားနှင့် လူအားဖြင့် အကူအညီပေးသော ပုဂ္ဂိုလ်ကို ဒုတိယတန်းမျိုးချစ်၊ (၃) ငွေအားဖြင့် အကူအညီပေးသောပုဂ္ဂိုလ်ကို တတိယတန်းမျိုးချစ်နှင့် (၄) လူအားဖြင့် အကူအညီပေးသော ပုဂ္ဂိုလ်ကို စတုတ္ထတန်းမျိုးချစ်ဟူ၍ ဖြစ်သည်။

## အခန်း (၁၄)
## အမျိုးသား ကျောင်းဆရာ

"ဝါတာလူးစစ်ပွဲကို အင်္ဂလိပ်တို့သည် အီတန်ကျောင်း ကစားကွင်းကြီး၌ နိုင်သည်ဟု ဆိုရိုးရှိ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးကိုလည်း အမျိုးသားကျောင်းများမှ အနိုင်ရမည်" ဟု ပြောစမှတ်ပြုခဲ့ကြောင်း ထိုစဉ်က အမျိုးသားကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဦးသန့် (နောင်အခါ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်) က ပြောကြားခဲ့ပါ၏။

အမျိုးသားပညာရေးစနစ်သည် မည်မျှပင်ကောင်းမွန်စေကာမူ ဆရာများ မကောင်းပါလျှင် အမျိုးသားပညာရေးစနစ်သည် အောင်မြင်မည်မဟုတ်ချေ။ ဆရာများနှင့်ပတ်သက်၍ အမျိုးသားကျောင်းဆရာကြီး ဦးသန့်က -

မြန်မာတို့သည် အများအားဖြင့် အနောက်နိုင်ငံ၏ အယူအဆဖြစ်သော ဆရာ (သင်ပြသူ) ၏ အဖြစ်ကိုသာ မယူလိုကြ၊ အနန္တော အနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော အာစရိယဟူသော ဝိသေသမျိုးကို ရယူလိုကြသည်။ မိမိတို့၏ တပည့်များသည် မိမိတို့အား ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊



www.burmeseclassic.com

www.burmeseclassic.com



သင်ဖွေးအံ့ရွှတ် ဟူသော တပည့်ဝတ်ငါးပါးနှင့်ပြည့်စုံအောင် ကျင့်ကြံလိုက်နာစေလိုသည်။

မြန်မာတို့သည် ဆရာအား ချစ်ကြောက်ရိုသေကြရမည် ဟူသော ရှေးအစဉ်အလာကို အသည်းစွဲမှတ်ထားကြသည်။ တပည့်တို့၏ အရိုအသေပျေါ့လျော့ခြင်း၊ ဝါရဝတရား ကင်းမဲ့ခြင်း၊ နိဝါတတရား ခေါင်းပါးခြင်း စသည်တို့ကို ဆရာများသည် မနှစ်သက်ကြချေ။ ဤသည်ကား ကျွန်ုပ်တို့၏ အရှေ့တိုင်းယဉ်ကျေးမှုတစ်ရပ်ဖြစ်သော လူကြီးကို လူငယ်က ရိုသေခြင်းအစဉ်အလာနှင့် အနောက်နိုင်ငံ၏ ခေတ်သစ်ထုံးတမ်းတစ်ရပ်ဖြစ်သော လူငယ်တို့ကို ကိုယ်ထင်ရာ ကိုယ်လုပ်နိုင်ခွင့် ပြုရမည်ဟူသော ထုံးတမ်းတို့သည် ဗိလောကန့်လန့်ဖြစ်လျက်နေပေသည်။

မြန်မာကျောင်းဆရာများအနက် အမျိုးသားကျောင်းဆရာများ၏ ထူးခြားသောအချက်များမှာ တိုင်းပြည်ချစ်စိတ်ဓာတ်နှင့် တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံမှုတို့ပင်ဖြစ်သည်။

အမျိုးသား ကျောင်းဆရာများသည် ကျောင်းသားများကို ပညာတော်အောင်၊ အကျင့်စာရိတ္တကောင်းအောင်လောက်သာ ဖျိုးထောင်လုပ်ပေးသည်မဟုတ်၊ နိုင်ငံခေါင်းဆောင်များ ဖြစ်လာအောင်လည်း မွမ်းမံပြုပြင်ပေးသည်။

## အခန်း (၁၅)

## ဆရာကြီးဦးဘလွင်၏ ကျောင်းသားများအတွက် စေတနာတစ်ခု

၁၉၂၈ ခုနှစ်တွင် ကျင်းပသော အမျိုးသားပညာရေးကွန်ဖရင့်၌ မြို့မတိုင်းရင်းသား အထက်တန်းကျောင်းဆရာကြီး ဦးဘလွင်က "အင်္ဂလိပ်မြန်မာ နှစ်ဘာသာ အလယ်တန်းနှင့် အထက်တန်း စာမေးပွဲများကို စစ်ဆေးဖြင်ဆင်သောအဖွဲ့တွင် တိုင်းရင်းသား ပညာရေးအဖွဲ့ချုပ်က ကိုယ်စားလှယ်များပါဝင်စေရန် အစိုးရကို ဤအစည်းအဝေးက တိုက်တွန်းကြောင်း" ဟု အဆိုတင်သွင်းရာ အားလုံးသဘောတူ ဆုံးဖြတ်ကြသည်။ ဤအဆိုနှင့်ပတ်သက်၍ ဦးဘလွင်က ရှင်းလင်းပြောကြားရာတွင် -

စာမေးပွဲများတွင် အောင်သင့် မအောင်သင့် ရွေးချယ်ရန် အဖွဲ့တစ်ဖွဲ့ခန့်အပ်ထားကြောင်း၊ ၁၀ တန်းစာမေးပွဲကို ဆုံးဖြတ်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားသော အဖွဲ့တွင် ငါးဦးပါဝင်ကြောင်း၊ ၁၀ တန်း စာမေးပွဲကို တကယ်အောင်မြင်သည့်တိုင်အောင် အအောင်ပေးနိုင်ကြောင်း၊ ရန်ကုန်မြို့ရှိ ယူနီဗာစီတီကောလိပ်ကျောင်း၊ ဂျပ်ဆင်ကောလိပ်ကျောင်း၊ မန္တလေးမြို့ ကောလိပ်ကျောင်းများတွင်



www.burmeseclassic.com

www.burmeseclassic.com



နေရာရှိသလောက် အအောင်ပေးဟန်တူကြောင်း၊ ဆုံးဖြတ်သည့်အခါလည်း မည်သည့်ကလေးသည် ကောလိပ်သိပ္ပံကျောင်းတွင် ပညာသင်သင့်သည်ဟု ဆုံးဖြတ်ဟန်လက္ခဏာရှိကြောင်း၊ ၎င်းကဲ့သို့ဖြစ်နေသဖြင့် ကျောင်းသားများ၏ နစ်နာချက်များကို ကာကွယ်စောင့်ရှောက်ထိုက်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ပါရှိသည်။

၁၉၂၉ ခုနှစ်တွင် ဗြိတိသျှအစိုးရက စာမေးပွဲနှင့်ပတ်သက်၍ အမျိုးမျိုး အနှောင့်အယှက်ပြုလုပ်ပြန်သည်။ ၁၀ တန်းစာမေးပွဲတွင် နှစ်ခါဖြေဆိုဖူးသူအား ကျောင်းမှထုတ်ပြစ်ရန် ပြဋ္ဌာန်းခဲ့၏။ ဤသို့ ပြဋ္ဌာန်းလိုက်သည်မှာ အပြုံလိုက် အပေါစား စာရေးစာချီများ ရရှိရန် အစိုးရက ရည်ရွယ်ဟန်တူသည်။ ဤကိစ္စနှင့်ပတ်သက်၍ ပြည်သူပြည်သားတို့က ပြင်းပြင်းထန်ထန်ကန့်ကွက်သည်။ ထို့ပြင် အင်္ဂလိပ်မြန်မာ ၇ တန်းကို အသက် ၁၆ နှစ် မပြည့်မီအောင်မှသာ ဆက်လက်သင်ကြားခွင့်ရသည်ဟု ပညာရေးဌာနက ပြဋ္ဌာန်းပြန်သည်။ အသက် ၁၆ နှစ်ကျော်သူများကို ရှစ်တန်းသို့ တက်ခွင့်မပြုချေ။

## အခန်း (၁၆)

## အမြဲ့ အစိမ်း တူညီဝတ်စုံအစ မြို့မက

မြို့မကျောင်းအနေနှင့် နှစ်ပေါင်းများစွာကတည်းကပင် အကျီအဖြူ လုံချည်အစိမ်း ကျောင်းတူညီဝတ်စုံကိုသာ ဝတ်ဆင်စေခဲ့သည်။ အဖြူရောင်သည် ဖြူစင်သန့်ရှင်းစင်ကြယ်၍ သစ္စာသမာဓိရှိသည့်သဘောကို ဆောင်သည်။ အစိမ်းရောင်သည် စိမ်းလန်းစိုပြည်သော မြန်မာ့ဆန်ရေစပါးကို ရည်ရွယ်ခြင်းအသွင်ကို ဆောင်သည်။ အဖြူ အစိမ်း ကျောင်းဝတ်စုံမှာ ဆရာကြီးဦးဘလွင်နှင့် ပန်းကန်စက်ဦးသော်တို့ ချမှတ်ခဲ့သော ဝတ်စုံဖြစ်ပါသည်။

(၁-၇-၁၉၆၂) ရက်နေ့တွင် မြို့မကျောင်း အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဂျီစီဘီအေခေါင်းဆောင်ကြီး သမာဓိမြို့ဝန် ပန်းကန်စက်ဦးသော်က အစိုးရအနေနှင့် တစ်ပြည်လုံးရှိကျောင်းတိုင်း တူညီဝတ်စုံ ဝတ်ဆင်ရေးတွင် မြို့မကျောင်းကဲ့သို့ အကျီအဖြူရောင်နှင့် လုံချည်အစိမ်းရောင်ကိုသာ ဝတ်ဆင်စေရန် စီစဉ်ပေးစေလိုကြောင်း အကြံပေးခဲ့သည့်အတိုင်း ယခုအခါ နိုင်ငံနှင့်အဝန်း ကျောင်းများတွင် မြို့မကျောင်း၏ ဝတ်စုံအတိုင်း အကျီအဖြူရောင် လုံချည်အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်နေကြကြောင်း မြင်တွေ့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## အထက (၃) ဓနုံ၊

## မြို့မအမျိုးသမီးကျောင်းဆိုသည်မှာ

မြို့မမိသားစုအကြောင်းပြောရသော် ထိုမိသားစုအတွင်းမှ နှမငယ်တစ်ယောက်အကြောင်း မပြောပါက အကြောင်းအချက် ပြည့်စုံလှုံလောက်ပြီဟု မဆိုနိုင်ပါ။ ထို့ကြောင့် "မြို့မကျောင်း မောင်နှမ" ဟူသော စကားသုံးတွင်ရှိပြီး အသုံးရှိပြီးဖြစ်သည်နှင့် အညီ မြို့မ အမျိုးသမီးကျောင်း (ရှေးအခေါ် မြို့မတိုင်းရင်းသူ အထက်တန်းကျောင်း) ၏ အကြောင်းကိုလည်း ဤတွင် ထိုက်သည့် အားလျော်စွာ ဖော်ပြပါမည်။

ဤတွင် မြို့မ အမျိုးသမီးကျောင်း၏ အစပထမ တည်ထောင် ခဲ့ပုံကို ဖော်ပြပါအံ့၊ အမျိုးသားကျောင်းများ သပိတ်မှောက်ပြီး မကြာမီ အမျိုးသားကျောင်းများ ဖွင့်နိုင်ခဲ့သော်လည်း အမျိုးသမီး ကျောင်း (မိန်းကလေးကျောင်း) မဖွင့်နိုင်သေးပါ။ အမျိုးသမီး ကျောင်းဟု ခေါ်နိုင်ရုံမျှဖြစ်သော ကျောင်းကို ၁၉၂၁ ခုနှစ်၊ ဖေဖော် ဝါရီ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၊ ၃၂ လမ်း အိမ်တစ်အိမ် အပေါ် ထပ် အခန်းတစ်ခန်းကို ငှားရမ်းပြီး အမျိုးသမီးကျောင်း ဖွင့်နိုင်ခဲ့





ပါသည်။ ထိုကျောင်းဖွင့်ဖြစ်အောင်နှင့် ကျောင်းသူများ သပိတ် မှောက်ဖြစ်အောင် လှုံ့ဆော်သူကား စိန့်မေရီကျောင်းမှ ကျောင်းသူ မစီ (နောင်အခါ မြို့မ အမျိုးသမီးကျောင်း (ဝါ) မြို့မတိုင်းရင်းသူ အထက်တန်းကျောင်းတွင် ထင်ရှားခဲ့ကြသော ဆရာမကြီး ဒေါ်စီ) ဖြစ်ပါသည်။ ၃၂ လမ်း ကျောင်းအုပ်ဆရာမကြီးကား စိန့်မေရီကျောင်းမှ သပိတ်မှောက်ထွက်လာသော ဆရာမကြီး ဒေါ်နှင်းလှိုင်၊ အေဘီအမ်ကျောင်းမှ ဒေါ်လှရွှေ (နောင်အခါ ဦးဖိုးလတ်၏ ဇနီး)၊ မက်သဒစ်ကျောင်းမှ ဒေါ်ခင်ခင်ကြီး၊ ဒေါ်ခင်လေး (နောင်အခါ အရေးပိုင် ဦးဘိုးစ၏ဇနီး၊ စိတ်ပညာ ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၏ မိခင်) တို့က ဦးဆောင် လျက် ဒေါ်မမ ဒေါ်စောရီ ဒေါ်လှရီ ဒေါ်ချစ် (နောင်အခါ မြန်မာ စာအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစံလွင် (ငြိမ်း) ၏ မိခင်)၊ ဒေါ်မြသိန်း၊ ဒေါ်နှင်းမယ်တို့က ဆရာမများအဖြစ် တာဝန်ယူကြပါသည်။ လခတစ်ပြားတစ်ချပ်မျှမယူကြ။ ကျောင်း လခဝင်ငွေမှ စားပွဲ၊ ကုလားထိုင်၊ ကျောက်သင်ပုန်းကြီး စသည်တို့ကို ဝယ်ပြီး စုဆောင်းခဲ့ရသည်။ တစ်ခါတစ်ရံမှသာ ကျောင်းလခဝင်ငွေ မှ စရိတ်စကအဖြစ် တစ်ဆယ်၊ ဆယ့်ငါးကျပ် စသည်ဖြင့် ညီတူ ညီမျှ ခွဲဝေယူကြ၏။ ထိုသို့ဖြစ်ငြားလည်း အဆိုပါမြို့မ ဆရာမများ သည် စာပေပို့ချပေးရသည်ကိုပင် မညည်းမညူ ပင်ပန်းသည်မတွေ့ ပျော်ရွှင်နေကြပါသည်။

၃၂ လမ်းကျောင်းတွင် ကျောင်းတက်နေသူများကား စိန့်မေရီ ကျောင်း အေဘီအမ်ကျောင်းနှင့် အင်္ဂလိပ် မြန်မာ မက်သဒစ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းများမှ သပိတ်မှောက်ထွက်လာသော ကျောင်းသူများဖြစ်ကြသည်။ ကျောင်းဖွင့်စကဆိုသော် သူတို့ကလေးများသည် ကျောင်းပရိဘောဂ လုံးဝမရှိသဖြင့် ဖျာကြမ်းကြီးခင်းပြီး ကြမ်းပေါ်၌ စာသင်ကြရ၏။ ရေခပ်၊ တံမြက်လှည်း၊ အိမ်သာသန့်ရှင်းရေးများကို ဆရာမများကိုယ်တိုင် ပြုလုပ်သည်။

ကျောင်းသူများ ကျောင်းသို့အလွယ်တကူ တက်နိုင်ရန် မာတ်ရထားတစ်စင်းကို ငှားရမ်း၍ သယ်ယူပို့ဆောင်ပေးသည်။ ထိုမာတ်ရထားကို အမျိုးသမီးအသင်းမှ အလှည့်ကျ စောင့်ရှောက်လိုက်ပါပေးသည်။ ကျောင်းသူကလေးများ ဆင်းရဲပင်ပန်းစွာ စာသင်ယူနေကြသည်ကို တွေ့မြင်နေကြရသော ရပ်မိရပ်ဖများဖြစ်သည့် ပွဲစားကြီးဦးဘိုးတက်၊ ဦးဘိုးခိုင်၊ ဦးအောင်ကြီးတို့က အလှူငွေကောက်ခံပြီး ရန်ကုန်မြို့ ကမ်ဘ(ပ်) လမ်း (ယခု စမုံလမ်း) အမှတ် (၂၀) ရှိ နှစ်ထပ်အဆောက်အအုံကို ဝယ်ပေးသဖြင့် ပြောင်းရွှေ့စာသင်ကြရသည်။ ဤသို့ဖြင့် ၁၉၂၂ ခုနှစ်သို့ ရောက်လာသည်။

ထိုအချိန်တွင် အမျိုးသားကျောင်းများကို အမျိုးသားပညာရေးအဖွဲ့ချုပ်က အုပ်ချုပ်နေပြီဖြစ်သည်။ ငွေကြေးချို့တဲ့သော အမျိုးသားကျောင်းများကို အစိုးရအထောက်အပံ့ခံယူလိုက ခံယူနိုင်ခွင့်ရှိလာပြီဖြစ်၍ ဤတွင် ထောက်ပံ့ကြေးယူသင့်၊ မယူသင့် ပြဿနာကြောင့် ကျောင်းအုပ်ချုပ်ရေးကော်မတီများ သဘောကွဲလွဲကြသည်။ မြို့မအမျိုးသမီးကျောင်းကို အုပ်ချုပ်သူများလည်း သဘောကွဲလွဲကြ၏။ လတ်ရှိ ကမ်ဘ(ပ်) လမ်း (ယခုအခေါ် စမုံလမ်း) ရှိ ကျောင်းကို ထိုနှစ်ဖွဲ့ အမွေလုကြသည်။ နောက်ဆုံး၌ အထောက်



အပံ့ယူသူတို့က ထိုကျောင်းကို ထားပစ်ခဲ့ပြီး နေရာသစ်ရှာ၍ ကျောင်းဖွင့်ရပြန်သည်။ အတည်တကျ နေရာမရှိဘဲ တစ်နေရာပြီး တစ်နေရာ ပြောင်းရွှေ့နေကြရသည်။ ၁၉၃၅-၃၆ ခုနှစ်တွင် ဆာဦးသွင်၊ ဦးဘဝင်းနှင့် ဆရာမကြီးဒေါ်စီတို့ ကြီးမှူးပြီး ရန်ပုံငွေ အလှူကပွဲ အကြိမ်ကြိမ်ပြုလုပ်၍ စုဆောင်းထားငွေအပါအဝင် ခုနှစ်သောင်းခန့်တန် တင့်(ခ်)လမ်း (ယခု သံတမန်လမ်း) ရှိ လက်ရှိ တိုက်ခံအဆောက်အအုံကို အစိုးရက ငွေတစ်ဝက်စိုက်ပြီး မြို့မ အမျိုးသမီးကျောင်းအတွက် ဝယ်လိုက်၏။

ထိုအချိန်၌ ကျောင်းလည်းတိုးတက်လျက် ကျောင်းပိုင်မော်တော်ကားဖြင့် ကျောင်းသူများကို ကြိုပို့နိုင်ပြီ။ ယာယီကျောင်းဆောင်သစ် (သွပ်မိုး၊ ထရံကာ) များကိုလည်း ထပ်မံဆောက်လုပ်နိုင်သည်။ ထိုစဉ်က ကျောင်းသူကလေးများ၏ ကျောင်းတူညီဝတ်စုံမှာ ပင်နီချောနှင့် ရွှေတောင်လုံချည် အနီကလေးများဖြစ်၏။ ပင်နီချောကား တိုင်းရင်းဖြစ်ကို အားပေးသည့်သဘောနှင့် ရွှေတောင်လုံချည် အနီရောင်၏သဘောကား ရဲရဲတောက် မျိုးချစ်စိတ်ရှင်၊ အာဇာနည်ကလေးများဟု အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ ကျောင်းအုပ်ဆရာမကြီးသည် မစ္စဝိုက်ဇမ် အင်္ဂလိပ်အမျိုးသမီး (ခွေး လူမျိုး) ကျောင်းဆရာမကြီးဖြစ်သည်။ ကျောင်းအုပ်ဆရာမကြီးသည် ဆရာကြီးဦးဘလွင်နှင့်အတူ ပထမရွေးကောက်သော ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းရေး ကော်မတီအဖွဲ့ဝင် ဖြစ်၏။ မစ္စဝိုက်ဇမ် နောက် ဆရာမကြီး ဒေါ်လှကွန့်က ကျောင်းအုပ်ဆရာမကြီးအဖြစ် ဆောင်ရွက်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၁ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးကြောင့် မြို့မအမျိုးသမီးကျောင်း ပိတ်လိုက်ရသည်။ စစ်အပြီး၌ မြို့မအမျိုးသမီးကျောင်းကို ပြန်မဖွင့်နိုင်သေးပါ။ ထိုကျောင်းတွင် ပြင်ပမှ အိမ်ငှားများရှိနေသော ကြောင့် ဖြစ်သည်။ ထိုစဉ် မြို့မအမျိုးသားကျောင်းကမူ ကျောင်းပြန် ဖွင့်နိုင်လေပြီ။ မြို့မဦးဘလွင်သည် ကျောင်းအုပ်ဆရာကြီး ဦးအေးသွယ်၏ တိုက်တွန်းအားပေးချက်အရ မိန်းကလေးများကို မြို့မယောကျ်ားလေးကျောင်း၌ပင် ဝင်ရောက်ပညာဆည်းပူးစေ သည်။ ထိုသို့ဖြင့် စစ်အပြီး၌ မြို့မအမျိုးသားကျောင်းသည် ကျားနှင့် မ အတူတကွ ပညာသင်ကြားသော (CO EDUCATION) ကျောင်း ဖြစ်လာ၏။ ၁၉၄၅ ခုနှစ်မှ စတင်၍ ထိုသို့သင်ကြားနေခဲ့ပြီး ၁၉၅... ခုနှစ်ရောက်သော် အမျိုးသမီးကျောင်းကို နေရာဟောင်း တင့်... လမ်း (ယခု သံတမန်လမ်း) အမှတ် (၁၄) ၌ ပြန်လည်ဖွင့်လှစ်နိုင် ခဲ့သည်။ ကျောင်းအုပ်ဆရာကြီးကား ဒေါ်တင်တင်စိန်၊ ဒုတိယ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်ခင်ခင်ညွန့်တို့ ဖြစ်ကြသည်။ ... အခါ အဆောက်အအုံများတိုးတက်ကာ စည်ကားနေလေ... ၍ယခု အထက (၃) ဒဂုံ မြို့မအမျိုးသမီးကျောင်း ဖြစ်စဉ်အ... ဖြစ်သည်။

## အခန်း (၁၈)

## မြို့မရဲ့တပ်ဖွဲ့ ဗိုလ်ချုပ်ဦးဘလွင်

ကျောင်းသားအားလုံး စုစည်းမိချိန်တွင် ကျောင်းအုပ် ဆရာကြီး ဦးဘလွင်သော်လည်းကောင်း၊ ဦးစံထွားသော်လည်း ကောင်း၊ သို့မဟုတ် ဦးစံလွင်သော်လည်းကောင်း ထွက်လာပြီး ...SEMBLY HALL ကြီး၏ အလယ်စင်မြင့်ပေါ်သို့ တက်လာသည်။ ...အရေးကြီးသော် စကားများရှိပါက ကျောင်းသားအားလုံးကို ...ကြားပြောဆိုပါသည်။

ဆရာကြီး ဦးဘလွင် လာပြီ၊ စင်မြင့်ပေါ်မှ ကျောင်းသား ...အလုံးကို လှည့်ပတ်ကြည့်ရှုမည်။ ဆရာကြီး၏ မျက်နှာထား ...င်းမာနေသည်ကို မြင်တွေ့ရပါက ကျောင်းသားများနှင့် ...ပ်သက်၍ အရေးကြီးသော ဆုံးမစကား သတိပေးစကား ...ပြောတော့မည်ဆိုသည်ကို ကျောင်းသားတိုင်း သိနေကြပါသည်။

သို့ဖြစ်၍ ဟောကြီးအတွင်းတွင် တန်းစီရပ်နေသော ...ကျောင်းသားများတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေကြသည်။ ...ာ တင်စားပြောရပါလျှင် ထိုအချိန်တွင် အပ်ကျသည်ကိုပင် ...ကြားရမည်ဖြစ်သည်။ အချိန်အနည်းငယ်မျှ လှည့်ပတ်ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျောင်းသားများအားလုံးကို မိမိပြောကြားလိုသော ဆုံးမစကား
သတိပေးစကားများ ပြောကြားပြီးအဆုံးတွင် အမျိုးသားသီချင်းကို
ဆိုနိုင်းပါသည်။

ဤအချိန်တွင် ကျောင်းသားများအားလုံး အတန်းပိုင်ဆရာ
များအားလုံး၊ အတန်းပိုင်ဆရာမများ အားလုံးနှင့်တကွ ဆရာကြီးပါ
ကမ္ဘာမကြေ ဗမာတွေ အစချီသော အမျိုးသားသီချင်းကို သီဆို
ကြရသည်။ သီချင်းဆိုပြီးသည်နှင့် အတန်းအသီးသီးမှ ကျောင်းသား
အသီးသီးတို့သည် မိမိတို့အတန်းရှိရာသို့ ပြန်သွားကြရသည်။

အတန်းတွင်ရောက်ရှိသည့်အခါ အတန်းပိုင်ဆရာသည် မိမိ
အတန်းမှ ကျောင်းသားများ သိရှိနားလည်ရန် ဆရာကြီး၏ ဆုံး
သတိပေးစကားကို ပြန်လည်ပြောပြတတ်သည်။ ကျောင်းသားများ
အားလုံး အတန်းအသီးသီးသို့ရောက်ရှိပြီး မိမိနေရာတွင် ထိုင်
လောက်ချိန်တွင် ကျောင်း၏ဗဟို ကျောင်းရုံးခန်းရှေ့ရှိ မောင်းကြီး
ကို သုံးကြိမ်ထုပေးပါသည်။

မောင်းသံကြားပြီးနှင့်တစ်ပြိုင်နက် ဘုရား၊ တရား၊ သံဃာ
တည်းဟူသော ရတနာ့မြတ်သုံးပါးကို ရှိခိုးပူဇော်သော ဗုဒ္ဓံ ပူဇေမိ
ဓမ္မံပူဇေမိ သံဃံပူဇေမိ ဆိုသော သရဏဂုဏ် ရွတ်ဆိုပူဇော်သံ
သည် ကျောင်းတစ်ကျောင်းလုံးဟိန်းလျက် ကျောင်းပတ်ဝန်းကျင်
တစ်ခုလုံးမှ ကြားရမည်ဖြစ်ပါသည်။

ဤသည်ကား ကျောင်းကြီး၏ နေ့စဉ်ပြုနေကြ အလုပ်များ
ဖြစ်သည်။ ထိုကဲ့သို့ ကျောင်းကြီးမှ ဆရာကြီးများ အဆက်ဆက်
သည် မိမိကျောင်းမှ ပညာရည်နို့သောက်စို့လာသော ကျောင်းသား



းကို ဘာသာတရား ကိုင်းရှိုင်းစေခြင်း၊ အမျိုးသားရေးစိတ်ဓာတ်
ာက်ကြွရှင်သန်နေစေရေး၊ စည်းလုံးညီညွတ်မှုရှိစေရေး၊ အထက်မှ
ပေးအပ်သောတာဝန်ကို ကျေပွန်စေရေး၊ အဆင့်ဆင့် ဆုံးမ
သတိပေးချက်ကို လိုက်နာစေရေးတို့ကို မူလတန်းကျောင်းသား
ယ်များမှစ၍ အထက်တန်း ကျောင်းသားကြီးများတိုင် နေ့စဉ်
င်ကြားပေးသော ကျောင်းကြီးဖြစ်သည်။

ထို့ကြောင့်လည်း ကျောင်းကြီး၏ကျေးဇူး၊ ကျောင်းကြီး၏
က်တို့ကို ယခုအချိန်အထိ ကျောင်းမှခွဲခဲ့ရသော နှစ်ပေါင်းများစွာ
ာသည့်တိုင် သတိရဂုဏ်ယူလျက်ရှိနေသည်။

အမျိုးသားရေးကို ရှေးရှုသောကျောင်းကြီး၏ ဆောင်ရွက်
က်တစ်ချက်ကို ပြန်လည်အမှတ်ရပါသေးသည်။ နှစ်စဉ်
မျိုးသားအောင်ပွဲနေ့ဖြစ်သော တန်ဆောင်မုန်းလဆုတ် (၁၀)
်နေ့တွင် ကျောင်းပိတ်ခြင်း၊ ရုံးပိတ်ခြင်း၊ စီတန်းလှည့်လည်ပွဲများ
ုပ်ခြင်းများ ရှိခဲ့ပါသည်။

နှစ်စဉ် အမျိုးသားအောင်ပွဲစီတန်းလှည့်လည်ပွဲသို့ ဦးမောင်
ိုး၏ရဲတပ်ဖွဲ့နှင့် ပူးပေါင်းလှည့်လည်ခဲ့ရသည်။ တစ်နှစ်တွင် မြို့မ
တပ်ဖွဲ့ကိုဖွဲ့၍ သီးခြားစီတန်းလှည့်လည်မည်ဖြစ်ကြောင်း ကျောင်း
းတိုင်း ပါဝင်နိုင်အောင် ကြိုးပမ်းကြရန် ပြောကြားလာသည်။

ထို့ကြောင့် အမျိုးသားအောင်ပွဲနေ့ စီတန်းလှည့်လည်ရန်
တွက် လိုက်ပါလှည့်လည်လိုသော ကျောင်းသားများကို ညနေ
း (Drill) ဆရာဦးဘသောင်း (နောင်တွင် ဘောလုံးဒိုင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လူသိများသည်။ ထို့နောက် ကျောင်းဆရာပြန်လုပ်ကြောင်း သိရသည်။) က နည်းပေး၍ သင်ကြားရသည်။

အမျိုးသားနေ့ စီတန်းလှည့်လည်ပွဲတွင် မြို့မကျောင်းမှ မြို့မရဲတပ်ဖွဲ့၏ (Uniform) တူညီဝတ်စုံသည် တစ်မူထူးခြားသည်ကို တွေ့ကြရသည်။ ကြားမိသရွေ့ဖော်ပြရသော် ဦးခေါင်းတွင်ဆောင်ရန် အခြားသော နိုင်ငံခြားဖြစ် ဦးထုပ်များကိုမဆောင်းဘဲ ဖော့ဦးထုပ်ပုံမြို့လုပ်ထားသော ဝါးဖတ်ဦးထုပ် ရှမ်းလက်တို့အဖြူ နှင့် ဘောင်းဘီတိုအစိမ်းတို့ ဖြစ်သည်။ ခြေအိတ်နှင့် ဖိနပ်ကိုမူ သတိမထားမိတော့ပါ။ သို့သော် သိရှိနေသည်မှာ ကြိုးစည်းအဝတ် ဖိနပ် ခြေအိတ်ဖြူ ဟုထင်ပါသည်။

စုရပ်မှာ မြို့မကျောင်းတွင်ဖြစ်ပြီး စီရပ်မှာ သခင်မြပန်းခြံတွင် ဖြစ်သည်။ ဤစီတန်းပွဲကို ဆရာကြီးဦးဘလွင်ကိုယ်တိုင် တူညီဝတ်စုံဝတ်လျက်တက်သည်။ စီတန်းပွဲမလှည့်မီ ဆရာကြီးသည် စင်မြင့်ပေါ်မှနေ၍ အမှာစကားပြောကြားသည်။ အတန်းတိုင်းမှ ဆရာများသည် မိမိတို့အတန်းထိပ်မှနေ၍ တပ်စုမှူးများကဲ့သို့ တာဝန်ယူကြီးကြပ်လိုက်ပါရသည်။

အလုံပန်းခြံတွင်ပါဝင်သော အဖွဲ့အစည်းများမှာ ဦးမောင် ၏ ရဲတပ်ဖွဲ့၊ မြို့မကျောင်းမှရဲတပ်ဖွဲ့အပြင် အခြားသော အဖွဲ့အစည်းများပါရှိသည်။ နံနက် (၆) နာရီခန့်တွင် ပန်းခြံတွင်းနေရာယူပြီး တန်းစီပြီးဖြစ်သည်။ အဖွဲ့အစည်းအသီးသီးမှ အကြီးအကဲများ မိန့်ခွန်းပြောကြားကြသည်။ မြို့မတပ်ဖွဲ့၏ဗိုလ်ချုပ် ဆရာကြီးဦးဘလွင်ဖြစ်၍ သူလည်း မိန့်ခွန်းပြောကြားသည်။



ထို့နောက် အဖွဲ့အစည်းအသီးသီးတို့သည် အလုံပန်းခြံ ယခု (သခင်မြပန်းခြံ) မှ စတင်ထွက်ခွာပြီး ကန်နားလမ်းအတိုင်း အရှေ့ဘက်သို့ စီတန်းလှည့်လည်သည်ကို ပြည်သူပရိသတ်အများတို့ကလည်း အားပေးကြသည်။ ကြည့်ရှုကြသည်။ ကြွေးကြော်ကြသည်။ ကျွေးမွေးကြသည်။ ရေခဲရေ ရှာလပတ်ရည်များ တိုက်ကျွေးကြသည်။

ထိုသို့ ပြည်သူများ ကျွေးမွေးတိုက်ကျွေးကြသည်များကို အားလုံးသော ရဲတပ်ဖွဲ့များသည် စည်းကမ်းတကျ လမ်းလျှောက်ရင်းသာ သောက်သုံးသွားကြသည်။ အတန်းမှဖျက်ပြီး အပြင်ထွက်၍သောက်သူများ မရှိကြပါ။

ယင်းသို့ စည်းကမ်းတကျဖြစ်အောင်လည်း အဖွဲ့အစည်းအသီးသီးမှ အကြီးအကဲများက သင်ကြားညွှန်ပြထားခြင်းဖြစ်မည်။ မြို့မရဲတပ်ဖွဲ့ကြီးကို စီတန်းလှည့်လည်ရန်အတွက် ဘယ်ညာပြင်ခြင်းမှစ၍ သင်ကြားပေးခဲ့သော ဆရာဦးဘသောင်း၊ ဆရာဦးမှိုး (ဂျပန်ခေတ်တွင်း တပ်မတော်တွင် တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားသည်ဟု သိရသည်။) စသော သင်ကြားပေးသော ဆရာများ၏ ကြပ်မတ်မှု၊ ကျောင်းအုပ်ကြီး ဦးဘလွင်၏ စည်းကမ်းရှိကြစေရန် မိန့်ခွန်းတွင်ထည့်သွင်း ပြောကြားခြင်းတို့ကြောင့် မြို့မရဲတပ်ဖွဲ့ကြီးသည် စည်းကမ်းစနစ်ကျနစွာဖြင့် စီတန်းလှည့်လည်ခဲ့ပါသည်။

"ဝါတာလူးစစ်ပွဲကို အင်္ဂလိပ်တို့သည် အီတန်ကျောင်းကစားကွင်းကြီး၌ နိုင်သည်ဟု ဆိုရိုးရှိ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အမျိုးသားကျောင်းများမှ အနိုင်ရမည်" ဟု ပြောစမှတ်ပြု ခဲ့ကြောင်း၊ ထိုစဉ်က အမျိုးသားကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ သော ဦးသန့် (နောင်အခါ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်း ရေးမှူးချုပ်) က ပြောကြားခဲ့ပါ၏။

## အခန်း (၁၉)
## အမျိုးသားကျောင်းကြောင့် ခေတ်စမ်းစာပေပေါ်ပေါက်လာခြင်း

အမျိုးသားကျောင်းများတွင် မြန်မာစာပေကို ဦးစားပေး င်ကြားခြင်းကြောင့် မြန်မာစာသည် တက္ကသိုလ်ကျောင်းများထိ တက်ကျယ်ပြန့်လာခဲ့သည်။ ရန်ကုန်မြို့မကျောင်းတွင် ဦးပုည သင်းတစ်သင်း တည်ထောင်သကဲ့သို့ အခြားသော အမျိုးသား ကျောင်းများတွင် အလားတူအသင်းများ တည်ထောင်ကြ၏။ ္ကသိုလ်တွင် မြန်မာစာပေအသင်းဟူ၍ တည်ထောင်လာကြ၏။ မာစာပေဂုဏ်ထူးတန်းကိုလည်း တက္ကသိုလ်တွင် ဖွင့်လှစ်သင် လာ၏။ အသင်းအဖွဲ့များတွင် ရှေးအခါက အင်္ဂလိပ်ဘာသာ ပြောကြားသော်လည်း ယခုအခါတွင် မြန်မာဘာသာဖြင့် ဆိုလာ၏။ တက္ကသိုလ်တွင် ပါမောက္ခ ဦးဖေမောင်တင် ဆောင်၍ ရှေးဟောင်းမြန်မာစာပေများကို ဖော်ထုတ်ခဲ့၏။ ထို့ပြင် ခေတ်စမ်းစာပေ" လှုပ်ရှားမှုလည်း တက္ကသိုလ်တွင် ပေါ်ပေါက် ၏။ "ခေတ်စမ်းစာပေ" လှုပ်ရှားမှုတွင် ထင်ရှားသော ကလောင် များမှာ ဆရာကြီးသိပ္ပံမောင်ဝ၊ ဆရာကြီးဇော်ဂျီ၊ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်သန့်စင်၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီးမောင်ထင်
ဆရာကြီး တက်အုန်းကြီးသိန်းဖေ တို့ဖြစ်ကြ၏။ တက္ကသိုလ်တွ
မြန်မာစာပေကို မဟာဝိဇ္ဇာတန်းအထိ သင်ကြားခွင့်ရလာ၏
ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီကပင် တက္ကသိုလ်၌ အင်္ဂလိပ်ဘာသာ
အပ အခြားဘာသာများကို မြန်မာဘာသာဖြင့် သင်ကြားနိုင်ရ
ကြီးစားလာကြသည်။

## အခန်း (၂၀)

## အမျိုးသားကျောင်းများနှင့် ဘာသာရေး

မြို့မအမျိုးသားကျောင်းတွင် ဗုဒ္ဓဘာသာစာပေများကို
ခြခံ၍ ကျောင်းသားများ၏ ကိုယ်ကျင့်တရားကို မွမ်းမံပေး
ည်။ သပိတ်ကျောင်းသားတို့သည် သပိတ်မမှောက်မီ အင်္ဂလိပ်
ာင်းသားများဖြစ်သည့်အားလျော်စွာ ဘုရား၊ တရား၊ သံဃာ
သည့် ရတနာသုံးပါးနှင့် အတော်ကင်းဝေးခဲ့၏။ အမျိုးသား
ာင်းများ ပေါ်လာပြီးမှသာ ကျောင်းသားတို့သည် ရတနာသုံးပါး
များစွာနီးစပ်လာ၏။ ကျောင်းသားများသပိတ်နှင့် အမျိုးသား
ာင်းများသည် ဗုဒ္ဓဘာသာနှင့် ဆက်စပ်ယှက်နွယ်လျက်ရှိ၏။
ိတ်မှောက်သည်ဟု သစ္စာပြုသော ကျောင်းသားခေါင်းဆောင်
)ဦးတို့ စတင်စည်းဝေးရာနေရာမှာ ရွှေတိဂုံစေတီတော် စနေ
ာင့်တွင်ဖြစ်သည်။ သပိတ်မှောက်ကြရန် ကျောင်းသားထု
ဝေးရာနေရာကား ဗဟန်းရှိ ဦးအရိယ ကျောင်းတိုက်ဖြစ်၏။
သပိတ်စခန်းနေရာကား ဦးအရိယကျောင်းတိုက်ပင် ဖြစ်၏။
န်မှအပ မြန်မာပြည်တစ်ဝှမ်းလုံး ကျောင်းသားများ သပိတ်
ရာ နေရာမှာကား ဘုရား၊ တန်ဆောင်း၊ ကျောင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ၁၉၂၀, ပြည့်နှစ် မြို့မအမျိုးသားကျောင်းစတင် တည်ထောင် သော အခါတွင်လည်း ဘုရား၊ တန်ဆောင်းများ၌ပင် စတင် တည်ထောင်လာ၏။ အမျိုးသားကောလိပ်ကိုလည်း ဦးအရိယ ကျောင်းတိုက်၌ပင် ဖွင့်လှစ်တည်ထောင်ခဲ့၏။

အမျိုးသားကျောင်းများ စတင်တည်ထောင်စဉ်က ဗုဒ္ဓဘာသ စာပေများကို အခြေခံထားပြီး သင်ကြားမှုနှင့်ပတ်သက်၍ အစိုး က ပစ်ပစ်ခါခါဖြစ်တင်ရှုတ်ချခဲ့သော်လည်း ၁၉၂၈ ခုနှစ်တွင် အစိုး က အမျိုးသားကျောင်းများတွင် ဗုဒ္ဓဘာသာသင်ခန်းစာမျ သင်ကြားမှုကို ချီးကျူးလာရ၏။ ၁၉၂၈ ခုနှစ်တွင် တိုင်းပြည်အ အနေသည် ရေနွေးဆူသလို ဆူလာခဲ့၏။ ဤသို့ ဆူပူလာသည် ဘာသာရေး သင်ကြားမှုမရှိသောကြောင့် တိုင်းသူပြည်သားမျ အကျင့်စာရိတ္တပျက်ပြားလာသည်ဟု အစိုးရကမှတ်ချက်ချ သို့ဖြစ်၍ အစိုးရက ၁၉၂၈ ခုနှစ်၊ အောက်တိုဘာလတွင် ဘာသာ သင်ကြားရေးဆိုင်ရာ ကော်မတီတစ်ခုကို ခန့်ထားခဲ့ ထိုကော်မတီသည် ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ နံ ၁၁ နာရီအချိန်နှင့် ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့များ ပညာရေး ဝန်ကြီးရုံး၌ အစည်းအဝေး ကျင်းပလေသ ဤအစည်းအဝေးများသည် ကျောင်းများတွင် ဗုဒ္ဓဘာသာ သင် စာများ သင်ကြားရေးကို အားပေးသော စည်းဝေးပွဲများပင် ဖြစ်သ

အမျိုးသားပညာရေး စတင်ပေါ်လာသည့်အချိန်မှစ၍ အမျိုးသားကျောင်းဆရာများသည် အမျိုးသားကျောင်း ကျောင်းသားများအား နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ တော်



ရေးစိတ်ဓာတ်၊ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်၊ အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်တိုးမြှင့်ပေးလိုသောစိတ်ဓာတ်၊ ကျီးကိုဘုတ်ရှိသော၊ ဘုတ်ကိုကျီးရှိသသကဲ့သို့ ဂါရဝတရား ထားလို သောစိတ်ဓာတ်၊ မိမိကိုယ်ကို မိမိလေးစားလိုသောစိတ်ဓာတ်၊ အတ္တဟိအတ္တနောနာထောဆိုသော မိမိကိုယ်ကို မိမိအားကိုးလို သောစိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်၊ တိုင်းပြည်အတွက် ယ်ကျိုးစွန့်လိုသော စိတ်ဓာတ်၊ တရားမျှတမှုကို လိုလားသော တ်ဓာတ် အစရှိသည့် စိတ်ဓာတ်မျိုးကို သွင်းပေး၏။ ထိုသို့ င်းပေးသောကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲအတွက် မြုတေအမာခံ စိတ်ဓာတ်များသည် အမျိုးသားကျောင်းများ၏ တ်အစဉ်ဝယ် ငြိမ့်ဝင်လာခဲ့ပေသည်။ အမျိုးသားကျောင်းများတွင် အမြုတေစိတ်ဓာတ်များကို အခြေခံ၍ လွတ်လပ်ရေးတိုက်ပွဲ ခေါင်းဆောင်များ အာဇာနည်များ ဖြစ်လာအောင် အမျိုးသား ကျောင်းသားများကို လေ့ကျင့်ပေးခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

## ဆရာကြီးဦးဘလွင်နှင့် အမျိုးသားအောင်ပွဲနေ့

၁၉၃၁ ခုနှစ်၊ အမျိုးသားအောင်ပွဲနေ့ (ဒီဇင်ဘာလ ၄ ရက်
ကို ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြသည်
အမျိုးသားအောင်ပွဲနေ့ နံနက် ၆ နာရီ ၄၅ မိနစ်အချိန်သည်
ရန်ကုန်မြို့တစ်မြို့လုံး အိပ်ရာမှနိုးကာစဖြစ်သော အချိန်ဖြစ်သေ
လည်း လုံချည်စိမ်းဆင်တူနှင့် ပင်နီ ပင်မြူဝတ်ဆင်ထားသော မြို
ကျောင်းသားများသည် ပထမခေါင်းလောင်းတီးသံ ကြားသည်
တစ်ပြိုင်နက် မြို့မကျောင်းရှေ့အောင်လံ ထူထောင်သည့်နေရာ
စုဝေးကြသည်။ ၆ နာရီ ၅၅ မိနစ်တွင် ဒုတိယခေါင်းလောင်း
သောအခါ ကျောင်းသားများသည် အလံကို အလေးပြုသောအ
ဖြင့် ဆိတ်ငြိမ်စွာနေကြ၏။ ထိုအခါ ကျောင်းဆရာကြီး ဦးဘလွင်
ကျောင်းသားများဘက်သို့လှည့်၍ "သည်နေ့ကြီးဟာ အမျိုးသ
အောင်လံကို ထူထောင်တဲ့နေ့ဖြစ်တယ်။ အောင်လံကို ဂုဏ်ပြု
ဟု အမိန့်ပေးလိုက်၏။ ထိုအခါ မြို့မတိုင်းရင်းသား ကျောင်းသ
များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှရွှေက အောင်လံကိုဖြန့်ချလိုက်
ထို့နောက် ဆရာကြီး ဦးတင်တ "အမျိုးသားအလံတော်ကို အလေး





ဟု အမိန့်ပေးလိုက်သောအခါ ကျောင်းသားများသည် ဆိတ်ငြိမ်စွာ နေကြမြဲသည်။ ထို့နောက် တူရိယာအဖွဲ့က တီးမှုတ်သည့်အခါ "ကမ္ဘာမကြေ၊ ဗမာတွေ၊ ဒါတို့မြေ၊ ဒါတို့မြေ၊ ဒါငါ တို့မြေ" ဟူသော သီချင်းကို တစ်ပြိုင်နက် သီဆိုကြ၏။

ကျောင်းသားများသည် စည်တော်တီးရွှမ်း၍ ရွှေတိဂုံ ဘုန်းတော်ဘက်သို့ စီတန်းသွားကြသည်။ စည်တော်သံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရွှေမောရာ မြန်ကနက်တွင်ဖြင့်၊ သမ္မာတက်ချိန်မို့ နိမိတ်ယူ၊
သာသနာဘာသာကြီးကို ချီမြှင့်လို့ကူ၊ အောင်လံထူ မြို့မနော်
သီတဂူသို့၊ မြန်ဇမ္ဗူတစ်ဆူကျွန်းဝယ် ထွန်းပ စေသား။
တစ်လောကာ ဩဘာနှုန်းနိုင်တဲ့၊ တန်ဆောင်မုန်းကွဲ
ဆုတ်ရက်ဝယ်၊ ထောင့်နှစ်ရာရှစ်ဆယ်ညွှန်းတယ် စွန်းနှစ်
နှစ်ကာယ်၊ ရက်တစ်ဆယ် သပိတ်ကို ကိုယ်စီလွယ်လို့၊
မြန်မြည်နည်း ကြံစည်မြောက်တယ်၊ အံ့လောက်မခန်း။
ရွှေကျောင်းတော် ခေါင်အညွန့်ဝေမို့ ရောင်ကွန့်လို့ဝေဖြာ၊
မြို့မနော် အမည်ကြားလျှင် လ အားရဖွယ်သာ၊ ကြေကမ္ဘာ
ဥဒါန်းငယ် အရှည်ကြာလို့၊ မြည်မြန်မာ ဂုဏ်သိန်ဖြိုးအောင်
ကြိုးဆောင်မဲ့သား။
တိုင်းရင်းနော် မြန်မာဖြစ်ကိုလ ကြည်ချစ်ကြစို့ တို့တစ်တွေ၊
မြစိမ်းရောင် လုံချည်များငယ်နှင့် အားသစ်ကြစေ၊ ပညာကို
ဘွေ မင်္ဂလာအသရေနှင့် ကမ္ဘာကြေ၊ အံ့မဆုံးအောင်
ထုံးမြောင်ဖို့လေး။

www.burmeseclassic.com

www.burmeseclassic.com



၃။ လက်ရုံးရည်အင် ဗလငယ်နှင့် သွင်ရှုပထူးအောင်၊ တို့တစ်
ယခုကြီးပါမှ တိုးသစ် လိမ်နှောင်၊ မြန်ပြည်ဘောင် ရွှေရေ
ချိန်ခါဆောင်လို့ ထိန်ထိန်ပြောင်စွမ်းဂုဏ် ကိုးပါ
မျိုးမြန်မာ့များ။

၆။ ဂုဏ်နှန်ဆောင် မြန်မာကလေးတွေတို့ ဇာတိသွေးရယ်နှ
ဇာတိမာန်နှင့်၊ ရွှေနန်းတော် ပလ္လင်ထီးငယ်နှင့် စည်ကြီးနှ
တန်၊ မျိုးရိုးနွယ် သမ္မာလျှံလို့၊ မကြာမြန် အခြေထူးအော
မြူးပွင့်မဲ့ပန်း။

၇။ ကပ္ပဋ္ဌ တင်တထုံးငယ်နှင့် ကမ္ဘာလုံးကျက်သရေ မြို့မ
ကျောင်းများထီးကိုလ ချီးမြှင့်ကြစေ၊ တက်သစ်စ
ကောင်းကင်မှာတဝေဝေသို့ ခြေအနေစုံညီဖြိုးတယ် တိုးတက်
ကျောင်း။

၈။ ထိမထင်ကျောင်းတော်သားပေမို့ တအားကွဲ တက်စ
တို့ဗမာ ချစ်သွေးနှောင် ညီအညာနှင့်၊ ပြည်မြန်
လွတ်အောင်ခဲမယ်၊ စွဲစိတ်ကထား။

ရွှေတိဂုံစေတီတော်ဘက်သို့ စီတန်းသွားရာတွင် အချို့တလည်
သံချပ်ထိုးကြ၏။ အချို့တလည်း မြို့မကျောင်းသီချင်းကို ဆိုကြ
ကျောင်းသားများထိုးသည့် သံချပ်များမှာ အောက်ပါအတိုင်
ဖြစ်သည်။



## ကျောင်းအဖွဲ့ သံချပ်များ

မိုး၊ မိုး၊ မိုးလားမောင်တို့
လေ၊ လေ၊ လေလား မောင်တို့၊
မြို့မကျောင်းကြီး ကျက်သရေ
ကမ္ဘာသခ်ျေပြောလို့မဆုံး၊
ကျောင်းတော်ပြီးလို့ လွန်စွာကျယ်၊
ဝံသာအနွယ်ကောင်းဖို့ပါပဲ၊
တိုက်ကျောင်းသစ်နှင့် ကျက်သရေဆောင်
တက်နေအရောင်ထွန်းတဲ့ ကျောင်းကြီး၊
ဆရာကြီးကွဲ့ ဦးဘလွင်
အထူး - စထွင်ဆောက်တဲ့ကျောင်းဗျ၊
မြို့မကျောင်းနှင့် ဂုဏ်ထူးဆောင်
မကြုံဖူးအောင်ထူးတဲ့ ကျောင်းပဲ၊
ရှိုင်းပင်းကြပါမျိုးမြန်မာ၊
တန်ခိုးပါဝါ ရှိဖို့ပါပဲ၊
ဝံသာနုနှင့် ရက်ခွဲတာ
စိတ်ကျေနပ်စွာစောင့်တဲ့ ကျောင်းသား။
လုံ့ချည်စိမ်းနှင့် ပင်နီဖြူ
ရွှေပြည်တော်သူ ကြိုက်တဲ့ဆင်ပဲ၊
တိုက်ကျောင်းဖွင့်တဲ့ နေ့ရှင်နယ်
ဖွေသင်တကယ်ကောင်းတဲ့ ကျောင်းကြီး။

www.burmeseclassic.com



## အောင်ပွဲနေ့အတွဲ့ သံချပ်

တန်ဆောင်မုန်းကွယ့် သည်လဝယ်
ညီစွာတကယ်မှောက်ခဲ့ သပိတ်၊
လဆုတ် ပက္ခံဆယ်ရက်စော၌
မြန်ပြည်ပေါ်မှာထူးတဲ့နေ့ပဲ၊
တစ်နှစ်ကူးလို့ တစ်နှစ်ကျော်
ဆယ့်တစ်ကြိမ်နောက်မြောက်တဲ့ နေ့ထူး၊
လူငယ်အများ ကြိုးစားပေ
မျိုးသားကျောင်းတွေမွေးတဲ့နေ့ကြီး၊
ဇာတိသွေးနှင့် ဇာတိမာန်
စိတ်အားထက်သန် ကျောင်းတော်သားဗျ၊
မြန်မာမျိုးတို့ ညီညွတ်အင်
ကျောချင်းယှဉ်ကာ မြဲကြတော့သား၊
တို့ဗမာဟုအသရေပြောင်
ကမ္ဘာကြေအောင်ပြောဖို့ ဥဒါန်း၊
ခေတ်သစ်ပြောင်းလို့ ခေတ်ဟောင်းသွေ
တို့လူငယ်တွေ ကြိုးစားကြစို့၊
နေ့ထူးနေ့မြတ် ဤအခါ
ပြည်ကမ္ဘာက သိဖို့ပါပဲ၊
လွတ်လပ်ရေးကို ကြိုးစားဆောင်
မျိုးသားဂုဏ်ရောင် တောက်ပစေသား၊
အမျိုးသားနှင့် သာသနာ



ဘာသာပညာထွန်းဖို့ပေပဲ၊
သခင်စိတ်နှင့် တက်လမ်းရည်
ထက်တန်းမြန်ပြည်ရောက်ဖို့အရေး
တို့ရွာ၊ တို့ပြည်တို့တစ်တွေ
ချစ်စေခင်စေရှိကြစေသောဝ်၊
စာမရိသွေးမို့ လက်ရုံးထောင်
သက်ဆုံးတိုင်အောင် ဆောင်ကြစေသား၊
ဟောလာ . . . မောင်ရို့ . . . ဝါး . . . ။

မြို့မကျောင်းသားများက အောင်လံကိုလွင့်ထူသည့် အချိန်မှာ လုံချည်အစိမ်း၊ အကျီအဖြူ ဆင်တူဝတ်ဆင်ထားသော ရန်ကုန်မြို့လုံးကျွတ် ရဲအဖွဲ့ဝင်များသည် မိုင်ဒါကွင်းပြင်ကြီးတွင် စုဝေးကြ၏။ ထိုရဲအဖွဲ့တွင် "ရဲညွှန့်" ခေါ် လူငယ်ကလေးများလည်း ပါဝင်သည်။ မိုင်ဒါကွင်းကြီးတွင် ရဲအဖွဲ့က ဘင်ခရာများတီးမှုတ်၍ အမျိုးသားအောင်လံကို လွှင့်ထူ၏။ ဗိုလ်မှူးများက အမိန့်ပေးသောအခါ ရဲတပ်သားများက အလံတော်ကို အလေးပြုကြ၏။ ထို့နောက် ရဲတပ်များသည် ရွှေတိဂုံစေတီတော်ပေါ်သို့ အရှစ်လေးမျက်နှာ ၄ တပ်ခွဲ၍ ချီတက်ကြ၏။ ရဲတပ်များကို ဗိုလ်မှူးထွန်းတင်နှင့် ဗိုလ်မှူးဘသာတို့က အမိန့်ပေးသည်။ မြို့မကျောင်းသားများသည် ကျိုက်ထီးရိုးစေတီပုံတော် တည်ရာဆောင်တွင် ဘုရားဝတ်ပြုပြီးလျှင် ဆုတောင်းကြ၏။ ကုန်းတော်ပေါ်တွင် ဗဟိုအရှက်အသင်းများက ကြံ့ရည်တိုက်၏။ မြို့မကျောင်းသားများသည် ကုန်းတော်ပေါ်မှ ဆင်းလာကြသည်။ တစ်ဖန် မြို့မကျောင်းသားများအား အစိုးရအထက်တန်းကျောင်းသားများက

www.burmeseclassic.com

www.burmeseclassic.com



ညှိခံကျွေးမွေးကြသေးသည်။ မြို့မကျောင်းသူများသည် ကျောင်းအလှူပွဲအတွက် အလုပ်များနေသဖြင့် ကျောင်းသားများနှင့်အတူ ကုန်းတော်ပေါ်သို့ မချီတက်နိုင်ခဲ့ချေ။

အခြားကျောင်းများကလည်း အမျိုးသားအောင်ပွဲနေ့တွင် ပါဝင်ကြသည်။ အမျိုးသားအောင်ပွဲတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂကလည်း တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြသည်။ အမျိုးသားအောင်ပွဲနေ့ညတွင် မြို့မကျောင်း၌ ဆုနှင်းသဘင်ကျင်းပသည်။ မြို့မကျောင်းသစ်ကို အလယ်တောရဆရာတော်က ဖွင့်လှစ်ပြီးနောက် ဆာဘိုးသာက နာယကပြု၍ ဆုနှင်းသဘင်ကျင်းပရာ လေဒီသာက ဆုရသော ကျောင်းသားများကို ဆုပေးသည်။ ထိုနေ့ညတွင် ဂျူဗလီဟော၌ မြို့မတိုင်းရင်းသူကျောင်းအဆောက်အအုံအတွက် အလှူပွဲကပြသဖြင့် အလှူပွဲ၌ ပရိသတ်များစွာ လာရောက်အားပေးကြသည်။ မြို့မကျောင်းတွင် ဓာတ်မီး၊ မီးပုံး၊ ဖယောင်းတိုင်များ လှပတင့်တယ်စွာ ဆင်ယင်ထွန်းညှိထားသည်။ အနယ်နယ်အရပ်ရပ်တွင်လည်း အမျိုးသားအောင်ပွဲကို စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြသည်။

အမျိုးသားအောင်ပွဲနေ့ ည ၈ နာရီအချိန်တွင် မြို့မကျောင်းသားဟောင်းအသင်းက ထမင်းစားပွဲ ကျင်းပသည်။ ထမင်းစားပွဲဖို့ ဖိတ်ကြားသော ပရိသတ် ၃၀၀ ကျော် တက်ရောက်၏။ ပရိသတ်များအနက် ဆရာဝန်ကြီး ဦးဘခက်၊ ပွဲစားကြီး ဦးဘိုးမြ၊ ဝတ်လုံတော်ရ ဦးသိန်းမောင်၊ ဝတ်လုံတော်ရ ဦးချန်ထွန်း၊ သူရိယ ဦးဘကလေး၊ ဆရာဝန် ဦးမောင်ကလေး၊ ဝတ်လုံတော်ရ ဦးကျော်မြင့်၊ သူကြီးဂေဇက် ဦးခင်မောင်၊ ဝတ်လုံတော်ရ



ဦးပေါ်ထွန်း၊ ဒေါက်တာဦးကျော်ငြိမ်း၊ ဆရာပွား၊ ပညာဝန်ထောက် ဦးဘိုးစိန်၊ ဒုတိယငွေတိုက်ဝန် ဦးစံလွင်၊ ဆရာကြီး ဦးဘလွင်တို့လည်း ပါဝင်သည်။ ထမင်းစားပြီးနောက် အစီအစဉ်ပြုလုပ်ထားသည့်အတိုင်း ဒုတိယငွေတိုက်ဝန် ဦးစံလွင်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ မိန့်ခွန်းအသီးသီး ပြောကြားကြ၏။ ဦးစံလွင်တ ထမင်းစားပွဲကို ကြွရောက်ကြသဖြင့် အထူးကျေးဇူးတင်ကြောင်း၊ ကျောင်းသားဟောင်းများကို တွေ့မြင်ရ၍ ဝမ်းမြောက်ကြောင်းကို၊ ဝတ်လုံတော်ရ ဦးချန်ထွန်းက ဒို့ပြည်ဒို့မြေအကြောင်း၊ ဝတ်လုံတော်ရ ဦးသိန်းမောင်က အမျိုးသားအောင်ပွဲနေ့နှင့် အမျိုးသားအလံအကြောင်း၊ သိပ္ပံကျောင်း ဦးဘသန်းက ဒို့မြို့မအကြောင်း၊ ဆရာကြီး ဦးဘလွင်က ကျောင်းအခြေအနေအကြောင်း၊ ဦးဟိန်က ဒို့ညီသည်အကြောင်း၊ ဝတ်လုံတော်ရ ဦးပေါ်ထွန်းက လူငယ်များအကြောင်း၊ ဝတ်လုံတော်ရ ဦးကျော်မြင့်က ဒို့အသင်းအကြောင်း၊ အကျိုးဆောင် ကိုပုက အသင်းကို အားပေးသင့်ကြောင်း ပြောကြားကြ၏။ ထို့နောက် ဟင်္သာမယ်အငြိမ့်ဖြင့် ဧည့်ခံသည်။

အမျိုးသားအောင်ပွဲနေ့တွင် အမျိုးသားကျောင်းများတွင်ရှိသော ရဲတပ်၊ ရဲညွှန့်၊ သံမဏိတပ်ဖွဲ့က စစ်ရေးပြကြ၏။ အမျိုးသားကျောင်းသားများအား ဇာတိသွေး ဇာတိမာန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ပိုမိုထက်မြက်လာအောင် အမျိုးသားကျောင်းဆရာများနှင့် လူကြီးများက နှိုးဆွပေး၏။ ဇာတိသွေး ဇာတိမာန် တက်ကြွရှင်သန်လာစေသော ကြေညာစာတမ်းများကို ဝေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

## ၁၉၃၁– ၃၂ ခုနှစ်၊ အမျိုးသားကျောင်း၊ ကျောင်းဆရာကြီးစာရင်း

### ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ရှိသည့်အတိုင်း ဖော်ပြထားပါသည်

| ကျောင်းအမည် | အမည်နှင့် ပညာအရည်အချင်း | ကျောင်းအုပ် သို့မဟုတ် ကျောင်းဆရာကြီး | နောက်ဆုံး ထုတ်ယူ လစာ | မှတ်ချက် |
|---|---|---|---|---|
| ၁။ ရန်ကုန်မြို့မ (ကျား) | ၁။ ဒေါက်တာ ဦးသိမ်းမောင် ဘီအေ၊အမ်၊အမ်၊အက်စ် | ကျောင်းအုပ် | ကျပ် ၃၀၀ | |
| | ၂။ ဦးဘလွင် ဘီအေ၊အက်စ်၊ အာရ်ဂျီ၊အက်စ် | ကျောင်းဆရာကြီး | ၅၀၀ | ယခုအခါတွင် သင်တန်း တက်နေ သည် |
| | ၃။ ဦးသွယ် အိုင်ဧအ | လက်ထောက် ကျောင်းဆရာကြီး | ၃၀၀ | |





| | | | | |
|---|---|---|---|---|
| ၂။ ရန်ကုန်မြို့မ (မိန်း) | ၁။ မစ္စစ်ပိုင်ဇ် ဘီအေ | ကျောင်းအုပ် | ၄၅၀ | |
| | ၂။ မလှကွန်း ဘီအေ၊ ဒီတီ | ကျောင်းဆရာမကြီး | ၃၀၀ | |
| ၃။ ပုဇွန်တောင် | ၁။ ဦးငွေ ဘီအေ | ကျောင်းအုပ် | ၅၀၀ | |
| | ၂။ ဦးသာထွန်းဖဲ အိုင်ဧအ | ကျောင်းဆရာကြီး | ၂၆၀ | |
| ၄။ အဝ်မှ | ၁။ ဦးအောင်လှ ဘီအေ | ကျောင်းဆရာကြီး | ၃၁၀ | |
| ၅။ တောင်ငူ | ၁။ ဦးဘိုးကွန်း အိုင်အက်စ်စီ | ကျောင်းအုပ် | ၃၃၀ | |
| ၆။ ပြည် | ၁။ ဦးတင်မောင် ဘီအေ၊ ဘီအယ်လ် | ကျောင်းအုပ် | ၃၀၀ | |
| | ၂။ ဦးဘိုးသက်တင် စီနီယာ၊ ကင်းပရစ်ချ် အိုပ်ချ်စီအက်စ် | ကျောင်းဆရာကြီး | ၃၀၅ | |
| ၇။ စစ်တွင်း | ၁။ ဦးအောင်ဘ အိုင်ချ်စီအက်စ် | ကျောင်းဆရာကြီး | ၂၂၀ | |
| ၈။ မဲဇလီကုန်း | ၁။ ဦးသိန်းမောင် အိုင်ချ်စီ အက်စ် | ကျောင်းဆရာကြီး | ၂၄၀ | |
| ၉။ ညောင်လေးပင် | ၁။ ဦးညွန့် မက်ထရစ် | ကျောင်းအုပ် | ၂၅၀ | |
| | ၂။ မစ္စတာအက်စ်၊ဗီ၊ ကာလီဗတ်စ်၊ ဘီအေ | အထက်တန်းချ | ၂၀၀ | ဘီအီဒီ သင်တန်း တက်နေ သည် |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၀။ထားဝယ် (ကျား) | ၁။ ဦးဘရှင် အိုင်အေ | ကျောင်းဆရာကြီး | ၁၈၀ |
| ၁၁။ထားဝယ် (မိန်း) | ၁။ မစ္စတာအိပ်ချ်၊စီဒူး အေ၊အာရ်၊ အက်စ်၊အမ် | ကျောင်းအုပ် | |
| | ၂။ ဒေါ်လေးမေ အိပ်ချ်၊အက်စ်၊အက်ဖ် | ကျောင်းဆရာမကြီး | ၁၆၅ |
| ၁၂။ပဲခူး | ၁။ ဦးထွန်းတင် ဘီအေ၊ဘီအယ်လ် | ကျောင်းအုပ် | ၃၀၀ |
| | ၂။ ဦးသာခင် အိုင်အေ | ကျောင်းဆရာကြီး | ၃၄၅ |
| ၁၃။ပုသိမ် | ၁။ ဦးဘရီ ဘီအေ | ကျောင်းဆရာကြီး | ၃၀၀ |
| ၁၄။ကြည့်မြင်တိုင် (မိန်း) | ၁။ မသန်းချို ဘီအေ | ကျောင်းအုပ် | ၁၅၀ (အချိန်ပိုင်း) |
| | ၂။ မပန်း အိုင်အေ | အထက်တန်း ဆရာမ | ၂၀၀ |
| ၁၅။ပျော်ဘွယ် | ၁။ ဦးမြ ဘီအေ | ကျောင်းအုပ် | ၄၀၀ |
| ၁၆။မန္တလေး | ၁။ ဦးဘဖေ အက်ဖ်၊စီ၊အိုင် | ကျောင်းအုပ် | ၃၀၀ |
| | ၂။ မစ္စတာ ဒေရာဇတ် ဘီအေ(အမျိုးသားကောလိပ်) | ကျောင်းဆရာကြီး | ၂၅၀ |
| ၁၇။ဝါးသိုင်းချောင်း | ၁။ ဦးစောခ အငြိမ်းစား လက်ထောက် တရားသူကြီး | ကျောင်းအုပ် | ၁၀၀ |
| | ၂။ ဦးဘစိန် ဘီအေအောက်တန်း | ကျောင်းဆရာကြီး | ၁၆၀ |



| | | | |
|---|---|---|---|
| ၁၈။ပျဉ်းမနား | ၁။ ဦးဘထွန်း ဘီအေ | ကျောင်းအုပ် | ၄၀၀ |
| ၁၉။ဟင်္သာတ | ၁။ ဦးဘချွန် ဘီအေ၊ အက်ဖ် ဂျီစီအက်ဖ်၊ အာရ်၊ အက်စ်အေ | ကျောင်းဆရာကြီး | ၄၅၀ |
| ၂၀။ဒလ | ၁။ ဦးမောင်မောင် မက်ထရစ် | ကျောင်းဆရာကြီး | ၂၄၀ |
| ၂၁။ပြည် | ၁။ ဦးဘဦး ဘီအေ (အမျိုးသားကောလိပ်) | ကျောင်းအုပ် | ၄၂၅ |
| ၂၂။မုံရွာ | ၁။ ဦးဖေ အိပ်ချ်၊ အက်စ်၊ အက်ဖ် | ကျောင်းအုပ် | ၂၀၀ |
| ၂၃။စစ်ကွေ | ၁။ ဦးထွန်းအောင် ဘီအေ၊ အမ်အယ်လ်စီ | ကျောင်းအုပ် | ၄၅၀ |
| ၂၄။ရေနံချောင်း | ၁။ ဦးပု ဘီအက်စ်စီ (ကာလကတ္တား) ဘီအက်စ်စီ (လန်ဒန်) | ကျောင်းအုပ် | ၅၀၀ နေစရာရှိ |
| | ၂။ ဦးကျော်ဇံ ဘီအေ | အထက်တန်းဆရာ | ၂၀၀ |
| ၂၅။လက်ပံတန်း | ၁။ ဦးစံရွှေ အိုင်အေ | ကျောင်းအုပ် | ၂၉၀ |
| ၂၆။မိတ္ထီလာ | ၁။ ဦးဘရင် ဘီအေ၊ အမ်အယ်လ်စီ | ကျောင်းအုပ် | ၅၀၀ |
| ၂၇။ကျုံပျော် | ၁။ ဦးစိန် အိုင်အေ | ကျောင်းဆရာကြီး | ၂၆၀ |
| ၂၈။ဆင်ဖြူကျွန်း | ၁။ ဦးသွယ်နှင်း | ကျောင်းဆရာကြီး | ၂၂၀ |
| ၂၉။မြောင်းမြ | ၁။ ဦးဘထွန်းလှိုင် အိုင်အက်စ်စီ | ကျောင်းအုပ် | ၃၀၀ တောင်းခံသည် |
| | ၂။ မစ္စတာအေ၊ အမ်၊ အမ္ဗဒူလာ အိပ်ချ်၊ အက်စ်၊ အက်ဖ် | ကျောင်းဆရာကြီး | ၂၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၃၀။ပန်းတနော် | ၁။ ဦးလှဦး ဘီအေ | ကျောင်းအုပ် | ၃၀၀ |
| | ၂။ မစ္စတာအေစီ၊ | အထက်တန်းဆရာ | ၂၉၀ |
| | ပွဲချီအမ်အေ | | |
| ၃၁။ကျိုက်လတ် | ၁။ ဦးဘမူ ဗိုင်အေ | ကျောင်းအုပ် | ၂၀၀ |
| | ၂။ ဦးချစ်ဖေ ဘီအေ | ကျောင်းဆရာကြီး | ၂၀၀ |
| ၃၂။လေးမျက်နှာ | ၁။ ဦးအုန်းမောင် | ကျောင်းအုပ် | ၂၀၀ |
| | ဗိုင်အေ | | |
| ၃၃။ဇလွန် | ၁။ ဦးသိန်းလှိုင် | ကျောင်းအုပ် | ၂၀၀ |
| | အိပ်ချ် စီ၊ အက်ဖ် | | |
| | ၂။ ဦးသိန်း | ကျောင်းဆရာကြီး | ၁၅၀ |
| | ဗိုင်၊ အက်စ်စီ (အောက်တန်း) | | |
| ၃၄။စစ်ကိုင်း | ၁။ ဦးကျင်ဆော | ကျောင်းအုပ် | ၂၀၀ |
| | ဘီအက်စ်စီထိသင်ဖူး | | |
| ၃၅။ဒေးဒရဲ | ၁။ ဦးဖေ | ကျောင်းအုပ် | ၁၀၀ |
| | အိပ်ချ် အက်စ်၊ အက်ဖ် | | တောင်းခံသည် |
| | ၂။ ဦးပေါ်မောင် | အထက်တန်း | ၂၅၀ |
| | ဘီအက်စ်စီ | ဆရာ | |
| ၃၆။ရွှေတောင် | ၁။ ဦးဘတင် | ကျောင်းဆရာကြီး | ၂၁၀ |
| | ဗိုင်အေ | | |
| ၃၇။ကန်ကြီးထောင့် | ၁။ ဦးဘတင့် | ကျောင်းဆရာကြီး | ၃၁၀ |
| | ဗိုင်အေ | | |
| ၃၈။ကြို့ပင်ကောက် | ၁။ ဦးမြင့်မောင် | ကျောင်းအုပ် | ၂၆၀ |
| | မက်ထရစ် | | တောင်းခံသည် |
| | ၂။ မစ္စတာဆာမ | အထက်တန်းဆရာ | ၂၉၀ |
| | ဘီအေ | | |



| | | | |
|---|---|---|---|
| ၃၉။ချောင်းဦး | ၁။ ဦးမြ | ကျောင်းအုပ် | ၂၅၀ |
| | မက်ထရစ် | | တောင်းခံသည် |
| | ၂။ ဦးဘသန်း | ကျောင်းဆရာကြီး | ၂၅၀ |
| | ဘီအက်စ်စီ | | |
| ၄၀။ကွမ်းခြံကုန်း | ၁။ ဦးမောင်ဝန် | ကျောင်းဆရာကြီး | ၁၅၀ |
| | ဘီအေ (အောက်တန်း) | | |
| ၄၁။မြိတ် | ၁။ ဦးစံတင် ဘီအေ | ကျောင်းအုပ် | စေတနာရှိ |
| | ၂။ မစ္စတာတန်သက်ဖေ | ကျောင်းဆရာကြီး | ၂၆၀ |
| | ဗိုင်အေ (အထက်တန်း) | | |
| ၄၂။အိမ်မဲ | ၁။ မစ္စတာစီပွန်ကောင် | ကျောင်းဆရာကြီး | ၁၉၀ |
| | အိပ်ချ်စီအက်ဖ် | | |
| ၄၃။မော်လမြိုင် (မိန်း) | ၁။ ဒေါ်လှခင် | ကျောင်းဆရာမကြီး | ၂၀၀ |
| | ဘီအေ၊ ဒီတီ | | တောင်းခံသည် |
| ၄၄။တံတားဦး | ၁။ ဦးသောင်းဖေ | ကျောင်းဆရာကြီး | ၁၅၀ |
| | အိပ်ချ်စီအက်ဖ် | | |
| ၄၅။သုံးခွ | ၁။ ဦးမောင်ထွန်း | ကျောင်းအုပ် | ၁၅၀ |
| | ဆရာဖြစ်ဒီပလိုမာ (လန်ဒန်) | | |
| | ၂။ ဦးနု | ကျောင်းဆရာကြီး | ၂၅၀ |
| | ဘီအေ | | တောင်းခံသည် |
| ၄၆။ပုတီးကုန်း | ၁။ ဦးလှမောင် | ကျောင်းအုပ် | ၁၀၀ |
| | ဘီအေ၊ ဗီစီတီ | | |
| | ၂။ ဦးမောင်ကြီး | ကျောင်းဆရာကြီး | ၂၀၀ |
| | အတ်ဖ်ဗိုင်ပီအက်စ်၊ ဘီအက်စ်စီ | | တောင်းခံသည် |
| | (အထက်တန်း) | | |
| ၄၇။ကြံခင်း | ၁။ ဦးညြဘ | အကျိုးဆောင်ကျောင်းအုပ် | |
| | ၂။ ဦးမောင်မောင်ကျော် | ကျောင်းဆရာကြီး | ၁၆၀ |
| | ဗိုင်အေ (အမျိုးသားကောလိပ်) | | |

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

## ဗြိတိသျှနယ်ချဲ့အစိုးရက ပေးအပ်ခဲ့သော K.I.H ဘွဲ့တံဆိပ်အား ဆရာကြီးဦးဘလွင်က ပြန်လည်အပ်နှံခြင်း

၁၉၃၀ ပြည့်နှစ်တွင် တောင်သူလယ်သမား တော်လှန်မှုကြီးကို ဗြိတိသျှအစိုးရကလည်း ရက်စက်စွာ ဖိနှိပ်ခဲ့လေသည်။ ဆရာစံ တော်လှန်ရေးသည် ဗြိတိသျှလက်အောက် ကျရောက်နေသော မြန်မာတို့အား လွတ်လပ်ရေးကို လက်နက်ဖြင့် တော်လှန်ပုန်ကန်ယူမှသာ ရနိုင်မည်ဟူသော သင်ခန်းစာကို ပေးအပ်သွားခဲ့လေသည်။

ထိုအမြင်နှင့်အယူအဆ သင်ခန်းစာကို အဓိကထား၍ တို့ဗမာအစည်းအရုံးကြီးသည် ဗမာ့လက်ရုံးတပ်များ၊ ကျောင်းသား သံမဏိတပ်များ၊ အပျော်တမ်းရဲတပ်များကို ဖွဲ့စည်းတည်ထောင်၍ လက်နက်ကိုင်တော်လှန်ရေးအတွက် စိတ်ဓာတ်များ သွင်းပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများနှင့် မြို့မအမျိုးသားကျောင်းသားများ အပါအဝင် မြန်မာပြည်တစ်ပြည်လုံးရှိ ကျောင်းသားများသည် ကျောင်းသားသမဂ္ဂအသင်းများကို ဖွဲ့စည်း၍ "ကျွန်ပညာ အလိုမရှိ" ဟု ဟစ်အော်ကြွေးကြော်စ ပြုလာကြ၏။





၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် ရေနံချောင်း၊ ချောက်စသော ရေနံမြေရပ်ကွက်များတွင် ရေနံမြေအလုပ်သမားများသည် ဗြိတိသျှအရင်းရှင်တို့၏ ဖိနှိပ်မှုများကြောင့် သပိတ်မှောက်နေကြ၏။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ကျောင်းသားများသည် အစိုးရအတွင်းဝန်များရုံးကြီးကို ဝိုင်း၍ အင်အားပြကြသည်။ ထိုသို့အင်အားပြသော ကျောင်းသားများကို အစိုးရက မြင်းနှင့်တိုက်၊ နံပတ်တုတ်နှင့်ရိုက်သဖြင့် ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် သေဆုံးပြီး ကျောင်းသူကျောင်းသား ၉၈ ဦး ဒဏ်ရာရရှိကာ ကျောင်းသားခေါင်းဆောင် လေးဦး၊ သခင်နှစ်ဦး အဖမ်းခံရလေသည်။ ဗိုလ်အောင်ကျော်ကျဆုံးခဲ့ရသည်ကို မခံမရပ်နိုင်ဖြစ်ပြီး မြို့မကျောင်းအုပ်ဆရာကြီး ဦးဘလွင်သည် ၎င်းအား ဗြိတိသျှအစိုးရက ယခင်က ပေးအပ်ချီးမြှင့်ခဲ့သော K.I.H (Kaiser In Hind) ဘွဲ့တံဆိပ်ကို ပြန်အပ်ခဲ့သည်။ အမျိုးကိုထိလျှင် မချိအောင်နာတတ်သော မဟုတ်လျှင်မခံတတ်သည့် ဆရာကြီး၏ ဓာတ်မာန် အမျိုးသားရေးစိတ်ဓာတ်ကို လေးစားကြသဖြင့် တစ်နိုင်ငံလုံးရှိ ကျောင်းသားခေါင်းဆောင်များက ဆရာကြီးထံ လက်ရောက်ကန်တော့ကြပါသည်။

တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များ၊ ကျောင်းသားခေါင်းဆောင်များ၊ မျိုးချစ်ပုဂ္ဂိုလ်များတို့သည် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲရန်၊ အစီအစဉ်များကို လျှို့ဝှက်စွာ ဆွေးနွေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

## ဆရာကြီးဦးဘလွင်၏ တရုတ်မြန်မာ ချစ်ကြည်ရေး ခရီးစဉ်

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလေသည်။ ထိုစစ်ပွဲတွင် အင်္ဂလိပ်တို့ ပါဝင်တိုက်ခိုက်နေရသဖြင့် မြန်မာမျိုးချစ်လူငယ်တို့က "အင်္ဂလိပ်အခက်၊ ဗမာ့အချက်" ဟု ကြွေးကြော်ကာ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းရန် အခွင့်ကောင်းရလာခဲ့သည်။ မြန်မာမျိုးချစ်လူငယ်တို့သည် မြန်မာ့လွတ်လပ်ရေးကို မြတ်နိုးသူတိုင်း ပါဝင်နိုင်သည့် ဗမာ့ထွက်ရပ်ဂိုဏ်းကို ၁၉၃၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

ဗမာ့ထွက်ရပ်ဂိုဏ်းသည် မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းနေစဉ်တွင် မြို့မကျောင်းသားခေါင်းဆောင်များ ကျောင်းဆရာများ၊ သခင်များအပါအဝင် မြန်မာမျိုးချစ်လူငယ်တို့ကလည်း မြေအောက်လျှို့ဝှက်အဖွဲ့ကို ဖွဲ့စည်းကာ ဗမာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့ကို လက်နက်ကိုင် တော်လှန်ရန်နှင့် နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အကူအညီဖြင့် မြန်မာ့လွတ်လပ်ရေးရယူရန် စီစဉ်ခဲ့ကြသည်။





မြန်မာ့လွတ်လပ်ရေးရယူရန် သခင်အောင်ဆန်းနှင့် ဆရာကြီးဦးဘလွင်တို့ လျှို့ဝှက်ညှိနှိုင်းချက်အရ ဦးဘလွင်၊ သခင်နု၊ ဒီးဒုတ်ဦးဘချိုတို့သည် ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်တွင် တရုတ်-မြန်မာ ချစ်ကြည်ရေး ခရီးထွက်ခဲ့ကြပါသည်။ အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်တွင်ရောက်စဉ် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဆရာကြီး ဦးဘလွင်က "ယခုကဲ့သို့ ရင်းရင်းနှီးနှီး ညီ့ဝတ်ကျေပွန်စွာ ကြိုဆိုဧည့်ခံကြသည့်အတွက် များစွာ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ တရုတ်နှင့်မြန်မာတို့မှာ လွန်စွာချစ်ခင်သင့်မြတ်ကြကြောင်း၊ မည်မျှသင့်မြတ်သနည်းဟုဆိုလျှင် မြန်မာတို့က တရုတ်အမျိုးသားများကို တရုတ်ဟုပင်မခေါ်ဘဲ ပေါက်ဖော်ဟူ၍ ခေါ်ဝေါ်ကြကြောင်း၊ ဆွေမျိုးအရင်းကဲ့သို့ သဘောထားကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေးအားသင်းကြီး သားစဉ်မြေးဆက် ခိုင်မြဲစေရန် လုပ်ဆောင်ကြဖို့လိုကြောင်း" အခမ်းအနားများတွင် ပြောကြားခဲ့ပါသည်။

ထို့အပြင် မြို့မဆရာကြီး ဦးဘလွင် ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် တရုတ်သမ္မတကြီး လင်စင်၊ စစ်ဝန်ကြီး မစ္စတာဟိုးရင်းချင်း၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာကွန်း၊ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဝမ်းချွန်ဟွေ၊ ဗိုလ်ချုပ်ကြီးလင်း စသော ထင်ရှားသော တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး ချစ်ကြည်ရေးသာမက မြန်မာ့လွတ်လပ်ရေးအတွက်ကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်၏ အဆင့်မြင့်ဆုံး ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်၏ စစ်ရေးပြအခမ်းအနားကျင်းပရာ ခန်းမဆောင် စင်မြင့်ပေါ်တွင်လည်း ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်နှင့် မြို့မဆရာကြီး ဦးဘလွင်တို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးအဖွဲ့တို့ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်၊ မဒမ် ချန်ကေရှိတ်တို့ နေအိမ်သို့ ဆရာကြီး ဦးဘလွင်ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိကြပြီး ရင်းရင်းနှီးနှီးတွေ့ဆုံကာ အမှတ်တရ ဓာတ်ပုံများ ရိုက်ခဲ့ကြ၏။ ဆရာကြီး ဦးဘလွင်က "တရုတ်စစ်ကျောင်းတွင် မြန်မာလူငယ်များ စစ်သင်တန်းတက်ရောက်လိုပါက ခွင့်ပြု-မပြု သိချင်ပါသည်" ဟု ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်ကို မေးမြန်းရာ ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်က "မြန်မာစစ်ပညာသင် ကျောင်းသားများ လက်ခံပါမည်" ဟု ပြန်လည်ပြောကြားခဲ့ပါသည်။

ဤအချက်ကို ကြည့်ခြင်းဖြင့် မြို့မဆရာကြီး ဦးဘလွင်သည် အမျိုးသားကျောင်းဆရာကြီးတစ်ဦး၏ တာဝန်သာမက မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် မြန်မာလူငယ်များ စစ်ပညာသင်ကြားနိုင်ရန်ကိစ္စကို အမြော်အမြင်ကြီးမားစွာ စိတ်အားထက်သန်ခဲ့ကြောင်း ထင်ရှားလှပါသည်။

## အခန်း (၂၅)
## ဆရာကြီးဦးဘလွင်နှင့်ဗိုလ်မှူးကြီးစူးဇူးကီး

မြန်မာမျိုးချစ်လူငယ်များသည် ဗြိတိသျှနယ်ချဲ့ကို လက်နက်ကိုင် တော်လှန်ရန်အတွက် နိုင်ငံခြားအကူအညီရယူရန်၊ လိုအပ်ကြောင်း သိရှိခဲ့သည်။ သခင်အောင်ဆန်းသည် "မြန်မာ့ လွတ်လပ်ရေး အရေးတော်ပုံအတွက် ကမ္ဘာတွင် ဝါဒဖြန့်ရန် လိုသည်။ ကမ္ဘာ၏အကူအညီရနိုင်လျှင် ပိုကောင်းသည်" ဟု ယူဆသည်။ ထိုအကူအညီရနိုင်ရန် ပြည်တွင်းတွင် ဆောင်ရွက်၍ မဖြစ်နိုင်သောကြောင့် နိုင်ငံခြားတိုင်းပြည်တစ်ခုခုသို့ သွားရောက်ဆောင်ရွက်ကြရန် သဘောတူကြသည်။ နိုင်ငံခြားတိုင်းပြည်တစ်ခုခုသို့ သွားရောက်ရန် ဆွေးနွေးကြရာ၌ တရုတ်၊ ယိုးဒယားနှင့်ဂျပန်၊ နိုင်ငံတစ်နိုင်ငံတစ်ခုခုသို့သွားရန် ဆွေးနွေးခဲ့ကြသည်။ ဗမာ့ထွက်ရပ်ဂိုဏ်း ခေါင်းဆောင် ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်တို့က သခင်အောင်ဆန်းအား ဂျပန်၏အကူအညီကို အလိုရှိက ရနိုင်ကြောင်း ပြောကြားထားသဖြင့် ဂျပန်၏အကူအညီကို ယူသင့်မယူသင့် ပြဿနာကို သခင်ကိုယ်တော်မှိုင်း၊ သခင်မြ စသော အစည်းအရုံးဝင် ခေါင်းဆောင်တို့ ဆွေးနွေးကြသည်။

www.burmeseclassic.com



ထိုပြဿနာကို ဆွေးနွေးကြရာ၌ တို့ဗမာအစည်းအရုံးအတွင်းရှိ လက်ဝဲဝါဒီအချို့က ဖက်ဆစ်ဝါဒ၏သဘောသရုပ်ကို သိရှိထားကြပြီး လက်တွေ့တွင်လည်း ဖက်ဆစ်ဂျပန်သည် တရုတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်နေသောကြောင့် ဂျပန်၏အကူအညီကို မယူလိုကြပေ။

ထို့ကြောင့် တရုတ်နှင့်ယိုးဒယားတစ်နိုင်ငံသို့ သွားရောက်ရန် စဉ်းစားဆွေးနွေးကြရာ ၁၉၃၉ ခုနှစ်တွင် မြို့မဆရာကြီး ဦးဘလွင် ဦးဆောင်သော တရုတ်- မြန်မာ ချစ်ကြည်ရေးခရီးတွင် တရုတ်နိုင်ငံနှင့် အဆက်အသွယ်ရှိထားသောကြောင့် တရုတ်နိုင်ငံသွားရန် ရွေးချယ် ခဲ့ကြသည်။ တရုတ်နိုင်ငံသို့ ခွန့်လွတ် စွန့်စားစွာ သွားရောက်မည့်သူ ရွေးချယ်ရာ၌လည်း ဗြိတိသျှအစိုးရက ဖမ်းဝရမ်းထုတ်ထားသဖြင့် မြေအောက်လျှိုးနေရသော သခင်အောင်ဆန်းကို ရွေးချယ်ခဲ့သည်။ သခင်အောင်ဆန်း ကိုယ်တိုင်ကလည်း အမျိုးနှင့်နိုင်ငံလွတ်လပ်ရေးအတွက် မိမိအသက်ကို စွန့်လျှပြီး ဗမာ့ရော်ဂျာကေးမင်းအဖြစ် ခံယူရန် ဆုံးဖြတ်ထားပြီးဖြစ်၍ ထိုသို့ ရွေးချယ်ခြင်းကို လက်ခံခဲ့သည်။

သခင်အောင်ဆန်းတို့သည် တရုတ်နိုင်ငံသို့ ကုန်းလမ်းခရီးမှ သွားရောက်ရန် စီစဉ်ထားသော်လည်း တရုတ်-မြန်မာ လမ်းမကြီး ပိတ်ထားသဖြင့် ရေကြောင်းမှ သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။ မြေအောက်လျှို့ဝှက်အဖွဲ့သည် သခင်အောင်ဆန်းတို့ တရုတ်နိုင်ငံသို့ ရေကြောင်းမှ သွားရောက်နိုင်ရေးအတွက် မြို့မကျောင်းသားဟောင်း သခင်လှဖေ (ဗိုလ်လက်ျာ)အား တာဝန်ပေးအပ်ခဲ့သည်။



သခင်လှဖေသည် ရန်ကုန်မြို့ (၁၉)လမ်းတွင် နေထိုင်သော ကိုကျော်ခင်၏ အကူအညီဖြင့် တရုတ်နိုင်ငံ အမွိုင်မြို့ကို သွားရောက်မည့် နော်ဝေးပိုင် ဟိုင်လီး (Hailee) သင်္ဘောနှင့် အဆက်ရခဲ့သည်။

၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် သခင်အောင်ဆန်းတို့သည် အမွိုင် (Amoy) သို့ ရောက်ရှိခဲ့သည်။ အမွိုင်ရောက်ရှိပြီးနောက် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ဘဲ အမွိုင်မြို့တွင် သောင်တင်နေခဲ့သည်။

တိုင်းပြည်နှင့်လူမျိုးလွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီရရန် မြန်မာတို့ ကြိုးပမ်းနေချိန်တွင် ဂျပန်တို့ကလည်း တရုတ်နိုင်ငံ ချုံကင်းမြို့ (Chung King) တွင် အခြေစိုက်နေသည့် ချန်ကေရှိတ် (Chiang Kai-shek) အစိုးရထံ မဟာမိတ်တို့က လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာပစ္စည်းများ ပို့ပေးရာတွင် အသုံးပြုနေသော တရုတ်-မြန်မာ လမ်းမကြီး ဖြတ်တောက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံကို စိတ်ဝင်စားခဲ့သည်။ ဂျပန်အစိုးရသည် မိမိတို့အား ခုခံတိုက်ခိုက်သည့် ချန်ကေရှိတ်အစိုးရ လျင်မြန်စွာ ကျဆုံးရေးအတွက် တရုတ်-မြန်မာ လမ်းမကြီးကို အလျင်အမြန် ဖြတ်တောက်လိုသည်။ ထို့ကြောင့် ဂျပန်ကြည်းတပ်မတော်မှ ဗိုလ်မှူးကြီး ဆူဇူကီး (Colonel Suzuki Keiji) အား တရုတ်-မြန်မာ လမ်းမကြီး ဖြတ်တောက်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေရန် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး စူဇူကီးသည် ၁၉၄၀ ပြည့်နှစ် မေလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ဗိုလ်မှူးကြီး စူဇူကီးသည် မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက် ၁၉၄၀ ပြည့်နှစ်၊ စတ်တင်ဘာလတွင် မြန်မာ လွတ်လပ်ရေး လှုပ်ရှားမှုကို ခေါင်းဆောင်နေသော သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ ဆရာကြီး ဦးဘလွင် တို့ဗမာ အစည်းအရုံးဝင်များနှင့် လျှို့ဝှက်တွေ့ဆုံနိုင်ခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် ဗိုလ်မှူးကြီး စူဇူကီးက မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်က အကူအညီပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။ အမွိုင်မြို့တွင် ရှိနေသော သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့အား တိုင်ပေရှိ ဂျပန်စစ်ဌာနချုပ်သို့လည်းကောင်း၊ တိုင်ပေမှတစ်ဆင့် ဂျပန်နိုင်ငံသို့လည်းကောင်း ပို့ပေးစေခဲ့သည်။

## အခန်း (၂၆)
## မြို့မ ဦးဘလွင်နှင့်ရဲဘော်သုံးကျိပ်

ကမ္ဘာပေါ်တွင် စစ်စိတ်စစ်သွေး ထက်မြက်ပြည့်ဝသော လူမျိုးများရှိကြသည့်အနက် မြန်မာလူမျိုးတို့သည် ထိပ်တန်းမှ ပါဝင်ခဲ့ကြပါသည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် ဇာတိသွေး ဇာတိမာန်အရည်အသွေးနှင့်ပြည့်စုံပြီး အမိမြန်မာနိုင်ငံကို ထိပါးကျူးကျော်လာသူ နယ်ချဲ့ဖြတိသျှတို့အား ဆန့်ကျင်တော်လှန်တိုက်ခိုက်သူ၊ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားစွာ သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သူ နိုင်ငံ့ဂုဏ်ဆောင် သားကောင်းများ၊ မြောက်မြားစွာ ပေါ်ထွန်းခဲ့ပါသည်။ ထိုသို့ပေါ်ထွန်းခဲ့သည့် မြန်မာ့သားကောင်းများအနက် ရဲဘော်သုံးကျိပ်ဝင်တို့မှာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် မော်ကွန်းတင်ရမည့် ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ ရဲဘော်သုံးကျိပ်တွင်ပါဝင်သော ကာကွယ်ရေးဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ယကျာ၊ ဗိုလ်မှူးကြီးဇေယျနှင့် ဗိုလ်မှူးကြီးမင်းခေါင်တို့သည် ဆရာကြီး ဦးဘလွင်၏ မြို့မကျောင်းမှ တပည့် ကျောင်းသားဟောင်းများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်သုံးကျိပ်သည် တိုင်းပြည်နှင့်လူမျိုးလွတ်မြောက်ရေး အတွက် စွန့်လွှတ်စွန့်စားစွာ ပြည်ပထွက်ခွာ၍ စစ်ပညာများ သင်ကြားခဲ့ကြသည်။ ထို့နောက် ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို မြန်မာ့မြေပေါ်မှ တော်လှန် တိုက်ထုတ်ခဲ့ကြသည်။ စင်စစ် ကိုလိုနီနယ်ချဲ့တို့အား တော်လှန် တိုက်ခိုက်ရေးအတွက် ပြည်ပအကူအညီအတွက် စစ်ပညာများကို ဖက်ဆစ်တို့၏ ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုးကြားမှ အနစ်နာခံ လေ့ကျင့်သင်ကြားပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်း တည်ထောင်ခဲ့ကြပါသည်။ နိုင်ငံခြားကို အထင်ကြီး၍ အဆက် အသွယ် ရယူခဲ့ခြင်း မဟုတ်ပေ။

နိုင်ငံခြားသားဆိုသည်မှာ မိမိတို့အပေါ် မိမိလူမျိုးတို့ထက် ပို၍စေတနာ မရှိနိုင်ဟူသည်ကို အစကပင် သဘောပေါက်ခဲ့ကြ ပါသည်။ မြန်မာ့အကျိုးစီးပွားအတွက် မြန်မာတို့နှင့် လက်တွဲ ဆောင်ရွက်ခဲ့သော မြန်မာပြည်သား နိုင်ငံခြားဟူ၍ ရှိခဲ့ကြပါသည်။ သို့ရာတွင် နိုင်ငံခြားသားဆိုလျှင် မည်သည့်နိုင်ငံခြားသားပင် ဖြစ်စေ ယင်းတို့၏ အကျိုးအမြတ်မပါရှိဘဲ မည်သူကိုမျှ အကျိုးမပြုဆိုသည့် ခါးသီးသော သင်ခန်းစာကို မြန်မာတို့ သိရှိနားလည်ပြီး ဖြစ်ကြသည်။ သို့ရာတွင် မြန်မာ့လွတ်လပ်ရေး အောင်ပွဲခံနိုင်ရန် လက်နက်နှင့် စစ်ပညာသည် မရှိမဖြစ် လိုအပ်၍သာ ယင်းတို့၏ အကူအညီကို ရယူခဲ့ခြင်းပင် ဖြစ်ပေသည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေး အပြီးတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်သည်



မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာတိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အနှစ်နှစ်အလလ မျှော်မှန်းခဲ့သည့် အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)
## မြို့မကင်းထောက် ဗိုလ်ချုပ်ဦးဘလွင်

နိုင်ငံတကာ ကင်းထောက်အဖွဲ့ကို ဖွဲ့စည်းရာတွင် ရည်ရွယ်ချက် လေးမျိုးရှိပါသည်။ ၎င်းတို့မှာ-

၁။ ပထမတစ်မျိုးမှာ-

(က) ဘုရားသခင်နှင့် ဘုရင် (ဘုရင်မ)တို့အပေါ် သစ္စာစောင့်သိတတ်စေရန်၊

(ခ) မိမိကိုယ်မိမိ အားကိုး၍ လူမှုကိစ္စများတွင် အတော်အသင့် လေ့လာတတ်စေရန်၊

(ဂ) အခြားသူများအတွက် အသုံးဝင်၍ အမြဲ အကူအညီ ပေးတတ်စေရန်၊

(ဃ) သဘာဝ ပတ်ဝန်းကျင်လေ့လာ၍ တွေ့သမျှ လူများအပေါ် ကြင်နာစိတ်ဖြင့် မိတ်ဆွေရင်းချာကဲ့သို့ ဆက်ဆံတတ်စေရန်။

၂။ ဒုတိယတစ်မျိုးမှာ-

(က) အကျင့်စာရိတ္တကောင်းသူဖြစ်စေရန်၊

(ခ) ဝါသနာကောင်းရရှိစေရေးနှင့် အသုံးဝင်သော လက်မှုပညာရပ်များ တတ်မြောက်စေရန်၊





(ဂ) ကျန်းမာကြံ့ခိုင် ပျော်ရွှင်နေသူတစ်ဦး ဖြစ်လာစေရန်၊

(ဃ) အများပြည်သူ၏ အကျိုးအမြဲဆောင်တတ်သူ ဖြစ်လာစေရန်။

၃။ တတိယတစ်မျိုးမှာ-

(က) အကျင့်စာရိတ္တကောင်းသူဖြစ်လာစေရန်၊

(ခ) မိမိကိုယ်မိမိ ယုံကြည်အားကိုးသူ ဖြစ်လာစေရန်၊

(ဂ) စည်းကမ်းကောင်းသူ၊ စည်းကမ်းလိုက်နာသူ ဖြစ်လာစေရန်၊

(ဃ) လူမှုပတ်ဝန်းကျင်တွင် ဝင်ဆန့်သူ ဖြစ်လာစေရန်။

တို့ဖြစ်သည်။

မြို့မကင်းထောက်အဖွဲ့ ဖွဲ့စည်းတည်ထောင်စဉ်ကာလသည် ဗြိတိသျှ လက်အောက်ခံ၊ ကျွန်သပေါက်ဘဝတွင် ဖွဲ့စည်းခဲ့သည် ဖြစ်ရာ ဗြိတိသျှကင်းထောက်အဖွဲ့နှင့် အခြားဗြိတိသျှ လက်အောက်ခံ ကိုလိုနီနိုင်ငံများနည်းတူ ကတိသစ္စာပြုခဲ့ရခြင်း၊ ဗြိတိသျှနိုင်ငံအလံကို အလေးပြုခဲ့ရခြင်းများ ရှိခဲ့ရဖူးပါသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်ပိုင်း၌ လျှမ်းလျှမ်းတောက် တက်လာသည့် မျိုးချစ်စိတ်ဓာတ်များကြောင့် ဗြိတိသျှ ကိုလိုနီလက်အောက် ပြန်ရောက်သည့်တိုင် မြို့မကင်းထောက် အဖွဲ့သည် ထိုစဉ်က ဖွဲ့စည်းခဲ့ကြသည့် အခြားကင်းထောက်အဖွဲ့ များနှင့် မတူဘဲ တော်လှန်သောကင်းထောက်၊ တစ်နည်းမျိုးချစ်စိတ် ရှိသည့် ကင်းထောက်အဖွဲ့အဖြစ် ရပ်တည်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ ရပ်တည်နိုင်ခဲ့ခြင်းသည် မြို့မတင်းထောက်
ဗိုလ်ချုပ်ဖြစ်သူ မြို့မကျောင်းကြီး၏ ဖခင်ကြီး ဆရာကြီး ဦးဘလွင်၏
နေ့စဉ်နံနက်တိုင်း ကျောင်းသားများ စုဝေးသည့် စုဝေးပွဲတွင်
မျိုးချစ်စိတ်နှင့်ပတ်သက်၍ ဟောပြောသွန်သင်ခြင်းကြောင့်
လည်းကောင်း မြန်မာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တွင်
ဗိုလ်အဆင့်ဖြင့် တာဝန်ယူပြီး တိုက်ပွဲအများအပြားတွင် ပါဝင်ခဲ့သူ
ဗိုလ်သီးအမည်ခံ ကင်းထောက်ဆရာ ဆရာဦးဘဝင်း၏ ဦးဆောင်မှု
ကြောင့်လည်းကောင်း ဖြစ်ပါသည်။

ထိုစဉ်က ကတိသစ္စာနှင့် ကင်းထောက်ကျင့်ဝတ်များသည်
အင်္ဂလိပ်ဘာသာဖြင့် ရွတ်ဆိုခဲ့ကြရသည့်အတွက် အင်္ဂလိပ်လိုပင်
ဖော်ပြအပ်ပါသည်။ ကင်းထောက် ကတိသစ္စာဆိုရာတွင်-

ON MY HONOUR, I PROMISE THAT, I WILL DO
MY BEST, TO DO MY DUTY TO GOD AND KING,
TO HELP OTHER PEOPLE AT ALL TIME
TO OBEY THE SCOUT LAW

ဟူ၍ဖြစ်ပါသည်။

သို့သော် မြို့မကင်းထောက်အဖွဲ့ကမူ-

ON MY HONOUR, I PROMISE THAT, I WILL DO
MY BEST, TO DO MY DUTY TO OUR RELIGION AND
COUNTRY.
TO HELP OTHER PEOPLE AT ALL TIME.
TO OBEY THE SCOUT LAW ဟူ၍ ဆိုခဲ့ကြပါသည်။
ဘုရားသခင်နှင့် ဘုရင်အပေါ် သစ္စာစောင့်ခြင်းအစား ဆရာကြီး



ဦးဘလွင်၏ လမ်းညွှန်မှုကြောင့် မိမိဘာသာ၊ သာသနာနှင့် နိုင်ငံ
တော်အပေါ် သစ္စာစောင့်သိပါမည်ဟု ကတိသစ္စာပြုခဲ့ကြပါသည်။

မြို့မကင်းထောက်အဖွဲ့ကို အမှတ် (၃၁) ရန်ကုန်မြို့မ
ကင်းထောက်အဖွဲ့ (31[st] RANGOON MYOMA GROUP) ဟူ၍
ခေါ်ပါသည်။ ထိုအဖွဲ့တွင် ဝံပုလွေငယ်အုပ်စု (WOLF CUB
PACK) ကင်းထောက်အုပ်စု (SCOUT TROOP) နှင့် ရိုဗာ
ကင်းထောက် အုပ်စု (ROVER CREW) ဟူ၍ သုံးခုရှိခဲ့ပါသည်။

အမှတ် (၃၁) ရန်ကုန်မြို့မ ကင်းထောက်အဖွဲ့ တစ်ခုလုံးကို
ဆရာဦးဘဝင်းက ကင်းထောက်ဆရာတာဝန်ယူ၍ ကွပ်ကဲခဲ့
ပါသည်။

ဖော်ပြပါ ကင်းထောက်အုပ်စု သုံးစုတွင် အပြည်ပြည်ဆိုင်ရာ
အဖွဲ့အစည်းများ၏ ပုံစံအတိုင်းပင် ဆောင်ပုဒ်အသီးသီးထားရှိခဲ့
ပါသည်ကို တွေ့ရပါမည်။ ဝံပုလွေငယ်များအတွက် ဆောင်ပုဒ်မှာ
"အကောင်းဆုံးလုပ်မည်" ကင်းထောက်လုလင်အုပ်စုအတွက်
ဆောင်ပုဒ်မှာ အဆင်သင့်ဖြစ်၍ ရိုဗာကင်းထောက်အဖွဲ့အုပ်စု၏
ဆောင်ပုဒ်မှာ ဓန်ထမ်းလုပ်ငန်းဟူ၍ဖြစ်ပါသည်။ ဤဆောင်ပုဒ်များ
ကို လက်ခံ၍ လေ့ကျင့်မှု ပြည့်ဝစွာ ရရှိခဲ့သည့်ကင်းထောက်တစ်
ဦးသည် လူကြီးတစ်ဦးဖြစ်လာသည့်အခါ မည်သို့သော လူကြီးမျိုး
ဖြစ်လာမည်ဆိုသည်ကို စဉ်းစားလျှင် အဖြေမှာ ကျယ်ပြန့်စွာ
ထွက်ရှိလာနိုင် မည်ဖြစ်ပါသည်။

ယင်းဆောင်ပုဒ်များကို အုပ်စုအသီးသီးသည် ဦးတည်ချက်
ဖြစ်ထားရှိပြီး လေ့ကျင့်ခဲ့ကြ၊ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း တွေ့မြင်ခဲ့ရပါသည်။ တာဝန်များကို ထမ်းဆောင်နိုင်ရန် အတွက် မိမိကိုယ်မိမိ သက်လုံတောင်းစေရန် ပညာရပ်အသီးသီးကို လေ့လာအည်းပူးသင်ယူလေ့ကျင့်ခဲ့ရပါသည်။ ရှေးဦးသူနာပြုနည်း၊ ထမင်းဟင်းချက်ပြုတ်နည်း၊ မီးမွှေးနည်းမျိုးစုံ၊ ကြိုးချည်နည်းမျိုးစုံ၊ မိမိတို့ဘာသာစကား မဟုတ်သော အခြားမီးသတ်ပညာရပ်များ၊ တဲထိုးနည်းမျိုးစုံ၊ ရေကူးခြင်း၊ လက်ငှေ့ထိုးခြင်း၊ မီးသတ်ပညာ အလံဖြင့်အချက်ပြ စကားပြောခြင်း၊ မီးဖြင့်အချက်ပြစကားပြောခြင်း၊ အသံဖြင့်အချက်ပြ စကားပြောခြင်း (မော့စ်ကုတ်နှင့် ကြေးနန်းရိုက်ခြင်း) လက်ချောင်းများအသုံးပြု၍ စကားပြောခြင်း (မေရီမင်းဆွဲ အနားမကြား ကျောင်းတွင်သွားရောက် သင်ယူလေ့ကျင့်ခဲ့ကြရပါသည်။) လှေလှော်ခြင်း၊ ဒိုင်ဗင်ထိုးခြင်း၊ သံလိုက်အိမ်မြှောင်အသုံးချ၍ ခရီးသွားခြင်း၊ တောတွင်းခြေရာခံ ခြေရာကောက်အတတ် သင်ယူခြင်း၊ တောတွင်းတွင်တွေ့ရှိရှာဖွေ ရရှိနိုင်သော သစ်သီးသစ်ဥ သစ်မြစ်စသည်တို့ဖြင့် အသက်ရှင်နေထိုင်နိုင်ခြင်း၊ တောခရီးကြမ်းထွက်ခြင်း၊ တောစခန်းချခြင်း စသည်အားဖြင့် လေ့ကျင့်သင်ယူကြရပါသည်။

မြို့မကင်းထောက်အဖွဲ့ထဲမှ ရွေးထုတ်ပြီး SEA SCOUT ဟူ၍ ဖွဲ့စည်းခဲ့ပါသည်။ ယူနီဖောင်း အင်္ကျီကာကီ၊ ဘောင်းဘီအပြာဝတ်ရပြီး ၁၉၄၈ ခုနှစ်တွင်ဆရာကြီး ဦးဘလွင်၏သားဖြစ်သူ ရေတပ်မှဗိုလ်ကြီးကျော်သိန်းလွင် ဦးစီးသည့် မိုင်းရှင်းရေယာဉ်စီးတွင် ခွဲ၍ ရက်သတ္တတစ်ပတ်ကြာ သင်တန်းဆင်းရပါသည်။ ကင်းထောက်များချည်း လေ့ကျင့်ခဲ့ကြသော အလံနှင့်အချက်ပြနည်း



းနှင့်အချက်ပြနည်းများကို စစ်ဆေးရာတွင် ရေတပ်ပညာသည်များ၏ အချက်ပြခြင်း၊ မော့စ်ရိုက်ခြင်းများကို မလိုက်နိုင်သည့်အတွက် နောက်ထပ် ၃ ရက်ထပ်တိုး၍ လေ့ကျင့်ဖြေဆိုခဲ့ကြရပါသည်။

ကင်းထောက်၏ လုပ်ငန်းများတွင် တစ်ပါးသူကို ကူညီခြင်းလုပ်ငန်းသည် များစွာအရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့်လည်း ကင်းထောက်တစ်ယောက်သည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နေ့စဉ်သတိထား၍ မွန်မြတ်သော ကူညီမှုများ ပြုလုပ်ရန် အသင့်ဖြစ်နေကြပါသည်။ ပြုလည်းပြုလုပ်ခဲ့ကြပါသည်။ ထိုလုပ်ငန်းကို ကင်းထောက်သဘောမပေါက်သူများ ပြက်ရယ်ပြုဖွယ်ရာအဖြစ် တွေ့မြင်ခဲ့ကြပါသည်။ ပြက်ရယ်လည်းပြုခဲ့ကြပါသည်။ လုပ်ငန်းများမှ အချို့ကို ဖော်ပြရသော် လမ်းဖြတ်ကူးရန် အခက်အခဲတွေ့နေသော ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများကို လမ်းဖြတ်ကူးပို့ဆောင်ခြင်း၊ လူသွားလူလာများသည့်နေရာ၊ လှေကားအဆင်း အတက်နေရာစသည်တို့တွင် တွေ့ရသော ငှက်ပျောခွံ၊ လိမ္မော်ခွံ စသည်များကြောင့် တစ်စုံတစ်ဦးချော်လဲနိုင်သည် ဖြစ်သောကြောင့် ဖယ်ရှားပေးခြင်း၊ မီးရထား(စ်)ကားစီးသွားစဉ် ရဟန်းတော်များ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ မကျန်းမာသူများစသည်တို့ နေရာမရဖြစ်နေလျှင် မိမိနေရာကို ဖယ်ပေးပြီး ထိုင်စေခြင်းစသည်များ ဖြစ်ပါသည်။ ဥပမာအားဖြင့် နှစ်ခုသုံးခုထုတ်ပြခြင်း ဖြစ်ပါသည်။ ကင်းထောက်တစ်ယောက်သည် ကင်းထောက်ကျင့်ဝတ်အမှတ် (၃) ပါအတိုင်း သူတစ်ပါးအား ကူညီခြင်းကို နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးသား၍ ကင်းထောက်ဆရာထံ တင်ပြပြီး အသိအမှတ်ပြုစေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့မ ကင်းထောက်အဖွဲ့ဝင်များ၏ အားကစားလေ့ကျင့်မှု တွင် လက်ဝှေ့ထိုးခြင်းသည် အဓိကအားကစားဖြစ်ပါသည်။ ဆရာ ဦးဘဝင်းက စိတ်ရောကိုယ်ပါ ကိုယ်တိုင်လေ့ကျင့်သင်ကြားပေးခဲ့ သည်။

ကင်းထောက်ကျင့်ဝတ်များကို လေ့လာကြည့်ပါလျှင် ကင်းထောက်၏ လုပ်ငန်းများသည် စစ်ရေးသဘောမှ ကင်းလွတ် သကဲ့သို့ နိုင်ငံရေးနှင့်လည်း မရောပြွမ်းကြောင်း တွေ့ရပါမည်။ လူမှုဝန်ထမ်းလုပ်ငန်း သက်သက်သာဖြစ်ပြီး လူငယ်များ၏ အကျင့် စာရိတ္တကောင်းမွန်ရေး၊ မိမိကိုယ်မိမိ အားကိုးလိုစိတ် ရိုးပင်းကူညီ လိုစိတ်နှင့် တာဝန်သိတတ်သော နိုင်ငံ၏သားကောင်းရတနာများ ဖြစ်လာစေရေးကို ဦးတည်နေကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့မြင်နိုင်ပါလိမ့်မည်။

SCOUT LAW

1. A SCOUT HONOUR IS TO BE TRUSTED
2. A SCOUT IS LOYAL
3. A SCOUT DUTY IS USEFUL AND TO HEL[P] OTHERS.
4. A SCOUT LOVES TO EVERY OTHER SCOUT, NO MATTER TO WHAT SOCIAL CLASS TH[E] OTHER BELONGS.
5. A SCOUT IS COURTEOUS
6. A SCOUT IS KIND TO ANIMAL



7. A SCOUT OBEY ORDER TO HIS PARENTS, PATROL LEADER OF SCOUT MASTER WITHOUT QUESTION
8. A SCOUT IS SMILES AND WHISTLE UNDER ALL DIFFICULITES.
9. A SCOUT IS THRIFTY.
10. A SCOUT IS CLEAN IN THOUGHT, WARDS AND DEEDS

ယူနီဖောင်းကို ဝတ်ဆင်ထားကြသော်လည်း စစ်သဘော မပါ၊ နိုင်ငံရေးမစွက်ဖက်ဘဲ မိမိကိုယ်မိမိ အားကိုးလိုသောစိတ်ရှိ သူ၊ ယောက်ျားပီသသောစိတ်ရှိသူ၊ လူမှုဝန်ထမ်းစိတ်ဓာတ်အပြည့် အဝရှိသောသူ၊ တာဝန်သိတတ်သူ၊ နိုင်ငံသားကောင်းများ ဖြစ်လာ စေရန်လည်းကောင်း၊ ယဉ်ကျေးသိမ်မွေ့၍ လူကြီးလူကောင်းစိတ် ဓာတ်ဖြင့် လောကလူဘောင်တွင် ဝင်ဆန့်သော ယောက်ျားကောင်း ယောက်ျားမြတ်များ ဖြစ်လာစေရန်လည်းကောင်း ရည်ရွယ်ခဲ့သည့် ကင်းထောက်အဖွဲ့ကြီးနှင့်တကွ မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြား ရေးကိုပါ တစ်ဖက်တစ်လမ်းက နည်းပေးလမ်းပြ၍ လေ့ကျင့်မွေး ထုတ်ပေးခဲ့သော အမှတ် (၃၁) ရန်ကုန်မြို့မ ကင်းထောက်အဖွဲ့၏ အခန်းကဏ္ဍကို တစ်စိတ်တစ်ဒေသ မှတ်တမ်းတင်ခွင့်ရခြင်း အတွက် များစွာဝမ်းမြောက်ဂုဏ်ယူဖွယ် ဖြစ်ခဲ့ရပါကြောင်းဖော်ပြ လိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

## ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆရာကြီးဦးဘလွင်

ဆရာကြီးဦးဘလွင်၏ ဦးဆောင်လမ်းညွှန်မှုအရ (၁၀-၆-၁၉၄၀)တွင် ရန်ကုန်မြို့မကျောင်းသားဟောင်း အသင်းတိုက်၌ ဗမာ့လက်ရုံးတပ်၊ တက္ကသိုလ်သံမဏိတပ်၊ မြို့မရဲတပ်ဖွဲ့ (မြို့မ အဖျော်တမ်းတပ်ဖွဲ့) မြို့မရဲခေါင်တပ်ဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်မြို့လုံးဆိုင်ရာ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်မြို့၊ မြို့တော်ခန်းမကြီး၌ ကျောင်းဆရာ၊ ဆရာမများကို မိန့်ကြားခဲ့သော မိန့်ခွန်းရှည်ကြီးတစ်ခုရှိခဲ့ပါသည်။ အဆိုပါ မိန့်ခွန်းထဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာကြီးဦးဘလွင်တို့ အချီအချဆွေးနွေးကြသည်ကို ဖတ်ရှုမှတ်သားရပါသည်။

မြို့တော်ခန်းမ၌ ပြုလုပ်သော ဆွေးနွေးပွဲကို ထိုခေတ်ကဗမာ့ခေတ်သတင်းစာ၏ အာဘော်အရ ဖော်ပြရလျှင် "ကျောင်းဆရာများ ကျောင်းပိတ်ရက် ခေတ်သစ်ပညာသင်တန်း" ဟု သတင်းစာတွင် ရေးသားဖော်ပြခဲ့ပါသည်။





ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက အဖွင့် မိန့်ခွန်းရှည်ကြီးတစ်ခု ပြောကြားခဲ့ပါသည်။ မိန့်ခွန်းရဲ့ခေါင်းစဉ်ကို "သေနင်္ဂဗျူဟာ စစ်ပညာ" ဟု ဖော်ပြထားပါသည်။ မိန့်ခွန်းတွင် စစ်ပညာရပ်ဆိုင်ရာကို အကျယ်တဝင့် မိန့်ကြားခဲ့ပါသည်။ ဆရာ၊ ဆရာမများနှင့် ပတ်သက်သည့်အပိုင်းနှင့် ဆရာကြီးဦးဘလွင်၏ ဆွေးနွေးချက်များကိုသာ မူရင်းအတိုင်း ဖော်ပြသွားပါမည်။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ဆွေးနွေးပွဲတွင် စစ်ပညာဘာသာရပ် (The Art of War) ၌ သူလက်လှမ်းမှီသမျှ ဆွေးနွေးတင်ပြသွားပြီး အဓိကအားဖြင့် လူငယ်တွေ ပညာသင်ကြားရေးမှာ စိတ်ဓာတ်အပိုင်းကို မီးမောင်းထိုးပြသွားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက "စစ်ပညာသည် နိုင်ငံတော်ကာကွယ်ရေးတွင် အရေးကြီးဆုံးအင်အားရှိတဲ့ တပ်မတော်ကြီးလိုအပ်ပုံ၊ တိုင်းပြည် ထူထောင်ရာမှာ တပ်မတော်အင်အားရှိအောင် ဦးစွာထူထောင်ပြီးမှ ကာကွယ်ရေး၊ လုံခြုံရေး အပြည့်အဝရရှိမှ အခြားသော စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသော အပေါ်ထပ် အဆောက်အအုံတွေကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ကာကွယ်ရေး (လုံခြုံရေးမရှိပါက) မလုံလောက်ပါက တစ်နေ့တွင် အားလုံးပြိုကျပျက်စီးကုန်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ထူထောင်ရေးအတွက် ကော်မရှင်တစ်ရပ်ဖွဲ့ပြီး လိုအပ်ချက်များကို ပဏာမ လေ့လာဖော်ထုတ်စုံစမ်းပြီး လိုအပ်တဲ့ ဘဏ္ဍာငွေရှာဖွေရေးနှင့် အခြားရုပ်ဝတ္ထု၊ ပစ္စည်း၊ လူ အရင်းအမြစ်များကို ရှာဖွေရမှာဖြစ်ကြောင်း၊ ထိုအရင်းအမြစ်များကို

www.burmeseclassic.com

www.burmeseclassic.com



သူ့ကဏ္ဍအလိုက် အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရမည့် တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများထဲတွင် ကာကွယ်ရေးကဏ္ဍသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ဒီကာကွယ်ရေးကဏ္ဍအတွက် အများဆုံး ရင်းနှီးအတုန်ခံရမည့် သဘောရှိကြောင်း၊ ဒါကြောင့်တခြား ကဏ္ဍများဖြစ်တဲ့ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍဖက်တွေမှာ နည်းနည်းစီလျှော့သွားနိုင်တဲ့အတွက် ပြည်သူတွေကတော့ ညည်းညူကြမှာဖြစ်ကြောင်း၊ ဒီလိုစစ်အတွင်းကာလမှာ ကာကွယ်ရေးကို ဦးစားပေးရတဲ့အတွက် တစ်ဖက်က ပြည်သူများကလည်း အသိစိတ်ဓာတ်ရှိရှိနှင့် စစ်ပညာကိုလိုက်စားဖို့ လိုအပ်ကြောင်း”

“ယနေ့ ပြည်သူအများစုဟာ စစ်ပညာကို နားမလည်ကြကြောင်း၊ လူတိုင်း စစ်သွေးစစ်စိတ်အပြည့်အဝရှိပြီး တိုင်းပြည်ကာကွယ်ရေးအတွက် လူတိုင်းလူတိုင်း စစ်မှုထမ်းဖို့ရာ အသင့်ဖြစ်နေဖို့လိုကြောင်း၊ လောလောဆယ် မြန်မာပြည်အတွက် ကုန်းတပ် (ကြည်းတပ်)ကို အဓိကထားဖွဲ့စည်းရမှာဖြစ်ကြောင်း၊ ကြည်းတပ်ဖွဲ့စည်းရာမှာ ခြေလျင်တပ်တွင်မက အမြောက်တပ်၊ အင်ဂျင်နီယာတပ်၊ အချက်ပြတပ် (ဆက်သွယ်ရေး) ထောက်ပံ့ရေးတပ်၊ မော်တော်ယာဉ်တပ်၊ မီးရထားတပ်စတဲ့ ပို့ဆောင်ရေးအဖွဲ့အစည်းများကို ထူထောင်ဖွဲ့စည်းရမည် ဖြစ်တဲ့အတွက် အသုံးစရိတ်စကကတော့အတော့ကို ကုန်ကျမှာဖြစ်ကြောင်း” စသည်ဖြင့် ပြောကြားခဲ့ပါသည်။



မြန်မာပြည်ကို ဂျပန်များနှင့်အတူ ဝင်ရောက်သိမ်းပိုက်ခဲ့စဉ်က အတွေ့အကြုံတစ်ခုကို ပြောကြားရာတွင် “မော်တော်ကားအကြောင်းစပ်မိလို့ ပြောရဦးမယ် လူတွေဟာ ဘယ်လောက်စစ်ရေးစစ်ရာအကြောင်း နားလည်မှုဝေးခဲ့သလဲဆိုရင် ဗမာပြည်အတွက် မဟာမိတ်နိပ္ပွန်တွေနဲ့အတူ ကျုပ်တို့တိုက်လာတုန်းက ကားတွေကိုသိမ်းတာကို အပြစ်ဆိုကြတယ်လို့ကြားရတယ်။ စစ်ဆိုတာ တစ်နာရီနှင့် ရောက်အောင်သွားရမယ့်ခရီးကို တစ်နာရီနှင့် အရောက်သွားရမည့် တာဝန်ရှိပါတယ်။ အချိန်ထဲမှာ အသက်ဝင်နေပါတယ်။ အဲဒီတော့ တွေ့ရာမော်တော်ယာဉ်၊ ရေယာဉ်စတဲ့ စက်တစ်ယာဉ်တွေကို အရသိမ်းပြီး စီးသွားရမယ်၊ စစ်ရေးထက် ဒီပြင်အရေးကြီးတာကို မကြည့်နိုင်ဘူး။ စစ်ရေးသာ အဓိကပဲ။”

“အချို့ကပြောကြတယ်၊ ကြမ်းကြမ်းတမ်းတမ်းလုပ်လို့ အပြစ်ဆိုတာပါ။ ချိုချိုပြောရင်လည်း ရပါတယ်တဲ့။ ကျွန်တော်ကိုယ်တိုင်က အရေးကြီးလို့ ကားပိုင်ရှင်တစ်ဦးကို ချိုချိုပဲ ပြောဖူးပါတယ်။ မရဘူး။ မရတော့ရတဲ့နည်းနဲ့ အတင်းယူလိုက်တယ်၊ သိမ်းလိုက်တယ်၊ သူလည်းတစ်ခါထဲ စစ်ရေးသဘောကို နားလည်သွားတာပေါ့” ဟု မိန့်ကြားသွားခဲ့ပါသည်။

စစ်ပညာမှာ အရေးကြီးဆုံးက ရန်သူကို လက်ဦးမှုရအောင်တိုက်ရမှာဖြစ်ကြောင်း၊ အချိန်နှင့်အတွာအဝေး လျင်မြန်စွာရွေ့လျားနိုင်မှု၊ အငိုက်ဖမ်းနိုင်မှု၊ ဒါတွေဟာ အရေးကြီးကြောင်း နယ်မြေသိမ်းတိုက်ပွဲတွေမှာ ကြည်းတပ်က အဓိကအခန်းမှာ ပါဝင်နေကြောင်း၊ ရေတပ်၊ လေတပ်တွေမှာ ပံ့ပိုးမှုပစ်ခတ်မှု စွမ်းအားတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ရယူမှာဖြစ်ပါကြောင်း၊ တိုင်းပြည်နဲ့ အနာဂတ်ကာလ အခြေအနေကို ကြည့်ရင်လည်း ရှေ့ကလို တစ်ပြည်ထောင်တည်း ထီးတည်းကြီး ဘယ်သူနှင့်မှ မဆက်ဆံဘဲ နေလို့မရတော့ကြောင်း၊ သင့်တင့်တဲ့ တိုင်းပြည်တွေနဲ့ ဆက်ဆံပြီး အစုလိုက်အဖွဲ့လိုက် နေကြမယ်။ အကူအညီ ယူသင့်တဲ့ တိုင်းပြည်များ၏ အကူအညီကိုလည်း ယူရမယ်။"

"လက်ရှိအနေအထားအရ (နိပ္ပွန်) ဂျပန်နိုင်ငံ၏ အင်အားဟာ အတောင့်တင်းဆုံးဖြစ်တဲ့အတွက် နိပ္ပွန်တွေရဲ့ အကူအညီကို ရယူပြီး ဗမာပြည်၏ ကာကွယ်ရေး အဆောက်အအုံကို တည်ဆောက်ရမှာဖြစ်ကြောင်း၊ မိမိတို့မှာ သုညကစရမယ့်ဘဝဖြစ်ကြောင်း၊ နောင်တစ်ချိန်မှာ ဗမာပြည်ဟာ အရှေ့အာရှတိုက်မှာ အချက်အချာ တိုင်းပြည်တစ်ခု ဖြစ်လာစရာရှိကြောင်း၊ ဗမာပြည်၏ ကာကွယ်ရေးဟာ အရှေ့အာရှတိုက်၏ ကာကွယ်ရေးဖြစ်တဲ့အတွက် ကြိုးပမ်းရမှာဖြစ်ကြောင်း၊ အရှေ့အာရှတိုက်၏ ကာကွယ်ရေးဟာ ဗမာပြည်၏ကာကွယ်ရေးဖြစ်ကြောင်း။ နောက်တစ်ချက်ကတော့ တိုင်းပြည်၏ လူဦးရေပြဿနာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုကြောင်း၊ အိန္ဒိယနိုင်ငံ-တရုတ်ပြည်စတဲ့ လူသန်းပေါင်းများစွာရှိတဲ့နိုင်ငံကြီး နှစ်ခုကြားမှာရောက်ရှိနေကြောင်း၊ လက်ရှိ ဗမာပြည်၏ လူဦးရေဟာ ၁၄ သန်းခွဲသာရှိတဲ့တွက် အလွန်နည်းနေသေးကြောင်း၊ လူဦးရေ တိုးပွားအောင်လုပ်ဖို့ လိုအပ်နေသေးကြောင်း" ပြောကြားပြီးနောက် တိုင်းပြည်၏ ပညာရေးနှင့် ပတ်သက်ပြီး သူ၏အယူအဆ သဘောထားကို ဆက်လက်တင်ပြသွားပါသည်။



"ဒီနေ့ ပညာရေးနည်းစနစ်မှာလည်း၊ ယဉ်ကျေးမှုပညာတို့ ဖယ်ထုတ်ပစ်လိုက်ဖို့ကောင်းတယ်။ အနောက်နိုင်ငံ ယဉ်ကျေးမှုတွေကိုလည်း အတုခိုးစရာမလိုဘူး၊ မဟာမိတ်နိပ္ပွန်တွေက ပြောသလိုပဲ၊ အနောက်နိုင်ငံသားတွေကို အတုခိုးချင်ရင် သူတို့ယဉ်ကျေးမှုကို အတုခိုးဖို့မလိုဘူး။ သူတို့ခေါင်းထဲမှာရှိတဲ့ ပညာကိုပဲ အတုခိုးရမယ်။ ဥရောပတိုက်မှာဆိုရင် မြင်းသစ်လူမျိုးတွေဟာ အယဉ်ကျေးဆုံးပေါ့။ ဒါကြောင့်လည်း သူတို့သောက်ကျိုးနည်းတုန်တာပဲ။ ဗမာတွေလည်း ဘယ်လိုယဉ်ကျေးတယ်၊ ဘယ်လိုဟီရိဩတ္တပ္ပရှိကြတယ်ဆိုတာတွေကို ဂုဏ်ယူနေကြတယ်။ ဒါဟာတိုင်းပြည်အတွက် သောက်ကျိုးနည်းမယ့်ကိစ္စတွေပဲ။ တချို့ကပြောတယ်။ နိပ္ပွန်စစ်သားတွေဟာ စုတ်စုတ်ပွဲပွဲနဲ့ ရေချိုးတော့လည်းကိုယ်တုံးလုံး တကယ်ရိုင်းတယ်လို့ပြောကြတယ်။ ဗမာတွေဟာ ဟီရိဩတ္တပ္ပစကားကို အများကြီးအသုံးပြုကြတယ်။ အရှက်ရှိမှ အကြောက်ရှိတယ်တဲ့။ နို့ပေမယ့်တဲ့ နိပ္ပွန်စစ်သားတွေ၏ ဝါဒကတော့ အရှက်ရှိရင် အကြောက်ရှိတယ်။ အကြောက်ရှိရင် ဘယ်နည်းနဲ့ စစ်အောင်မြင်မှာလဲဆိုပြီး စစ်ရှုံးမှသာ တစ်ခုပဲ ရှက်စရာကောင်းတယ်။ ဒါကလွဲရင် လောကမှာဘာမှရှက်စရာမလိုဘူးလို့ သဘောထားကြတယ်။ ဒါကြောင့် အရှေ့ဘက်စစ်မျက်နှာတစ်လွှားမှာ တစ်နေ့ထက်တစ်နေ့ တိုးပြီးအောင်မြင်အရေးသာနေတာပဲ။ သူတို့ဟာ အမြင်သာရိုင်းပေမယ့် အလိုရှိရင် တိုင်းပြည်အတွက် အသက်စွန့်ဝံ့တဲ့ (ဟာရာကီရီ) ဆိုတဲ့ မွန်မြတ်တဲ့ စိတ်ဓာတ်တွေရှိတယ်။ ယဉ်ယဉ်ကျေးကျေးနဲ့ သူများကျွန်ခံနေရတာထက် ရိုင်းရိုင်းစိုင်းစိုင်းနဲ့ သူများပေါ်ကနေ ဆရာလုပ်နေတာကို

www.burmeseclassic.com

www.burmeseclassic.com



မြတ်တယ်လို့ ယူဆတယ်" . . . ဟု ပြောကြားသွားရာ ပရိသတ်ကြီးက တစ်ခဲနက် ဩဘာပေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံတွင် စစ်သားကို မည်သို့ဂုဏ်ပြုတန်ဖိုးထားကြသည်ဆိုခြင်းကို ယခုလို ဆက်လက်ပြောကြားသွားသည်။

"သူတို့ ဂျပန်တိုင်းပြည်မှာဆိုရင် စစ်သားကလေးတစ်ယောက် စစ်ထဲပဲဝင်ဝင်၊ စစ်မြေပြင်ပဲထွက်ထွက် တိုင်းပြည်အတွက် အသက်ကို လှူရမယ့်သူဆိုပြီး တစ်ရွာလုံး၊ တစ်မြို့လုံး၊ မီးရထားဘူတာ၊ သင်္ဘောဆိပ် စတဲ့နေရာတွေကို လိုက်ပို့ကြတယ်။ နှုတ်ဆက်ကြတယ်။ သူတို့ စစ်သားတစ်ယောက် စစ်မြေပြင်မှာကျဆုံးသွားရင်လည်း အရိုးကို ပြာချပြီး သူတို့တိုင်းပြည်ကို ပြန်ပို့ကြတယ်။ အဲဒီမှာ (ရျာကူနီရှရိုင်း) ဆိုတဲ့ အာဇာနည်ကုန်းပို့ပြီး ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ကြတယ်။ အလေးပြုကြတယ်။ ဒါကြောင့်လည်း နိပွန်နိုင်ငံကြီးဟာ နှစ်အနည်းငယ်အတွင်း ဒီလောက်ကြီးမားလာတာပဲ။ ပြောရမယ်ဆိုရင် အများကြီးပြောစရာတွေရှိပါတယ်။ သို့သော်လည်း ကျွန်တော် ပြောရမယ့် အချိန်ကလည်း လွန်သွားပြီး နောက်ပြောရမယ့် ပုဂ္ဂိုလ်တွေလည်း ရှိသေးတယ်၊ ဒီမျှနဲ့ပဲ နိဂုံးချုပ်ပါရစေတော့။ ဆရာ ဆရာမတွေ၏ တာဝန်ဟာ နောင်ကြီးလာမယ့်ကလေးတွေကို စစ်စိတ်စစ်သွေး၊ ရဲစိတ်ရဲမာန်ဝင်အောင် သင်ကြားပေးကြပါ။ ပြီးတော့ ဆရာ၊ ဆရာမတို့နဲ့ ကျွန်တော်တို့တစ်သက်ကလေး ကောင်းဖို့ မကြည့်ဘဲ ကျွန်တော်တို့ နောင်လာနောက်သားများ ကောင်းစားဖို့ကြည့်ပြီး အလုပ်လုပ်ကြပါ။ အနစ်နာခံကြပါလို့ ပြောဆိုလိုပါကြောင်း" နိဂုံးချုပ်လိုက်ရာ ပရိသတ်အားလုံးက သောင်းသောင်းဖျဖျ ဩဘာပေးကြကြောင်း ဖော်ပြထားပါသည်။



ထို့နောက် မြို့မဆရာကြီး ဦးဘလွင်က ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းအပေါ်မှာမူတည်ပြီး ယခင်က သူ၏အယူအဆ အတွေး အခေါ် မှားယွင်းခဲ့ကြောင်း ပညာရှိပီပီ သူ့အတွေ့အကြုံကလေးများကို ဟာသနှောပြီး ယခုလို တင်ပြဆွေးနွေးခဲ့ပါသည်။

ဆရာကြီးဦးဘလွင်က "ယခုန သခင်အောင်ဆန်းသည် ပရိသတ်ဘက်လှည့်ပြီး ဟောပြောနေသော်လည်း မိမိအားစောင်း ပြောနေသည်ဟု မိမိထင်မြင်ကြောင်း၊ စစ်ရေးစစ်ရာ ပညာဗဟုသုတနှင့်ပတ်သက်ပြီး မိမိကိုယ်တိုင်မသိသား ဆိုးဝါးပုံကို မိမိကိုယ်တိုင် ပရိသတ်ရှေ့မှာပြောပြလိုကြောင်း မိမိပိုင်ကားကို ဘီအိုင်အေတပ်များက သိမ်းသွားသဖြင့် မိမိမှာ မည်သို့မျှစိတ်မရှိသော်လည်း မိမိ သားသမီးများနှင့် ဇနီးကမူ နှမြောကြသဖြင့် သခင်ကိုယ်တော်မှိုင်းထံ မိမိစာရေးခဲ့ဖူးကြောင်း" ပြောဆိုရာ သခင်အောင်ဆန်းက (ကျွန်တော် ပြောတာ ဆရာကြီးကိုပုဂ္ဂလဓိဋ္ဌာန်နဲ့ ပြောတာမဟုတ်ပါဘူး။ ဓမ္မဓိဋ္ဌာန်နဲ့ တစ်ပြည်လုံးကို ရည်ရွယ်ပြီးပြောတာပါ) ဟု ရယ်၍ပြောရာ ဆရာကြီးနှင့်တကွ ပရိသတ်အားလုံးက ရယ်မောကြသည်။ ဆရာကြီးက ဆက်လက်၍ "မိမိမှားမိကြောင်းကို ပရိသတ်ရှေ့မှာ သခင်အောင်ဆန်းကို ထောက်ခံသည့်အနေဖြင့် ဝန်ခံခြင်းဖြစ်ပါကြောင်း။ ပြီးတော့လည်း ဒီမော်တော်ကားကို ကျုပ်မှာငွေရှိလို့ ဝယ်ထားခြင်း မဟုတ်ကြောင်း၊ ကြွေးချေးပြီး ဝယ်ထားရတာဖြစ်ပါကြောင်း။ အဲဒီတော့ ဇနီးနှင့် ကလေးတွေကတော့ နှမြောကြမှာပဲ" . . . ဟုပြောရာ အားလုံးကရယ်မောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ အထက်ပါ ဆွေးနွေးတင်ပြချက်အား လေ့လာသုံးသပ်ပါက ဆရာကြီးအနေဖြင့် ပုထုဇဉ်တို့သဘာဝ ပစ္စည်းဥစ္စာအပေါ် တွယ်တာမှုများ ရှိခဲ့သော်လည်း ယခုကဲ့သို့ တိုင်းပြည်၏ လိုအပ်ချက်ကြောင့် မလွှဲမသွေ သိမ်းဆည်းခံရခြင်းအပေါ် အမြင်မကြည်လင်ခဲ့ခြင်းမှာ ရင်း၌စစ်ရေးအမြင် စစ်ရေးအတွေးမရှိခဲ့သည့်အတွက် မိမိများကို မှားခဲ့မိကြောင်း ပညာရှိပီပီ ပရိသတ်ရှေ့တွင် ရဲရဲရင့်ရင့်တင်ပြဝန်ခံသွားခြင်းသည် ဆရာကြီး၏ ပညာသမာဓိကြီးမားမှု စိတ်သဘောထားမြင့်မြတ်မှုတို့ကို အကဲဖြတ်နိုင်ပါသည်။

ဆက်လက်ပြီး ဆရာကြီးက ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းထဲမှ လူဦးရေပြဿနာအပေါ် ဆွေးနွေးချက်ကို ယခုလိုတာသနော့ပြီး ဆွေးနွေးသွားပါသည်။

"စောစောက သခင်အောင်ဆန်းပြောသွားတဲ့ စကားထဲမှာ လူဦးရေတိုးရေးပြဿနာပါလာတယ်။ တစ်နေ့က သတင်းစာထဲမှာ သခင်အောင်ဆန်းတို့ မင်္ဂလာသတင်းစာတ်ပုံပါလာတယ်ဆိုတော့ ကျုပ်ရုတ်တရက် မယုံကြည်မိဘူး။ အခု သခင်အောင်ဆန်းပြောတော့မှပဲ ဩော် ဒါကြောင့်ကိုးလို့ သိကြရပါတယ်" လို့ ပြောလိုက်ရာ ပရိသတ်မှာဝဲကျပြီး တသောသောရယ်မောကြပြန်ပါသည်။ ထို့နောက် ဆရာကြီး ဦးဘလွင်က ပညာရေးစနစ်တွင် သင်ကြားမှု စနစ်နှင့်ပတ်သက်၍လည်း "မိမိမြို့မ ကျောင်းအုပ်ကြီးအဖြစ် လုပ်ခဲ့စဉ်က ကလေးတွေကို မရိုက်နှက်ဘဲဆုံးမရမယ်လို့ သုံးလေးနှစ်တိုင် အမိန့်ထုတ်ညွှန်ကြားခဲ့ပါကြောင်း။ ဆရာတွေကမူ ဆရာကြီးအသက်ကြီး၍ ထင်ရာလုပ်နေသည်ဟု ထင်ကြကြောင်း။ နောက်မှ ဗမာလွတ်လပ်ရေး



တပ်မတော် (ဘီ-အိုင်-အေ) မှာ မြို့မကျောင်းသား တပည့်တွေက မိမိညွှန်ကြားသော စနစ်မှန်ကန်ကြောင်းကို ဝန်ခံကြကြောင်း။ ကလေးတွေဟာ (ကျွန်ခေတ်မှာ မွေးလာတဲ့) ကျွန်ကလေးတွေ ဖြစ်လာသည့်အထဲ ရိုက်လည်းရိုက်ဦးမယ်ဆိုရင် အဘယ်မှာ ရဲသွေးရဲမာန်တွေ စစ်စိတ်စစ်သွေးတွေ ပေါ်ပေါက်နိုင်ပါမည်နည်း။ ဒါကြောင့် ယခုရောက်ရှိနေသော ဆရာ၊ ဆရာမများကလည်း ကလေးတွေကိုကြောက်စိတ်ဝင်အောင်၊ လူညွှန့်တုံးအောင် မဆုံးမကြဘဲ ရှေ့လာမည့်ခေတ်သစ်ကြီးတွင် လူချွန်လူကောင်းကလေးတွေ ဖြစ်လာအောင် သွန်သင်ဆုံးမသွားကြဖို့ တိုက်တွန်းပါကြောင်း" ပြောသွားပါသည်။

ဆရာကြီးဦးဘလွင်၏ ဆွေးနွေးချက်အပြီး တက်ရောက်လာတဲ့ ပရိသတ်ကြီး၏ ဩဘာသံသည် မြို့တော်ခန်းမကြီးတစ်ခုလုံး လွှမ်းမိုးစေခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာကြီးဦးဘလွင်တို့ကား မရှိတော့ပြီ။

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် အသက်(၂၇)နှစ်အရွယ်ရှိပြီး၊ ဆရာကြီးဦးဘလွင်သည် အသက် (၅၀) နှစ်အရွယ်ရှိပါသောကြောင့် မိဘနှင့်သားသမီးသဖွယ် ဦးလေးနှင့်တူသဖွယ် ရင်းရင်းနှီးနှီး ပြောဆိုကြခြင်းဖြစ်ပေသည်။ အဆိုပါပုဂ္ဂိုလ်ကြီး နှစ်ဦးချမှတ်ပေးခဲ့သောမျိုးစေ့များမှရှင်သန်ပေါက်ဖွားလာသည့် မျိုးဆက်သစ်များလည်း သူ့ခေတ်နှင့်သူ့အခါလိုက် နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော် အကြီးအကဲများ အမိနိုင်ငံတော် လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များတွင်သာမက ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်များ ပညာရေးအမှုထမ်း ဆရာ၊ ဆရာမများသည် သူ့ခေတ်သူ့အခါနှင့်အညီ ကျရာတာဝန်ကို ထမ်းရွက်ခဲ့ကြသူများ ထမ်းဆောင်ဆဲပုဂ္ဂိုလ်များရှိခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ စွန့်လွှတ်စွန့်စားရဲသော စိတ်ဓာတ်များ ဆရာကြီးဦးဘလွင်၏ မြို့မမိသားစုစိတ်၊ မျိုးချစ်စိတ်၊ ဝံသာနုရက္ခိတ စိတ်ဓါတ်တို့ကို ဆက်လက်အမွေခံထိန်းသိမ်းရင်း နိုင်ငံတော် ကာကွယ်ရေးနှင့် တိုင်းပြည်ထူထောင်ရေးအတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ၊ မြို့မစိတ်ဓာတ် အပြည့်အဝရှိတဲ့ သားမြို့မ၊ သမီးမြို့မများ ထောင်သောင်းမက ပေါ်ထွက်လာပါစေဟု မျှော်လင့်မိပါသည်။

## အခန်း (၂၉)

## ဆရာကြီးဦးဘလွင် ဖျစ်သော မြို့မ၏သူရဲကောင်းများ

မြို့မအမျိုးသားကျောင်းကြီး၏ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ မြို့မမိသားစုစိတ်ဓာတ်တို့သည် ကျောင်းသားဘဝတွင်သာမက ထိုကျောင်းသားများ၏ ဘဝတစ်သက်တာတစ်လျှောက်တွင် လွန်စွာအကျိုးကျေးဇူးရှိပေသည်။ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ၊ ဂျီ၊ စီ၊ ဘီ၊ အေခေါင်းဆောင် ပန်းကန်စက် ဦးသော်၊ ဆာဦးသွင်၊ အမ်အေဦးမောင်ကြီး၊ ဘကြီးဘဖေ စသောမျိုးချစ်ပုဂ္ဂိုလ်ကြီးများ၊ ဆရာကြီး ဦးဘလွင်၊ ဆရာကြီး ဦးစံသွယ်၊ ဆရာကြီးဦးဘတင်၊ ဆရာကြီး ဦးစံထွား၊ ဆရာ ဦးအောင်မင်း၊ ဆရာဦးလှမိုးစသော မြို့မကျောင်းဆရာ၊ ဆရာကြီးများ၏ လွန်စွာတန်ဖိုးရှိသော ဆုံးမပဲ့ပြင် လမ်းညွှန်ချက်များသည် မြို့မ၏သမိုင်း အစဉ်အလာကောင်းများအဖြစ် မှတ်တမ်းဝင်လျက်ရှိပေ၏။

၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဘီအိုင်အေဗမာ့လွတ်လပ်ရေး တပ်မတော်၊ ဘီဒီအေ၊ ဗမာ့ကာကွယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့ရာတွင်လည်း မြို့မကျောင်းသားများ ဦးဆောင်ပါဝင်ခဲ့ကြပါ၏။

မြို့မကျောင်းကြီးမှ ရဲဘော်သုံးကျိပ်ဝင် သုံးဦးပေါ်ထွန်းခဲ့ပါသည်။ ဗိုလ်ချုပ်လက်ျာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးမင်းခေါင် တို့ဖြစ်ကြပါသည်။

၁၉၄၆-၄၇ ခုနှစ်တွင် မြို့မကျောင်းသား ရဲခေါင်များသည် လောင်းဝစ်လမ်း (ယခုအင်းလျားမြိုင်လမ်း) ပြည်သူ့ရဲဘော်ဌာနချုပ်တွင် ဖွင့်လှစ်သော နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်ငယ်သင်တန်းသို့ တက်ရောက်ခဲ့ကြသည်။ မြန်မာလွတ်လပ်ရေးအတွက် လွန်စွာအရေးပါသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပင်လုံညီလာခံကြီးတွင်လည်းကောင်း၊ ပင်လုံစာချုပ်ကြီးအောင်မြင်စွာ ချုပ်ဆိုနိုင်ရေးအတွက်လည်းကောင်း၊ မြို့မကျောင်းကြီးမှ ပါဝင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌမြို့မကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ မြို့မ-ဦးသန်းကြွယ်သည် မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးကြောတစ်မျှ အရေးကြီးသည့် ပင်လုံညီလာခံကြီးသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ မြန်မာပြည်မ ကိုယ်စားလှယ်အဖွဲ့ဝင် (မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားထုကိုယ်စားလှယ်) အဖြစ် တက်ရောက်ခဲ့ရပါသည်။

၁၉၄၈ ခုနှစ်တွင် မြို့မကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌမှာ ဦးမျိုးသန့်ဖြစ်ပြီး ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ၁၉၄၉



ခုနှစ်၊ ပြည်တွင်းသောင်းကျန်းမှု နှိမ်နှင်းရာတွင်လည်း ရာပေါင်းများစွာသော မြို့မကျောင်းသားများသည် ထိပ်တန်းမှပါဝင်ခဲ့ပါသည်။ မြို့မကျောင်းသားဟောင်းဦးမောင်မောင်မှင်၊ ဦးလှမောင် တို့သည်လည်း အဆိုပါတိုက်ပွဲတွင် ကျဆုံးခဲ့ပါသည်။ မြို့မကျောင်းသားများက တပ်မတော်နှင့်လက်တွဲပြီး အသက်ပေး တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် မြို့မကျောင်းသားများသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့် လွတ်လပ်ရေးကာကွယ်စောင့်ရှောက်မှုတို့တွင် တက်ကြွစွာပါဝင်ခဲ့ကြပါသည်။ ထိုစဉ်က မြို့မကျောင်းသားများသည် နောင်အခါတွင် မြန်မာ့တပ်မတော် အကြီးအကဲများ နိုင်ငံတော်ခေါင်းဆောင်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို မြင်တွေ့နိုင်ပါသည်။

အဆိုပါ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု၊ ကာကွယ်စောင့်ရှောက်မှုကဏ္ဍများတွင် ပါဝင်ခဲ့ကြသော မြို့မကျောင်းသားဟောင်းကြီးများအနက် ဗိုလ်ချုပ်သောင်းတင်၊ ဗိုလ်ချုပ်ချစ်လှိုင်၊ ဗိုလ်ချုပ်စိန်ထွား . . . စသည်တို့သည်လည်း ထင်ရှားသော မြို့မကျောင်းသားဟောင်းကြီးများ ဖြစ်ကြပါသည်။

သူ့ရဲကောင်း (ဝါ) အာဇာနည်ဟူသည် မှန်ကန်မွန်မြတ်သောအသိတရားဖြင့် တိုင်းပြည်နှင့်လူမျိုး၏ အကျိုးစီးပွားအတွက် ထူးခြားပြောင်မြောက်စွာ စွန့်လွှတ်စွန့်စားသူဟူ၍ အဓိပ္ပာယ်ရှိပါသည်။

အထက်ပါကဲ့သို့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ တိုင်းပြည်နှင့် လူမျိုးတို့၏ အကျိုးစီးပွားအတွက် ထူးခြား

www.burmeseclassic.com

www.burmeseclassic.com



ပြောင်မြောက်စွာ ဦးဆောင်ဦးရွက်ပြုခဲ့ကြသော မြို့မဟောင်းကြီးများအားလုံးတို့သည် မြို့မဖခင်ကြီးဦးဘလွင်ချစ်သော တပည့်ရင်းများဖြစ်ကြပါသည်။ တစ်နည်းဆိုရသော် တိုင်းပြည်နှင့်လူမျိုး၏အကျိုးစီးပွားအတွက် ထူးခြားပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော မြို့မသူရဲကောင်းများ ဖြစ်ကြပါသည်။

## အခန်း (၃၀)

## စစ်ပြီးခေတ်မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် ၁၉၄၆ ခုနှစ်တွင် ကျောင်းအုပ်ဆရာကြီး ဦးဘလွင်ဦးဆောင်၍ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီး မြို့မ-ဦးသန်းကြွယ်အစရှိသော ကျောင်းသားဟောင်းကြီးတစ်စုက မြို့မကျောင်းကြီးကို ပြန်လည်ထူထောင်ခဲ့ရာတွင် မြို့မကျောင်းသားဟောင်းများအသင်းကိုလည်း သုံးညဘဝမှ ပြန်လည်ကြိုးစားခဲ့ရပါသည်။ တစ်စတစ်စ အသင်းသားများတိုးပွားလာပြီး ၁၉၅၇ ခုနှစ်တွင် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများအသင်းအမည်သို့ပြောင်းလဲ ခေါ်ဝေါ်စေခဲ့ပါသည်။

အသင်းတိုက်နေရာနှင့် အဆောက်အအုံမရှိသေးသောအမှုဆောင်အဖွဲ့သည် မလျော့သော ဇွဲလုံ့လဖြင့် နေ့မအား၊ ညမနားကြိုးပမ်းဆောင်ရွက်ရာတွင် အသင်းတိုက်တည်ဆောက်ရန်သင့်တော်သည့် စတီးဝပ်လမ်း (မော်ကွန်းတိုက်လမ်း) နှင့် လှိုက်လမ်း (မင်းကျောင်းလမ်း)ထောင့်ရှိ မြေနေရာကိုရရှိခဲ့ပါသည်။ ထို့ကြောင့် အသင်းတိုက်ဆောက်ရန် မြေဂရန်ကို ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလတွင်



www.burmeseclassic.com

www.burmeseclassic.com



အမှုဆောင်အဖွဲ့မှ ရရှိပိုင်ဆိုင်ခဲ့ပါသည်။ မြို့မဟောင်းအသင်း မြေနေရာရရှိရေးကိစ္စအပါအဝင် အစအလယ်အဆုံး အောင်မြင်မှုရရှိခြင်းမှာ ဆရာကြီးဦးဘလွင်နှင့် မြို့မကျောင်းသားဟောင်းကြီးများက အထူးကြိုးပမ်းခဲ့ခြင်းကြောင့်ပင်ဖြစ်ပါ၏။ ထိုမြေကွက်တွင် မြို့မဟောင်းအသင်းကြီး၏ ၂၈ နှစ်ပြည့်သော ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်တွင် မြို့မကျောင်းသားကျောင်းသူဟောင်းများအသင်း ဥက္ကဋ္ဌ ဦးနု (ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်) က အုတ်မြစ်ချ၍ တည်ဆောက်ခဲ့ပါသည်။

မြို့မကျောင်းသားဟောင်းအသင်းသား ဦးရေတစ်ထောင်ကျော်ရှိသော အသင်းကြီးတွင် ပိုမိုကျယ်ဝန်းကြီးမားသော အသင်းတိုက်ကြီး လိုအပ်သည်ဖြစ်ရာ ဆောက်လုပ်ရန် နေရာအားထပ်မံရှာဖွေပြန်ပါသည်။ ထိုစဉ်က ဗမာ့တပ်မတော်တွင် အဆောက်အအုံများ အမြန်လိုအပ်နေချိန်ဖြစ်၍ မြို့မဖခင်ကြီးဦးဘလွင်သည် တပ်မတော်လူကြီးပိုင်းသို့ ချဉ်းကပ်ပြီး လက်ရှိအသင်းတိုက်ထက် ပိုမိုကျယ်ပြန့်သော မြေနေရာအား မြို့မကျောင်းအနီးတွင် နေရာအစားပေးနိုင်ပါက လက်ရှိအသင်းတိုက်အဆောက်အအုံကို နှစ်ဦးနှစ်ဖက် အကျိုးတူညီနိုင်းဆောင်ရွက်ရန်နှင့် နှစ်ဖက်သဘောတူဈေးနှုန်းဖြင့် ဗမာ့တပ်မတော်သို့ ရောင်းချလိုကြောင်း စကားကမ်းလှမ်းခဲ့ပါသည်။

ဆရာကြီးဦးဘလွင်၏ ကြိုးပမ်းမှုကြောင့် တပ်မတော်ကိုယ်စားလှယ်များနှင့် မြို့မဟောင်းကြီးများ ဆွေးနွေးစေ့စပ်ကြရာ နောက်ဆုံးတွင် ဗမာ့တပ်မတော်က နယူးလင်းလမ်း (ယခုစကားဝါ



လမ်း)ပေါ်ရှိ မြို့မကျောင်းကြီးနှင့်ကပ်လျက် ၁. ၂၅၅ ဧက ရှိသော မြေကွက်ကို နေရာအစားပေးရန်နှင့် အသင်းတိုက်ပိုင်အဆောက်အအုံကို ငွေကျပ် ၃ သိန်းဖြင့်ဝယ်ယူရန် သဘောတူခဲ့ကြသည်။

၁၉၅၅ ခုနှစ်၊ ဩဂုတ် (၁၄) ရက်တွင် မြို့မဟောင်းအသင်းလုံးကျွတ်အစည်းအဝေးသို့ တင်ပြပြီးအများသဘောတူ ဆုံးဖြတ်အတည်ပြုပါသည်။ ဆရာကြီးဦးဘလွင်၊ ဦးနု၊ ဦးအောင်မြင်၊ ဆရာဟိန်၊ ဦးသုစိုင်၊ ဒေါက်တာရွှေသွင်၊ ကထိကဒေါ်မြင့်သန်း၊ ဆရာဦးအောင်မင်း၊ သခင်ချစ်၊ မြို့မ-ဦးသန်းကြွယ် (ပင်လုံစာချုပ်) ဆရာမကြီးဒေါ်တင်တင်စိန်စသော မြို့မဟောင်းကြီးများ၏ အမြင်ကျယ်ပြီး ဇွဲလုံ့လကောင်းမွန်စွာ ဆောင်ရွက်မှုကြောင့် ယခုလက်ရှိ မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းတိုက်ကြီး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

ယင်းအသင်းတိုက်အဆောက်အအုံကြီးအား ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက် ၃၅ နှစ်မြောက် အမျိုးသားနေ့တွင် အသင်းဥက္ကဋ္ဌကြီး ဦးနုက အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက် ၃၇နှစ်မြောက်အမျိုးသားနေ့တွင် မြတ်မွန်ရတနာပြဇာတ်ဖြင့်အသင်းဥက္ကဋ္ဌကြီးဦးနုက ဖွင့်လှစ်ပေးခဲ့ပါသည်။

www.burmeseclassic.com

## အခန်း (၃၁)

# မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်ဆော် ဆရာကြီးဦးဘလွင်

ဆရာကြီးဦးဘလွင် ဦးဆောင်သော ဆရာ၊ ဆရာမအားလုံး၏ ပြည့်ဝသော အရည်အချင်း၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့် မျိုးချစ်စိတ်ဓာတ်၊ တပည့်များအပေါ် ထားရှိသည့် မေတ္တာ၊ စေတနာ၊ ကျောင်းကြီးအရှည်တည်တံ့ခိုင်မြဲစေလိုသည့် စေတနာတို့ကို ကျောင်းသားအများ ကိုယ်တွေ့သိရှိခံစားခဲ့ရပြီး ဖြစ်ပါသည်။ ဆရာကြီး ဦးဘလွင်၏ ပညာရေးဆောင်ရွက်ချက်များသည် ရေး၍ မကုန်နိုင်လောက်အောင် ဖြစ်သည်။ ဆရာကြီးဦးဘလွင်ကို ကျောင်းအုပ်ဆရာကြီးအဖြစ်သာ လူသိများခဲ့ပြီး အကျိုးဆောင် ဒါရိုက်တာကြီးအဖြစ် လူသိနည်းခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီးဦးဘလွင်သည် မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ အကျိုးဆောင် ဒါရိုက်တာကြီးအဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလ "မြို့မ" ကျောင်းများ (အမျိုးသားကျောင်းနှင့် အမျိုးသမီးကျောင်း) အခြေအနေကိုသာ ဦးစားပေးပြီး အကျဉ်းမျှတင်ပြလိုသည်။





ဆရာကြီးဦးဘလွင်သည် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ရာမှ ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပါသည်။ (၁၉၅၃-၁၉၅၉) ကာလသည် ဆရာကြီး "မြို့မ" ၌ မရှိသည့်ကာလဖြစ်သည်။ ထိုကာလတွင် ကျောင်းအုပ်ကြီးအဖြစ် ဆရာကြီး ဦးဘသွယ်၊ နောက်ဆရာကြီး ဦးဘတင်တို့က တာဝန်ထမ်းဆောင်ကြပြီး (ဒုတိယ ကျောင်းအုပ်ကြီးအဖြစ် ဆရာကြီးဦးဘတင်) ထို့နောက် ဆရာကြီး ဦးအောင်ကျော်စံတို့က တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ မြို့မ အမျိုးသမီးကျောင်းကို သီးခြားခွဲခဲ့ပြီး ကျောင်းအုပ်ကြီးအဖြစ် ဆရာမကြီး ဒေါ်တင်တင်စိန်၊ ဒုတိယ ကျောင်းအုပ်အဖြစ် ဆရာမကြီး ဒေါ်ခင်ခင်ညွန့်တို့က တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ဆရာကြီးဦးဘလွင် သီရိလင်္ကာသံအမတ်ကြီးအဖြစ်မှ ၁၉၅၉ ခုတွင် အနားယူပြီး မြန်မာပြည် ပြန်ရောက်လာသည့်အခါ အနားယူရမည့် အသက်အရွယ်ရောက်နေသော်လည်း ကျောင်း၏သံယောဇဉ်ကြောင့် အနားမယူနိုင်ဘဲ မြို့မကျောင်းများ၏ အကျိုးဆောင်ဒါရိုက်တာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ထိုစဉ် မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှာ သမာဓိမြို့ဝန် ပန်းကန်စက် ဦးသော်ဖြစ်ပါသည်။ ဒုတိယဥက္ကဋ္ဌမှာ ဝန်ကြီး ဦးချစ်သောင်းဖြစ်ပါသည်။ မြို့မကျောင်းမောင်နှမသည် ပညာသင်ကြားရေးကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပါသည်။ ဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများကို မိမိကျောင်း၏ အစီအစဉ်အတိုင်းသာ ဆောင်ရွက်ပါသည်။

ကျောင်းအုပ်ချုပ်ရေးကို မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ဖြင့် အုပ်ချုပ်ပါသည်။ မြို့မကျောင်းများ၏ အကျိုးဆောင်ဒါရိုက်တာ၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီး၊ မြို့မကျောင်း ဆရာ၊ ဆရာမအသင်းမှ ကိုယ်စားလှယ်နှစ်ဦး ရန်ကုန်တက္ကသိုလ် မြို့မဟောင်းအသင်းမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အခြားမြို့မဟောင်း တို့ဖြင့် ဖွဲ့စည်းပါသည်။ ရန်ကုန်တက္ကသိုလ် မြို့မဟောင်းအသင်းမှ နှစ်ဦးမှာလူငယ်များဖြစ်၍ လူကြီးများ၏ စီမံခန့်ခွဲမှုများကို အကောင်အထည်ဖော်ရာတွင် သွက်သွက်လက်လက် ဖြတ်ဖြတ် လတ်လတ် သွားလာလှုပ်ရှားနိုင်ရန်နှင့် လူကြီးများကို အတူယှူ ဆောင်ရွက်စေရန် ဖြစ်ပါသည်။

အကျိုးဆောင် ဒါရိုက်တာကြီးသည် ကျောင်းတွင် အချိန် မြှုပ်နှံထိုင်ကာ ကျောင်းများ၏ တိုးတက်ရာ တိုးတက်ကြောင်းကို အစဉ်ကြံဆ ဖွေးတောလုပ်ကိုင်ဆောင်ရွက်ပေးပါသည်။ မြို့မ ကျောင်းများ၏ ဆရာ၊ ဆရာမများအသင်းကို ဖွဲ့စည်းထားပြီး အကျိုးဆောင် ဒါရိုက်တာ အပါအဝင် ဆရာ၊ ဆရာမအားလုံး တစ်လတစ်ကြိမ် ပုံမှန်တွေ့ဆုံ စည်းဝေးကြပါသည်။ ဆရာ၊ ဆရာမ များ၊ ဌာနတာဝန်ခံဆရာ၊ ဆရာမများက မိမိတင်ပြလိုသည့်အချက် များ၊ အကြံဉာဏ်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြ ကြရပါသည်။ မိသားစုစိတ်ဓာတ် အပြည့်ဖြင့် ဆွေးနွေးငြင်းခုံကြ ပြီး ဆုံးဖြတ်ချက်တစ်ခုကို အများသဘောတူချမှတ်ကြပါသည်။



ချမြီးသော ဆုံးဖြတ်ချက်ကိုလည်း ညီညီညွတ်ညွတ်ဖြင့် အောင်မြင် အောင် အကောင်အထည်ဖော်ကြပါသည်။ ဒါရိုက်တာကြီးသည် ဤသို့သော အစဉ်အလာကောင်းများကို မြို့မမိသားစုအတွင်း မွေးဖွားခဲ့သူလည်းဖြစ်ပါသည်။ မြို့မမိသားစုစိတ်အစဉ် ရှင်သန် နေအောင်လည်း မကြာခဏ သတိပေးဟောပြောခဲ့ပါသည်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန် အရေးကြီးသလို နောက်လိုက်ကောင်း တစ်ယောက်ဖြစ်ရန်လည်း အလွန်အရေးကြီး ကြောင်းကိုလည်း မကြာခဏ သတိပေးပြောကြားခဲ့သည်ကို ယနေ့တိုင်အောင်ကြား ယောင်နေမိပါသည်။

အကျိုးဆောင်ဒါရိုက်တာကြီးသည် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၏ တင်ပြချက်ကိုသာ အလေးထားဆောင်ရွက် ပေးသည်မဟုတ် ကျောင်းသူ၊ ကျောင်းသားများ၏ တင်ပြချက်ကို လည်း လျစ်လျူမရှု အလေးထား၊ လက်ခံဆောင်ရွက်ပေးတတ်ပါ သည်။

မြို့မကျောင်းများနှင့် သက်ဆိုင်သော ပညာရေးမူဝါဒ ငွေရေး၊ ကြေးရေး ဝန်ထမ်းရေးရာကိစ္စများကို မြို့မကျောင်းများ အုပ်ချုပ်ရေးအဖွဲ့တွင် တင်ပြဆွေးနွေးဆုံးဖြတ်ပြီးမှ ဆောင်ရွက်လေ့ ရှိသည်။ ဒါရိုက်တာကြီးအပါအဝင် မည်သူမျှ တစ်ဦးတစ်ယောက် တည်းသဘောဖြင့် ဆောင်ရွက်ခွင့်မရှိပါ။ ဆောင်ရွက်လေ့ ဆောင်ရွက်ထလည်း မရှိကြပါ။ မမျှမတ၊ မမှန်မကန် ငွေကြေး အလွဲသုံးစား ပြုလုပ်ခဲ့ခြင်းများ မြို့မကျောင်းများ၏ သမိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ပါ။ မြို့မ၏ ကောင်းမြတ်သော အစဉ်အလာကောင်းတစ်ခု ဖြစ်ပါသည်၊ မျိုးဆက်သစ်လူငယ်များ အတုယူဖွယ်ပင်ဖြစ်ပါသည်။

ဒါရိုက်တာကြီးဦးအလွင်သည် ကျောင်းခန်းအတွင်းအပြင် သန့်ရှင်းရေးစနစ် အမြဲညွှန်ကြားပါသည်။ ညွှန်ကြားထားပါလျက် မသန့်ရှင်းဟုထင်လျှင် တံမြက်စည်းကို ကိုယ်တိုင်ဆွဲ၍ ကိုယ်တိုင် လှည်းလေ့ရှိပါသည်။ ဆရာကြီးဦးအလွင်၏ စရိုက်ကိုသိနေသော သန့်ရှင်းရေးအလုပ်သမားများလည်း မခိုရဲကြပါ။ အစဉ်သန့်ရှင်းနေအောင်ကြိုးစားကြပါသည်။ ကျောင်းသူ၊ ကျောင်းသားများ၏ သောက်သုံးရေကို အမြဲစစ်ဆေးပါသည်။ အိမ်သာများမှ အနံ့ဆိုးများ မထွက်စေရန် အထူးအလေးပေး ဆောင်ရွက်လေ့ရှိပါသည်။ မသန့်ရှင်းသည့် လေတိုက်ရှုမိလျှင် ကလေးများ၏ ကျန်းမာရေးကို ထိခိုက်စေသည်။ လေကောင်းလေသန့်ရမှ ကလေးများကျန်းမာမည်။ ကျန်းမာမှ စိတ်ရွှင်လန်းကာ ပညာသင်ကြားရေးကို စိတ်ဝင်စားမည်။ ထူးချွန်ထက်မြက်မည်ဟု ဒါရိုက်တာကြီး အမြဲပြောလေ့ရှိပါသည်။ ကျောင်းသားလူငယ်များ၏ အရေးကိစ္စကို အသေးအဖွဲဟု သဘောမထား အစဉ်အလေးပေး ဆောင်ရွက်လေ့ရှိသော ဒါရိုက်တာကြီး ဦးအလွင်၏ ကျေးဇူးကားကြီးမားလှပါသည်။

ဆရာကြီးဦးအလွင်သည် (၁၉၅၉-၁၉၆၅) အထိ မြို့မကျောင်းများ၏ အကျိုးဆောင်ဒါရိုက်တာကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်းကျောင်းနှင့်ပညာရေးကိစ္စများကို ထူးထူးခြားခြားဆောင်ရွက်ခဲ့ပါသည်။



ဒါရိုက်တာကြီး၏ ဆောင်ရွက်ချက်များအနက် တစ်တိုင်းပြည်လုံးနှင့်သက်ဆိုင်သော ပညာရေးဆောင်ရွက်ချက်တစ်ခုကို အလေးပေးတင်ပြလိုက်ပါသည်။

ဆရာကြီးဦးအလွင်သည် မြို့မကျောင်း မောင်နှမ၏ ပညာရေးသာမက တစ်တိုင်းပြည်လုံး၏ ပညာရေးကိုပါ အထူးစိတ်ဝင်စားပါသည်။

"ပညာရေးနှီးနှောဖလှယ်ပွဲကြီး" ကို မြို့မကျောင်းတွင် ၁၉၆၄ ခု၊ အောက်တိုဘာ (၂၄) ရက်မှ (၂၈) ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း၊ စိတ်ဝင်စားပါက လာရောက်တက်နိုင်ကြောင်း နယ်မှ ဆရာ၊ ဆရာမများအတွက် မြို့မများအတွက် မြို့မကျောင်းတွင် ညအိပ်တည်းခိုရန် စီစဉ်ထားကြောင်းများကို ရန်ကုန်မြို့တွင်းရှိကျောင်းများ အမြို့မြို့အနယ်နယ်ရှိ ကျောင်းများသို့ စာဖြင့် အကြောင်းကြားပါသည်။ အဆိုပါကျောင်းများမှ ပြန်စာကို စောင့်၍ စီစဉ်ပါသည်။ တစ်ပြည်လုံးမှ ဆရာ၊ ဆရာမ (၂၂၅) ဦး တက်ရောက်ခဲ့ပါသည်။

ပညာရေး နှီးနှောဖလှယ်ပွဲ တက်ရောက်သော ဆရာ၊ ဆရာမများအတွက် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ကို မြို့မကျောင်းမှ တာဝန်ယူဆောင်ရွက်ပေးပါသည်။ ဆရာ၊ ဆရာမများက သင့်လျော်သော စားစရိတ်သွင်းရပါသည်။ တက္ကသိုလ်နှင့်အခြားဌာနများမှ ဦးဆောင်ဆွေးနွေးသော ဖိတ်ကြားထားသော ဆရာ၊ ဆရာမများကို မြို့မကျောင်းမှ ဧည့်ခံကျွေးမွေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးချိန်များ၊ နားချိန်များ၊ ပြင်ပဧည့်သည်များသို့ ဗဟုသုတလေ့လာရေးခရီးထွက်ချိန် ကျောင်းတွင်းပြခန်းများ လေ့လာချိန်၊ ညနေပိုင်းဆွေးနွေးချိန် ညပိုင်းဖျော်ဖြေချိန်တို့ကို အချိန်ဇယားများ စနစ်တကျရေးဆွဲ စီစဉ်ပါသည်။

(၂၄-၁၀-၆၄) စနေနေ့တွင် ပညာရေး နှီးနှောဖလှယ်ပွဲ အခမ်းအနားဖွင့်လှစ်ပြီး ဆရာကြီးဦးဘလွင်က မိန့်ခွန်းပြောကြားပါသည်။ ကျောင်းသူကလေးများ၏အက သီချင်းတို့ဖြင့် ဖျော်ဖြေပါသည်။ တက်ရောက်သူ ဆရာ၊ ဆရာမများ စုပေါင်းဓာတ်ပုံရိုက်ကြပါသည်။

ဆရာကြီး ဦးဘလွင်၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့မအမျိုးသား၊ အမျိုးသမီးအထက်တန်းကျောင်း၊ ဆရာ၊ ဆရာမများ အသင်းမှ ကြီးမှူး၍ ၁၉၆၄-ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ ပညာရေးနှီးနှောဖလှယ်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

## အခန်း (၃၂)

## မြို့မဆရာကြီးဦးဘလွင် အမှူးပြုသော အဆက(၂)ဆက်၊ မြို့မကျောင်း၏ကျောင်းအုပ်ဆရာကြီးများ

| | | |
|---|---|---|
| ၁။ ဦးဘလွင် | ၂။ ဦးသွေယ် | ၃။ ဦးဘတင် |
| ၄။ ဦးအောင်ကျော်ဇံ | ၅။ ဦးဘစော | ၆။ ဦးစောလွင် |
| ၇။ ဦးလှသိန်း | ၈။ ဦးညိန်းမောင် | ၉။ ဦးဝင်းမိုး |
| ၁၀။ ဦးတင်ဝင်း | ၁၁။ ဦးခင်မောင်ညွန့် | ၁၂။ ဦးဟန်သိန်း |
| ၁၃။ ဦးသာဝင်း | ၁၄။ ဦးတင်လှိုင် | ၁၅။ ဦးတင်မောင်ထွန်း |



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

## "မြို့မ ဝံသယုဝ မဂ္ဂဇင်း"

မြို့မတိုင်းရင်းသား အထက်တန်းကျောင်းကြီးကို ၁၉၂
ပြည့်နှစ်တွင် စတင်ထူထောင်သည်။ ထူထောင်ပြီးနောက် ၃ နှ
အကြာတွင် ကျောင်းမဂ္ဂဇင်းအနေဖြင့် ၁၉၂၃ ခုနှစ်၌ "မြို့မ
ဝံသယုဝ မဂ္ဂဇင်း" အတွဲ (၁)၊ အမှတ် (၁) မှ စတင်ထုတ်ဝေခဲ့သည
ကို လေ့လာတွေ့ရှိရသည်။

လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီး ဒုတိယကမ္ဘာစ
ကြီးမတိုင်မီနှင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး ကာလများ၌ ထုတ်ဝေ
သော မြို့မဝံသယုဝမဂ္ဂဇင်း ပုံနှိပ်စာစောင်များအနက် အချို့
အစိုးရအမျိုးသားစာကြည့်တိုက်နှင့်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် တို့တွ
လေ့လာဖတ်ရှုခွင့် ရခဲ့သည်။ ထိုမြို့မ ဝံသယုဝမဂ္ဂဇင်းများ
ဖတ်ရှုလေ့လာတွေ့ရှိရချက်အချို့ကို ထုတ်နုတ်၍ တင်ပြလို
ပါသည်။

မဂ္ဂဇင်းအမည်ကို လေ့လာသောအခါ "မြို့မ" သည် မြို့
အမျိုးသား အထက်တန်းကျောင်း၊ (ထိုစဉ်အခေါ် မှာ မြို့မတိုင်းရင်းသာ
အထက်တန်းကျောင်း) ကိုရည်ညွှန်းခြင်းဖြစ်သည်။ "ဝံသ" သည်





သာနု၊ ဝံသာနု ရက္ခိတ၊ အမျိုးကိုချစ်၍ အမျိုးကိုစောင့်ထိန်း ခြင်း
ဘောကိုယူသည်။ အမျိုးချစ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။
ယုဝ" သည် လူငယ်ကိုယူသည်။ ကျောင်းသားလူငယ်ကို ရည်ညွှန်း
ခြင်းဖြစ်သည်။

ထိုစဉ်က ထိုမဂ္ဂဇင်းကို အင်္ဂလိပ်လို 'Young Nationalist
ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုဖော်ပြထားသည်။ မဂ္ဂဇင်းမှာ
အင်္ဂလိပ်စကား၊ မြန်မာလို အသုံးလှုယ်ယူထားသည်။ စာစောင်
ရ ရည်ညွှန်းခြင်းပင်ဖြစ်သည်။

မဂ္ဂဇင်း၏ မျက်နှာဖုံးမှာ စိတ်ဝင်စားဖွယ် မှတ်သားဖွယ်
ကောင်းလှသည်။ မျက်နှာဖုံးတွင် မဂ္ဂဇင်းစာစောင်၏ အတိမ်း
အမှတ်/အမှတ်အသား တံဆိပ်ပါရှိသည်။ ထိုတံဆိပ်ကို လေ့လာ
သောအခါ တံဆိပ်၏ ထိပ်တည့်တည့်အပေါ်ဆုံး၌ "ပညာရဲရင့်
လယ်တင့်" ဟူသော ဆောင်ပုဒ်ကို ဖော်ပြထားသည်။
ထိုဆောင်ပုဒ်အောက်တွင် သူရိယ 'နေ' ရဲရင့်ခြင်းကို ရည်ညွှန်း
သော ကဒေါင်းရုပ်နှင့်ထိုဒေါင်းရုပ်အောက်၌ စန္ဒာ 'လ' အေးမြခြင်း
မတ္တာကို ရည်ညွှန်းသောယုန်ရုပ်တို့ကို ဖော်ပြထားသည်။ တံဆိပ်
၏ အလယ်တည့်တည့်၌ ဒိုင်းကြီးကိုထား၍ ထိုဒိုင်းကြီးအတွင်း၌
အပေါ်ပိုင်းတွင် 'Knowledge is Power' ဟူသော ဆောင်ပုဒ်ကို
ဖော်ပြထား၍ ထိုဆောင်ပုဒ်အောက်တည့်တည့်၌ 'မြို့မတိုင်းရင်း
သား အထက်တန်းကျောင်း၊ ရန်ကုန်မြို့' ဟူသော စာတန်းကို
ပေါ်လွင်ထင်ရှားစွာဖော်ပြထားသည်။ ထိုဒိုင်းကြီးအောက်တွင်
Mvoma National-Bov's High school. Rangoon' ကို စာလုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



(Capital Letter) ဖြင့် တစ်ပါတည်းဖော်ပြထားသည်။ အဆို
ဒိုင်းကြီး၏ တစ်ဖက်တစ်ချက်တွင် ခြသေ့်တစ်ကောင်စီ မျက်နှာချ
ဆိုင်ထိုင်၍ နေကြပုံ၊ ရဲရင့်သတ္တိ၊ သူရသတ္တိကို ရည်ညွှန်း၍ဖော်
ထားသည်ကိုလည်း တွေ့ရှိရသည်။

ဖော်ပြပါ မဂ္ဂဇင်း၏ အပြင်မျက်နှာဖုံးကိုပင်ယူ၍ အတွင်
မျက်နှာဖုံး၌လည်းကောင်း၊ မြန်မာစာကဏ္ဍနှင့် အင်္ဂလိပ်စာကဏ္ဍ
တို့၏ အတွင်းကဏ္ဍပိုင်းခြားသော မျက်နှာဖုံးများအဖြစ်လည်းကောင်
အသီးသီး အသုံးပြုဖော်ပြထားသည်မှာ မှတ်သားဖွယ်ဖြစ်ပါသည်

ကျောင်းမဂ္ဂဇင်းကို ကျောင်းသားများကိုယ်တိုင် တာဝန်
ကြီးကြပ်ဆောင်ရွက်ကြပုံ၊ ကျောင်းမဂ္ဂဇင်းတွင် မိမိတို့၏ ကိုယ်ပိုင်
အတွေးအခေါ် နှင့်အမြင်များကို အသုံးချနိုင်ကြပုံ၊ မဂ္ဂဇင်းတွင် ပါဝ
ရေးသားကြခြင်းဖြင့် အတွေးအခေါ် နှင့် စဉ်းစားဉာဏ်ဖွံ့ဖြိုးတိုးတက်
နိုင်ပုံ၊ ရေးသားခြင်းဖြင့် ဖွင့်ဟဖော်ထုတ်မှု စွမ်းရည်စမ်းသပ်ခွင့်ရ၍
ထက်မြက်လာနိုင်ပုံ စသည်တို့ကို တွဲဘက်အယ်ဒီတာက မိမိ၏
အာဘော်အဖြစ် ဖော်ပြထားပေသည်။

မြို့မကျောင်းနှင့် မြို့မကျောင်းသားတို့တက်လှမ်းရမည့်
ပန်းတိုင်ကို ညွှန်ပြရာ၌ ၁၉၃၃ ခုနှစ်နှင့် ၁၉၃၄ ခုနှစ်တွင် ဝံသာနု
မဂ္ဂဇင်း စာတည်း၏ အာဘော်အသီးသီးတွင် 'မြို့မကျောင်းသား'
ဟူသော ခေါင်းစဉ်အောက်၌ -

'မြို့မကျောင်းသားသည် မြန်မာပြည်ကြီး၏ ပဒုမ္မာကြာပန်း
သဖွယ် တူလှပေသည်။ အမျိုးကိုချစ်ခင်ကြသော မြန်မာလူမျိုးတို
ကျွန်ုပ်တို့၏ မြို့မကျောင်းကို မျှော်လင့်အားကိုးသော စိတ်ထားဖြင့်
ကြည့်လျှက်နေကြပေသည်။ ထိုအခါ မြို့မကျောင်းသားများဖြစ်ကြ



သော ကျွန်ုပ်တို့သည် စံနမူနာ ကျောင်းသားဖြစ်သင့်လှသည်။
ဏ်အရာ၊ အကျင့်စာရိတ္တအရာ၊ ကိုယ်လက်သန်စွမ်းခြင်း အရာ
များတွင် အာဇာနည်ပီသကြရပေမည်။ သူတစ်ပါး ကျောင်းများ
က် (အစိုးရကျောင်းသာသနာပြု ကျောင်းများကို ဆိုလိုဟန်ရှိပေ
သည်) သာလွန်ကြရပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုရည်ရွယ်ချက်များကို ဦးထိပ်
ထက်တင်ထား၍ ယောကျ်ားကောင်းပီသစွာ ကြိုးစားအပ်လှပေ
သည်။ ကျွန်ုပ်တို့၏ ကျောင်းဆရာကြီးနှင့်တကွ ကျောင်းဆရာများ
မှာလည်း စံနမူနာတင်လောက်သော ပုဂ္ဂိုလ်များဖြစ်သဖြင့် ၎င်းတို့ကို
အားကျလှအပ်ပေသတည်း။ ဟူ၍လည်းကောင်း တွေ့မြင်ခဲ့ရပေ
သည်။

မြို့မကျောင်းသားသည် မြန်မာပြည်တွင် တိုင်းရင်းသားတို့
၏ မျှော်လင့်ချက်တစ်ခုပင်ဖြစ်သည်ဟု ဆိုသင့်လှပေသည်။
ကျွန်ုပ်တို့သည် ဤကျောင်းမျိုး၌ လာရောက်ပညာသင်ကြားကြ
သောအခါ စာမေးပွဲအောင်ရုံမျှကိုပင် မရည်ရွယ်ဘဲ အမျိုး၏နောင်
ကြီးပွားတွန်းကားရေးကိုလည်း လိုလားသင့်လှပေသည်။ ထို့ကြောင့်
မြို့မကျောင်း၌ ပညာသင်ကြားခြင်းတည်းဟူသော လာဘ်ကြီးကို
သုံးဆောင် ခံစားလျက်ရှိကြသော မြို့မကျောင်းသားများသည်ပညာ
ရခြင်း၊ အကျင့်ကောင်းခြင်း၊ သူခပ်သိမ်း၏ အကျိုးကိုဆောင်ရွက်လို
ခြင်း စသောအမှုကိစ္စမျိုးတို့ကို အမြဲမပြတ်နှလုံးသွင်းအပ်လှပေ
သည်။

အချုပ်မှာ မြို့မကျောင်းသားတို့သည် ပြဿဒ်အစွယ်ဖြင့်
တင့်တယ်အပ်သော မြို့မကျောင်း၏ ဂုဏ်နှင့်တကွ "အမျိုး၏တာဝန်"

www.burmeseclassic.com

www.burmeseclassic.com



ကို ဝမ်းမြောက်ဝမ်းသာစွာ ဆောင်ရွက်အပ်သည်ဟု ကျွန်ုပ်၏ အမြဲနိစ္စသတိပေးကြပါကုန်။ ဟူ၍လည်းကောင်း၊ အားပါးတရ ဖော်ပြလမ်းညွှန်ထားပုံတို့မှာ အားရစရာကြီးဖြစ်ပါသည်။ အားတက်စရာကြီးလည်းဖြစ်ပါသည်။ ပန်းတိုင်မှာလည်း ပေါ်လွင်ထင်ရှားလှပါသည်။ အတွေးအခေါ် အခြေအမြစ်များနှင့် မျိုးချစ်စိတ်ဓာတ်ဆိုင်ရာတို့တွင် ထက်မြက်၍ ထိပ်တန်း၌ရှိနေကြသည်မှာလည်း ပေါ်လွင်ထင်ရှားနေပေသည်။

ဝံသာနုဝမဂ္ဂဇင်းတွင် ပါဝင်နေသားကြသော မြို့မကျောင်းသားများ၏ ဆောင်းပါးလက်ရာများမှ ပြောင်မြောက်လှသည်။ ထိုဆောင်းပါးများအနက် အတန်းငယ်တစ်ခုဖြစ်သော စတုတ္ထတန်း တန်းခွဲ (ခ) မှ ကျောင်းသားကလေးမောင်မောင်၏ “အောင်ပွဲနေ့က” ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည့် ဆောင်းပါးမှ ထုတ်နုတ်ချက်များကို စာမြည်းသဘောဖြင့် တင်ပြလိုက်ပါသည်။

'အို၊ အမိမြို့မ. . . အမိသည် ကြာမြင့်စွာတည်ပါစေသတည်း' ကျွန်တော်တို့သည် 'မြန်မာပြည်ကြီး ဖိစီးကင်းကွာလွတ်လပ်ဖို့ အရေးမနှေးမြန်စွာ အမျိုးသားတို့ တိုးပွားစေရာ အောင်စေကြောင်း ဆုတောင်းပတ္တနာ' ဆိုသော ဆုတောင်းကို ညီညာစွာ သီဆိုကြတော့၏။

အမိမြန်မာပြည်ကြီးသည် အားရရွှင်ပြသော မျက်နှာဖြင့် ကျွန်တော်တို့ကို ကြည့်၍နေသည်ကို ကျွန်တော်မြင်ယောင်မိ၏။

ဆုတောင်းပြီးသည်နှင့်တစ်ပြိုင်နက် မြို့မအပျော်တမ်းတီးဝိုင်းမှ အမျိုးသားသီချင်းကို စတင်တီးမှုတ်ကြတော့၏။



'ကမ္ဘာမကျေ ဗမာတတွေ ဒါတို့မြေ- ဒါတို့မြေ ဒါငါတို့မြေ' အစရှိသော 'တို့ဗမာ' အမျိုးသား သီချင်းကိုလည်း ကြွေးကြော်ကြသေး၏။ ကျွန်တော်သည် ဇာတိမာန်ယစ်မိတော့၏။

ထိုအခါတွင် ကျွန်တော်၏ အရပ်သည်ပို၍ မြင့်သွားသည်ဟုထင်ရ၏။ ရင်ကိုပို၍ကော့မိ၏။ ခေါင်းကို ခပ်မော့မော့ကလေး ထားမိ၏။ ထို့ကြောင့် ကျွန်တော်သည် နံနက်နေရောင်တွင် ထွန်းပြောင်၍နေသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို ထိုအခါမှ မြင်မိပါတော့သည်။ ထို့နောက် ဘုရားဘက်သို့ ဦးညွှတ်ပြီးလျှင် အိုမိခင် အကျွန်ုပ်သည် ရင်မြေကတုတ်ပြုလုပ်၍ အမိအား ချည်နှောင်ထားသော နှောင်ကြိုးကို ဖြတ်ခုတ်ပါ လွတ်မြောက်စေအံ့။ အရေစုတ်စုတ် အရိုးကြေကြေ 'အိုမိခင်သားမောင်တို့ ဆီးကြိုလှဲ့ပါလော့' ဟု ရေရွတ်မိ၏။ ဤသို့လျှင်မြစွဲသော အဓိဋ္ဌာန်ကို ပြုမိ၏။

ထို့နောက် စိတ်တန်းလှည့်လည်ခြင်းကို စဖြစ်တော့၏။

အမိကား မျှော်ကြည့်လျက် ကျန်ရစ်ခဲ့လေသတည်း။

ဤသည်ကား အမျိုးသားအောင်ပွဲနေ့က ဖြစ်ပေါ်သော စိတ်ဓာတ်တို့ပေတည်း။

(မှတ်ချက်။ ၁၉၅၉-၆၀ ခုနှစ် ဝံသာနုဝမဂ္ဂဇင်းကို နောက်ဆုံးထုတ်ဝေပြီး။ နောက်ထပ်မထုတ်ဖြစ်တော့ပါ။ နိုင်ငံတော်အစိုးရ၏ အားပေးလမ်းညွှန်မှုကြောင့် ၁၉၉၃/၉၄ ခုနှစ်မှစတင်ပြီး မြို့မ မဂ္ဂဇင်းကို ပြန်လည်ထုတ်ဝေခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ မြို့မကျောင်းသူဟောင်း မြို့မဆရာမဟောင်း ဒေါ်ခင်ဆွေက အစ-အလယ်-အဆုံး ထုတ်ဝေသူအနေဖြင့် ကြိုးစားခဲ့ရသည်ဟု သိရှိရပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ဝိသယုဝမဂ္ဂဇင်းများတွင် ကဗျာကဏ္ဍကို မြို့မပွင့်သ
ကဗျာများအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင်ဝေဝေဆာဆာ တင်ပြထားကြ
သည်။ ထိုသို့ရေးသားတင်ပြထားကြသည်များအနက် ကဗျာ
ပန်းချီတွဲ၍ ရေးဆွဲသရုပ်ဖော်ဖွဲ့နွဲ့ထားသည့် 'တို့ကျောင်း-မြို့
ကဗျာနှင့် ပန်းချီသရုပ်ဖော်တစ်ခုကို တင်ပြလိုက်ပါသည်။ က
ဖွဲ့နွဲ့သူ၊ ပန်းချီသရုပ်ဖော်ပုံ ရေးဆွဲထားသူမှာ မောင်စံ
နဝမတန်း (ယ) ၁၉၄၀ ပြည့်နှစ် ဖြစ်ပါသည်။ ထိုကဗျာနှင့် ပန်း
သရုပ်ဖော်ပါရှိသည့် မဂ္ဂဇင်းသည် ဒုတိယကမ္ဘာစစ်မီးကြီး မြန်
နိုင်ငံသို့ ကူးစက်လောင်ကျွမ်းတော့မည့် အကြိုတစ်နှစ်အလို
ပုံနှိပ်ထုတ်ဝေခဲ့သည့် မဂ္ဂဇင်းဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး မြို့မကျောင်းကြီးကိုလည်
ပြန်လည်ဖွင့်လှစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြို့မတိုင်းရင်း
အထက်တန်းကျောင်းသည် ကိုယ်ပိုင်ကျောင်းအဖြစ် ဆက်လ
ရပ်တည်နေပေသည်။ ထိုကျောင်း၏ မဂ္ဂဇင်းဖြစ်သော 'ဝိသယု
မဂ္ဂဇင်း' သည်လည်း ဆက်လက်ထုတ်ဝေနေသည်။

၁၉၆၀ ပြည့် ဧပြီလထုတ် 'ဝိသယုဝမဂ္ဂဇင်း' တွင် မြို့
တိုင်းရင်းသား အထက်တန်းကျောင်း၌ ကျောင်းနေခဲ့ဖူးသေ
ကျောင်းသားကလေးတစ်ဦးဖြစ်ခဲ့ဖူးသော မြို့မကျောင်းသ
ဟောင်း ဆရာကြီးဦးသိန်းဟန် (ဇော်ဂျီ) ၏ '၁၉၅၉ ခု
မြို့မကျောင်းဆုပေးပွဲ' တွင် ပြောကြားသော မိန့်ခွန်းအကျဉ်းချု
ဖော်ပြထားသည်။ ထိုမိန့်ခွန်းအကျဉ်းချုပ်သည် မှတ်လော
သားလောက်အောင် ကောင်းမွန်သော အစဉ်ထာဝရ အသ



ခေတ်မီနေသော၊ အစဉ်ထာဝရ လိုက်နာကျင့်သုံးအပ်သော လမ်းညွှန်ဝါဒမိန့်ခွန်းတစ်ခုဖြစ်သဖြင့် ဤဆောင်းပါးကို အဆိုပါ ဆရာကြီးဦးသိန်းဟန်၏ စကားသုံးခွန်း ထုတ်နုတ်ဖော်ပြချက်ဖြင့် နိဂုံးချုပ်လိုက်ပါသတည်း။

'မြို့မကျောင်းကြီး၏ ဆုပေးပွဲတွင် ရောက်လာကြသော ညီငယ်၊ ညီမငယ်များအား ကျွန်တော်သုံးခွန်းသော စကားကို ပြောချင်ပါသည်။ ယခုပြောမည့် သုံးခွန်းသော စကားဆိုသည်မှာ အများအားဖြင့် နားလည်နေကြသော စကားမျိုးမဟုတ်ပါ။ တကယ့် မေတ္တာစကားသာဖြစ်ပါသည်။

စကားတစ်ခွန်းမှာ အခြားမဟုတ်ပါ။ ကျွန်တော်သည် လွန်ခဲ့သော (၃၅) နှစ်လောက်ကသော် ခင်ဗျားတို့ကဲ့သို့ပင် ဤမြို့မ ကျောင်း၌ ကျောင်းသားကလေးတစ်ဦးဖြစ်ပါသည်။ ဆရာကြီးက လည်း ဤဆရာကြီးပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသား ကလေးဘဝက ကျွန်တော်သည် ဤဆရာကြီး၏ စကားကို/နားထောင် ခဲ့ရသကဲ့သို့ ယခုလည်း ဤဆရာကြီး၏ စကားကိုနာယူလျက်ပင် ရှိပါသည်။ ဤကားပထမ စကားတစ်ခွန်း။

နောက်တစ်ခွန်းမှာ ကျွန်တော့်အလျင် ဩဝါဒမိန့်ခွန်းပေး သွင်းကြသော ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီး ဦးချစ်သောင်း၊ နိုင်ငံတော်တရားလွှတ်တော် တရားဝန်ကြီးဦးချန်ထွန်း၊ နိုင်ငံတော် ငွေစာရင်း မင်းကြီးနှင့် ရန်ကုန်တက္ကသိုလ် ဒုတိယအဓိပတိ ဦးစံလွင်၊ ရန်ကုန်တက္ကသိုလ် ပညာမဟာဌာနမှူး ပါမောက္ခ ဦးဘမြင့်တို့၏ ဩဝါဒများသည် အလွန်မှတ်သားဖွယ်ကောင်းပါသည်။ ထိုဩဝါဒ

www.burmeseclassic.com

www.burmeseclassic.com



များကို မှတ်သား၍ ကျင့်ကြံဆောင်ရွက်ပါဟု ကျွန်တော်ပြောချင်ပါသည်။ ဤကား ဒုတိယစကားတစ်ခွန်း။

ကျန်တစ်ခွန်းမှာ ကိုယ့်ကျောင်းကို ကိုယ်ချစ်ခင်ကြပါ၊ ကိုယ့်ကျောင်း၏ အစဉ်အလာစိတ်ဓာတ်ကိုမွေးကြပါဟု ပြောလိုခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ လက်ထက်တုန်းက အမျိုးသားကျောင်းများ အစဉ်အလာစိတ်ဓာတ်တစ်ခုသည် ဇာတိမာန်တက်ကြွရေး၊ တိုင်းပြည်ကိုချစ်ခင်ရေးတို့ဖြစ်ပါသည်။ ဤမြို့မကျောင်းထွက်တို့တွင် နည်းများမဆို ဤစိတ်ဓာတ်မျိုးရှိကြသည်မှာ မငြင်းနိုင်ပါ။ ဤစိတ်ဓာတ်မျိုးပွားများခဲ့မှုကြောင့် ကျွန်ုပ်တို့၏ တိုင်းပြည်ယခုလွတ်လပ်ရေးရခဲ့ကြပါပြီ။

လွတ်လပ်ရေးရရှိသာမက ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယား အစရှိသော တိုင်းရင်းသားလူမျိုးများဖြင့် ပြည်ထောင်စုနိုင်ငံကြီးကို တည်ဆောက်ခဲ့ကြပါပြီ။

သို့ကြောင့် ယခင်စိတ်ဓာတ်မျိုးတွင် 'စိတ်ဓာတ်သစ်' တစ်ခုကို ထပ်မံ၍ မွေးသင့်ကြပြီဟု ထင်ပါသည်။ ထိုစိတ်ဓာတ်သစ်သည် တိုင်းရင်းသား အားလုံးကို လူမျိုးမရွေး၊ ဘာသာမရွေး 'တစ်သွေးတည်းတစ်သားတည်း'၊ 'တစ်နိုင်ငံသားတည်း' ဟူ၍ ယူဆချစ်ခင်လိုသော စိတ်ဓာတ်ဖြစ်ပါသည်။ ဤကား တတိယနောက်ဆုံးတစ်ခွန်းဖြစ်ပါသည်။

အခန်း (၃၄)

## မြို့မကျောင်းမောင်နှမပြန်လည်ဆုံဆည်းခြင်း

ရန်ကုန်မြို့၏ မြို့မတိုင်းရင်းသားအထက်တန်းကျောင်းကို (၁၉၂၀) ပြည့်နှစ်တွင် တည်ထောင်နိုင်ခဲ့သည်။ ထိုနည်းတူစွာ ရန်ကုန်မြို့၏ မြို့မတိုင်းရင်းသူ မိန်းကလေးအထက်တန်းကျောင်းကို (၁၉၂၁) ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သဖြင့် "မြို့မကျောင်းမောင်နှမ" လက်တွဲရပ်တည်လျက် အမျိုးသားပညာရေးကို လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အတောင်အထည်ဖော်နိုင်ခဲ့သည်။

၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်သည် မြန်မာနိုင်ငံတိုသူ့စက်လာချိန် မြို့မကျောင်းမောင်နှမသည် မြန်မာနိုင်ငံရှိ ကျောင်းများနည်းတူ ကျောင်းပိတ်လိုက်ရသည်။ မြို့မအမျိုးသားကျောင်း အဆောက်အအုံကိုလည်း ဂျပန်တပ်မတော်၏ စစ်ဆေးရုံအဖြစ် အသုံးပြုခဲ့သည်။ အဆောက်အအုံတချို့တိုလည်း ဖျက်ဆီးခံခဲ့ရသည်။

၁၉၄၅-၄၆ ခုနှစ် စစ်ကြီးအပြီး မြို့မတိုင်းရင်းသားတိုင်းရင်းသူ ကျောင်းနှစ်ကျောင်းကို ပေါင်းစည်းပြီးမြို့မ အမျိုးသားကျောင်း အဆောက်အအုံတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ တစ်နည်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနှင့်နှမပေါင်းစည်း" ပညာသင်ကြားခဲ့ရသည်။ ထို့ကြောင့်ဝင်လျှင် "မြို့မအမျိုးသားအမျိုးသမီးကျောင်း" အမည်ဖြင့် ကျားမ ပူးတွဲသင်ကြားသည့် ကျောင်း (Myoma Co-Educational High School) ဟု အများအသိမှတ်ပြုခဲ့ကြသည်။

၁၉၅၆ ခုနှစ်ရောက်သော် ဒုတိယကမ္ဘာစစ်မတိုင်မီက နေရာဟောင်း တင့်(ခ်)လမ်း (ယခုသံတမန်လမ်း)၊ အမှတ် (၁၄)ကို ပြန်ရသဖြင့် မြို့မအမျိုးသမီးကျောင်းကို တစ်ဖန်သီးခြားခွဲ၍ ဖွင့်လှစ်ခဲ့သည်။ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်တင်တင်စိန်၊ ဒုတိယကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်ခင်ခင်ညွန့် တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံ ဗြိတိသျှလက်အောက်မှ လုံးဝလွတ်လပ်ရေးရရှိပြီးနောက် မြို့မအမျိုးသားအထက်တန်းကျောင်းနှင့် မြို့မအမျိုးသမီးအထက်တန်းကျောင်းတို့သည် အမျိုးသားပညာရေးကို ဖော်ဆောင်လျက် နိုင်ငံ၏သမိုင်းကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ နိုင်ငံတော်၏ ပညာရေးမူဝါဒအရ ၁၉၆၅ ခု၊ ဧပြီလ (၁) ရက်နေ့တွင် အခြားသာသနာပြု အလွတ်ကျောင်းများနည်းတူ ပြည်သူပိုင်ကျောင်းသို့ ကူးပြောင်းခဲ့ကြရသည်။

၁၉၇၃ ခုနှစ်၊ မေလအကုန် ဇွန်လဆန်း၊ ကျောင်းသားကျောင်းသူများ ကျောင်းရွှေ့ပြောင်းအပ်နှံရန် ကျောင်းထွက်လက်မှတ်ထုတ်ယူခြင်း ကျောင်းအပ်နှံခြင်း ပြုလုပ်ကြရပါသည်။

ကျောင်းသားမိဘများနှင့် အုပ်ထိန်းသူများ၏ မကြာခဏဆွေးနွေးအကြံပြုချက်များ ရရှိခဲ့သည်။



- မောင် ကျောင်းသားကို အထက (၂) ဒဂုံတွင် အပ်နှံခဲ့ပြီး အစ်မကျောင်းသူကို အထက (၃) ဒဂုံ (သို့မဟုတ်) အခြား ကျောင်းတစ်ကျောင်းသို့ ထပ်မံသွားရောက်အပ်နှံရခြင်း ဒုက္ခ။
- ဒဂုံ အထက (၂) တွင် အစ်ကိုရော နှမပါ စတုတ္ထတန်းအထိ အစ်ကိုကနှစ်မကို စောင့်ရှောက်၍ ပညာသင်ခဲ့ရာမှ ပဉ္စမတန်းရောက်သော် နှစ်မကို ကျောင်းခွဲထားရသော ဒုက္ခ။
- ကိုယ်ပိုင်ကားဖြင့် ကြို/ပို့ကြသော မိဘများမှာ သားတစ်ကျောင်း၊ သမီးတစ်ကျောင်း အန္တရာယ်များသောပြည်လမ်းကြောကိုဖြတ်ကျော် အချိန်ကုန်လူပန်းရသော ဒုက္ခ။
- အခက်အခဲရှိသော မိဘများမှာ မောင်နှမနှစ်ဦး ကျောင်းသီးခြားစီဖြစ်နေသဖြင့် ကျောင်းလခ လွတ်ငြိမ်းချမ်းသာခွင့် မိဘဆရာအသင်းနှစ်စဉ်ကြေးကင်းလွတ်ခွင့်များကို မခံစားရခြင်း ဒုက္ခ။
- မောင်နှမနှစ်ဦး တသီးတခြားစီဖြစ်နေ၍ ကူညီစောင့်ရှောက်ခြင်း စည်းကမ်းထိန်းသိမ်းပေးခြင်းတို့ကို မဆောင်ရွက်နိုင်ခြင်း ဆောင်ရွက်ရန် ခက်ခဲခြင်းဒုက္ခ။

အထက (၂) ဒဂုံတွင် မောင်နှင့်နှမ မိန်းကလေးများ
မူလတန်းနှင့် အထက်တန်းများတွင် ပညာဆက်လက်ပူးတွဲသင်

www.burmeseclassic.com

www.burmeseclassic.com



ကြားခွင့်ပြုပါက တောင်းကျိုးရလဒ်များ ကျောင်းနှင့်မိဘများဆထက် ထမ်းပိုး ခံစားကြရမှာဖြစ်ကြောင်း မှန်းဆတွေးခေါ်နိုင်ပါသည်။

အထက (၂) ဒဂုံတွင် ကျောင်းသား၊ ကျောင်းသူများ အလယ်တန်းမှသည် အထက်တန်းအထိ ပေါင်းစည်းပညာသင်ကြားရေး (Co. Educational System) နှင့် ပတ်သတ်၍-

- မြို့မတိုင်းရင်းသူ၊ တိုင်းရင်းသားကျောင်း မောင်နှမ အတိတ်ကာလက ကျောင်း၏သမိုင်းကို အခြေခံခြင်း။
- အားလုံးအတွက် ပညာရေးစနစ်ဖြစ်ခြင်း။
- ပြည်သူ၊ မိဘနှင့် အုပ်ထိန်းသူများ၏ တောင်းဆိုမှု ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်တိုးတက်မှုနှင့် စည်းကမ်းကောင်းမွန်မှု
- ကျောင်း၏ စည်းကမ်းထိမ်းသိမ်းမှု အဆင်ပြေခြင်း။
- ဆရာ၊ ဆရာမများ၏ ပညာသင်ကြားမှုနှင့် မောင်နှမ ထိန်းကြောင်းမှု သဘာဝကျခြင်းစသော အခြေအနေနှင့် အချိန်အခါပေးမှု တောင်းဆိုမှုများကြောင့် ၁၉၇၄ ခုနှစ်တွင် ကျား/မ ပေါင်းစည်းရေးကို ဆောင်ရွက်ခဲ့သည်။

ယခုအချိန်တွင် အထက (၃) ဒဂုံ၌ ယခင်က မိန်းကလေးကျောင်း မြို့မတိုင်းရင်းသူ အမျိုးသမီးကျောင်း သန့်သန့်ဖြစ်လင့်ကစား (ကျား/မ) ပူးတွဲလျက် မောင်နှင့်နှမပညာသင်ကြားခွင့်ပြုခဲ့ရာ၊ အထက (၂) ဒဂုံ (ယခင်မြို့မ တိုင်းရင်းသားအထက်တန်းကျောင်း) ကျောင်းသားများ သန့်သန့်ကိုသာ လက်ခံသင်ကြားခဲ့ရာမှ ၁၉၇၄-၇၅ စာသင်နှစ်မှစပြီး တစ်နှစ်တစ်တန်း၊ အစ်ကိုနှင့်နှမ ကျောင်းသူ/ကျောင်းသားပေါင်းစည်းသင်ကြားခဲ့ရာ (၁၉၇၉-၈၀) ခုနှစ်တွင် ဒသမတန်းအထိပြီးပြည့်စုံအောင် (ကျား/မ) ပေါင်းစည်းသင်ကြားနိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၅)

## မြို့မ၏ ဂုဏ်ယူဖွယ်ရာကဗျာ၊ တေးထပ်သီချင်းများ

မြို့မဆရာကြီးဦးဘလွင်၏ တပည့်အရင်းတစ်ဦးဖြစ်သော ဆရာဇော်ဂျီက ၁၉၃၈ ခုနှစ် အိုးဝေမဂ္ဂဇင်းအတွဲ ၇ အမှတ် ၁ ဝါ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစေရန် ရည်ရွယ်သောကဗျာများ ရေးခဲ့ပါသည်။

### ရှေးခေတ်ပုဂံပြည်

မောင်တို့ကြားကုန်လော့
မယ်တို့ကြားကုန်လော့
ရှေ့ဖျားပုဂံပြည်မှာဖြင့်
မြန်မာတတွေမှာရတနာရွှေအပေါင်းငဲ့ပြင်
မင်းကောင်းနော်ရထာတဲ့
မော်စရာ ဟိုတစ်ခေတ်ကိုဖြင့်
ဉာဏ်သစ်ကာ တရှင်ရှင်နှင့်
ဘဝင်မှာ အမြင်မှန်းကာပ့ါ





တမ်းတ၍ ကြည်ညိုပါ။
ဩော် မြန်မာတို့ခေတ်ထူး
ရာဇဝင်မှာ စတင်လို့ကူးခဲ့ကြ
ငွေထွေးရှူး လုံးလက်ဖယ်
ညောင်းဦးနယ် ကိုရွှေဖြီး
ရွှေထီးလောင်း မင်းကျန်စစ်
ထီမထင်အောင် ပြည်ခွင်ကိုချစ်ခဲ့ကြ
ရဲစစ်တပ်အစုံစုံ သထုံနဲ့ပခိုး (ပဲခူး)
ရန်အလျှိုလျှိုကို မာန်ပိုလို့ချိုးခဲ့၍
မြို့ရိုးမြင့်မြေ (ပြည်) ပုဂံ
ရဲတပ်တို့အမြန်မှာ
အောင်လံတွေရောင်ပျံမြူးကာပ့ါ
တပ်ဦးမှာတချိုချိုနဲ့
အောင်ရွှေစည် အောင်သံညှင်းလိုက်တော့
ပြည်တွင်းမှာ ညံဆူဆူနဲ့
ကျန်ရစ်သူ ပုဂံသားတို့မှာလ
အားတက်ကြမှာ။
လာစမ်းဟဲ့မေ့သား၊ အမယ်မင်းထွားလိုက်တာ
စစ်သားကြီးလုံးလုံး၊ စစ်ပိုလ်ကြီးရှုံးလောက်ရဲ့
ပခုံးနဲ့လက်ပြင်၊ ကြောချဉ်ကသံချောင်း
တနှစ်အတွင်းမှာ ချတ်ချင်းပဲပြောင်းရော့
တောင်းလိုက်မေ့ မေ့သား

www.burmeseclassic.com

www.burmeseclassic.com



ဤဇမ္ဗူမှာ တလူဖြင့်ရှားလောက်ရဲ့
မယ်ဘွားမှာလေ
ဝန်းသာမြေနှင့် ညောင်ရေသွန်းလောင်း
ပြည်ကြီးရှင် အနိုင်ရလို့
ငါ့သားလှဖြန့်လာကြောင်းကို
နေ့တိုင်းပဲ တောင်းရတယ်။
အမယ် မမ
သားလှတွက်တာ နောင်များဖြင့်ပူပါနဲ့
ဗုဂံမှာမွေး မြန်မာသွေးမို့
မလေးမမူ အသက်ပင်လျှုခဲ့ပေါ့
ပြည်သူ့သက်စွန့် လက်ရုံးအင်သည်တအားနဲ့
ဘယ်တိုင်းခြား ဝံ့မတုန်း။
ယာလက်ရုံး၌ပြင်
နှလုံးမှာ ဖြူစင်ကြယ်နှင့်
လူတွင်ကျယ် ဗုဂံသားတွေကို
ကိုယ့်အားကို ကိုယ်ယုံတိုးကားပါ့
ကိုယ့်မျိုးဂုဏ် တမာန်တက်ပေလိမ့်
မားထက်တဲ့ပုဂံမှာ
မြန်မာတို့ခေတ်ဟောင်း။
စေတီနဲ့တန်ဆောင်း၊ ဆည်ချောင်းနဲ့စပါးနှံ
ရွှေပေါက်ကျပြည်တစ်ကြောမှာ
ပေါ်ချင်တိုင်း ပေါ်တဲ့ပြင်



ဝပြောတဲ့သာသနာ
ခေါင်းလောင်းသံ ညံမစဲရယ်နှင့်
ပုဂံမွဲသာလွန်းလို့
လာသူလာ သွားသူသွား
ဆင်းရဲသား ကုန်သည်သား
ပြည်တော်သား မင်းမှုထမ်း
တစ်စိတ်ဝမ်း တစ်လက်ညီ
အောင်တေးကို သံပြိုင်သီကြတော့
ပြည်တော်မြတ်ပွဲတင်သံ
ဘဝဂ်ကပြန်ပါရော့။
တရားငယ်မှန်
ရှင်မြတ်ကယ် ထေရ်အရဟံနှင့်
မြေပုဂံ ဘုရင်ဘုန်းရယ်ကြောင့်
ပြည်လုံးသာယာလို့
သာသနာ ဝါဝါဝင်းခဲ့တဲ့
သည်မင်းသည် ပြည်ထောင်ဖြင့်
မလေးမောင် ချစ်မငြီးနိုင်ဘူ
ရွှေစည်းခုံ ရှင်မြတ်စောရယ်က
ခေတ်ဟောင်းစံ ပုဂံသဘောကိုဖြင့်
ဟောပေါ့ထပ်လောင်း။ ။

စေဝ်ရှီ

www.burmeseclassic.com

www.burmeseclassic.com



## တို့တိုင်းပြည်

ထလော့မြန်မာ အိုမြန်မာတို့
တို့ရွာတို့မြေ တို့ရွာမြေဝယ်
စေတီစပါး များလည်းများ၏
များပါလေလဲ တမွဲမွဲနှင့်
ဆင်းရဲကာသာ ကာလကြာလျှင်
ယာစကာမျိုး တညိုးညိုးနှင့်
ပုထိုးမြင့်မောင်း ကျောင်းကြီးကျောင်းကြား
လှည့်လည်သွားလျက်
မစားလေရ ဝမ်းမဝ၍
ဆွမ်းမျှမတင်နိုင်ရှိ မည်တည်း။
ထလော့ မြန်မာ အိုမြန်မာတို့
တို့ရွာတို့မြေ တို့ရွာမြေဝယ်
ရေချိုသောက်ရန် မြစ်ချောင်းကန်နှင့်
သီးနှံချိုပျား များလည်းများ၏
များပါလေလဲ တမွဲမွဲနှင့်
ဆင်းရဲကာသာ ကာလကြာလျှင်
မြင်သာမြင်ရ မစားရ၍
တောကပြိတ္တာ ဖြစ်မည်တည်း။
ထလော့မြန်မာ မြန်မာထလော့
အားမပျော့နှင့် မလျော့လုံ့လ



သူတစ်၍ ငါကအားလုံး
လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ ဆောင်ကြလေလော့
ဤမြေဤရွာ ဘယ်သူ့ရွာလဲ
ဤယာစပါး ဘယ်သူ့စပါးလဲ
ထားလော့တာဝန် ပွန်လော့လုပ်ငန်း
ဉာဏ်ရှေ့ပန်း၍
တဝမ်းတစိတ်ညီစေသတည်း။

ဇော်ဂျီ

အထက်ဖော်ပြပါ ကဗျာနှစ်ပုဒ်ဖြင့် ခေတ်သစ်မြန်မာလူငယ်တို့၏ ဇာတိသွေးဇာတိမာန်ကို ပြန်လည်နိုးဆွနိုင်ခဲ့လေသည်။ ဆက်လက်ပြီး ဆရာကြီးဦးဘလွင်ကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏တပည့်အရင်းတစ်ဦးဖြစ်သော စစ်ကြိုခေတ်မြို့မကျောင်းသူဟောင်း ဆရာမကြီး ကထိက ဒေါ်မြင့်သန်းကရေးသားခဲ့သော တေးထပ်များကိုဖော်ပြပါမည်။

### မြို့မကျောင်းတော်ကြီး၏ သံမဏိရွှေအဓိဋ္ဌာန်

မင်္ဂလာထင်စွာ ယဉ်ပါသရှင့်၊ စဉ်လာမြင့်တဲ့မြို့မပါ။ ပြင်လျာအဆင့်တို့ မြန်မာ့ မြန်မာ၊ မျိုး ဘာသာ သာသနာစုံစုံမြူး။
ကာယဉာဏစာရိတ္တရသ အသက်မွေး၊ ယှဉ်ကာမပျက်မနေး၊ လျင်စွာဘက်စုံ ပညာ့ဗိမာန်ဦး။ စည်းကမ်းနည်းလမ်းအညီ၊ မှန်းပြီရှင် မိုငြိမ်းတီထွင် ပြည်သူ့နီတိအထူး။ ။ ရည်ရွယ်ညီညီ

www.burmeseclassic.com

www.burmeseclassic.com



စုံစုံကူး ကြဲ့ကြဲ့ပါဘူး ပွင့်ဖူးဟန်။ ။ လှဘောင်အကျိုးဆောင် တင့်တင့်ဆန်းလို့၊ ပွင့်ပွင့်လန်းချိမ့်ဝေကန်။ (တို့ - မြို့မရဲ့ ဖြည်ထောင်စုစိတ်ဓာတ်က၊ ဟော့ဒီလို ဟော့ဒီလို) အသည်းနဲ့ ဖွဲ့ထည့်ကတည်းဟဲ့ မြဲမကွဲ ဇာတိအဟုန်မာန်၊ ကမ္ဘာသိတုန်ရန်၊ မြန်ပြည်အစုန်အဆန် လူ့အရင်းအမြစ်တွေနဲ့ ဇမ္ဗူတွင်းအနှစ် ဗျတ္တိ ဂုဏ်ကို သတ္တိအစုံဖြိုးမယ်ကွဲလေး။

(ကျုပ်တို့မြို့မက) အခက်အခဲ ရန်ထိုထိုကို (ဒီမလေ. . .) အသက်နဲ့လဲ တစ်ဆက်တည်း ဖျက်ခွဲအမှန်ဖြိုမယ်ပ (အိုကွယ်. . .) စံအတိ၊ အလျှံပြို၊ သံမဏိ၊ ရွှေအဓိဌာန်နဲ့လေး။

မြို့မသည် တိုင်းပြည်အတွက် ဖြစ်ရမည်။

ကထိက ဒေါ်မြင့်သန်း

## ဆရာမြတ်နန္ဒာဂုဏ်

### မြို့မဖခင်ကြီး ဦးဘလွင် ဂုဏ်ပြုတေးထပ်

တို့ဖခင် တို့ဘဝ
တို့မြို့မ ဝိညာဉ်
မျိုးပထမ ဥဒါန်းတွင်အောင်
(ဆရာကြီး) ဦးဘလွင် တည်ခဲ့
အမျိုးသားစိတ် အမျိုးသားမာန်
တိုးပွားရန် သူပျိုးထောင်ရဲ့။
မြန်မာမှု မြန်မာဆန်အောင်



မြန်မာဟန် ဆင်ကွဲ့
မြန်မာစာ သင်ပါဟဲ့လို့
တွင်တွင်ကွဲ့ မိန့်ဆို
ဝံသာနုရက္ခိတရားကိုလဲ
မျက်ခြည်မပျက် စောင့်ကြစေလို့ ([illegible])
မပျက်စီးသား မြို့မအလိုကို
တို့အာဘအို မြင်စေစမ်းချင်ရဲ့
မြင်မြေတစ်ခန်း သိမ့်သိမ့်တုန်
မြို့မစိတ်အဟုန် (တို့ရဲ့ မြို့မသားတွေ
စိတ်အဟုန်)
(မြို့မဖခင်ကြီး ဦးဘလွင်)ဆရာမြတ်နန္ဒာဂုဏ်ကို
ကမ္ဘာဂုဏ်ဦးတင်ခဲ့လေး။

ကထိက ဒေါ်မြင့်သန်း
စစ်ကိုင်းခေတ်မြို့မကျောင်းသူဟောင်း
(အငြိမ်းစား) ကထိကဌာနမှူး
မြန်မာစာအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၊
ပညာရေးဝန်ကြီးဌာန

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

## "နယ်ချဲ့ဆန့်ကျင်ရေးစေတ် ဆရာကြီးဦးအလွင် ကိုယ်တိုင်နှင့်ဆရာကြီး၏ တပည့်မြို့မကျောင်းသားတပ်ဖွဲ့ဝင်များ သီဆိုခဲ့ကြသောဓာတ်မာန်သီချင်း"

(ဘီအိုင်အေ) ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို မဖွဲ့စည်းမီကာလကတည်းက အမျိုးသားရေးကို လှုံ့ဆော်သော စစ်ချီသီချင်းများ ပေါ်ပေါက်ခဲ့ကြောင်း မြန်မာတို့နယ်ချဲ့လက်အောက်ကျစဉ် ကာလကတည်းက သူကျွန်ဘဝမှလွတ်မြောက်၍ မိမိတို့၏နိုင်ငံကိုကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်မည့် အင်အားတောင့်တင်းသော မျိုးချစ်မြန်မာ့တပ်မတော်ပေါ် ထွန်းလာစေရေး ဦးတည်ချက်ဖြင့် မြို့မကျောင်းအမှူးပြုသော အမျိုးသားကျောင်းများ စတင်ပေါ်ပေါက်လာစဉ်ကတည်းက မြို့မအမျိုးသားကျောင်းဆရာကြီးများက ဦးစီး၍ အမျိုးသားကျောင်းသားများဖြင့် ဖွဲ့စည်းသော အပျော်တမ်းရဲတပ်ဖွဲ့များ ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ အလားတူပင် ထိုကာလက အခိုင်အမာဖွဲ့စည်းပြီးဖြစ်သော တို့ဗမာအစည်းအရုံး





ကြီးကလည်း မျိုးချစ်လူငယ်များဖြင့်ဖွဲ့စည်းသော ဗမာ့လက်ရုံးတပ်များကို ဖွဲ့စည်းလေ့ကျင့်ပေးခဲ့ကြောင်း ၎င်းအပြင် မျိုးချစ်မြို့မကျောင်းဆရာကြီးများနှင့် ကျောင်းသားကြီးများက ဦးစီးဖွဲ့စည်းခဲ့သည့် မြို့မကျောင်းသားအများစုပါဝင်သော သံမဏိတပ်များလည်း ပေါ်ပေါက်ခဲ့ကြောင်း။ ၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်လာပြီးနောက် ဖော်ပြပါ အပျော်တမ်းရဲတပ်ဖွဲ့များ၊ ဗမာ့လက်ရုံးတပ်များနှင့် သံမဏိတပ်များမှာ မြန်မာပြည်တစ်ဝန်းလုံးတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတပ်သားများသည် စစ်ထူးဝတ်စုံများကို သစ်သစ်မှတ်မှတ်ဝတ်ဆင်၍ လက်နက်မပါသော စစ်ရေးလေ့ကျင့်မှုသဏ္ဍာန် (Drill) လေ့ကျင့်မှုများနှင့် မိမိတို့အဖွဲ့ စည်းလိုက် သတ်မှတ်ထားသော အလံကြီးများကို ရှေ့ဆုံးမှကိုင်ဆောင်ကာ ခြေလှမ်းညီညီဖြင့် ချီတက်လေ့ကျင့်မှုများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း အထူးသဖြင့် တို့ဗမာအစည်းအရုံးကြီးက ညီးဝေးညီနှိုင်းဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသော "အမျိုးသားနေ့" ဖြစ်သည့်တန်ဆောင်းမုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် အမျိုးသားနေ့ကျင်းပနေရာသို့ အဆိုပါတပ်ဖွဲ့အသီးသီးက စစ်ချီသီချင်းများ သီဆိုကာ မိမိတို့၏ ဘင်ခရာတီးဝိုင်းများနှင့် မြိုင်မြိုင်ဆိုင်ဆိုင် တက်တက်ကြွကြွ ချီတက်ခဲ့ကြကြောင်း အချို့တပ်ဖွဲ့များကလည်း ချီတေးများကို ဓါးပလွေများမှုတ်ကာ စည်တိုကလေးများကို တီး၍ ချီတက်ခဲ့ကြကြောင်း ယင်းသို့ချီတက်လာကြသည့် မြို့မျိုးချစ်လူငယ်များဖြင့် ဖွဲ့စည်းထားသော ဗမာ့လက်ရုံးတပ်၊ အပျော်တမ်းရဲတပ်၊ သံမဏိတပ်အစရှိသည့် တပ်ဖွဲ့ဝင်များကို ချီတက်ရာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးများ၏ ဝဲ-ယာတစ်ဖက်တစ်ချက်မှာ ကြည့်ရှုအားပေး
သော လူထုပရိတ်သတ်ကြီးကလည်း နှစ်ထောင်အားရ သော
သောင်းဖြိုးဖြိုး စားသောက်ဖွယ်ရာများဖြင့် ချည့်ခံကာအောင်သ
ပန်းများဖြင့်လည်း ဂုဏ်ပြုတမ်းလှမ်းခဲ့ကြကြောင်း သို့ဖြစ်၍
လွတ်လပ်ရေးတပ်မတော်ကို မဖွဲ့စည်းရသေးမီကတည်းက မြန်
တို့၏ မျိုးချစ်စိတ်ကို နိုးကြားရှင်သန်လာအောင် နှိုးဆွပေးခဲ့သ
စစ်ချီတေးများ နယ်ချဲ့ဆန့်ကျင်ရေးခေတ်ကတည်းက ပေါ်ပေါ
ကြောင်း မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။

သို့ပါ၍ ဆရာကြီးဦးဘလွင် ကြီးမှူးပါဝင်ခဲ့သည့် တပ်
ဝင်များ ဇာတိမာန်အပြည့်ဖြင့် သီဆိုခဲ့ကြသော သီချင်း (၄) ပုဒ်
ဆရာကြီးဦးဘလွင်အား ဂုဏ်ပြုအောင်းမေ့သည့်အနေဖြင့် ဖော်
အပ်ပါသည်။

## ရဲဇာနည်စစ်ချီသီချင်း

"ရဲဇာနည်စစ်ချီသီချင်း" ကို နန်းတော်ရှေ့ဆရာတင်
၁၉၃၁ ခုနှစ်တွင် ရေးခဲ့သည်ဟု ၁၉၃၁ ခုနှစ်၊ နိုင်ဝင်ဘာလ
ရက်နေ့ထုတ် သူရိယသတင်းစာတွင် ဖော်ပြပါရှိခဲ့ရာ ၁၉၃၀ ပြ
နှစ်အတွင်းက ဗိုလ်အမ်ဘီဆရာတင်ရေးသား စပ်ဆိုသော နာမည်
ကျော် "တို့ဗမာအမျိုးသားသီချင်း" နှင့် မရှေးမနှောင်းပေါ်ပေါ
ခဲ့သော သီချင်းဖြစ်သည်။ ၁၉၃၈ ခုနှစ်၊ ၁၃၀၀ ပြည့် အရေးတော်
ပုံကြီးတွင် ဗမာ့လက်ရုံးတပ်ဖွဲ့ဝင်များသည် ထို "ရဲဇာနည် စစ်ချီ
သီချင်း" ကို သံပြိုင်သီဆို ချီတက်ကြကြောင်းသိရသည်။ "ရဲဇာနည်



စစ်ချီသီချင်း" မှာ မူလကတည်းက စည်တိုကလေးဖြင့် မြန်မာ
ဆန်ဆန် တက်တက်ကြွကြွတီးမှုတ်သီဆိုချီတက်ရန် သင့်လျော်
သော သီချင်းဖြစ်ရာ ထိုစစ်ချီသီချင်းသည် ဗမာ့လက်ရုံးတပ်ဖွဲ့၊
အပျော်တမ်းရဲတပ်ဖွဲ့၊ ကျောင်းသားသံမဏိတပ်ဖွဲ့များ ဖွဲ့စည်းချီ
သံပြိုင်သီဆို ချီတက်ရန် အရန်သင့်ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့်
လည်း ဖော်ပြပါ မျိုးချစ်လူငယ်တပ်ဖွဲ့များသည် အမျိုးသားရေး
ချီတက်ပွဲများ၌ ၎င်းစစ်ချီသီချင်းနှင့်လည်း သံပြိုင်သီဆိုချီတက်ခဲ့
ကြကြောင်း သိရသည်။

## ဗမာ့ဇာနည်စစ်ချီသီချင်း

"ဗမာ့ဇာနည် စစ်ချီသီချင်း" သည် နယ်ချဲ့ဆန့်ကျင်ရေး
ခေတ်အတွင်း ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းတွင် မြို့မအမျိုးသား
ကျောင်းမှ မြန်မာစာဆရာ၊ မြို့မဆရာဟိန်က စာသားရေး၍ ဂီတ
အဆို ဒဂုံဆရာတင်က တေးသံစဉ်များသွင်းပေးသော စစ်ချီသီချင်း
ဖြစ်သည်။ ထိုသီချင်းကို မျိုးချစ်လူငယ်များဖြင့် ဖွဲ့စည်းထားသော
အပျော်တမ်းရဲတပ်ဖွဲ့က ချီတက်ရာတွင် သံပြိုင်သီဆိုကာ ချီတက်ခဲ့
ကြသည်။ အပျော်တမ်းရဲတပ်ဖွဲ့သည် ယခင်ပုလိပ်ဟု ခေါ်ပြီး ယခု
မြန်မာနိုင်ငံရဲဟုခေါ်သော အစိုးရဝန်ထမ်း (Police) ရဲတပ်ဖွဲ့
မဟုတ်ပါ။ ထိုစဉ်က အပျော်တမ်း ရဲတပ်ဖွဲ့ကို ၁၉၃၀ ပြည့်နှစ်၊
...နှန်လ ၂၂ ရက်နေ့တွင် အမ်အေဦးမောင်ကြီးက ကြီးမှူးဖွဲ့စည်းခဲ့
သည်။ မြန်မာပြည်ကို နယ်ချဲ့တို့စိုးမိုးအုပ်ချုပ်စဉ်က နယ်ချဲ့တို့အား
ပြုလုပ်သောအခမ်းအနားများစတင် ပြုလုပ်ချိန်တွင် "ဘုရင်မင်း

www.burmeseclassic.com

www.burmeseclassic.com



မြတ်ကို ဘုရားသခင်စောင့်ရှောက်ပါစေ" (God Save The King) သီချင်းကို အင်္ဂလိပ်ဘာသာဖြင့် သံပြိုင်သီဆိုလေ့ရှိကြသည်။ ရုပ်ရှင်များစတင်ပြချိန်တွင်လည်း ပိတ်ကားပေါ်တွင် ထိုခေတ်က စိုးမိုးခဲ့သော အင်္ဂလိပ်ဘုရင်၏ ရုပ်ပုံကို ထိုးပြပြီး ထိုသီချင်းသံ ပေါ်လာမြဲဖြစ်သည်။ ထိုအခါ ရုပ်ရှင်ကြည့်ပရိတ်သတ်က အလေးပြုသည့်အနေဖြင့် ငြိမ်သက်စွာမတ်တတ်ထကြရသည်။ ထိုခေတ်အတွင်း ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသောအခါ ဦးစွာပထမ ဒေါင်းလံကြီးတလွင့်လွင့် စတင်ပေါ်လာပြီး "ဗမာဇာနည်စစ်ချီသီချင်း" ကို တီးဝိုင်းမှ သီဆိုတီးမှုတ်ပေးကြသည်။

## လက်ရုံးစစ်ချီသီချင်း

"လက်ရုံးစစ်ချီသီချင်း" ကို နယ်ချဲ့ဆန့်ကျင်ရေးခေတ်က ရေးသားစပ်ဆိုခဲ့ပြီး ဗမာ့လက်ရုံးတပ်များ ချီတက်လာသောအခါ ဗမာ့လက်ရုံးတပ်သားများ သံပြိုင်သီဆိုကြသော သီချင်းဖြစ်သည်။ ထိုခေတ်က တို့ဗမာအစည်းအရုံးကြီးက မျိုးချစ်လူငယ်များကို စည်းရုံးလျက် ဗမာ့လက်ရုံးတပ်အမည်ဖြင့် ဖွဲ့စည်းလေ့ကျင့်ပေးခဲ့သည်။ ထိုလက်ရုံးတပ်သားများသည် နီညိုရင့်ရောင်ရှပ်အင်္ကျီလက်တို၊ ဘောင်းဘီတို၊ ခြေအိတ်တို့ကို ဆင်တူဝတ်ဆင်ကာ ဦးထုပ်လည်း ဆင်တူဆောင်းကြသည်။ ယင်းတို့သည် ထိုခေတ်က လက်နက်မဲ့ ချီတက်လေ့ကျင့်ကြစေကာမူ ညီညွတ်မှု၊ တာဝန်ကျေပွန်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကိုယ်ကာယတောင့်တင်းမှု၊ စည်းကမ်းလိုက်နာမှု၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ထက်မြက်မှုတို့ရရှိစေရန် လေ့ကျင့်ပေး



ထားသူများဖြစ်သည်။ တစ်နည်းအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအင်အားတစ်ရပ်အဖြစ် ဗမာ့လက်ရုံးတပ်များကို မြို့မကျောင်းသားသံမဏိတပ်၊ မြို့မအပျော်တမ်းရဲတပ်များကဲ့သို့ ပြုစုပျိုးထောင်ထားခြင်းဖြစ်သည်။ လက်ရုံးစစ်ချီသီချင်းမှာ ထိုစဉ်တတည်းက မျိုးချစ်လူငယ်များ စဉ်ဆက်မပြတ်သီဆိုလာခဲ့ကြရာ ရိုးသွားသည်ဟုမရှိဘဲ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ထိုစစ်ချီသီချင်းကို တပ်ကြပ်ကြီး ညွန့်ခင်၊ ရဲဘော် ခင်မောင်လှ၊ ဓနုဖြူ စိုးသိမ်းနှင့် မေမြို့ခင်မောင်မြင့်တို့အဖွဲ့က သီဆိုခဲ့ကြသည်။ ၎င်းနောက် ရဲဘော်ခင်မောင်လှအမှူးပြုသော တပ်မတော်သား တေးသံရှင်များက ပြန်လည်သီဆိုဆန်းသစ်ခဲ့ကြပြန်သည်။

ယခင် 'ဗမာ' ဟု သုံးနှုန်းခဲ့ရာမှ 'မြန်မာ' ဟုပြုပြင်သုံးနှုန်းခဲ့သည်။ ထိုစစ်ချီတေးသီချင်း၏ အမည်ကိုလည်း ယခုအခါ သီချင်းအစဖြစ်သော "ရဲရဲတောက် တို့မြန်မာတွေ" ဟူသော စာသားမှ "ရဲရဲတောက်" ဟူ၍ သီချင်းအမည်ကိုပါ ပြောင်းလဲခဲ့သည်။ မူရင်းစာသားတစ်နေရာတွင် "ရာဇဝင်ထိုးလောက်အောင်စွန့်ပေး၊ ကိုယ်လက်အင်္ဂါကျန်းမာချမ်းသာ" ဟုပါရှိခဲ့သည်။ ယခုအခါ ထိုစာသားအစား "ရာဇဝင်ထွန်းတောက်အောင်စွန့်ပေး၊ တို့တိုင်းတို့မြေ လွတ်လပ်ရေးကို" ဟု ပြုပြင်ထားသည်။

## ဇာတိမာန် စစ်ချီသီချင်း

၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကိုလံဘီယာဓာတ်ပြားကုမ္ပဏီမှ ဆရာရွှေတိုင်ညွန့်ရေးသား၍ ဥဩဘသောင် သီဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ဇာတိမာန်အမည်ရှိသည့် စစ်ချီသီချင်းတစ်ပုဒ်ထွက်ပေါ်လာခဲ့သည်။
သံမဏိဗိုလ်မောင်မောင် အမည်ရှိသော ကျောင်းသားခေါင်းဆောင်
"ကိုမောင်မောင်ဦးဆောင်သည့် သံမဏိတပ်သားများ စစ်ချီလေ့
ကျင့်ကြသောအခါ ဇာတိမာန်သီချင်းဖြင့် ချီကြကြောင်း သိရသည်။

ဖော်ပြပါ သီချင်း (၄) ပုဒ်မှာ မြို့မကျောင်းသားတပ်ဖွဲ့ဝင်
များအထူးနှစ်ခြိုက်စွာ သီဆိုဟစ်ကြွေးခဲ့သော သီချင်းများဖြစ်ပါ
သည်။ ယခုအခြေခံပညာကျောင်းများတွင်လည်း ဤဇာတိမာန်
စစ်ချီသီချင်းကို နှစ်ခြိုက်စွာသီဆိုဟစ်ကြွေးနေကြသည်ကို မြင်တွေ့
ကြားသိနိုင်ပါသည်။



## ရဲဇာနည် စစ်ချီသီချင်း

ဂီတစာဆို ➢ နန်းတော်ရှေ့ ဆရာတင်

တေးသံရှင်များ ➢ ဇမ္ဗူလက်ရုံးတပ်ဖွဲ့
အရှေ့တာမံရဲတပ်ဖွဲ့
ကျောင်းသားသံမဏိတပ်များ

0 5 1 2 31 23 | 23 21 ||: 03 65 | 06 21 :||: 02 32 | 67 65 |
ရဲ့ ဇာ နည်း ရှိကြ ရမည် သက်ဆုံးအတည် (လက်ရုံးရည်လက်နက်ရည်)² (လက် ရုံး အသုံး ပြုကာ)

06 35 06 35 | 06 35 | 65 61 27 65 | 22 3 | 55 43 | 23 21
[illegible]

2 5 2 1 | 02 32 | 67 65 | 02 32 | 67 65 | 06 35 | 65 51
[illegible]

01 12 35 13 | 2 45 | 65 43 | 2 32 | 1 - | 5 - | 5
[illegible] ပြည် ပြည်

2 3 6 5 | 06 35 | 65 61 :|| 22 23 | 23 21 | 0 67 2
(တို့ [illegible] စစ် သည် တို့ ပြည်ကို [illegible])² [illegible]

37 12 67 55 | 06 35 | 65 61 | 03 21 | 07 65 | 03 21 03 55
[illegible]


22 25 5 6 | 1 - | 1 - |
[illegible] ..........

www.burmeseclassic.com



## ဗမာတနည်စစ်ချီသီချင်း

ဂီတစာဆို > ဒဂုန်ဆရာတင်    တေးသံရှင်များ > အငြိမ့်တမ်းရုံတပ်ဖွဲ့ဝင်များ






## လက်ရုံးစစ်ချီသီချင်း

ဂီတစာဆို > ဂိုဏ်းအမ်ဘီ ဆရာတင်    တေးသံရှင်များ > ဦးစိန်မောင်

(Introduction)



www.burmeseclassic.com

www.burmeseclassic.com



## ဇာတိမာန် စစ်ချီသီချင်း

ဂီတဆရာ ▸ ရွှေတိုင်ညွန့်

တေးသံရှင် ▸ ဦးမြဘသောင်

Intro:

C Cdim G7 C DC GD Gs [A] C C D7 # C

‖ 5 6 | 7 1 | 23 44 | 50 0 ‖ 5 61 | 07 5 | 6 44 | 5

C C G F Dm Am F D7

| 5 61 | 07 5 | 7 55 | 6 - ‖: 02 21 | 71 6 | 01 17 | 62 56 |

*CHO

FINE



D.S. al fine

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

# မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့

မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့သည် အမိမြန်မာနိုင်ငံတော်၏ အနာဂတ်ရှေ့ရေးကို တွေးမျှော်၍ မြို့မကျောင်းသားကျောင်းသူအတွက် ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ မြို့မမိသားစုစိတ်ဓာတ်ဩဝါဒများ၊ ဝံသာနုရက္ခိတ အမျိုးသားရေးစိတ်ဓာတ်ဆိုင်ရာဩဝါဒများကို လမ်းညွှန်ခဲ့ပါသည်။

မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှာ သမာဓိမြို့ဝန် ပန်းကန်စက်ဦးသော်ဖြစ်သည်။ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌမှာ ဝန်ကြီး ဦးချစ်သောင်းဖြစ်သည်။ အကျိုးတော်ဆောင်ချုပ်မှာ - ဆရာကြီးဦးဘလွင်ဖြစ်ပါသည်။ မြို့မအုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများမှာ ဆရာကြီး ဦးစံထွား၊ ဆရာဟိန်၊ ဆရာမဒေါ်ခင်မကြီး၊ ဗိုလ်မှူးကြီးအောင်သိမ်း (ရေ)၊ မြို့မ - ဦးသန်းကြွယ်စသော ပုဂ္ဂိုလ်များဖြစ်ကြသည်။





**လမ်းညွှန်ချက်ဩဝါဒ (၁၀) ချက်**

၁။ စိတ်ထားဖြူစင်မြင့်မြတ်ရမည်။
၂။ မကောင်းမှုဟူသမျှ ရှောင်ကြဉ်ရမည်။
၃။ ရိုးသားဖြောင့်မတ်ရမည်။
၄။ အမှန်ကန်ဆုံး၊ အကောင်းဆုံး၊ အကျိုးရှိဆုံးဖြစ်အောင် လုပ်ဆောင်တတ်ရမည်။
၅။ စာပေထူးချွန်ရမည်။
၆။ အလုပ်ကိုကြိုးစားရမည်။
၇။ အတွေးအခေါ် အသိအမြင်မှန်ကန်ကောင်းမွန်ရမည်။
၈။ မြို့မမိသားစု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရမည်။
၉။ နိုင်ငံတော် လူမျိုးနှင့် သာသနာတော်အပေါ် သစ္စာရှိရမည်။
၁၀။ နိုင်ငံတော်လူမျိုးနှင့် သာသနာတော်အတွက် အရာရာတိုင်စွန့်လွှတ်စွန့်စားနိုင်ရမည်။

**ဆောင်ပုဒ်**

HONESTY, PURITY, SACRIFICE
- TO MAKE THE BEST BETTER
- TO BUILD BRAVE BRIGHT AND BEAUTIFUL BURMA
- TO OBEY THE TEACHING OF LORD BUDDHA

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

## ဆရာကြီးဦးဘလွင်နှင့်စေတ်ပြိုင် ထင်ရှားကျော်ကြားခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ မြို့ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုစီဘိအေစေါင်းဆောင် သမာစိမြို့ခန့်သူဌေးကြီး ပန်းကန်စက်ဦးသော်

ပန်းကန်စက် ဦးသော်အား ၁၈၉၃ ခုနှစ်၊ စက်တင်ဘာ (၅) ရက်နေ့တွင် ဆန်စက်ပိုင်ရှင် ဖခင်ဦးဘိုးဆင့်၊ မိခင်ဒေါ်သက်တို့မှ ပေါင်းတည်မြို့တွင် ဖွားမြင်ခဲ့ပါသည်။ ပြည်မြို့နှင့် ကလကတ္တားမြို့များတွင် ပညာသင်ယူခဲ့သည်။

၁၉၁၃ ခုနှစ်တွင် ဖခင်ဦးဘိုးဆင့်ပိုင်သော ပေါင်းတည်၊ ဇီးကုန်း၊ ရွှေတောင်၊ နတ္တလင်း၊ တာသံတမြို့များရှိ တန် (၁၀၀) ကျ ဆန်စက်ကြီး (၅) လုံးကို စီမံအုပ်ချုပ်ခွင့်ရခဲ့သည်။ မကြာမီတွင် ဒေါ်လှခင်နှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ ထိုချိန်က မြန်မာလူမျိုးများထဲတွင် ဆန်စက်ပိုင်ရှင်ဟူ၍ မရှိသလောက်ပင် လွန်စွာနည်းပါးလှပေသည်။

၁၉၁၄-၁၅ ခုနှစ် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ ဂျပန်ပင်လယ်ကူးသင်္ဘောကြီး





တစ်စီး ငှားရမ်းပြီး မိမိပိုင်ဆန်များအား သွားရောက်တင်ပို့ရောင်းချခဲ့သည်။ မြန်မာလူမျိုးများထဲမှ နိုင်ငံခြားသို့ ပထမဦးဆုံး စွန့်စားသွားရောက်ခဲ့သော အသက်အငယ်ဆုံးသော ကုန်သည်ကြီး တစ်ဦးဖြစ်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံနှင့် သင့်လျော်မည့် စက်မှုလုပ်ငန်းတစ်ရပ်ကို တည်ထောင်သင့်သည်ဟု စဉ်းစားမိလာသည်။ မိမိလုပ်မည့် ပန်းကန်စက် စက်မှုလုပ်ငန်းသည် မြန်မာ့စက်မှုလက်မှုရှေ့ ပြေးပထမ ဖြစ်စေရမည်၊ မြန်မာတိုင်းရင်းသားတို့၏ စီးပွားရေးဦးမော့လာစေရမည်၊ မြန်မာတို့၏ ဇာတိမာန် ဂုဏ်သတ္တိစိတ်ဓာတ်များ တက်ကြွ လာစေရမည်၊ မြန်မာပိုင် စက်မှုလက်မှုကို မိမိက စတင်ပြီး တည်ထောင်နိုင်ရန် မဖြစ်မနေကြိုးစားအားထုတ်မည် . . . ဟူသော မြင့်မြတ်သည့် ရည်ရွယ်ချက်၊ ခံယူချက်များ ထားရှိခဲ့ပြီး လက်တွေ့အောင်မြင်အောင် စွမ်းဆောင်ခဲ့သည်။

ဖခင် ဦးဘိုးဆင့်သည် သမီး ဒေါ်တင်လှ၊ သားဦးမောင်မောင်တို့မှာ လွန်စွာအသက်ငယ်သေးသဖြင့် စီးပွားရေးကိစ္စတို့ကို သားကြီးဖြစ်သော ဦးသော်ကိုသာ တာဝန်ယူ အုပ်ချုပ်စေခဲ့သည်။

ဦးသော်သည် ဖခင်ထံမှ ငွေ (၅)သိန်းခွဲ တောင်းကာ (ရွှေတစ်ကျပ်သား (၁၆)ကျပ် ဈေးဖြစ်သည်။) မြန်မာနိုင်ငံ၏ ရှေ့ပြေး ပထမပန်းကန်စက်ကြီးကို စမ်းသပ်တီထွင် ဆောက်လုပ်ခဲ့သည်။ တစ်နေ့လျှင် ပန်းကန်ပြားမျိုးစုံ အချပ် (၁၈၀၀၀) ထွက်ခဲ့ပြီး၊ အမျိုးအစားအလွန်ကောင်းမွန်ကြောင်း လူအများက ချီးကျူးဂုဏ်ပြုခဲ့ပါသည်။ ထိုသို့သော အောင်မြင်မှုရရှိရန် တရုတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျပန်နိုင်ငံများသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ပြီး နှစ်ပေါင်းများစွာ ကြိုးစားအားထုတ် သုတေသန ပြုခဲ့ရပါသည်။

၁၉၁၈ ခုနှစ်တွင် သမာဓိမြို့ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးနှင့် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ရေးတို့တွင်လည်း ငွေအားလူအားဖြင့် အစွမ်းကုန် ကူညီပံ့ပိုးပေးခဲ့သည်။ ဇီးကုန်းအမျိုးသားအထက်ကျောင်းကို မိမိငွေဖြင့် တည်ထောင်ပေးခဲ့သည်။ အမျိုးသားကျောင်းများ တည်တံ့ရေး၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ရေးတို့ကို အစွမ်းကုန် ကူညီပေးခဲ့သည်။ အထူးသဖြင့် ၁၉၂၀ ပြည့်နှစ် ဇဟန်းတွင် စတင်ခဲ့သော မြို့မအမျိုးသားကျောင်းကြီး တည်ထောင်ရေးတွင် ဦးဆောင်ပါဝင်ခဲ့သည်။ ဂျီ၊ စီ၊ ဘီ၊ အေခေါင်းဆောင်အဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည်။

၁၉၂၃ ခုနှစ်တွင် အစိုးရမင်းတိုင်ပင်အမတ်၊ အစိုးရဥပဒေပြုကောင်စီဝင် လူကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး မြန်မာအမျိုးသားများ ကြီးပွားတိုးတက်ရေး၊ အမျိုးသားကျောင်းများ တည်တံ့ရေးတို့တွင် ဆာမောင်ကြီး၊ ဘကြီးဘဖေ၊ သခင်ကိုယ်တော်မှိုင်း၊ ဟသ်ာတဦးမြ၊ ဒေါက်တာသိန်းမောင်၊ ဦးပု၊ ဦးအောင်ဇံဝေ စသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများနှင့်အတူ ဦးဆောင်ဦးရွက်ပြုခဲ့သည်။

မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မြို့မကျောင်းအုပ် ဆရာကြီးဦးဘလွင်၊ ဆရာကြီး ဦးသွယ်၊



ဆရာကြီးဦးဘတင်၊ ဆရာကြီးစံထွား၊ ဆရာကြီးဦးအောင်ကျော်စ စသော ပုဂ္ဂိုလ်ကြီးများနှင့်အတူ မြို့မအမျိုးသားကျောင်း တည်တံ့ရေးအတွက် ဦးဆောင်မှုပြုခဲ့သည်။ မြန်မာနိုင်ငံ မီးရထားဘုတ်အဖွဲ့ဝင်လူကြီး နိုင်ငံတော် ရာဇဝတ်တရားသူကြီး၊ ဗိုင်အမ်ဘီအေနာယက၊ ပေါင်းတည်အသင်း၊ ပြည်ခရိုင်အသင်းတို့၏ နာယကကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၀ ပြည့်နှစ်ဦးပိုင်းတွင် နိုင်ငံတော်အစိုးရက တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ထူး (T.P.S) ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့သည်။

တို့ဗမာအစည်းအရုံး၊ ရဲဘော်သုံးကျိပ်၊ မြန်မာ့တပ်မတော်စသော အဖွဲ့အစည်းများအားလည်းကောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုများ၌လည်းကောင်း ဝိသာနုရက္ခိတမျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး လူအား ငွေအားဖြင့် အစွမ်းကုန် ကူညီပံ့ပိုးပေးခဲ့သည်။

၁၉၄၄-၄၅ ခုနှစ်မှ စတင်ပြီး ဖ. ဆ. ပ. လ (ဖ. တ. ပ. လ) အဖွဲ့ချုပ်၏ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု ရံပုံငွေ ၁၀၀၀၀ိ/- ထည့်ဝင်ခဲ့သည့်အပြင် လစဉ်ငွေ ၁၀၀ိ/-အလှူငွေ ထည့်ဝင်ခဲ့ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လေးစားချစ်ခင်ခြင်းခံရသော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

၁၉၆၂ ခုနှစ် မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ (၄၂) ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌပန်းကန်စက်ဦးသော်က မြို့မကျောင်းကဲ့သို့ လုံချည်အစိမ်းနှင့် အင်္ကျီအဖြူရောင်ကို နမူနာယူပြီး တစ်နိုင်ငံလုံးရှိ ကျောင်းတိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



လုံချည်အစိမ်း၊ အင်္ကျီအဖြူ တူညီဝတ်စုံဝတ်ဆင်ရေး ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရသို့ အကြံပြုတိုက်တွန်းခဲ့သည်။ မြို့မမိသားစု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို မြန်မာတစ်နိုင်ငံလုံးဖျံ့နှံ့သွားအောင် ကြိုးစားကြဖို့ မိန့်ကြားခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ် အမျိုးသားနေ့ ရွှေရတုသဘင် ကော်မတီနာယကကြီးအဖြစ် ဆောင်ရွက်သည်။

ဦးသော်၏ စစ်မှန်သော စေတနာဖြင့် ကိုယ်ကျိုးမဖက် အနစ်နာခံပြီး ကြိုးစားဆောင်ရွက်မှုများကြောင့် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့် ချီးမြှင့်ခဲ့ပါသည်။ နယ်ချဲ့ဗြိတိသျှလက်အောက် သူ့ကျွန်ဘဝမှ စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်ဖြင့် မြန်မာပိုင်စက်မှုလုပ်ငန်းတစ်ရပ်ကို စတင်တီထွင်ခဲ့ပြီး၊ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးတို့တွင် အစဉ်အလာကြီးမားခဲ့သော ပုဂ္ဂိုလ်ကြီးသည် ၁၉၈၀ ပြည့်နှစ် ဇွန်လ (၂၅)ရက် အသက် (၈၇) နှစ်တွင် ရန်ကုန်မြို့ ၇၄(စီ)၊ အင်းလျားလမ်းနေအိမ်တွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပါသည်။

မြန်မာအမျိုးသားတစ်ရပ်လုံး၏ အကျိုးကိုအထူးပြုခဲ့ခြင်း၊ ပြည်တွင်းဖြစ် မြန်မာ့စက်မှုလုပ်ငန်းထွန်းကားစေရန် ရှေ့ဆောင်လမ်းဖွင့်ခဲ့ခြင်း၊ အမျိုးသားရေးစိတ်ဓာတ် ဇာတိသွေးဇာတိမာန်ကို တိုးပွားစေခြင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကို ပြည်ပသို့မထွက်တန်သရွေ့ မထွက်အောင် ကြံစည်ပြုလုပ်ခဲ့ခြင်းစသော သူ၏ဖြစ်စဉ်အတွေ့အကြုံသို့သည် မြန်မာ့သမိုင်းတွင် ယနေ့ထက်တိုင်မှတ်တမ်းဝင်



လျက်ရှိပေသည်။ နိုင်ငံတော်အစိုးရက ဖန်းကန်စက် ဦးသော်အား စွန့်စားတီထွင်မှု လုပ်ငန်းရှင် THE GREATENTREPRENEUR OF BURMA ဟူ၍လည်း အသိအမှတ်ပြု မှတ်တမ်းတင်ခဲ့ပါသည်။

## သမာဓိမြို့ဝန် သူဌေးကြီးဆာဦးသွင်

ခရစ်နှစ် ၁၈၇၈ မော်လမြိုင်မြို့ အဒုကျောင်းဒကာဦးဖန်လီ၊ အမိကျောင်းအမ ဒေါ်ယဉ်တို့မှ မွေးဖွားခဲ့သည်။ ဆန်စက်ပိုင်ရှင်ကြီးဖြစ်သည်။ နိုင်ငံတော်၏ ဗုဒ္ဓဘာသာ အဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြို့မကျောင်းအဆောက်အအုံကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် ဘဏ္ဍာတော်ထိန်းဖြစ်ခဲ့သည်။ အထက်လွှတ်တော် အမတ်မင်း၊ ရွှေတိဂုံ ဘဏ္ဍာတော်ထိန်း သူဌေးကြီးဦးသွင်သည် ၁၉၄၁ ခုနှစ်တွင် အင်္ဂလိပ်ဘုရင် "ဆာ" ဘွဲ့ထူးရရှိခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက သတိုးသီရိသုဓမ္မဘွဲ့ထူး၊ ၁၉၅၄ ခုနှစ်တွင် ထိုင်းဘုရင်မင်းမြတ်ထံမှ ORDER OF THE CROWN ပထမတန်းဘွဲ့ချီးမြှင့်ခံရသည်။

## အမျိုးသားပညာရေး အဖွဲ့ချုပ်ဥက္ကဋ္ဌ M.A ဦးမောင်ကြီး (ဆာမောင်ကြီး)

အမ်အေ ဦးမောင်ကြီး ခေါ် ဆာမောင်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် ခရစ်နှစ် ၁၈၈၆ ခုနှစ်တွင် ဝဲခရိုင်၊ ရွှေကျင်မြို့၌ မွေးဖွားခဲ့သည်။ အသက် ၂၀ နှစ်တွင် M.A ဘွဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက် ၂၅ နှစ်အရွယ်တွင် လန်ဒန်မှ ဝတ်လုံတော်ရရှိခဲ့သည်။ ဝိုင်အမ်ဘီအေ အသင်းကြီးကို စတင်တည်ထောင်ရာတွင် ဘကြီးဘဖေ၊ ဒေါက်တာဘရင်၊ ဦးပုတို့နှင့်အတူ ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

၁၉၂၀ ပြည့်နောက်ပိုင်းတွင် အမျိုးသားပညာရေးအဖွဲ့ချုပ်ကြီးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ဗမာနိုင်ငံအပျော်တမ်းရဲတပ်ဖွဲ့ကို စတင်တည်ထောင်ပြီး ရဲတပ်ဗိုလ်ချုပ်ကြီးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ မြို့မဆရာကြီးဦးဘလွင်နှင့် လွန်စွာရင်းနှီးသူဖြစ်သည်။

ဝံသာနုလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်မှုပြုခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဥပဒေကထိက၊ မင်းတိုင်ပင်အမတ်၊ ပညာရေးဝန်ကြီး၊ အထက်လွှတ်တော်ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် သမိုင်းဝင်ပင်လုံညီလာခံကြီးသို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးအောင်၊ ဦးအောင်ဇံဝေ၊ မြို့မ-ဦးသန်းကြွယ်တို့နှင့်အတူ မြန်မာပြည်မကိုယ်စားလှယ်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဗြိတိန်နိုင်ငံလုံးဆိုင်ရာ မဟာမင်းကြီးနှင့် သံအမတ်ကြီး-အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

**အာဇာနည်ခေါင်းဆောင်ကြီးဒီးဒုတ်ဦးဘချို**

မြောင်းမြမြို့ အဘိဓမ္မာသမားတော်ကြီး ဦးဘိုးစာ၊ အမိဒေါ်မြစ်တို့၏ သားထွေးဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၅၅ ခုနှစ်တွင်



မွေးဖွားသည်။ ရန်ကုန်စိန်ပေါလ်ကျောင်းမှ ၁၀ တန်းစာမေးပွဲကို ကောလားရှစ်ပညာသင်ဆုဖြင့် အောင်မြင်သည်။ အသက် ၂၀ တွင် ဘီအေအထက်တန်းသို့ရောက်သောအခါ မျက်စိဝေဒနာကြောင့် ကျောင်းမှထွက်ရသည်။ ပေါင်းတည်မြို့နှင့် ဟင်္သာတမြို့ အစိုးရကျောင်းတွင် ကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဟင်္သာတမြို့တွင် ပညာအုပ်ဖြစ်ခဲ့သည်။ စာရေးဆရာတစ်ဦးဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးအပြီး အမျိုးသားကောလိပ်ကြီး တည်ထောင်သောအခါ မြန်မာစာဆရာအဖြစ် တာဝန်ယူခဲ့သည်။ မြန်မာရီဗျူးဂျာနယ်ကို စတင်တည်ထောင်ထုတ်ဝေသူဖြစ်သည်။ ဒီးဒုတ်ဟူသော ကလောင်အမည်ဖြင့် စာရေးခဲ့သည်။ ဆရာကြီးသည် စာရေးဆရာအသင်းဥက္ကဋ္ဌဖြစ်ခဲ့သည်။

၁၉၃၈ ခုနှစ် ဒီးဒုတ်သတင်းစာ စတင်ထုတ်ဝေသည်။ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၃၉ ခုနှစ်တွင် မြို့မဆရာကြီးဦးဘလွင် ဦးဆောင်သော တရုတ်-မြန်မာချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

မာန်မာနကင်းပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်သည်။ သေဆုံးသည်အထိ ရိုးဆံထုံးနှင့် ရိုးရာမပျက်ရှိသည်။ ဗဟုသုတပြည့်ဝသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လုပ်ကြံခံရသော အာဇာနည်ကြီးတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အာဇာနည်ခေါင်းဆောင်ကြီးသခင်မြ**

ငယ်စဉ်က ပြည်မြို့အစိုးရ အထက်တန်းကျောင်း၊ သာယာဝတီ အေဘီအမ်ကရင် အထက်တန်းကျောင်းများ၌ ပညာသင်ကြားခဲ့သည်။ ၁၉၁၆ ခုနှစ်၌ ၁၀ တန်းစာမေးပွဲကိုရန်ကုန်မြို့ စိန့်ပေါလ်ကျောင်းမှ အထူးစကောလားရှစ်ဆုနှင့် အောင်မြင်သည်။ ၁၉၁၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာသိပ္ပံတန်းကို အောင်မြင်သည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ်ကြီး၌ ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ကြည့်မြင်တိုင် အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်သည်။ ၁၉၂၄ ခုနှစ် တွင် ဘီအက်စ် ဂုဏ်ထူးတန်းအောင်မြင်ပြီး ၁၉၂၇ ခုနှစ်တွင် ဘီအယ်(လ်) (ဥပဒေ ဝိဇ္ဇာ) အောင်မြင်သည်။

ရန်ကုန်မြို့ မြို့မအမျိုးသားကျောင်းတွင် သိပ္ပံဆရာအဖြစ် ဝင်ရောက်ဆောင်ရွက်သည်။ ၁၉၃၄ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ဝင်တာ သခင်မြဟူသောအမည် ခံယူသည်။ သာယာဝတီတောင်ပိုင်းမှ ဥပဒေပြုလွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။ လွှတ်တော်တွင် အမတ်လစာမယူဘဲ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ ဥက္ကဋ္ဌဖြစ်သည်။ ဂျပန်ခေတ်တွင် ပြည်ထဲရေးဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဖဆပလ (ဖတပလ) အဖွဲ့ချုပ်တွင် ရှေ့တန်းမှပါဝင်ခဲ့သည်။ ဖဆပလ အစိုးရအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရိုးသားဖြောင့်မတ်မှုနှင့် ပြည့်စုံသည်။ ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်တတ်သည်ဟု



ဂုဏ်နှင့် ပြည့်စုံသည်။ ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်တတ်သည်ဟု နာမည်ကောင်းရှိသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သော မြန်မာ့အာဇာနည်ကြီးတစ်ဦးဖြစ်သည်။

**အမျိုးသားပညာဝန်ဦးဖိုးကျား (၁၂၅၂-၁၃၀၃)**

ဟင်္သာတခရိုင် ပရိက္ခရာ ကုန်သည် ဦးဖေ၊ ဒေါ်ခေါင်းတို့၏သားဖြစ်သည်။ အမျိုးသားပညာရေးသမိုင်းတွင် ဦးဖိုးကျားသည် လွန်စွာကျော်ကြားသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် မြန်မာအမျိုးသားများ အဆင့်အတန်းမြင့်မားရေးအတွက် မြန်မာစာပေ မြန်မာသမိုင်းစာအုပ်များစွာ ရေးသားခဲ့သည်။ မြန်မာစာပေများ ပို့ချခဲ့သည်။ မြန်မာစာပေလောကတွင် ထင်ရှားသည်။ အမျိုးသားပညာဝန် ဦးဖိုးကျားဟူသောအမည်သည် နိုင်ငံနှင့်အဝန်း ထင်ရှားသည်။

ဒုတိယကမ္ဘာစစ်ဖြစ်သည်အထိ အမျိုးသားပညာဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးဖိုးကျား၏ သားဖြစ်သူ ဦးဇော်ဝင်းကျားသည် ထင်ရှားသော မြို့မကျောင်းသားဟောင်းကြီး တစ်ဦးဖြစ်ပါသည်။

**ဝဏ္ဏကျော်ထင်ဆရာကြီးဦးသွေ့ယ်**

၁၉၀၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းဆိပ်ဆုံအရပ်၌ အဖဦးသာဇီ၊ အမိ ဒေါ်ရီတို့မှ မွေးဖွားခဲ့သည်။ အဖိုးဖြစ်သူ မော်လမြိုင်မြို့ဝန် ဦးဖျော့က သမွေးပေးခဲ့

www.burmeseclassic.com



သောတိုက်အိမ်ကို ချစ်တီးထံပေါင်နှံကာ ရန်ကုန်တက္ကသိုလ်၌ သိပ္ပံကို ဆက်လက်သင်ယူခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ရက်နေ့တွင် စတင်ခဲ့သော ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ကြီးတွင် ဥပစာသိပ္ပံအထက်တန်းကျောင်းသား ခေါင်းဆောင်တစ်ဦးအနေဖြင့် တက်ကြွစွာပါဝင်ခဲ့သူဖြစ်သည်။ အနိုင်မခံ အရှုံးမပေးလိုသည့် ရဲရဲတောက် ဇွဲသတ္တိများဖြင့် နယ်ချဲ့ဗြိတိသျှအစိုးရကို တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။

ဆရာကြီး ဦးသွေ့ယ်၏ ညီအရင်းဖြစ်သူ ဦးစံထွား (မြို့မဆရာကြီး ဝဏ္ဏကျော်ထင်ဦးစံထွား) မှာလည်း ၁၉၂၀ ပြည့်နှစ်တက္ကသိုလ်ကျောင်းသားသပိတ်ကြီးတွင် ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာပြီး ၁၂ ရက်ကြာသောအချိန် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက် သောကြာနေ့) မှစပြီး ရန်ကုန်မြို့ ဗဟန်းရပ်၌ ဗဟိုနေရှင်နယ်ကျောင်း (မြို့မအမျိုးသားကျောင်း) ကို ဦးသော်၊ ဦးအောင်မင်း၊ ဦးကြွင်ဆိတ်၊ ဦးသွေ့ယ်၊ ဦးစံထွားစသော ကျောင်းသားကြီးများဦးဆောင်ပြီး မြို့မကျောင်းဆရာများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ မြို့မနေရှင်နယ် ကျောင်းကြီးကို မြို့မဆရာကြီး ဦးဘလွင်နှင့်အတူလက်တွဲပြီး ပြုစုပျိုးထောင်ခဲ့သော ဆရာကြီးဖြစ်ပါသည်။ မြို့မကျောင်းကြီးတွင် ဆရာဦးဘလွင်နှင့် ဆရာကြီးဦးသွေ့ယ်တို့သည် အမိအဘသဖွယ်ဖြစ်ပါသည်။ ဆရာကြီး ဦးဘလွင်၊ ဆရာကြီး ဦးသွေ့ယ်တို့၏ ဆုံးမလမ်းညွှန်မှုကြောင့် မြို့မ ကျောင်းသားများစွာ



တို့သည် နိုင်ငံတော်နှင့် လူမျိုး၏ အကျိုးစီးပွားအတွက် ထူးခြားပြောင်မြောက်စွာ ပါဝင်ကြပါသည်။

၁၉၄၇ ခုနှစ်၊ ဧပြီလတွင် ကမ္ဘာ့လူငယ်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့သော ကျောင်းသားခေါင်းဆောင်များကို မြို့မကျောင်းကြီး၌ အသိအမှတ်ပြု လာရောက်တွေ့ဆုံသည့် အခမ်းအနား ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနား၌ ဆရာကြီး ဦးဘလွင်၊ ဆရာကြီး ဦးသွေ့ယ်၊ ဝန်ကြီး ဦးဗဂျမ်း၊ ဆရာကြီး ဦးစံထွား၊ မြို့မဦးသန်းကြွယ်၊ ဦးအောင်သန်း၊ ဗလစ ဒေါ်သန်းစိန် စသော ခေတ်အဆက်ဆက်မှ ကျောင်းသားခေါင်းဆောင်များ တက်ရောက်ကြသည်။ ယင်းသမိုင်းဝင်အခမ်းအနားဓာတ်ပုံကို ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုပြခန်းနှင့် မြို့မကျောင်း (၇၅) နှစ်မြောက် စိန်ရတုပြခန်းတို့တွင်လည်းကောင်း ပြသထားသည်ကို တွေ့မြင်နိုင်ပါသည်။ အမျိုးသားပညာရေးတွင် ဆရာကြီး ဦးသွေ့ယ်၏ စစ်မှန်သော စေတနာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာကြီးဦးဘလွင်ကို သီတိုဋ္ဌ (သီရိလက်ာ) နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ခန့်လိုက်သောအခါ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့က ဆရာကြီး ဦးသွေ့ယ်အား ကျောင်းအုပ်ဆရာကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားလေသည်။ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် အသက် ၅၆ နှစ်တွင်ဆရာကြီး ဦးသွေ့ယ်သည် အဆုတ်တင်ဆာရောဂါဖြင့်ကွယ်လွန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)
## ရှမ်း-မြန်မာချစ်ကြည်ရေးပြာသာဒ်ဆောင်ဘုရား

မြို့မကျောင်းကြီး၏ အပေါ်ဆုံးပြာသာဒ်ဆောင်အတွင်း၌ ကြည်ညိုဖွယ်ရာ၊ သပ္ပာယ်စွာ ကိန်းဝပ်စံပါယ်တော်မူနေသော ရွှေဟောင်းရုပ်ပွားတော် တစ်ဆူရှိပါသည်။ အဆိုပါရုပ်ပွားဆင်းတုတော်ကြီးသည် သစ်သားဖြင့် ပြုလုပ်ထားပြီး ရွှေများချထားပြီးလျှင် မှန်ကျောင်းဆောင်အတွင်းတွင် စံပါယ်တော်မူနေခြင်းဖြစ်ပါသည်။ ၁၉၅၂ ခုနှစ်ခန့်တွင် ဗိုလ်မှူးရဲထွန်းသည် ကျိုင်းတုံမြို့ ကျိုင်းတာကုန်း (ကြိမ်တာကုန်း) တွင် တပ်စွဲထားသော ခြေလျင်တပ်ရင်း (၂၄) တွင် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကျိုင်းတာကုန်းအနီး၌ ရရှိလာသော ရွှေဘုရားတစ်ဆူဖြစ်ပါသည်။

ဗိုလ်မှူးရဲထွန်းသည် အဆိုပါပေါ်တော်မူ ဘုရားအားမြို့မကျောင်းကြီးအတွက် လှူဒါန်းလိုပါကြောင်း ကျိုင်းတုံစော်ဘွားကြီးထံ တင်ပြရာ ကျိုင်းတုံစော်ဘွားကြီး "ရှမ်း-မြန်မာ ချစ်ကြည်ရေးအတွက် ဦးတည်ရွေးချယ်ပေးကာ ကျေနပ်သဘောတူပါကြောင်း" ပြန်လည်ပြောကြားပြီး ရန်ကုန်မြို့မကျောင်းကြီးသို့ ပို့ဆောင်စေခဲ့ပါသည်။ မြို့မဆရာကြီး ဦးဘလွင်ထံသို့လည်း ဗိုလ်မှူးရဲထွန်းက





"ပေါ်တော်မူဘုရားကြီးတစ်ဆူ လှူဒါန်းလိုပါကြောင်း" ခွင့်တောင်းခဲ့ပါသည်။ ဆရာကြီးဦးဘလွင်က ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့ပါသည်။ ဤသို့ဖြင့် မြို့မကျောင်းကြီးသို့ ပေါ်တော်မူဘုရားကြီးသည် ရှမ်း-မြန်မာချစ်ကြည်ရေးအနေဖြင့် ရောက်ရှိသီတင်းသုံးခဲ့ခြင်း ဖြစ်ပါသည်။ ပေါ်တော်မူဘုရားကြီး ရန်ကုန်မြို့သို့ ကြွလာသောအခါ ဆရာကြီးဘလွင်အမှူးပြုသော မြို့မကျောင်းသားများသည် မင်္ဂလာဒုံလေဆိပ်မှစောင့်ကြိုပြီး မင်္ဂလာဝန်းရထားများ၊ ကန်တော့ပွဲများ၊ လှူဖွယ်ပစ္စည်းများနှင့် စည်ကားသိုက်မြိုက်စွာ ပူဇော်ပင့်ဆောင်တော်မူခဲ့ပါသည်။ အဆိုပါပေါ်တော်မူဘုရားအား မြို့မကျောင်းဝင်းအတွင်းရှိ မမ္မာရုံပေါ်တွင် ပူဇော်ကိုးကွယ်ခဲ့ပါသည်။ ဆရာကြီးဦးဘလွင်သည် မြို့မကျောင်းသို့ ရွှေဟောင်းပေါ်တော်မူ ဘုရားကြီးကြွလာသည်ကို ဂုဏ်ယူဝမ်းမြောက်သည့်အနေဖြင့် ဆရာကြီးဦးဘလွင်ကိုယ်တိုင် ရဟန်းခံခဲ့ပါသည်။ ကျောင်းသား (၁၀၀) ခန့်သည်လည်း ရှင်သာမဏေဝတ်ခဲ့ကြပါသည်။

ထိုမှတစ်ဆင့် မမ္မာရုံကြီးပေါ်မှနေပြီး ကျောင်းကြီး၏ အပေါ်ဆုံး ပြာသာဒ်ဆောင်အတွင်းသို့ ပြောင်းရွှေ့ပူဇော်ထားခဲ့ပါသည်။ ပေါ်တော်မူ ဘုရားကြီးသည် လွန်စွာတန်ခိုးကြီးသောကြောင့် တစ်ခါတစ်ရံတွင် ရောင်ခြည်တော် ကွန့်မြူးတတ်ကြောင်းနှင့် ယုံကြည်ကိုးကွယ်ဆည်းကပ်သူအား ကောင်းကျိုးအမြောက်အမြား ရရှိစေကြောင်းသိရှိရပါသည်။

ပညာရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဒေါ်တင်ဝင်း၏ ဖော်ပြချက်အရ လက်ချောင်းတော်များနဲ့ လက်တော်အနေ

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ "ဘူမိဖဿမုဒြာ" အနေအထားဖြစ်ကြောင်း၊ မဏိတော်မှာကြာဆူးပုံဖြစ်ပြီးသင်္ကန်းတော်ပါးလွှာခြင်းတို့မှာ ပုဂံလက်ရာများနှင့် ဆင်တူနေကြောင်း၊ ပုဂံလက်ရာနှင့်တူသော်လည်း ပုဂံလက်ရာမဟုတ်ကြောင်း၊ ရုပ်ပွားဆင်းတုတော်၏ မျက်နှာသွင်ပြင်အနေအထားမှာ မို့နေခြင်း၊ မျက်ခွံတော်အစ်ခြင်း၊ မျက်နှာတော် ရှည်ပြီးသွယ်ပုံ၊ လက်ချောင်းများ၏ တို-ရှည်မှု ပုံသဏ္ဌာန်တို့ကိုကြည့်ရင် ပုဂံလက်ရာမဖြစ်နိုင်ဘဲ (ထိုင်း-ရှမ်း) လက်ရာဟုယူဆနိုင်ကြောင်း။ အဆိုပါ လက်ရာမျိုးကို အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း (ဇင်းမယ်) တို့မှာ ပျံ့နှံ့စွာတွေ့နိုင်မည်ဟုယူဆကြောင်း၊ အမျိုးမျိုးသောဆက်ဆံရေးအားဖြင့်လည်း ရောက်ရှိလာနိုင်ကြောင်း။ ရှေးယခင် ဒီဒေသမှာ အခြေတကျနေခဲ့သူများ ရှိမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု သြဇာပြန့်ခဲ့ရာမှ တည်ထားခဲ့သော ဘုရားများ၊ ရုပ်ပွားဆင်းတုတော်များလည်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြို့ပျက်ကာ မြေများဖုံးလွှမ်းသွားခြင်းဖြစ်နိုင်ကြောင်း ရုပ်ပွားဆင်းတုတော်ကြီးဟာ ခန့်မှန်းခြေအားဖြင့် (၁၈) ရာစုလောက်က ဖြစ်မည်ဟု ခန့်မှန်းယူဆကြောင်း ပြောပြသွားပါသည်။

ဘူမိဖဿမုဒြာမှာ -

မြေကြီးကို လက်များထိနေသော ဟန်ဖြစ်သည်။ ဝသုန္ဒရီမြေကြီးကို သက်သေညွှန်းသောဟန် ဟူ၍လည်းခေါ်သည်။



လက်ျာလက်သည် လက်ျာဒူးအောက်သို့ တွဲလဲချ၍ထားသည်။ လက်ဝါးကိုအတွင်းဘက်သို့လှည့်ထားပြီးလျှင် လက်ချောင်းများအားလုံးကို အတွင်းဘက်သို့လှည့်ထားပြီးလျှင် လက်ချောင်းများအားလုံးကို ဖြန့်၍အောက်တည့်တည့်သို့ စိုက်ထားကာ ကြာဝလွှင်ကိုဖြစ်စေ၊ ထိုင်ခုံတစ်ခုခုကိုဖြစ်စေ ထိထားသောဟန်ဖြစ်သည်။ လက်ဝဲလက်မှာ ပေါင်ခွင်ပေါ်တွင် လက်ဖဝါးလှန်၍ တင်ထားလေ့ရှိသည်။ လက်ဖမိုးကို မြင်ရသည်။ လက်ဖဝါးကိုလည်း မြင်နိုင်သည်။

ဤမုဒြာဖြစ်ပေါ် လာပုံမှာ ဂေါတမမြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ဘုရားအဖြစ်သို့ရောက်၍ အပရာဇိတပလ္လင်ထက်ဝယ် စံနေတော်နေမူစဉ် မာရ်နတ်သားက လာရောက်တိုက်ခိုက်လေသည်။ ထိုအခါ ဘုရားက ဝသုန္ဒာရာမြေကြီးကို သက်သေညွှန်းခြင်းဖြင့် မာရ်နတ်စစ်သည်အပေါင်းကို အောင်နိုင်တော်မူခဲ့လေသည်။ ဤအဖြစ်အပျက်ကို စွဲ၍မာရ်နတ်ကို အောင်မြင်တော်မူခန်းကို သရုပ်ဖော်ရာ၌ ဤမုဒြာကို တီထွင်ခဲ့သည်ဟု ရှေးဆိုစကား ရှိခဲ့လေသည်။

အထူးသဖြင့် ဘူမိဖဿမုဒြာသည် အောင်ခြင်းရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သောကြောင့် ယင်းရုပ်ပွားဆင်းတုတော်တို့ ကိုးကွယ်လျှင် တရားနိုင်ခြင်း၊ သက်သေအောင်နိုင်ခြင်း၊ စစ်ထိုးရာ၌ အောင်မြင်ခြင်း၊ ရန်သူတို့က မကြံစည်မတိုက်ခိုက်နိုင်ခြင်း၊ ခိုင်ညားတည်ကြည်ခြင်း၊ မတုန်မလှုပ်နောက်မဆုတ်ခြင်း စသော အနက် အဓိပ္ပာယ်သဘောတရားများကို ဆောင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကီဝန္ဓာအလိုအရမှု ကား -

ရန်သူတကာကို အောင်မြင်နိုင်ခြင်း၊ တရားအမှုတွင်မိမိမှ လွတ်လွတ်ကျွတ်ကျွတ်အနိုင်ရခြင်း၊ အစိမ်းသရဲ၊ သင်းကွဲပြိတ္တာ၊ နတ်မိစ္ဆာတို့၏ ပယောဂနှောင့်ယှက်မှုကို နှိမ်နင်းနိုင်ခြင်း၊ သေလု မြောပါးဖြစ်နေသော လူနာအား အသက်မသေ ဝေဒနာမှ ချမ်းသာ ရစေခြင်း၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း၊ သူရဲကြမ်းတို့ကို အောင် နိုင်ခြင်း၊ မြို့ရာ၊ နယ်ရာ၊ မြေရာ၊ အိမ်ရာ၊ ကျောင်းရာ စသည်တို့ကို စတင်ရှင်းလင်းခုတ်ထွင်ရာ၌ မြေကြမ်းကို အောင်နိုင်ခြင်း၊ ရဲရင့်စေ ခြင်း၊ စစ်ထိုး၊ စစ်ဆင်၊ စစ်ချီရာ၌ ရန်သူတကာကို အောင်ပွဲရခြင်း၊ တစ်နိုင်ငံလုံးကို စိုးမိုးလွှမ်းခြုံ၍ အာဏာတန်ခိုးထက်မြက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း စသည့် အကျိုးထူးများကို မုချ အောင်မြင်ရရှိနိုင်သည်ဟု ရေးသားထားပါသည်။

ပြာသဒ်ဆောင်ဘုရားရဲ့ လက်တော်အနေအထားမှာ ဘူမိ ဖဿမုဒြာ (ဘူဖဿမုဒြာ) ဖြစ်တဲ့အတွက် အံထက်မှာ ဖော်ပြခဲ့တဲ့ အကျိုးကျေးဇူးများကို ခံစားကြရမှာ ဖြစ်ပါသည်။ (၁၀-၂-၉၅) နေ့က အနေကဇာတင်ခဲ့ပါသည် ကနက္ကဒါန်ထီးဖြူ (၂) လက်ကို ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီး ဆရာမဒေါ်တင်တင်ညွန့် (မိသားစု) က တစ်လက်နဲ့ ဒသမတန်း၊ ဆရာမများမှတစ်လက် ရေစက်ချ လှူဒါန်းကြပါသည်။

ပြာသဒ်ဆောင်ဘုရားကြီး မြို့မကျောင်းကို ကြွရောက် လာခြင်းသည် (ရှမ်း-မြန်မာ) ချစ်ကြည်ရေးဦးတည်ချက်နဲ့ လှူလိုက်



ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တိုင်းရင်း သားအားလုံး စည်းလုံးညီညွတ်မှုရှိအောင် ဆောင်ရွက်နိုင်ရန် တိုက်တွန်းသည့်သဘောကို ဆောင်ပါသည်။

ပြာသဒ်ဆောင်ဘုရားကြီးအား မျိုးချစ်စိတ်ဓာတ်နှင့်အတူ ပေါ်ပေါက်လာတဲ့ အမျိုးသားကျောင်းကို ဂုဏ်ပြုသည့်အနေနှင့် လှူလိုက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက် မြက်ကြပြီး မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်မည့် သားကောင်း ရတနာ၊ သမီးကောင်းရတနာ ဖြစ်အောင်ကြိုးစားကြရန် လိုအပ်လှ ပေသည်။

မှတ်ချက်။ ။ ပြာသဒ်ဆောင်ဘုရားနှင့် ပတ်သက်၍ ပြောပြ ပေးသော ဗိုလ်မှူးရဲထွန်း (အငြိမ်းစား) အားလည်းကောင်း၊ ရှင်းပြ မှန်းဆပေးသော ပညာရေးတက္ကသိုလ် (ရန်ကုန်) မှ ပါမောက္ခ ဒေါက်တာဒေါ်တင်ဝင်းအားလည်းကောင်း၊ ဆရာမ ဒေါ်ခင်ဆွေ၊ ဆရာမ ဒေါ်ခင်စန်းမြင့်တို့အားလည်း ကျေးဇူးအထူးတင်ရှိအပ် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

## မြို့မကျောင်းနှစ် (၄၀) ပြည့်အထိမ်းအမှတ်

မြို့မ အမျိုးသားကျောင်းကြီးသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ၌ ကောလိပ်သပိတ်မှောက် ကျောင်းသားကြီးများက ဗဟန်းတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သော နေရှင်နယ်ကျောင်းကြီးဖြစ်သည်။ ရန်ကုန်မြို့ရှိ ဤအမျိုးသားကျောင်းကို ဗဟိုနေရှင်နယ် ကျောင်းဟုခေါ်သည်။ ဗဟန်းမှနေ၍ လမ်းမတော်သရက်တော ကျောင်းဝင်းအတွင်းသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုမှတဖန် ဂေါ်ဒွင်လမ်း (လမ်းမတော်) စစ်တန်းလျားနှင့် ဂျူဗလီဟော (ယခုတပ်မတော်စစ်သမိုင်းပြတိုက်) အနီးစစ်တပ်ဝင်းထဲသို့ ပြောင်းရွှေ့ခဲ့ရသည်။ ကျောင်းအုပ်ကြီးမှာ ဦးဘလွင်ဖြစ်သည်။ တစ်ဖန် ဘိုကလေးနှင့် ဆင်မဆင်လမ်းထောင့်ရှိ အဆောက်အဦးကို ငှားရမ်းပြီး ပြောင်းရွှေ့ကြရသည်။ တိုးတက်လာသော ကျောင်းသားဦးရေအတွက် လိုအပ်သောကျောင်းနေရာရှိရန်၊ ဂေါ်ဒွင်လမ်း (မြို့မကျောင်းလမ်း)၊ မြင်းပြိုင်ကွင်းတောင်း၊ မိုင်ဒါကွင်း(မြို့မကွင်း)နှင့် မျက်နှာချင်းဆိုင် (၆) ဧကကျော်ကျော်ရှိ ဤမြေကွက်ကို ဆရာကြီး ဦးဘလွင်ကြိုးပမ်းမှုကြောင့်ရခဲ့သည်။





ဆရာကြီး ဦးဘလွင်နှင့်အတူ အမျိုးသားခေါင်းဆောင်ကြီးများ၊ အမျိုးသားကျောင်းဆရာ၊ ဆရာမများ မျိုးချစ်စိတ်ဓာတ် ထက်သန်သော မိဘပြည်သူများ မြန်မာဗိသုကာ ပညာရှင်များ၏ ကျေးဇူးဖြင့်ပင် မြို့မအမျိုးသားအထက်တန်းကျောင်း (ယခု အထက-၂ ဒဂုံ) ပေါ်ပေါက်လာရသည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်မှပေါ်ပေါက်ခဲ့သော အမျိုးသားကျောင်းကြီးကို မြေနေရာ ရွှေ့ပြောင်းတည်ဆောက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျောင်းအုပ်ဆရာကြီးမှာ မြို့မဖခင်ကြီး ဦးဘလွင်ပင်ဖြစ်ပါသည်။

ဦးဘလွင်သည် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်နေစဉ် ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာကြီးအား သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတွင် ၆ နှစ်တာမျှ သံအမတ်ကြီးအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပါသည်။

"ဆရာမြို့မ မိခင်ကြီး၏ ရင်ခွင်သို့ပြန်လည်ဝင်ရောက် အမှုထမ်းတော့မည်" ဖြစ်ကြောင်း မြို့မမိသားစုအားလုံးကို သိစေပါသည်။ အမျိုးသားကျောင်းကို ချစ်သော မြို့မအပေါ် သံယောဇဉ်ကြီးလှန်းသောဆရာကြီးသည် မြို့မအမျိုးသား အမျိုးသမီးအထက်တန်းကျောင်း၊ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် အကျိုးဆောင်ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှာ သမာဓိမြို့ဝန် ပန်းကန်စက်ဦးသော်ဖြစ်ပြီး၊ မြို့မကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌမှာ ဝန်ကြီးဦးချစ်သော်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့-မြို့မကျောင်း နှစ် ၄၀ မြောက်အထိမ်းအမှတ်
၁၉၆၀-ဇန်နဝါရီလ ၁၉-ရက် မိတ်ဆုံပြန်ပေါင်းမင်္ဂလာ

အမျိုးသားပညာရေး အာဇာနည်ခေါင်းဆောင် အပေါင်းတို့- "အမိမြန်မာပြည်ကြီး၌ မကြုံစဖူးထူးကဲလှသော Educational Experiment and Epic Adventure in Education လုပ်ငန်းကြီးကို ၁၉၂၀ - ပြည့်နှစ်က စတင်တည်ထောင် ဆောင်ရွက်ခဲ့ရာ နှစ်ပေါင်းလေးဆယ်ပြည့်လုနီးဖြစ်ပါ၏။

၁၉၆၀- ပြည့်နှစ် ဒီဇင်ဘာလအတွင်း နှစ်ပေါင်းလေးဆယ်မြောက် အထိမ်းအမှတ်ပွဲကျင်းပရန်၊ မြန်မာပြည် ပညာရေးပြဿနာ ပြည်လည်သုံးသပ်ရန်နှင့် မျိုးစေ့ချခဲ့သော Tree of Knowledge ပညာပဒေသာပင်ကြီးကို ကြီးပွားတိုးတက်မှု တစ်စိတ်တစ်ဒေသ National Foundation for Educational Research အသင်းအဖွဲ့အဖြစ်ဖြင့်၊ မူလလုပ်ငန်းကြီးကို ဆက်လက်ဆောင်ရွက်ရန်နှင့် နောင်လာနောက်သား ပြည်ထောင်စုသား/သူများနှင့်တကွ အသိအမှတ်ရစိမ့်သောငှာ The story of National Education Movement အတ္ထုပ္ပတ္တိစာတမ်း အင်္ဂလိပ်-မြန်မာနှစ်ဘာသာ ရေးသားပုံနှိပ်ရန် ရည်ရွယ်ပါသည်။ ယင်းအကြံအစည်ထမြောက်အောင်မြင်ရန် ရဲဘော်ခေါင်းဆောင်ကြီးများ၏ သီလသမာဓိ၊ ပညာရည်ဝုဏ်များပေါ်မှာ တည်နေပါသည်။

သို့ဖြစ်ပါ၍ ၁၉၆၀ ခု၊ ဇန်နဝါရီလ၊ ၂၃ ရက်၊ စနေနေ့လယ် တစ်နာရီအချိန် မြို့မဟောင်းများအသင်း၏ မြတ်နှ



ရတာနာ ခမ်းမဆောင်ကြီးသို့ ဆက်ဆက်ကြွရောက်ချီးမြှင့်တော်မူပါရန် မေတ္တာရပ်ခံ တောင်းပန်အပ်ပါကြောင်း" -

ကျွန်တော်

(မောင်ဘလွင်) ဟုဖော်ပြထားပါသည်။

မြို့မနှစ် (၄၀) ပြည့် ဟူသောခေါင်းစဉ်ဖြင့် မြို့မကျောင်းအနှစ် (၄၀) ပြည့် အထိမ်းအမှတ် ထမင်းပွဲကို ဆရာကြီး ဦးဘလွင်က ဖိတ်ကြား၊ မိန့်ကြားပုံကို ၁၉၅၉ - ၆၀ ခုနှစ်က ထုတ်ဝေသော "ဝိသယူဝ မဂ္ဂဇင်း" စာမျက်နှာ (၄၆-၄၇-၄၈) တွင် ဖော်ပြချက်မှ ကောက်နုတ်တင်ပြပါသည်။

ရန်ကုန်မြို့ မြို့မတိုင်းရင်းသူ တိုင်းရင်းသား အထက်တန်းကျောင်း၏ ဒါရိုက်တာ (သီဟိုဠ်သံအမတ်ဟောင်း) မြို့မဆရာကြီး ဦးဘလွင်နှင့် ဇနီးတို့က မြို့မကျောင်းကြီး အနှစ် (၄၀) ပြည့် အထိမ်းအမှတ်အဖြစ် မြို့မဟောင်း မိတ်ဆုံထမင်းစားပွဲကို မြို့မကျောင်း၌ မတ်လ ၁၄ ရက်နေ့၊ ည ၆ နာရီခွဲအချိန်တွင် ဖည့်ခံကျင်းပရာ မြို့မကျောင်းသူကျောင်းသားဟောင်းများ စည်ကားစွာတက်ရောက်ကြကြောင်း ထိုမိတ်ဆုံထမင်းစားပွဲတွင် တူရိယာအဖွဲ့နှင့် တီးမှုတ်တပြခြင်း မြို့မ ကျောင်းသား ကျောင်းသူကလေးများက တေးဝီတာသီဆိုခြင်း စသည့်ဖြင့်တပျော်တပါး အားပေးကူညီကြကြောင်း ဖော်ပြထားပါသည်။

### ဆရာကြီးဦးဘလွင်မိန့်ကြားပုံ

ထိုမြို့မ ကျောင်းကြီး အနှစ် (၄၀) ပြည့် အထိမ်းအမှတ် မိတ်ဆုံထမင်းစားပွဲတွင် မြို့မဆရာကြီးဦးဘလွင်က ၁၉၆၀-ခြော ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



မြို့မလုပ်ငန်း အစီအစဉ်များကို အကျယ်တဝင့် မိန့်ကြားသွားရာတွင် မြို့မကျောင်း ပညာရေးကိစ္စ၊ အဆောက်အဦးသစ် ဆောက်လုပ်ရေးကိစ္စ၊ ကျောင်းသား၊ ကျောင်းသူမိဘများအတွက် ကျေနပ်ဖွယ်ရာ ဆောင်ရွက်ရေးကိစ္စ ကျောင်းသူ၊ ကျောင်းသားများ အကျင့်စာရိတ္တ ကောင်းမွန်ရေးကိစ္စ၊ မြို့မကျောင်းကြီး၏ တိုးတက်အောင်မြင်ရေးအတွက် မြို့မဟောင်းများက ဝိုင်းဝန်း၍ ကူညီရေးကိစ္စများကို ထည့်သွင်း၍ မိန့်ကြားသွားကြောင်း ထိုမိတ်ဆုံထမင်းစားပွဲ အပြီးတွင် ရုပ်ရှင်ပြသ၍ဧည့်ခံခြင်း ပြုသေးကြောင်း။

ထိုမိတ်ဆုံ ထမင်းစားပွဲအတွက် မြို့မဆရာကြီး ဦးဘလွင် တို့ဇနီးမောင်နှံက ထမင်းစားပွဲသို့ မြို့မဟောင်းများ တက်ရောက်ကြရန် အောက်ပါ မေတ္တာလွှာဖိတ်ကြားစာဖြင့် ကြိုတင်၍ ပေးပို့ဖိတ်ကြားခြင်း ပြုကြောင်းဟု ဖော်ပြထားပါသည်။

## ဖိတ်ကြားလွှာမေတ္တာစာ

မြို့မမောင်မယ်တို့ . . .

ဆရာပြန်ရောက် တစ်နှစ်မြောက် အတူတကွ စားသောက်ကြဘို့ချမ်းသာရမည်မှာ မုချဧကန် အမှန်စင်စစ် ဖြစ်ကြီးဖြစ်၏။

ထိုသို့ရကား သင်ချစ်သားမယားနှင့်အတူ လာမည်ဟူ၏။ သို့ပင်သို့ငြား အလကားစားရပေမည်။ အခွင့်ကြုံသည် ဘုဋ္ဌာဟိ ဘုဋ္ဌာဟိ ဧဟိ ဧဟိ။

ဆရာခမျာ အခါအခွင့် အဆင်သင့်၍ ကျွေးတို့ကျွေးလှည့် မွေးတုံ့၊ မွေးလှည့်၊ ဖြစ်လေသတည်း။



သင်ချစ်သားတို့ သင်တို့ဆရာ ငါဆရာအား မေတ္တာထားက မပျက်မကွက် ဆက်ဆက်မှန်မှန် မြန်မြန်လာကြ မောင်နှမနီးမြို့မမိကြီး ချစ်ပြီးချစ်ကြ မမေ့ကြနှင့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဟု စွဲလမ်းယုံကြည် တည်တည်တံ့တံ့ ဖြစ်စေသတည်း။

ပွဲဦးထွက်ကား ပဲထမင်းနှင့် ဟင်းလာဆိတ်သား အာလူးပွားကာ ဘူးသီးဟင်းချို တစ်မျိုးပို၍ မရမ်းသီးသုတ် ငါးခြောက်ဖုတ်ဟာ အဟုတ်ပါပဲ ငပြာရည်ဖျော် ဆလပ်ဇော်ပါ မြင်းခွာရွက်နှ အတို့ပြုပြီး ဘူးသီးနုကြော် ယခုပေါ်သော ခံတက်ချဉ်အေး ကောင်းမွှာလွေးလော့ ရွှေရင်တော်တေး တကယ်အေးလတ္တံ့။

ချိုအေးရသာ ကျောက်ကျောပါပဲ အသည်းအေးစေ စားပါလေ အစာကြေဆေး ဝမ်းတွင်းအေး သမ္မာရာရှာလပတ် ချင်းသုပ်၊ လက်ဖက်၊ တွဲဖက်ကျွေးမှာ စဉ်လဖြစ်ကြောင်း သံမွေမောင်းထပ်လောင်းရိုက်ခတ်ပါစေသတည်း။

ကျွေးမည့်နေရာ ဂေဟာမြို့မ နဂရတာရုံ၊ အချိန်ကာလ မတ်လ ၁၄ ရက်နေ့ ဖြစ်ချိမ့်ခါသမယ ၆ နာရီခွဲ စွဲစွဲလမ်းလမ်းနဖူးသံမှို့နှက်စေလိုကြောင်း ကောင်းမြတ်စေတနာ အဖြာဖြာနှင့် ဖိတ်ကြားပန်ထွာ တောင်းပန်ပါ၏။ (မြန်မာ့အလင်းသတင်းစာမှ)

အထက်ပါ ဖိတ်ကြားလွှာနှင့် ညစာစားပွဲ ကျင်းပကြောင်းကို ထိုခေတ် ထိုအခါက မြန်မာ့အလင်းသတင်းစာ၊ ဟံသာဝတီသတင်းစာ ရန်ကုန်နေ့စဉ် သတင်းစာများမှာ ဖော်ပြခဲ့ပါသည်။ မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြသော ဖိတ်ကြားလွှာကို ၁၉၅၉-၆၀ ခုနှစ် ဝံသယုမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၂၁ ခုနှစ်တွင် တည်ထောင်ခဲ့သော မြို့မကျောင်းကြီးကို ၁၉၆၀ ပြည့်နှစ်တွင် အနှစ် (၄၀) ပြည့်အထိမ်းအမှတ်ဖြင့် ဆရာကြီးကိုယ်တိုင် ဖိတ်ကြား၊ တည်ခင်း၊ ဧည့်ခံသော မိတ်ဆုံညစာစားပွဲကို အကြောင်းကို မြို့မဟောင်းကြီးများက သိရှိ၊ ပြန်လည်သတိရ၊ တမ်းတနေကြမည်မှာ ဧကန်ဖြစ်ပါသည်။ မျိုးဆက်သစ်မြို့မဟောင်းတို့ကို လက်တမ်းကြိုဆိုရင်း၊ သိရှိစေလိုသော ဆန္ဒဖြင့် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

မြို့မကျေးဇူးရှင် ဆရာကြီး ဦးဘလွင်ကို အစဉ်ထာဝရ ရိုသေလေးစား ချစ်ခင်ကြသော မြို့မဟောင်းများ၊ ဆရာကြီးကို မမေ့နိုင်ကြသော မြို့မဟောင်းများနှင့် လက်ဆင့်ကမ်း တာဝန်ယူကြသော မျိုးဆက်သစ် မြို့မဟောင်းများ အားလုံးသည် မြို့မ၏ ကျေးဇူးရှင်၊ မြို့မဘခင်ကြီးဆရာကြီး၏ လက်သုံးစကားဖြစ်သော "မြို့မဝိသားစုစိတ်ဓာတ်"ကို မိမိတို့၏ ရင်ထဲအသည်းထဲ၊ နှလုံးထဲမှာ သံမှိုနှက်ထားသကဲ့သို့ စွဲမြဲစေ၍ "သည်းခံခွင့်လွှတ်စိတ် ဖြင့် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်း၊ ချစ်ကြည်ရင်းနှီးကြ" ဟူသော ဆရာကြီး၏ ဆုံးမစကားကို မှတ်သားနာယူ ကျင့်သုံးနိုင်ကြပါစေဟု ဆန္ဒပြုမိပါသည်။ မြို့မ၏မြာသာဒ်ဆောင်ဘုရားကို စိတ်တွင် အာရုံပြု၍ လက်အုပ်ချီကာ "ဆရာကြီးချစ်သော မြို့မသည် ကမ္ဘာတည်သရွေ့တည်တံ့နိုင်ပါစေဟု ဆုတောင်းလိုက်မိပါသည်။

## အခန်း (၄၁)

## မြို့မကျောင်းနှင့် ပင်လုံညီလာခံ

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးလမ်းစကို ဖော်ထုတ်ဖန်တီးခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပင်လုံစာချုပ်ကြီးကို ပင်လုံညီလာခံတွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြရာ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ၅၉ နှစ်မြောက်ခဲ့ပြီး ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ကြီးကို အခြေခံ၍ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသော တိုင်းရင်းသားများသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံကို အချုပ်အခြာ အာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ပြန်လည် ရောက်ရှိစေခဲ့ပါသည်။

ဤသို့ အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် တည်ထောင်နိုင်ခြင်းသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ မလျှော့သောလွဲ မဆုတ်မနစ်သော လုံ့လ၊ နောက်မတွန့်သော သတ္တိ၊ ခိုင်မာသော အဓိဋ္ဌာန်၊ မပြိုမကွဲသော စည်းလုံးညီညွတ်မှုတို့ဖြင့် အသက်၊ သွေး၊ ချွေးတို့ကို စတေး၍ ဆောင်ရွက်ခဲ့ကြခြင်း ကြောင့်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်ဆိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံကြီးအဖြစ် အဓွန့်ရှည်စွာ တည်တံ့ ခိုင်မြဲရေးနှင့် ယနေ့ တည်ဆောက်လျက်ရှိသော တိုင်းရင်းသားလူမျိုးအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေမည့် နိုင်ငံတော်ကြီးတည်ဆောက်ရေးတာဝန်သည် တိုင်းရင်းသားလူမျိုးအားလုံး၏ တာဝန်ပင် ဖြစ်သည်။ ယင်းတာဝန်ကို တိုင်းရင်းသားလူမျိုးများ၏ ကျစ်လျစ် သိပ်သည်း ခိုင်မာသော စည်းလုံးညီညွတ်မှုဖြင့်သာ ထမ်းဆောင် အောင်မြင်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအားလုံး၏ ကျစ်လျစ် သိပ်သည်း ခိုင်မာသော စည်းလုံးညီညွတ်ရေးသည် အရေးအကြီးဆုံးပင် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများသည် အားမတန်၍ မာန်လျှော့ခဲ့ရသော်လည်း ဆုံးရှုံးသွားသော လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ ပြန်လည်ရရှိနိုင်ရေးအတွက် နိုင်ငံအနှံ့အပြားတွင် ခုခံရေး တိုက်ပွဲများကို ဆက်လက် ဆင်နွှဲခဲ့ကြပါသည်။

တိုင်းရင်းသားအားလုံး၏ ညီညွတ်မှုအားဖြင့် တိုက်ပွဲဝင်မှုကြောင့် ဗြိတိသျှတို့သည် ၁၉၄၇ ခု နှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အင်္ဂလိပ်သို့ ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကို ဆွေးနွေးကြသည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါတွင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကိုပါ တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရန် ဗိုလ်ချုပ်အောင်ဆန်းက သက်ဆိုင်ရာ ဗြိတိသျှ အစိုးရထံ တောင်းဆိုလေသည်။



တောင်တန်းဒေသများ အပါအဝင် တစ်နိုင်ငံလုံး၏ လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းက အရေးဆိုနေစဉ်တွင် ဗြိတိသျှတို့၏ ကြိုးဆွဲရာကနေရသော စော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ် မဟုတ်ကြောင်း၊ စော်ဘွားများကို သီးသန့်ဖိတ်ကြားရန်လိုကြောင်း ကြေးနန်းတစ်စောင်ကို ဗြိတိသျှအာဏာပိုင်တို့ထံ ပေးပို့ခဲ့သည်။ ဗြိတိသျှတို့၏ ခြေထိုးမှုကိုသိသော ရှမ်းပြည်နယ်ခွဲထွက်ရေးကို မလိုလားသည့် ရှမ်းပြည်နယ် လူထုခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းသာလျှင် တောင်တန်းသားများအတွက် ကိုယ်စားလှယ် ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကို လုံးဝထောက်ခံကြောင်း ပြန်လည် ကြေးနန်းပို့လိုက်မှ သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ပေသည်။

ယင်းစာချုပ်အရ တောင်တန်းဒေသများကို တစ်ပါတည်း လွတ်လပ်ရေးပေးရန် ကတိနှင့်ပတ်သက်၍ ပင်လုံ သို့မဟုတ် အခြားသင့်လျော်သော ဒေသတစ်ခုခုတွင် တောင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းရန် ရှိသည့်အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပင်လုံ၌ တိုင်းရင်းသားညီအစ်ကိုများ ဆုံစည်းခဲ့ကြပါသည်။

မြန်မာနိုင်ငံနယ်ခြားဒေသ တောင်တန်းမင်းကြီး မစ္စတာ စတီဗင်ဆင် အမှူးပြုသော ဗြိတိသျှအရာရှိကြီးတို့သည် မြန်မာကိုယ်စားလှယ်များ တိုင်းရင်းသားကိုယ်စားလှယ်များ ဆည်းခို နေထိုင်ရာ စခန်းများတွင် တစ်တဲဝင်တစ်တဲထွက် သွားရောက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ခြေထိုးသွေးခွဲခဲ့ပါသည်။ သို့သော် တိုင်းရင်းသားညီအစ်ကိုများသည် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဆွေးနွေးညှိနှိုင်းကြပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် တစ်လုံးတစ်စည်းတည်း နေထိုင်၍ လွတ်လပ်ရေးကို အရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည်ကား နောင်မြန်မာ့သမိုင်းတွင် "ပြည်ထောင်စုနေ့"ဟု ခေါ်တွင်မည့် တောင်တန်းသားများနှင့် ဗမာတို့ ပူးပေါင်းကာ လွတ်လပ်ရေးကို အရယူရန် သဘောတူညီပြီး ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့သည့်နေ့ပင် ဖြစ်ပါသည်။

ဗြိတိသျှတို့၏ ခြေထိုးသွေးခွဲမှုများကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ကြိုးပမ်းမှုမှာ လိပ်ခဲတည်းလည်း ဖြစ်နေရသော်လည်း ဤနေ့တွင်ကား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မဏ္ဍိုင်ကြီးကို ဗိုမ္ဗိုင်မြဲသည်ထက် ခိုင်မြဲအောင် တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်သည်။ ပင်လုံညီလာခံကြီးတွင် အခက်အခဲပေါင်း မြောက်မြားစွာကို ကျော်လွှားဖြေရှင်းပြီး စာချုပ်ကြီးကို ဖြစ်မြောက်အောင် ကြိုးပမ်းခဲ့သူများအား ချီးကျူးထိုက်ပေသည်။

မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးကြောတမျှ အရေးကြီးသော သမိုင်းဝင် ပင်လုံညီလာခံကြီးသို့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးဦးတင်ထွဋ်၊ ဝန်ကြီးဆာမောင်ကြီး၊ ဝန်ကြီးဦးအောင်ဇံဝေ၊ ဗိုလ်မှူးအောင်၊



မြို့မကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ မြို့မကျောင်း အုပ်ချုပ်ရေး အဖွဲ့ဝင်လူကြီး မြို့မ-ဦးသန်းကြွယ်တို့သည် မြန်မာပြည်မ ကိုယ်စားလှယ် ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပါဝင် တက်ရောက်ခဲ့ပါသည်။ သမိုင်းဝင် ပင်လုံစာချုပ်ကြီး အောင်မြင်စွာ ချုပ်ဆိုနိုင်ရေးအတွက် မြို့မကျောင်းကြီးမှ ထူးခြားစွာ ပါဝင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ မြို့မကျောင်းကြီးသည် မြန်မာ့ လွတ်လပ်ရေး၏ အထွတ်အထိပ်ပွဲကြီးတွင် ပါဝင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)
## စိန်ရတုမြို့မကျောင်း

မြို့မကျောင်း စိန်ရတုသဘင် (၁၉၂၀ - ၁၉၉၅) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးတည်ချက် (၅) ရပ် ချမှတ်ခဲ့ပါသည် -

၁။ မြို့မကျောင်း၏ အစဉ်အလာကြီးမားသော ဂုဏ်သိက္ခာ ဆက်လက်မြှင့်တင် ထိန်းသိမ်းရေး။

၂။ ကျောင်းသားလူငယ်များ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ မြှင့်မားရေး။

၃။ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရင့်သန်စွာ တိုင်းရင်းသား ချစ်ကြည်စည်းလုံးမှုကို ထာဝရ ရှေးရှုဖော်ဆောင် အစွန်းရှည်ရေး။

၄။ ဇာတိသွေးဇာတိမာန် တက်ကြွစွာ မျိုးဂုဏ်အမွေအနှစ် အမြတ်တိုးမြှင့် စောင့်ရှောက်ရေး။

၅။ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်ကြီး ပေါ်ပေါက်ရေးအတွက် နိုင်ငံကိုချစ်မြတ်နိုးသော ပညာရည် ထက်မြက်၍ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်းအားများ ပြည့်ဝသော လူငယ်များ ပေါ်ထွန်းလာစေရေးတို့ ဖြစ်ပါသည်။





မြို့မကျောင်း (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားကို ၁၂-၁၁-၉၅ မှ ၁၆-၁၁-၉၅ အထိ နိုင်ငံတော်မှ ကြီးမှူးကျင်းပခဲ့ပြီး မြို့မဆရာကြီး ဦးအလွင်၏ ရုပ်ထုကြီးအား ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ မြို့မကျောင်း စိန်ရတုအခမ်းအနား ဖြစ်မြောက်ရေးနှင့် သမိုင်းဝင်ပြခန်း ဖြစ်မြောက်ရေးကော်မတီတွင် စာရေးသူသည် သမိုင်းသုတေသီ တစ်ဦးအနေဖြင့် ပါဝင်ခဲ့ပါသည်။ မြို့မဆရာကြီး ဦးအလွင်နှင့် မြို့မအမျိုးသားကျောင်းကြီးသည် မြန်မာသမိုင်းတွင်လည်းကောင်း၊ မြို့မကျောင်းသမိုင်းတွင်လည်းကောင်း၊ အမျိုးသားပညာရေး သမိုင်းတွင်လည်းကောင်း၊ မည်သည့်အခါမျှ မမေ့ကောင်း မပျောက်ကောင်းဟု နားလည်ခံယူထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

## ဆရာကြီးဦးဘလွင်၏ ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များ မျှော်မှန်းချက်များ အကောင်အထည်ပေါ်လာခြင်း

မြို့မဆရာကြီး ဦးဘလွင်သည် မြို့မအမျိုးသားကျောင်း ကောင်းကျိုးစီးပွားအတွက် မြို့မကျောင်းအုပ်ဆရာကြီးဖြစ်ချိန်မှ ၁၉၆၈ ခုနှစ် ကွယ်လွန်ချိန်အထိ၊ မြို့မ အမျိုးသားကျောင်း အကျိုးစီးပွား၊ အမျိုးသားကျောင်းအားလုံး၏ အကျိုးစီးပွားအတွက် နေ့မအား ညမနား ဦးဆောင်ဦးရွက် ပြုခဲ့ပါသည်။ ဆရာကြီး ကွယ်လွန်ခဲ့သော်လည်း ဆရာကြီး၏ ပညာရေးဆိုင်ရာ ရည်ရွယ်ချက် ဆန္ဒများသည် ယနေ့ နိုင်ငံတော်ကြီး၏ ပညာရေးလောကတွင် ပေါ်ပေါက်ဖြစ်ထွန်းနေပြီ ဖြစ်လေသည်။

နှစ်ဆယ်ရာစု နှောင်းပိုင်းကာလ၊ လွန်ခဲ့သော အနှစ်သုံးဆယ်ခန့် ၁၉၇၀ ပြည့်နှစ်က ပညာရှင် ပုဂ္ဂိုလ်ကြီး (၇) ဦး ပါဝင်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ နိုင်ငံတကာ ကော်မရှင် (International Commission On The Development of Education)ကို ယူနက်စကိုအဖွဲ့ချုပ်က ဖွဲ့စည်းပေးခဲ့ပြီး ကမ္ဘာ့ပညာရေး ယနေ့နှင့် အနာဂတ်အခြေအနေနှင့်





ပတ်သက်၍ ဝေဖန် သုံးသပ် ဆွေးနွေးသည့် အစီရင်ခံစာကို တင်ပြစေပါသည်။

ထို့ပြင် ၁၉၉၆ ခုနှစ်ကပင် ကမ္ဘာ့ပညာရှင် ပုဂ္ဂိုလ်ကြီး ၁၅ ဦး ပါဝင်သော နှစ်ဆယ့်တစ်ရာစု အတွက်ပညာရေးဆိုင်ရာ နိုင်ငံတကာ ကော်မရှင်တစ်ရပ်ကိုလည်း ယူနက်စကိုအဖွဲ့ချုပ်က ဖွဲ့စည်းပေးခဲ့ပြီးနောက် နှစ်ဆယ့်တစ်ရာစု၌ ဖြစ်ထွန်းပေါ်ထွန်းလာမည့် ပညာရေးအခြေအနေကို အစီရင်ခံ တင်ပြစေခဲ့ပါသည်။

အဆိုပါ ကော်မရှင်နှစ်ဖွဲ့စလုံးက နှစ်ဆယ့်တစ်ရာစုသည် ပညာခေတ် (Age of Learning) ဖြစ်လာမည်ဖြစ်ကြောင်း ထိုပညာတွင် လူ့အဖွဲ့အစည်းသည်လည်း ပညာ့လူ့အဖွဲ့အစည်း (Learning Society) ဖြစ်လာမည်ဖြစ်ကြောင်း ထည့်သွင်း ဟောကိန်း ထုတ်ခဲ့ကြသည်။

ပထမဖွဲ့စည်းပေးခဲ့သည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ကော်မရှင်က ရေးတင်သွင်းသည့် အစီရင်ခံစာကို လူတစ်ဦးချင်းအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် သင်ယူရေး အတွက် ဖြစ်စေမှုကို ရည်စူးလျက် Learning To Be ဟူသော ခေါင်းစဉ်ဖြင့် တင်ပြအစီရင်ခံခဲ့ပါသည်။ သဘောအချုပ်အားဖြင့် ပညာရေးသည် လူသားတစ်ဦးချင်းအား ဘက်စုံဖွံ့ဖြိုးမှု ရရှိရေးကို ဦးတည်သင်ယူစေနိုင်ရေးအတွက် ဖန်တီးစီစဉ်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ အတိုချုပ်အားဖြင့် ဘက်စုံပညာရေးဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ဖြစ်သည်။ ထိုသို့သင်ယူစေသော ခေတ်ကို ဘက်စုံဖြစ်ထွန်းသည့် လူသား၏ ခေတ် (Age of Complete

www.burmeseclassic.com

www.burmeseclassic.com



Men) အဖြစ်ဖြင့် မျှော်မှန်းဆောင်ရွက်သွားကြရန် ဆော်ဩတိုက်တွန်းထားပါသည်။

ဒုတိယဖွဲ့စည်းပေးခဲ့သည် "နှစ်ဆယ့်တစ်ရာစုအတွက် ပညာရေးဆိုင်ရာ နိုင်ငံတကာကော်မရှင်" က အစီရင်ခံစာ တင်သွင်းရာ၌ "ပညာ၊ အတွင်း၊ ရတနာ၊ (Treasure Within)" ဟူသော ခေါင်းစဉ်ဖြင့် တင်ပြအစီရင်ခံလာပါသည်။ သဘောအားဖြင့် "သင်ယူမှုသည် ပညာရေး" "သင်ယူမှုသည် ရတနာ" (Learning is the Treasure) သို့ဖြစ်၍ "ပညာသည် ရတနာ" ဖြစ်ပါသည်။

လူသားတစ်ဦးချင်းသည် သင်ယူသူဖြစ်ရမည်။ လူသားတစ်ဦးချင်း၏ အတွင်း၌ရှိသော စွမ်းပကားများသည် သင်ယူမှုဖြင့် အစွမ်းကုန်ဖြစ်ထွန်းလာစေရမည်။ ထိုသို့ဖြစ်ထွန်းလာမှုသည် ရတနာ အစစ်ဖြစ်သည်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ရတနာသည် အပြင်က ကောင်းကင်က ကျလာခြင်းမဟုတ်။ လူသား၏အတွင်းရှိ စွမ်းအားစွမ်းပကားများ အပြင်သို့ ပွင့်ပွင့်လင်းလင်း ထွန်းကားလာအောင် သင်ယူမှု တည်းဟူသော ပညာဖြင့် ဖော်ထုတ်ပေးရန်ဖြစ်ကြောင်း ထိုသို့ဖော်ထုတ်ရရှိလာခြင်းသည်သာ ပညာရွှေအိုးကို ရရှိလာခြင်းဖြစ်သည်ဟု တင်ပြထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပေသည်။ လူသားစွမ်းရည်၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို ရယူရေးပင်ဖြစ်သည်။



နှစ်ဆယ့်တစ်ရာစုသည် ပညာထွန်းကားသည့်ခေတ်ဖြစ်သည်။ အသိပညာကျွမ်းကျင်မှု အတတ်ပညာ၊ နည်းပညာတို့ အစွမ်းကုန်ထွန်းကားမည့်ခေတ်ဖြစ်သည်။

သို့ဖြစ်၍ ဤခေတ်၏ လူသားတိုင်းသည် မွေးသည်မှ သေသည်အထိ ဘဝ၏အဆင့်အသီးသီး (At every stage of life ) တွင် သင်ယူမှုကို ဘဝတစ်သက်တာလုံး လုပ်ဆောင်နေကြရပါမည်။

သဘောအားဖြင့် မွေးစအသက်အရွယ်မှ တစ်နှစ်သား တစ်နှစ်သားမှ သုံးနှစ်သားအထိ သုံးနှစ်သားမှ ငါးနှစ်သားအထိ ကလေးအရွယ် မူကြိုအရွယ်အဆင့် အသက်ငါးနှစ်မှကိုးနှစ်သားအထိ အခြေခံပညာ မူလတန်းအရွယ်အဆင့် အသက်ကိုးနှစ်သားမှ တစ်ဆယ့်ငါးနှစ်သားအရွယ် အခြေခံပညာမူလတန်းလွန် အရွယ်အဆင့် (အလယ်တန်း၊ အထက်တန်းအရွယ်) ထိုမှတစ်ဆင့် အသက် (၁၅) နှစ်သားမှအသက် (၁၈) နှစ်သားအရွယ် (အခြေခံအထက်တန်းလွန်အရွယ်) ထိုမှတစ်ဖန် အသက်တစ်ဆယ့်ရှစ်နှစ်သားအထက် အရွယ်အဆင့် တက္ကသိုလ်ပညာသင်ယူမှုအလွန်အဆင့်စသည် စသည်ဖြင့် အရွယ်အဆင့်အသီးသီးတွင် စဉ်ဆက်မပြတ် သင်ယူမှုကို ပြုနေရပါမည်။

ထိုသို့ စဉ်ဆက်မပြတ်ဘဝတာ တစ်လျှောက်လုံး သင်ယူမှုပြုနေသူများ (Life long Learners) ဖြစ်နေရပါမည်။ ထိုကဲ့သို့ သင်ယူမှုပြုနိုင်ရန် အထက်ဖော်ပြပါ လူ့ဘဝ၏ အဆင့် အသီးသီး၌ သင်ယူမှုအခွင့်အလမ်း (Learning Opportunities) များတို ဖန်တီးဖော်ဆောင်ပေးထားနိုင်ရန် ကြိုးစားအားထုတ်ကြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့်ဆိုရသော ကလေးငယ်အရွယ် (Early childhood) မှ အစပြုကာ အသက်အရွယ်ကြီးပြင်းသည်အထိ (Adult hood) သင်ယူမှုပြုသွားနိုင်အောင် သင်ယူမှုဝန်းကျင်ကြီး (Learning atmosphere) ကို မှုချဖန်တီးဖော်ဆောင်ပေးထား ကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၁ နှစ်ဆယ့်တစ်ရာစုသစ်၏ လူနှင့်လူ့အဖွဲ့ အစည်းသည် လူကသင်ယူသူ (ပညာသင်ယူသူ) လူ့အဖွဲ့အစည်းက သင်ယူမှုအဖွဲ့အစည်း (ပညာလူ့အဖွဲ့အစည်း) ဖြစ်နေကြရပါမည်။

ပညာလူ့အဖွဲ့အစည်းဝင် လူသားတိုင်းသည်လည်း စဉ်ဆက်မပြတ် ပညာသင်ယူနေသောသူဖြစ်ကြရကား၊ ထိုသို့ သင်ယူနိုင်ရန် လူနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး လက်ညီတက်ညီ ကြိုးစားအားထုတ်နေကြရမည် ဖြစ်ပါသည်။

## အခန်း (၄၄)

## ယနေ့မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော ပညာရေးတြိဂံ

ပညာရေးတြိဂံဆိုသည်မှာ ပညာရေးအနားသုံးဖက်ပါရှိသည့် တြိဂံဖြစ်ပါသည်။ ဘေးအနား၏တစ်ဖက်သည် "မိဘ" ကို ကိုယ်စားပြုသည်။ အခြားဘေးအနားတစ်ဖက်သည် "ဆရာ" ကို ကိုယ်စားပြုသည်။ အောက်အခြေခံအနားမှာမူကား "ကျောင်းသား" (သားသမီး၊ တပည့်) ကို ကိုယ်စားပြုထားသည်။

ဤနေရာ၌ သင်ယူမှုသဘောအရ သင်ယူမည့်သူသည် ကျောင်းသား၊ ကျောင်းသူတပည့်ဖြစ်သည်။ ကာယကံရှင်လည်း ဖြစ်သည်။

ထိုကာယကံရှင်ကို သင်ယူမှုပြုဖြစ်အောင် မိဘတို့တာဝန် ဝတ္တရားနှင့်အညီ သင်ယူမှုဖြစ်မြောက်စေရေးအတွက် စီမံစီစဉ် ဆောင်ရွက်ပေးရသည်။ ကာယကံရှင်၏ မိဘ/အုပ်ထိန်းသူအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်သည်။

ဖော်ပြပါ သင်ယူမှုသဘောအရ သင်သူ (တပည့်) တို့ သင်ယူဖြစ်အောင် စီမံစီစဉ်ဆောင်ရွက်ပေးရသည့် အခြားပုဂ္ဂိုလ် တစ်ဦးမှာ "ဆရာ" ဖြစ်ပါသည်။ ဆရာ့တာဝန်ဝတ္တရားနှင့်အညီ



www.burmeseclassic.com

www.burmeseclassic.com



တပည့်အားလွယ်ကူစွာ သင်ယူနိုင်အောင်တတ်မြောက်သည်အထိ သင်ယူနိုင်အောင် ဆရာတစ်ဦးအနေဖြင့် သင်ကြားပို့ချမှုကို စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်သည်။

သင်သူ ကာယကံရှင် ကျောင်းသား၊ ကျောင်းသူ မိဘဖက်မှကြည့်လျှင် "သားသမီး"၊ ဆရာဖက်မှကြည့်လျှင် ပညာသင်ယူသူ "တပည့်"၊ တစ်နည်းအားဖြင့် သင်ယူသည် ကာယကံရှင်၊ ထိုကာယကံရှင်၏မိဘ၊ ထိုကာယကံရှင်၏ဆရာ၊ ဤသုံးဦးသုံးဖလှယ်တို့၏ အနေအထားသည် ပညာခေတ် ပညာလူ့အဖွဲ့အစည်း၌ မည်သို့ရှိလာပါမည်နည်း။ စဉ်းစားစရာရှိပါသည်။

လူ့ဘဝအဆင့်ဆင့် အသီးသီး၌ မူကြိုအရွယ်မှသည် တက္ကသိုလ်အရွယ်အထိ အစဉ်သင်ယူဆည်းပူးနေမည့်သူ ထာဝရကျောင်းသား (ဘဝကျောင်းသား၊ တစ်သက်တာ သင်ယူနေသူ) သည် မုချ ရှိနေပါလိမ့်မည်။ သင်ယူသူ (Learner) အဖြစ် ရှိနေမည် ဖြစ်ပါသည်။

**မိဘ**

"မိဘ" ဆိုသူလည်း ရှိနေပါလိမ့်မည်။ မူကြိုအရွယ်၊ မူလတန်းအရွယ်၊ မူလတန်းလွန်အရွယ်၊ အခြေခံပညာသင်ယူသူအရွယ်၊ တက္ကသိုလ်ပညာသင်ယူသူအရွယ်၊ တက္ကသိုလ်လွန်ပညာသင်ယူသူ အရွယ်အမျိုးမျိုးတို့အဖို့ အလုံးစုံ ဥဿုံ ပညာသင်ယူရေးအတွက် မိဘချည်းသက်သက် တာဝန်ရှိနေလိမ့်မည်ဟူ၍ကား မဆိုနိုင်ပါ။ တာဝန်ရှိနေသူဟူ၍ကား ဆိုနိုင်ပါသည်။



မိဘဝတ္တရား ငါးပါးအနက် မကောင်းမှုမှ တားခြင်း၊ ကောင်းရာသို့ လမ်းညွှန်ခြင်း၊ အတတ်သင်ယူစေခြင်း၊ အရင်းအနှီးပေးခြင်း၊ အိမ်ရာချထားပေးခြင်း၊ ထိမ်းမြားလက်ထပ်ပေးခြင်းတည်းဟူသော ဝတ္တရားငါးပါးနှင့်အညီ ဆောင်ရွက်ပေးမည်သူမှန်ပါသည်။

သို့ဖြစ်၍ မိဘတို့ဝတ္တရားနှင့်အညီ ပညာသင်ယူသည့်အရွယ်၊ ပညာသင်ယူချိန်၌ ပညာသင်ယူဖြစ်အောင် စီမံစီစဉ်ပေးရပါမည်။ ပညာခေတ်၊ ပညာလူ့အဖွဲ့အစည်း၌ ပညာသင်ယူဖြစ်အောင် စီမံစီစဉ်ပေးခြင်းသည် တစ်ချိန်တည်းမှာပင် "ပညာအရင်းအနှီး မြှုပ်နှံပေးခြင်း" (ပညာရွှေအိုးတည်ပေးခြင်း) (Educational Investment) ဖြစ်ပါသဖြင့် "အတတ်သင်စေ" "ပေးဝေနှီးရင်း" ဟူသော မိဘဝတ္တရားနှစ်ပါးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးရာလည်း ရောက်စေပါသည်။

သို့ရာတွင် အလုံးစုံ ဥဿုံ ပညာသင်ယူရေးအတွက်တို့မှ သင်ယူသူ သားသမီးက သင်ယူသူ အဖြစ်ရပ်တည်၍ မိဘထံမှ အခါခပ်သိမ်း လုံးဝဥဿုံလက်ဖြန့်တောင်းခံရယူနေရမည် မဟုတ်ဘဲ မိမိကိုယ်တိုင် ကြိုးစားရှာဖွေ၍ လုပ်ရှားမှုတို့ဖြင့် မိမိကိုယ်မိမိ အားကိုး၍ မိမိ၏ကိုယ်ပိုင် အစီအစဉ်ဖြင့်လည်း ရပ်တည် ကြိုးစား သင်ယူအားထုတ်သွားရပါလိမ့်မည်။ ဆိုလိုသည်မှာ အဆင့်တိုင်းအတွက် မိဘထံမှ လက်ဖြန့်တောင်းခံသွားရန် မဟုတ်ကြောင်း ဆိုလိုရင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆရာ

ဆရာဆိုသူလည်း ရှိနေပါလိမ့်မည်။ ပညာတတ်ပညာ့လူ့အဖွဲ့အစည်း၌ ရှိနေမည့် ဆရာသည် ယခင့်ယခင်ခေတ်များက ရှိနေခဲ့သည့် အာစရိယဆရာအဖြစ်ရပ်တည်ရာ၌ သမားရိုးကျဆရာအနေအထားများဖြင့် ရပ်တည်၍ကား ရတော့မည်မဟုတ်ပါ။ စာသင်ဆရာသက်သက် ရိုးရိုးအနေဖြင့်ကား ရပ်တည်၍ ရတော့မည် မဟုတ်ဟုဆိုလိုပါသည်။ ပညာခေတ်၏ ဆရာအနေဖြင့်မူကား ကြိုးစားရပ်တည်ရပေလိမ့်မည်။

ပညာခေတ်၏ ဆရာသည် သင်ယူသူ တပည့်ကို သင်ယူမှု ပြုနိုင်အောင် သင်ယူဖြစ်အောင် သင်ယူမှုကို မြတ်နိုးလာအောင် သင်ယူမှုနည်းလမ်းကိုပါ တပည့်တို့အား တစ်ပါတည်း ရရှိအောင် ကြီးဆောင်စီမံသူ၊ စီစဉ်ပေးသူအဖြစ် ထိုသူ၏အနေအထားတွင် ရပ်တည်နိုင်ပါသည်။

ဆရာ၏ ဝတ္တရားငါးပါးစလုံးနှင့်အညီ ဆောင်ရွက်သူ ခေတ်မီသင်နည်းများ၊ ခေတ်မီပစ္စည်းများဖြင့် သင်ကြားမှု၊ သင်ယူမှုတို့နှင့် စပ်လျဉ်း၍သာမက ခေတ်စနစ်အရ ပေါ်ထွန်းလာနေသော ဘေးအန္တရာယ် ရန်အန္တရာယ်စသည်များမှ ကာကွယ်တားဆီးပေးရသူ အဖြစ်ဖြင့်လည်း၊ "ဘေးရန်ဆီးကာ" "သင့်ရာအပ်ပို့" ဟူသော ဝတ္တရားတို့နှင့်လျော်ညီစွာ ဘေးရန်တို့မှ တားဆီးပေးမှု အပြင် ပညာရေးကူညီ လမ်းညွှန်မှု (Educational Guidance) (Educational Counselling) ထိုမှတဖန် "သက်မွေး ဝမ်းကျောင်း လမ်းညွှန်မှု" (Vocational Guidance) (Vocational



Counsellip) တို့ကိုပါ ပြုနိုင်လောက်သည့် အနေအထားသို ရောက်ရှိအောင်လည်း ကြံဆောင်ကြိုးပမ်းအားထုတ် သွားရလိမ့် မည် ဖြစ်ပါသည်။

## [illegible]ကျောင်းသား၊ ကျောင်းသူ

သင်ယူသူ (Learner) (တပည့်၊ ကျောင်းသား၊ ကျောင်းသူ သည် သင်ယူမှုဖြစ်စဉ် (Learning Process) တွင် အဓိကအကျဆုံး ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဗဟိုချက်အဖွယ်လည်း ဖြစ်ပါသည်။ သင်ယူသူ တို့ မဏ္ဍိုင်ပြုရသည့် (Learner's Center) အားလျော်စွာ သင်ယူသူက ကောင်းစွာ သင်ယူရမည်သာ ဖြစ်ပါသည်။

မိဘ၏မျှော်လင့်မှန်းထားချက်အတိုင်း ဆရာ၏ကူညီလမ်း ညွှန်မှုနှင့်အညီ၊ ဥစ္စာရင်လို၊ ဥစ္စာခဲမှာသော သဘောတရားအ ခေတ်မီနည်းစနစ်များ၊ ခေတ်မီသင်ကြားသင်ယူမှု ထောက်ကူ ပစ္စည်းများဖြင့် သင်ယူမှုပြုနေမည် ဖြစ်ပါတော့သည်။

သင်ယူသူတိုင်းသည် ကျောင်းတွင်းပညာရေး၊ ကျောင်း ပြင်ပ ပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေးဟူသော ပညာရေး သုံးပွင့်တစ်ခိုင်အနေဖြင့် အစဉ်လေ့လာ သင်ယူနေရပါလိမ့်မည် တစ်နည်းအားဖြင့် လူ့ဘဝတစ်လျှောက်လုံး လူ့ဘဝအဆင့်ဆင့်တိုင် ၌ ပထမဦးစွာ ပညာအခြေခံကိုလည်းကောင်း၊ ထိုမှတစ်ဆင့်တ ၍ အဆင့်မြင့်ပညာကိုလည်းကောင်း၊ လေ့လာသင်ယူရသူဖြစ်ရ မည်။ သို့ဖြစ်၍ မိမိသည် အရည်အချင်းအရည်အသွေးများ ပြ သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် ပြည့်စုံသူအဖြစ် ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးသူအဖြစ် ကောင်းစွာရပ်တည်နိုင်ပါလိမ့်မည်။ ပညာတည်းဟူသော အရင်းအနှီးဖြင့် သက်မွေးဝမ်းကျောင်းမှုကို ကောင်းစွာပြုနိုင်ပါလိမ့်မည်။

**မိဘ၊ ဆရာ၊ ကျောင်းသား**

နှစ်ဆယ့်တစ်ရာစု၏ အခြေခံပညာရေး မဏ္ဍိုင်ကြီးလေးရပ်ဖြစ်သည့်

(က) အသိပွားဖို့ သင်ယူစို့
(Learning to Know)

(ခ) လုပ်ကိုင်တတ်ဖို့ သင်ယူစို့
(Learning to Do)

(ဂ) ကမ္ဘာသားအဖြစ် အတူနေဖို့ သင်ယူစို့
(Learning to live together)

(ဃ) တစ်ဦးချင်းအဖြစ် အစွမ်းကုန်ဖွံ့ဖြိုးဖို့ သင်ယူစို့
(Learning to be)

ဟူသော သင်ယူမှုတို့ဖြင့် ထာဝရကျောင်းသား၊ ဘဝတာတစ်လျှောက်လုံး သင်ယူသူအဖြစ် "မိဘ" "ဆရာ" နှင့် "ကျောင်းသား" ဤသုံးဦးစလုံးသည် (Life Long Learners) သင်ယူဆည်းပူးနေကြမည်မှာ အမှန်ပင် ဖြစ်ပေသည်။

သို့ဖြစ်၍ ပညာခေတ်လူ့အဖွဲ့အစည်း၌ နိုးကြားတက်ကြွစွာ ပါဝင်လှုပ်ရှားရယူခြင်းဖြင့် ပညာရတနာအတွင်းမှ ဟူသောဆောင်ပုဒ်နှင့်အညီ လူမမိုးနိုင်သော "ပညာရွှေအိုး" ကို သားရွှေအိုးထမ်းလာသော သဘောတရားအရ နှစ်ဆယ့်တစ်ရာစု၌ ပညာ၏ အကျိုးရလဒ်ကို ကောင်းစွာသုံးဆောင်ခံစား စံစားနိုင်ကြမည် ဖြစ်ပါသည်။



## နီဝိုး

မြို့မဆရာကြီးဦးဘလွင်၏ သမိုင်းဝင်ဆောင်ရွက်ချက်များ
မြို့မအမျိုးသားကျောင်းကြီးနှင့် သက်ဆိုင်သည်များကို မြို့မကျောင်
သားဟောင်း သမိုင်းသုတေသီတစ်ဦးအနေဖြင့် လေးစားစွာ အာ
ထုတ်ပြုစုခဲ့ပါသည်။ မြို့မဖခင်ကြီးဦးဘလွင် ကွယ်လွန်သည်မှ
(၃၅) နှစ်တိုင် ကြာခဲ့ပြီဖြစ်ပါသောကြောင့် မှန်ကန်သော သမိုင်းဝ
အထောက်အထားများ၊ ဓာတ်ပုံများရှာဖွေစုဆောင်းရာတွင် အခ
အခဲများစွာ တွေ့ရှိရပါသည်။ ယင်းသို့ ရှာဖွေစုဆောင်းရာတွ
တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ တက္ကသိုလ်သမိုင်းသုတေသ
စာကြည့်တိုက်နှင့် စာပေပညာရှင်ကြီးများ၊ မြို့မကျောင်း
ဆရာကြီး၊ ဆရာမကြီးများ၊ စစ်ကြိုခေတ်၊ စစ်ပြီးခေတ် မြို့မကျော
သားဟောင်းကြီးများ၏ အကူအညီကို များစွာအားကိုးခဲ့ရပါသည်

စာရေးသူ၏အဘိုးဖြစ်သူမှာ မြို့မကျောင်းအုပ်ချုပ်ရေးအ
ဥက္ကဋ္ဌ ပန်းကန်စက်ဦးသော် ဖြစ်ပါသည်။ စာရေးသူ၏ မိဘနှစ်
ဖြစ်ကြသော ဖခင်မြို့မ ဦးသန်းကြွယ်၊ မိခင် ဒေါ်အေးမာ (
ဒေါ်မြင့်မြင့်ဝင်းတို့သည်လည်းကောင်း၊ အစ်မ ဒေါ်ခင်မာကြွ
အစ်ကို ဦးဌေးကြွယ် (တပ်မတော်ချည်စက်၊ သမိုင်း) အစ်
ဒေါ်မြမြသန်း (လ/ထ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး) တို့သ
လည်းကောင်း၊ ဦးလေး၊ အဒေါ်အရင်းများအားလုံးသ
လည်းကောင်း မြို့မဟောင်းများ ဖြစ်ကြပါသည်။ မြို့မကျောင်
အကျိုးစီးပွားအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အကျိုးဆော
ခဲ့သောသူများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ကောင်းစေတနာ ကောင်းဖြင့် လမ်းညွှန်ကူညီမှုပြုခဲ့ကြသော ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်း၊ ဆရာကြီးဦးဘလွင်၏သမီး ဒေါ်စုစုလွင်၊ ကွယ်လွန်သူ နိုင်ငံတော် ရွှေနေချုပ် ဦးသာထွန်း၊ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဆရာကြီးဦးမျိုးသန့် (စာရေးဆရာကြီးမောင်ဆုရှင်)၊ မြန်မာစာအဖွဲ့ဝင် ဆရာမကြီး ကထိက ဒေါ်မြင့်သန်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ရီရီလှ (စာရေးဆရာမကြီး ယုဝတီခင်ဦး)၊ ဆရာကြီး ဦးထင်ဖတ် စသော စစ်ကြိုခေတ်၊ စစ်ပြီးခေတ် မြို့မဟောင်းကြီး များအားလည်းကောင်း၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဦးသန်းဦး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဌာနမှူး ဆရာကြီး ဦးသော်ကောင်း၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး (၁) ဆရာမ ဒေါ်ခင်နှင်းဦး၊ တက္ကသိုလ်များ သမိုင်းသုတေသနဌာန ညွှန်ကြား ရေးမှူး ဆရာဦးကျော်ငြိမ်းစသော ပုဂ္ဂိုလ်များနှင့် ကျေးဇူးတင် ထိုက်သူ အားလုံးတို့အားလည်းကောင်း အထူးကျေးဇူးတင်အပ် ပါသည်။

မြို့မကျေးဇူးရှင် မြို့မဖခင်ဟု ခေါ်ဆိုရပါသော မြို့မဆရာ ကြီး ဦးဘလွင်၏ မြို့မမိသားစုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ဆောင်ရွက် ချက်များ၊ ထူးခြားပြောင်မြောက်မှုများကို ယနေ့ကျောင်းသား ကျောင်းသူ လူငယ်များက စံနမူနာပြုပြီး အမျိုးဘာသာ သာသနာနှင့် နိုင်ငံတော်အကျိုးကို အစွမ်းကုန် ကြိုးပမ်းစေလိုသော စေတနာဖြင့် ရေးသားရခြင်း ဖြစ်ပါသည်။



၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ အတွင်း မြန်မာနိုင်ငံအရပ်ရပ်၌ အမျိုးသားကျောင်းပေါင်း (၉၃) ကျောင်း တည်ထောင်ပေါ်ထွန်းလာခဲ့ရာ (၁၇-၁၂-၁၉၂၀) သောကြာနေ့တွင် ရန်ကုန်မြို့မအမျိုးသားကျောင်းကြီးသည် ထိပ် ဆုံးမှတည်ထောင်ခဲ့သော ကျောင်းကြီးဖြစ်ပါသည်။ မြို့မကျောင်း ကြီးနှင့် ဆရာကြီးဦးဘလွင်တို့၏ ကျေးဇူးကြောင့် -

(က) ဆင်းရဲချမ်းသာမရွေး လူမျိုးဘာသာမရွေး အချိန် တိုတိုစရိတ်ကျဉ်းကျဉ်းနှင့် မြန်မာတိုင်းရင်းသားတို့ ပညာသင်ကြား ခွင့်ရလာကြပါသည်။

(ခ) ဗြိတိသျှနယ်ချဲ့တို့၏ အနှိမ်ခံဖြစ်ခဲ့ရသည့် မြန်မာစာပေ ကို ရွှေ့တန်းတင်ပို့ချပေးနိုင်ခဲ့ပါသည်။

(ဂ) နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်စေခဲ့ပါ သည်။

(ဃ) နိုင်ငံတော် အကြီးအကဲများ၊ တပ်မတော် အကြီး အကဲများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်ကြီးများ၊ ညွှန်ကြားရေး မှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးကြီးများ၊ စာပေ ပညာရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ များစွာတို့ ပေါ်ထွန်းလာခဲ့ပါသည်။

ဆရာကြီး ဦးဘလွင် အပါအဝင် အမျိုးသားကျောင်းဆရာ တို့သည် ဗြိတိသျှအစိုးရ အုပ်ချုပ်ရေးတွင် ရာထူးကြီးများ ရနိုင်ပါ လျက်၊ မိမိတို့၏ ကိုယ်ကျိုးစီးပွားကို စွန့်လွှတ်ကာ [illegible]မျိုးသားလုံး၏

www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွား၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပညာရည်မြင့်မားရေးအတွက် ထူးခြားစွာ ဖြစ်မြောက်စွာ ဆောင်ရွက်ခဲ့ကြပါသည်။

ယင်းကဲ့သို့ ခေတ်၏အကျိုးရှိသော ဆောင်ရွက်ချက်များကို နောင်လာနောက်သား ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များ သိရှိပြီးအားကျစေရန်နှင့် နောင်တစ်ချိန်တွင် ထင်ရှားကျော်ကြား မြန်မာတို့၏ အမျိုးသား အတ္ထုပ္ပတ္တိ အဘိဓာန်ပြုစုကြသည့်အခါ အုတ်တစ်ချပ် သဲတစ်ပွင့်သဖွယ် အထောက်အကူဖြစ်စေလိမ့်မည်ဟု မျှော်လင့်ရင်း၊ မြို့မဆရာကြီး ဦးဘလွင်၏ အတ္ထုပ္ပတ္တိကို ရေးသားရခြင်း ဖြစ်ပါသည်။ ဤစာအုပ်ဖြစ်မြောက် ရေးသားရေးအတွက် ကူညီသူအားလုံး ကျေးဇူးတင်ထိုက်သူ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း ရေးသားအစီရင်ခံအပ်ပါသည်။

"အို . . . မြန်မာကျောင်းသား ကျောင်းသူလူငယ်များ၊ မြို့မဟောင်းနှင့် မြို့မမျိုးဆက်သစ်လူငယ်များသို့ - မြို့မဖခင်ကြီး၊ မြို့မကျေးဇူးရှင်ကြီး ဆရာကြီး ဦးဘလွင်ကို ချစ်ခင်လေးစားမြတ်နိုးပါလျှင် ဆရာကြီး မျိုးစေ့ချပေးခဲ့သော စွမ်းအင်ကြီးမားလှသည့် မြို့မမိသားစုစိတ်ဓာတ်၊ တစ်နည်းဆိုသော် မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းဆိုသော် ပြည်ထောင်စုစိတ်ဓာတ်၊ တစ်နည်းဆိုသော် အမျိုးသားစိတ်ဓာတ်များ စဉ်ဆက်မပြတ် ရှင်သန်ပွားများ ထက်မြက်နေအောင် ကြိုးစားအားထုတ် ကြပါစို့"ဟု နှိုးဆော်တိုက်တွန်းပါသတည်း။ ။

မြို့မ-မြင့်ကြွယ်



## အထောက်အထား ကျမ်းကိုးစာရင်း


၁။ ဗိုလ်မှူးဘသောင်း၊ ဗမာ့တော်လှန်ရေးသမိုင်း

၂။ ဦးဇော်၊ မြန်မာနိုင်ငံအမျိုးသားပညာရေးသမိုင်း

၃။ သခင်နု၊ ဂန္ထာလရာဇ်

၄။ လူထုဦးလှ သတင်းစာများပြောတဲ့ စစ်အတွင်းဗမာပြည် (ပထမတွဲ) (၁၉၆၈)

၅။ ဦးကျော်ငြိမ်း ရဲဘော်သုံးကျိပ်

၆။ အမျိုးသားနေ့ ရွှေရတုသဘင်အထိမ်းအမှတ် စာစောင် (၁၉၇၀)

၇။ အမျိုးသားနေ့နှင့် အမျိုးသားပညာရေး လှုပ်ရှားမှုသမိုင်းအကျဉ်း (၁၉၇၀)

၈။ မြို့မကျောင်းအုပ်ကြီး ဦးဘလွင် ရေးသားသော ပညာရေးအခြေခံသဘောတရား Foundation of Education

၉။ စာပေဗိမာန် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေသော ပင်လုံညီလာခံသမိုင်းစဉ်အကျဉ်း (၁၉၇၂)

၁၀။ မြို့မဝံသယုဝနှင့် မြို့မ မဂ္ဂဇင်းများမှ ဆောင်းပါးများ (၁၉၉၅/၉၆)

၁၁။ မြို့မ မဂ္ဂဇင်း (၁၉၉၆/၉၇) ဗိုလ်မှူးကြီး တင့်ဝေအေး၏ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြို့မဦးဘလွင် ဗိုလ်တည်ဆန်း၏ အမှတ် (၁၁)၊ ရန်ကုန်ကင်းထောက်အဖွဲ့ဆိုင်ရာ ဆောင်းပါး


www.burmeseclassic.com

www.burmeseclassic.com



၁၂။ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဦးသန်းဦး၏ ပညာခေတ်၊ ပညာ့ကြိုဂံ ဆောင်းပါး

၁၃။ ၉-၂-၁၉၄၇ သံတော်ဆင့်သတင်းစာ

၁၄။ ၂၀-၇-၁၉၄၇ မြန်မာ့အလင်းသတင်းစာ

၁၅။ ၂၉-၇-၁၉၄၇ မြန်မာ့အလင်း/ပြည်သူ့ဟစ်တိုင်

၁၆။ ၂-၇-၁၉၆၂ ပြည်ထောင်စုသတင်းစာ

၁၇။ မေမြို့ချစ်ဆွေ ရေးသားသော ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုလစဉ်မှတ်တမ်း ၁၉၄၅-၄၇

၁၈။ ရန်ကုန်တက္ကသိုလ်သမိုင်း ၁၉၂၀-၁၉၉၅

၁၉။ ပန်းကန်စက်ဦးသော်၊ ဆရာကြီးဦးဘလွင်၊ ဆရာကြီး ဦးစံထွား၊ ဆရာမကြီး ဒေါ်ခင်မကြီး၊ မြို့မဦးသန်းကြွယ်၊ ကထိက ဒေါ်မြင့်သန်း၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဆရာကြီး ဦးစောလွင်၊ ဆရာ ဦးမျိုးမြင့်၊ ဆရာမ ဒေါ်ခင်ဆွေ၊ ဗိုလ်မှူးကြီး တင့်ဝေအေးစသော မြို့မဟောင်းကြီးများ မြန်မာ့သမိုင်းတွင် ဦးဆောင်ပါဝင်ခဲ့သော ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၏ ကိုယ်တွေ့ပြောပြချက်များ။

၂၀။ တက္ကသိုလ် ဗဟိုစာကြည့်တိုက် ဌာနမှူး ဆရာကြီး ဦးသော်ကောင်း၊ တက္ကသိုလ်များသမိုင်းသုတေသန ဌာန ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်း၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၊ မြန်မာစာအဖွဲ့ဝင် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဆရာကြီး ဦးထင်ဖတ်၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးတို့၏ ကိုယ်တွေ့ပြောပြချက်များ၊ စာပေဆောင်းပါးများ၊



၂၁။ ထိုစဉ်ကထုတ်ဝေသော နေ့စဉ်ထုတ်သတင်းစာများ

၂၂။ မြန်မာ့သမိုင်းမှတ်တမ်းများ။

၂၃။ မြို့မကျောင်းသားဟောင်းကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၏ ကိုယ်တွေ့ပြောပြချက်များ။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃ ခုနှစ် စာပေဗိမာန်စာမူဆု၊
စာပဒေသာ ပထမဆုရ
"မြို့မ ဆရာကြီး ဦးဘလွင် (သို့မဟုတ်)
အမျိုးသားပညာရေးနိဒါန်းအစ"
ရေးသူ – မြို့မ–မြင့်ကြွယ်

မြို့မကျောင်း အုပ်ချုပ် ရေးအဖွဲ့ဝင်လူကြီး၊ အဖ မြို့မ–ဦးသန်းကြွယ် (ပင်လုံစာချုပ်)၊ အမိ ဒေါ်မြင့်မြင့်ဝင်း(ခ) ဒေါ်အမာတို့မှ ၁၄–၄–၁၉၆၀ ရန်ကုန်မြို့တွင်မွေးဖွားခဲ့သည်။

ရှိစီဘီဖေအေ လူကြီး သမာဓိမြို့ဝန် ပန်းတန်စက်ဦးဘော်နှင့် ရန်ကုန်မြို့စီပယ်လူကြီး ဆန်စက်ပိုင်ရှင် ဦးဘဦးတို့၏ မြေးအရင်း ဖြစ်သည်။ ရန်ကုန် မြို့မ အမျိုးသားကျောင်းတွင် မူလတန်းမှ အထက်တန်းအထိ ပညာသင်ကြား အောင်မြင်ခဲ့သည်။ M.Ed.,D.M.E.,D.T (Passed with credit) ဘွဲ့၊ ဒီပလိုမာများ ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် J.K.A ဂျပန်ပညာရေး ကောလိပ်၏ အကောင်းဆုံး နည်းပြဆရာဆု၊ ၁၉၈၉ ခုနှစ်တွင် စင်္ကာပူနိုင်ငံ ဗုဒ္ဓဘာသာ အသင်းကြီး၏ အာရှ နိုင်ငံများဆိုင်ရာ ဗုဒ္ဓဘာသာ စာပေဆု၊ YMBA အသင်းကြီး၏ ဗုဒ္ဓဘာသာ စာပေဆု ၊ စာပေဗိမာန်စာမူဆု ၊ စာပဒေသာ ပထမဆု ၊ မဟာဝိသယဝ ပဏ္ဍိတဘွဲ့ တံဆိပ်များ ချီးမြှင့်ခြင်း ခံရသည်။ မြန်မာ့သမိုင်း ပညာရှင် ပါမောက္ခဆရာကြီး ဒေါက်တာ သန်းထွန်း၏ မြန်မာ့သမိုင်းဆိုင်ရာ ဂုဏ်ထူး ဆောင်လက်မှတ် ချီးမြှင့်ခြင်းခံရသည်။

မြို့မကျောင်းစိန်ရတု (၁၉၂၀–၁၉၉၅) ပြခန်းကော်မတီတွင် ပြခန်းတာဝန်ခံ၊ သမိုင်းပညာရှင် တစ်ဦးအနေဖြင့် အထူးပါဝင် ဆောင်ရွက်ခဲ့သဖြင့် မြို့မကျောင်း နာယကကြီး ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်း၏ ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခံရသည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၃ ခုနှစ် အထိ ထိုင်း ၊ စင်္ကာပူ ၊ တရုတ် ၊ တောင်ကိုးရီးယား ၊ ဂျပန်၊ အနောက်ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံများ ရောက်ရှိခဲ့သည်။ သင်တန်းများစွာ တက်ရောက်ခဲ့သည်။ သင်တန်းများစွာ ပို့ချခဲ့သည်။ အမျိုးသား ပညာရေး ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်း မှတ်တမ်း ကျမ်းစာအုပ်များ အပါအဝင် သုတစာပေ (၁၅၀)ကျော် ပြုစုခဲ့သည်။ ပညာရေးဝန်ကြီး ဌာနအထက် ပညာရေး၊ ယဉ်ကျေးမှု ၊ လူမှုရေး၊ စာရိတ္တဘာသာရပ် များ၊ မှတ်တမ်းများကို ပြုစုလျက် ရှိသည်။ အမည်ရင်း ဦးမြင့်ကြွယ် ဖြစ်သည်။ နေရပ်လိပ်စာ– အမှတ်(၄၇)၊ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

www.burmeseclassic.com